www.burmeseclassic.com



www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ◇ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- ◇ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- ◇ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ◇ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ◇ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ◇ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ◇ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ◇ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- ◇ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ◇ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ◇ ဖြစ်ပေါ်လာသော ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ◇ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ◇ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ◇ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ◇ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ◇ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ◇ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ◇ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ◇ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

သင်မြှတ်နိုး

# အချစ်မိုးကောင်းကင်

စိုးမိုး ၈ တပေ

www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၈၃၇၀၆၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၈၁၉၀၆၀၉ |
| အဖုံးဒီဇိုင်း | - | Lလင်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ)<br>(မြဲ-၀၃၈၅၁)<br>အမှတ် ၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြဲ-၀၄၉၀၂)<br>စံပယ်အော့ဖ်ဆက်<br>၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၀၉ ခုနှစ်၊ ဩဂုတ်လ။<br>ပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

၈၉၅ . ၈၃

သင်မြတ်နိုး

အချစ်မိုးကောင်းကင်/သင်မြတ်နိုး ။ - ရန်ကုန်

စိုးမိုးစာပေ၊ ၂၀၀၉

၂၈၈ - စာ ၊ ၁၂ × ၁၈ စင်တီ။

(၁) အချစ်မိုးကောင်းကင်

# အခန်း (၁)

ရှစ်ထပ်တိုက်ရဲ့ လှေကားထစ်တွေကို တစ်ထစ်ချင်း လှမ်းတက်လာခဲ့သည့် နန္ဒမိတ်ရဲ့ ခြေလှမ်းတွေက ဟန်နီနေထိုင်တဲ့ ရှစ်ထပ်တိုက်ကြီးရဲ့ ရှစ်ထပ်မြောက် ညာအစွန်ခန်းကို ရောက်လုနီးလေ လေးလံနှေးကွေးသွားရသည်။ သူ့ရင်တွေ တဒိန်းဒိန်း ဂုန်လာရ၏။ ဟန်နီနှင့်တွေ့ဖို့ ရောက်လာတိုင်း သူ့စိတ်တွေ ထောက်တည်ရာမရအောင် တုန်လှုပ်ချောက်ချားလာရလေ ဖြစ်နေ၏။ ဘာကြောင့်လဲဆိုတော့ ဟန်နီ့အား သူအရမ်းချစ်မြတ်နိုးမိနေလို့ပါပဲ။ သူ့ရင်ထဲမှာ သိမ်းဆည်းထားရတဲ့ အချစ်တွေကို ဟန်နီ သိအောင် ဖွင့်ပြောဖို့လည်း နန္ဒမိတ်မှာ သတ္တိမရှိပေ။ ဟန်နီ စိတ်ဆိုး မှာလား၊ သူ့အချစ်တွေ အသိအမှတ်ပြုမှာမဟုတ်ဘူးဆိုတာလည်း



www.burmeseclassic.com

www.burmeseclassic.com



သူ နေသည်။ ဟန်နီ စိတ်ဝင်စားပြီး ချစ်မြတ်နိုးတာက ကိုကို ဝဏ္ဏသင်ကိုပဲ ဖြစ်နေသည်။ ကိုကိုက ဟန်နီကို ညီမလေး တစ်ယောက်လိုပဲ ချစ်နေတာပါ။ ဟန်နီ့အား အရေးအရာပင် မလုပ်ခဲ့ပေ။ တကယ်ပဲ ဟန်နီရာ ကိုယ့်ကိုကျတော့ မင်းကမချစ်ဘူး။ သူငယ်ချင်းတစ်ယောက်အဖြစ်ပဲ ခင်မင်နေသည်။ သူ့ခြေလှမ်းတွေက ဟန်နီနေထိုင်ရာ ရှစ်ထပ်ရဲ့ ညာအစွန်အခန်းရှေ့မှာ ခြေစုံရပ်မိ၏။ တဒိန်းဒိန်းခုန်လာတဲ့ နှလုံးသားတွေကို အရင်ဆုံး တည်ငြိမ်အောင် ကြိုးစားရသည်။

"ကျွီ"

"ဟင်…နက္ခမိတ်၊ ဘာရုပ်လုပ်နေတာလဲ၊ တံခါးဖွင့်လိုက်တော့ အသံမပေးဘာမပေးနဲ့ ရပ်နေတဲ့ ညီကိုမြင်လိုက်တော့ အန်တီတာတောင် လန့်သွားတယ်ကွယ်၊ ဝင်လေ ဘာရုပ်လုပ်နေဟာလဲ"

"ဟန်နီရော"

"ဟန်နီ နေမကောင်းဘူးကွယ်၊ အိပ်ရာထဲမှာလေ၊ အန်တီ ဈေးသွားဝယ်ဦးမယ်နော်၊ ညီဝင်သွားလေ"

"ဟုတ်ကဲ့"

ဟန်နီ နေမကောင်းဘူးတဲ့။ သူ့စိတ်တွေ မီးထတောက်





တော့မတတ် ပူလောင်သွားရသည်။ သူအခန်းထဲဝင်လာခဲ့မိ၏။ ဟန်နီနဲ့ သူတို့ညီအစ်ကိုက ငယ်သူငယ်ချင်း ကျောင်းနေဘက်တွေဖြစ်တဲ့အပြင် လူကြီးချင်းတွေကလည်း ငယ်သူငယ်ချင်းတွေဖြစ်၍ ရင်းနှီးကျွမ်းဝင်ကြကာ တစ်ယောက်အခန်းထဲသို့ တစ်ယောက်က အတားအဆီးမရှိ ဝင်ထွက်သွားလာတတ်ကြသည်။

"ဟန်နီ"

ဟန်နီသည် မျက်တောင်ကော့လေးတွေ ဝိုင်းရံထားသော မျက်ဝန်းအစုံကို မှေးမှိတ်ငြိမ်သက်နေသည်။ နှာတံလေးက စင်းနေတာပဲ။ ဟန်နီ့နှုတ်ခမ်းထူထူအိအိလေးကို သူနှစ်သက်မြတ်နိုးရဆုံးပင်။ အနက်ရောင်ဂါဝန်လက်ပြတ်လေးက ဟန်နီ့အသားကို ပို၍ပင် ဖြူဝင်းအိစက်နေစေသည်။

"ဟန်နီ"

"ဟင်"

"နေမကောင်းဘူးဆို"

"အင်း"

"အရမ်းပဲဖျားနေသလား၊ ကိုယ်တွေအရမ်းပူနေလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

ဟန်နီက မျက်တောင်ကော့လေးကို ဖျတ်ဖျတ်ခါ၍ အိပ်ရာပေါ်က လူးလဲထနေသည်။

"အိပ်နေလေ၊ မချောကို ရေပတ်တိုက်ခိုင်းလေ၊ ဟန်နီ တစ်ယောက်တည်း ကြိတ်မှိတ်ခံစားနေပြန်ပြီလား"

"ဟန်နီ ရေပတ်တိုက်ရအောင်လည်း မဖျားပါဘူး၊ လူက နုံးနေတာလေ၊ ဟန်နီက တစ်ခါတလေ သွေးအားနည်းတတ်တယ် လေ ညီ"

နန္ဒမိတ်ကို ဟန်နီတို့တူအရီးက ညီဟုပင် ခေါ်ကြသည်။ ကိုကို့ကိုတော့ ကိုကိုတဲ့။ ဟန်နီက ပြုံးပြနေ၏။ သူမ ဘာမှမဖြစ်ပါဘူး ညီရဲ့ဟုပြောသည်။ ဘာပဲဖြစ်ဖြစ် ညီက ဟန်နီ့မျက်နှာလေး ညှိုးငယ်နွမ်းလျနေရင် မနေတတ်တော့။ ဟန်နီဘာဖြစ်ချင်တာလဲ၊ ဟန်နီ့ဆန္ဒကို သိချင်၍ ဖြည့်စွမ်းပေးချင်နေခဲ့၏။ ဟန်နီ ဘာတွေ တွေးနေလဲ။ ညရေးအိပ်ပျော်ရဲ့လား သူစိတ်ပူပင်ရပြန်သည်။

"ဟန်နီလေ ညညဆို အိပ်လို့မရပြန်ဘူး၊ အဲဒီလိုဖျော့ တော့ပြီး စိတ်အားတွေငယ်နေတာကိုပဲ ကိုယ့်ကိုယ်ကိုမုန်းတယ် ......"





ဟန်နီ စိတ်အားတွေငယ်ပြီး အိပ်လို့မရတာ ကိုကို့ကြောင့် ပဲလား။ ကိုကိုက ဟန်နီ့ကို စိတ်လည်းမဝင်စားပေ။ ကိုကိုစိတ်ဝင် စားတာက ထူးချွန်ထက်မြက်မှုတွေနဲ့ နှာမည်ဂုဏ်သတင်းကြီးကျယ် ခမ်းနားအောင် နေထိုင်တတ်တာတွေ ဖြစ်နေသည်။

"ကိုကိုရော"

"အိမ်မှာလေ"

"ဒီနေ့ ကုမ္ပဏီပိတ်ရက်ပဲမဟုတ်လား ညီ"

"ဟုတ်တယ်လေ ဟန်နီ"

"တကယ်နေနိုင်တယ်ကွာ ဟန်နီဖျားနေပါတယ်လို့ ပြောသားပဲ"

"ကိုကို့ဆီ ဖုန်းဆက်ပြောပြီးပြီလား"

"အင်း...မအားဘူးတဲ့၊ ကုမ္ပဏီပိတ်ရက်ဖြစ်ပေမယ့် သူက မနားရဘူးတဲ့၊ ဟန်နီ သိပ်မဖြစ်ဘူးဆိုရင်လည်း ကိုကိုလာ မကြည့်တော့ဘူးတဲ့"

"ဟာကွာ"

ဟန်နီက မျက်ဝန်းလေးတွေထဲမှာ မျက်ရည်တွေ ရှတ်ခြည်းပြည့်ဝိုင်းလာပြီး ကြေကြေကွဲကွဲနှင့် ဝမ်းပန်းတနည်းပြော



www.burmeseclassic.com

www.burmeseclassic.com



သည်။ နန္တမိတ် ရောက်လာတာကိုပင် ဟန်နီက ဝမ်းသာရွှင်လန်းပုံ မရှိပေ။ ကိုကို့အပေါ် အထင်တကြီးနဲ့ ဟန်နီချစ်နေတာ နန္တမိတ် သိနေ၏။ ထို့ကြောင့်လည်း သူ့ရင်ထဲမှာ နေ့ရက်တွေ အတော်ကြာအောင် သိမ်းဆည်းထားရတဲ့ အချစ်တွေကို ဟန်နီသိအောင် ထုတ်ဖော်ပြောပြရန် ဝန်လေးနေသည်။

"ညီ"

"ဟင်"

"ညီက ဟန်နီ့ကို အရမ်းဂရုစိုက်တာပဲ၊ ကိုကိုနဲ့ တခြားစီပဲသိလား၊ မုန်းလိုက်တာဟာ"

"ဟင်…ဟန်နီက ဘာကိုမုန်းတာလဲ၊ ညီ့ကိုလား"

"ကိုကို့ကို အရမ်းပဲဟန်ကြီးပန်ကြီးနိုင်ပြီး မြင့်မြတ်ခမ်းနားလွန်းနေလို့လေ"

ဟန်နီ မကျေမနပ်နှင့် ဒေါသတွေထွက်ကာ စူစူဆောင့်ဆောင့်လေး ပြောနေသည်။ ဟန်နီက မုန်းလိုက်တာဆိုတော့ သူ့ကိုများ မုန်းနေတာလားလို့ စိုးရိမ်ပူပန်သွားရ၏။ ကိုကို့ကိုဆိုမှ သူ့စိတ်တွေ သက်သာရာရသွားသည်။

"ဟန်နီ ဘာမှမစားရသေးဘဲ ခွေနေတာဆို၊ အန်တီနဲ့





အခန်းဝမှာတွေ့တယ်"

"မစားချင်ဘူး၊ တကယ်ပဲ ဘာမှစားချင်စိတ်ကို မရှိတာညီ၊ ဟန်နီ့ဘဝက အမြဲတမ်း အထီးကျန်နေတာပဲညီရာ"

ဟန်နီ ငယ်ငယ်လေးထဲက မိဘတွေဆုံးသွားကြသည်။ အဒေါ်အပျိုကြီး ဒေါ်တာတာက ဟန်နီ့မိဘတွေ ကျန်ရစ်ခဲ့တဲ့ အမွေတွေကို ထိန်းသိမ်းကာ ကျွေးမွေးစောင့်ရှောက်ခဲ့၏။ ဟန်နီက စိတ်ပျော့သည်။ ကြေကွဲဝမ်းနည်းမှုကို တစ်ယောက်တည်း အထီးကျန်စွာ ကြိတ်မှိတ်ခံစားနေတတ်သည်။ သူနဲ့ဟန်နီက ကစားဖော်ကစားဖက်တွေပဲ။ ကိုကိုက ငယ်ငယ်လေးထဲက ဘယ်သူနဲ့မှ အရောမဝင်ဘဲ မာနတကြီးနေနိုင်တတ်၏။ ဟန်နီ ကြိတ်ဆွေးရတဲ့ အကြောင်းရင်းပဲ ကိုကိုက အဖက်မလုပ်လို့တဲ့။ ဟန်နီ အမြဲတမ်း မျက်ရည်တွေကျတတ်သည်။

"ဟန်နီ"

"ဟင်"

"ကိုယ်နဲ့ မနက်စာစားကြမလား၊ တို့နှစ်ယောက် လက်ဆုံစားရတာတောင်ကြာပြီပဲ"

"ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ဟန်နီရာ"

"မစားချင်ဘူး၊ အိပ်ရာထဲမှာပဲ အိပ်နေချင်တယ်၊ ညီပြန်လေ၊ ဘယ်သူနဲ့မှ စကားတောင်ပြောချင်စိတ်မရှိဘူး၊ သိလား"

ဟန်နီရယ် နန္ဒမိတ်ကို ဘာဖြစ်လို့များ ပြန်ခိုင်းရတာလဲ။ စိမ်းလိုက်တာကွာ။ ကိုကိုက ဟန်နီ့ကို အရေးမလုပ်တော့ ဟန်နီကြေကွဲခံစားနေရသလို ကိုယ်လည်း ဟန်နီဆီက စိမ်းကားရက်စက်တွေကြောင့် ကြေကွဲစိုနင့်နေရတာပါပဲ။ ဟန်နီက အိပ်ရာပေါ်ပြန်လှဲချသည်။

"ဆေးခန်းကိုသွားပြရအောင်ပါ ဟန်နီ၊ ထပါ၊ ကိုယ်ကားယူလာတယ်"

"ဟာ မသွားချင်ပါဘူးညီရာ၊ ဟန်နီက ဆေးခန်းပြရလောက်အောင် ဘာမှမဖြစ်ပါဘူး၊ ခွေနေချင်တာပါ"

"ခွေနေလို့ဘယ်ဖြစ်မလဲ ဟန်နီ၊ အစားလည်း မစားဘူးဆိုတော့ ပိုပြီးအားနည်းနေမှာပဲ၊ ဒီလိုမလုပ်ပါနဲ့၊ ညီတို့ အပြင်ထွက်ရအောင် ဟန်နီ ဘာလုပ်ချင်လဲ၊ ဘယ်သွားချင်လဲ၊ ဘာဖြစ်ချင်လဲ ပြောလေ"

"ဟင့်အင်း...အိပ်ပဲနေချင်တယ်၊ ဘယ်သူနဲ့မှလည်း





စကားမပြောချင်ပါဘူး၊ ညီ ပြန်တော့ကွာ၊ ဟန်နီက ကိုကို့ [illegible] ပြီး ဘယ်သူ့ကိုမှ စကားမပြောချင်ဘူး"

ဟန်နီ မျက်ဝန်းလေးကို ပြန်မှိတ်ပြီး ငြိမ်သက်သွားသည်။ နန္ဒမိတ်ရင်ထဲမှာ နာကျင်စူးရှသွားရ၏။ ဟန်နီရယ် နန္ဒမိတ်ကပဲ အမြဲတမ်း ဟန်နီကို အားပေးနှစ်သိမ့်ပြီး အဖော်လုပ်ပေးခဲ့ရတာပါ။ ကိုကိုက မာန်မာနရှိတယ်။ အောင်မြင်မှုတွေကိုပဲ စိတ်ဝင်စားတဲ့ ယောကျ်ားတစ်ယောက်ပါ။ နန္ဒမိတ်ထက် ကိုကိုက ယောကျ်ားပီသစွာ ခန့်ညားချောမောသည်။ သူကတော့ ကိုကို့လို ခန့်ခန့်ညားညား မနေတတ်။ ပျော်ပျော်ပါးပါးနေတတ်ပြီး ဟန်မဆောင်တတ်သူဖြစ်၏။ အောင်မြင်မှုတွေထက် ဟန်နီ့ကိုပဲ စိတ်ဝင်တစားနှင့် စိုးရိမ်ပူပန်နေတတ်သူဖြစ်သည်။

"ဟန်နီ"

"ဟင်"

"ညီ အိုဗာတင်းတစ်ခွက်နဲ့ ပေါင်မုန့်မီးကင်သွားယူခဲ့မယ်နော်၊ စားလိုက်ပါ"

"မစားဘူးဆိုမှကွာ"

ဟန်နီ စိတ်မရှည်သလို ပြောနေသည်။ သူထွက်သွားဖို့



www.burmeseclassic.com

www.burmeseclassic.com



လးနေမိ၏။ ဟန်နီ ဘာမှမစားဘဲ ငြိမ်သက်နေတာ မကြိုက်။ စိတ်ဓာတ်တွေကျနေတာကိုပဲ သူစိတ်ပူမိနေသည်။ ဟန်နီ့အနားက နေ မသွားနိုင်ဘဲဖြစ်နေသည်။

"ဟန်နီ့ကို ထားခဲ့ပါညီရာ၊ ဂရုလည်း စိုက်မနေစမ်းပါနဲ့"

"ဘာပဲဖြစ်ဖြစ် ဟန်နီ ဒီလိုကြီး စိတ်ဓာတ်ကျပြီး အိပ်ရာထဲမှာ ခွေပြီးမနေစေချင်ဘူးဟာ၊ ထပါ"

"ဟင့်အင်း"

"ညီ စိတ်ပူလို့ပါ၊ ဟန်နီ အစာမစားဘဲ နေတာ အဓိပ္ပာယ်မရှိလိုက်တာ၊ ထပါဟာ"

"ညီ"

"ပြော"

"ကိုကို့ကိုပြောလိုက်၊ ဟန်နီ့ကို လာမကြည့်မချင်း ဘာမှမစားဘဲနေပြမယ်လို့"

ဟန်နီ တမ်းတနေတာက ကိုကိုပဲ။ နန္တမိတ် ရင်တွေနာကျင်နေသည်။ ဟန်နီ့မျက်ဝန်းလေးတွေက ရီဝေစိုစွတ်နေသလို နာကျင်ကြေကွဲနေပုံလည်းရနေ၏။ သူစိတ်ပျက်ပြီး ဟန်နီ့အနားကနေ





ထွက်လာခဲ့မိသည်။

"ညီ နင်တကယ်ပဲပြောလိုက်နော်၊ ကိုကိုက လာကြည့်သင့်တာပဲမဟုတ်လား၊ စိမ်းကားလွန်းတယ်၊ ရက်စက်လွန်းတယ်"

ဟန်နီ ကျန်ရစ်ခဲ့သည်။ သူ့ခြေလှမ်းတွေက လေးလံနှေးကွေးနေ၏။ ပြန်ဖို့ပဲရှိသည်။ ကိုကို့ကို သွားပြောပေးရမှာပဲ။ ဟန်နီ့ဆန္ဒပဲ။ နန္တမိတ်က ဟန်နီ့ဆန္ဒဆို မဖြစ်မနေ ဖြည့်စွမ်းပေးခဲ့တာပဲမဟုတ်လား။ ဟန်နီ တွေ့ချင်နေတာက ကိုကိုပဲ။ သူ အပြင်သို့ ပြန်ထွက်လာခဲ့သည်။

"ညီ"

"ဟင် အန်တီတာ"

"ဟဲ့…ပြန်တော့မလို့လား၊ ဟိုပေကပ်ကပ်ကောင်မလေးက ဖွတ်ပေပြီး အိပ်နေပြန်ပြီလား၊ ဒီကောင်မလေး ညီ့ကို အနိုင်ကျင့်နေတော့တာပဲ"

အန်တီတာက ခေါင်းမာလွန်းတဲ့ သူမဆန္ဒတွေကို အတတ်နိုင်ဆုံး ဖြည့်စွမ်းပေးတတ်သည်။ ဟန်နီက ပြဿနာရှာတတ်၏။ သူမအလိုမကျလျှင် လူကြီးတွေ ယောက်ယက်ခတ်သွားအောင် လုပ်ပစ်တတ်၏။ ငယ်စဉ်လေးထဲက ဟန်နီ မကျေနပ်ဆုံးက ကိုကို့ရဲ့



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

"ကိုကို"

"ဟင်"

"ဟန်နီ နေမကောင်းဘူး"

"ဒီကောင်မလေးက စိတ်ပျော့လွန်းတယ်၊ အမြဲတမ်း နေမကောင်းဖြစ်နေတာပဲကွာ"

"ကိုကိုသွားကြည့်လိုက်ပါဦး"

"မအားဘူးညီ"

"ကိုကိုကလည်း ဟန်နီက ကိုကို့ကို ဘယ်လောက် သံယောဇဉ်တွယ်နေလဲ၊ ကိုကို့ကို လာကြည့်စေချင်တာ ဟန်နီ့ဆန္ဒ





လေ"

"ကိုကိုက အလုပ်များတယ်၊ ဟန်နီ့ဆန္ဒက ညီ့အတွက်ပဲ အရေးကြီးတာလေ"

"ကိုကိုကလည်းဗျာ"

ကိုကိုက အေးစက်နေ၍ နန္ဒမိတ် စိတ်ညစ်သွားရသည်။ ဟန်နီ့ကို သနားသင့်ပါတယ်။ ငယ်စဉ်လေးထဲက မိဘမဲ့နေရတာပါ။ အရမ်းအားငယ်တတ်ပြီး စိတ်ပျော့တယ်။ နန္ဒမိတ် အမြဲတမ်း စိတ်ပူပန်နေရသည်။ ဟန်နီမျက်နှာလေးကိုကြည့်ပြီး တစ်ခါတစ်ရံ စိတ်ပူလွန်းလို့ နန္ဒမိတ် သူလုပ်ပေးနိုင်တာတွေအားလုံးကို လုပ်ပေးချင်သည်။

"ညီ"

"ဟင်"

"မင်းကတော့ ဟန်နီ့အတွက်ပဲ လူဖြစ်နေတယ်ထင်တယ်၊ ဟန်နီ့ဆီ တစ်နေ့ဘယ်နှစ်ခါလောက်သွားလဲ"

"ကိုကို"

"ဘာလဲ"

"ဟန်နီ နေမကောင်းဘူး၊ သွားကြည့်ပါ၊ ကိုကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



သွားကြည့်သင့်တာပဲမဟုတ်လားလို့”

“ကိုကိုမှမအားတာ”

“ကိုကို”

“ကိုကိုမှ မကြည့်အားသေးတာပဲ”

“ကိုကိုရာ ညီတောင်းပန်ပါတယ်၊ ဟန်နီက ကိုကိုလာကြည့်မှ အစာစားမယ်တဲ့၊ အိပ်ရာပေါ်မှာပဲ ခွေနေတယ်လေ”

“ဘာဆိုင်လဲကွာ၊ ဟန်နီ အဲဒီလိုလုပ်တာ ကိုကို အမြင်အကတ်ဆုံးပဲ”

“ညီတောင်းပန်ပါတယ် ကိုကိုရာ၊ ဟန်နီ့ကို သွားကြည့်ပေးပါနော်၊ ဟန်နီ နေမကောင်းလို့ပါ၊ လူမှုရေးအရ ကိုကိုကြည့်သင့်တာပဲ”

“အေးကွာ ညီ ဒီလောက်တောင်းဆိုနေတော့လည်း ကိုကို သွားကြည့်ပေးပါ့မယ်”

“ဝမ်းသာလိုက်တာ ကိုကိုရာ၊ ဟန်နီ့ကို နည်းနည်းလေးပဲ ဂရုစိုက်ပေးပါ”

“ညီရယ်၊ ဟန်နီ့အပေါ် စွဲလမ်းစိတ်တွေကို လျှော့ပစ်စမ်းပါကွာ”

“ဟန်နီ့ကို ညီချစ်တယ်၊ တန်ဘိုးလည်းထားတယ်၊ ဟန်နီ့ဘဝက ဘယ်လောက်အထိးကျန်နေလဲ၊ ဒီလောက်ချောမောလှပတဲ့ ဟန်နီ့ကို ဘာဖြစ်လို့ ကိုကိုမချစ်ရတာလဲ”

“အဟာက်”

“မလှောင်ပါနဲ့ကိုကိုရာ”

“ကိုကိုက အရမ်းခေါင်းမာပြီး ပြဿနာရှာတတ်တဲ့ မိန်းကလေးကို မနှစ်သက်ဘူး၊ ကိုကိုက အလုပ်များတယ်လေ၊ ပြီးတော့ ကိုကိုနဲ့ ပခုံးချင်းယှဉ်မယ့် မိန်းမမျိုးဆို ပိုပြီးတောင် အမြင်ကတ်သေးတယ်”

ဟန်နီက ခေါင်းမာသည်။ ပြဿနာအကြီးအကျယ် ရှာတတ်သည်။ ဂျီလည်းကျတော့ ကိုကိုက စိတ်မရှည်ပေ။ ငယ်ငယ်လေးထဲက ပူးကပ်ပြီး နားပူနားဆာလုပ်နေတတ်တဲ့ ဟန်နီ့အား ကိုကိုက ကင်းကင်းရှင်းရှင်းပဲနေတတ်သည်။ နှုတ်မိတ်ကိုကျတော့ ဟန်နီက သူငယ်ချင်းလောက်ပဲ သဘောထားသည်။ အလေးအနက် ကို။ သူမဖြစ်ချင်တာကို မညှာမတာခိုင်းစေတတ်ပေမယ့် သူကတော့ ချစ်နေမိ၏။ ဟန်နီ့ဆန္ဒတွေကို ဖြည့်ဆွမ်းပေးရတာပင် ပျော်ရွှင်ကျေနပ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုက အိမ်ရှင်မပီသတဲ့ မိန်းကလေးကိုပဲ လက်ထပ်ချင်တာ၊ မတွေ့သေးဘူးလေ၊ မင်း ဟန်နီက ပြဿနာမလေး၊ ကိုကို သည်းမခံနိုင်ဘူး"

ကိုကိုက ဟန်နီအား ညနေသွားကြည့်ပေးမယ်ဟု ပြော၍ နန္ဒမိတ် စိတ်အေးသွားရသည်။ ညီက အတင်းအကြပ်ကြည့်ခိုင်းလို့ လာကြည့်တာဟု ပြောမည်ဆို၍ အဲဒီလိုမလုပ်ပါနဲ့ ကိုကိုရာဟု နန္ဒမိတ် ပြောရသည်။

"ကိုကို့စိတ်ဆန္ဒအရ ကြည့်တာလို့ပြောပါ၊ ညီက ကြည့်ခိုင်းလို့ လာကြည့်တာပြောရင် ဟန်နီ စိတ်ဆိုးသွားလိမ့်မယ် ကိုကို၊ မပြောပါနဲ့ဗျာ"

"ညီကတော့ စံပဲကွာ၊ ဟန်နီ့အတွက်ဆိုရင် အနစ်နာခံဖို့ အဆင်သင့်ပဲ၊ ဟန်နီက ကိုကို့ကိုချစ်နေတာနော်"

ဝဏ္ဏထင်ကတော့ ညီ့ကို ဟန်နီအပေါ် စွဲလမ်းနှစ်သက်နေမှုတွေ လျော့ပါးစေချင်သည်။ ဟန်နီက အရမ်းလှပပြီး ချစ်စရာကောင်းလွန်းတဲ့ ကောင်မလေးပါပဲ။ ဒါပေမယ့်လည်း မာနကြီးပြီး ပြဿနာရှာတတ်သည်။ သူမစိတ်တိုင်းမကျလျှင် ဝုန်းဒိုင်းကြဲကာ သောင်းကျန်းပြတာပဲဖြစ်ဖြစ်၊ အိပ်ရာထဲမှာ ဘာမှမစားမသောက်





နေပြတာပဲဖြစ်ဖြစ် လုပ်တတ်သည်။

"ညီစဉ်းစားကြည့်လေ၊ မရတဲ့အရာကိုမှ လိုချင်တဲ့ ကောင်မလေးပဲ၊ ကိုကိုက ဘယ်တော့မှ ဟန်နီ့ကို ချစ်လာမှာမဟုတ်တာ သိသိကြီးနဲ့ ကိုကိုမှ ကိုကိုဖြစ်နေတာလေ၊ တကယ်တော့ ညီကမှ ဟန်နီ့ကိုချစ်ပြီး အနွံအတာခံတာလေ"

ဟန်နီက ဝဏ္ဏကို ဒီလောက်ကြီး ချစ်ခင်နှစ်သက်နေတာ မဟုတ်ပေ။ မရတာကိုမှ လိုချင်နေတာပါ။ ဒီကောင်မလေးရဲ့ အကျင့်စရိုက်ပဲ။ သူအမြင်ကတတ်မိသည်။ ညီ့ကိုတော့ အရေးအရာ ပင်မလုပ်။ အနိုင်ကျင့်ချင်တိုင်း ကျင့်နေတတ်သည်။

"ဟန်နီက အလကားပါညီရာ၊ ကိုကို့ကိုရော ညီ့ကိုပါ သူကစားစရာအရုပ်လို ဆော့ကစားချင်နေတာပါ၊ ငယ်ငယ်လေးထဲက အလိုမကျတာတွေများပြီး အန်တီတာ့ကိုလည်း ဒုက္ခပေးနေတာလေ"

"ကိုကိုရာ ဟန်နီ့ဘဝက အထီးကျန်လွန်းနေတာပါ၊ သူ့ကို အရမ်းချစ်ပြီး အလိုလိုက်တဲ့မိဘတွေ ရုတ်တရက်သေဆုံးရတာ အရမ်းခံစားရပြီး စိတ်ဝေဒနာတွေရသွားခဲ့တာပါ၊ အန်တီတာက စည်းကမ်းကြီးတဲ့ အပျိုကြီးလေ၊ ဟန်နီ ငယ်ငယ်က စည်းကမ်း



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ထိန်းချုပ်ခဲ့တာလေ”

“ညီရာ”

“ကိုကို ဟန်နီ့ကိုပဲ သွားတွေ့ပေးပါ၊ ညီက အတင်း အကြပ်တွေ့ခိုင်းလို့ လာတွေ့တာလို့ ကျေးဇူးပြုပြီး မပြောပါနဲ့နော်၊ ကိုကိုသွားကြည့်ပြီး အားပေးပါ၊ ဟန်နီက ညီတို့ရဲ့ ငယ်သူငယ်ချင်း ဆော့ကစားဖက်တွေလေ”

“အေးကွာ ကိုကိုသွားကြည့်ပါ့မယ်၊ ဒီကောင်မလေး တော်တော်ဆိုးတာပဲ၊ အန်တီတာလည်း တော်တော်ဒုက္ခခံရတာပဲ၊ ဟန်ဂီ့ကြောင့်ပဲ စိတ်သောကတွေ ရောက်နေရတာပါ”

“ကျေးဇူးပါပဲ ကိုကိုရာ၊ တစ်နေ့ ဟန်နီက ညီ့အချစ်တွေ စေတနာတွေ နားလည်လက်ခံလာမှာပါ”

နန္ဒမိတ် ကိုကို့အနားကနေ ထွက်လာခဲ့သည်။ သူ့အခန်းထဲ ဝင်လာခဲ့၏။ ကိုကို့အိပ်ခန်းထဲမှာက ကွန်ပျူတာတွေ၊ စာအုပ်စာတမ်းတွေ၊ အလုပ်နှင့်ပတ်သက်တဲ့ အသုံးအဆောင်တွေ ပြည့်နှက်နေသလောက် သူ့အိပ်ခန်းထဲမှာတော့ ဟန်နီ့ဓာတ်ပုံတွေ၊ အရွယ်အစား အမျိုးမျိုး ကိုယ်ဟန်အနေအထား အမျိုးမျိုးက နေရာမလပ်ရှိနေသည်။ မာမီကတော့ ဘာမှမပြောပါဘူး။ သားတို့နှစ်ယောက်ထဲက





ဟန်နီနှစ်သက်တဲ့သူနဲ့ လက်ထပ်ပေးမှာတဲ့။ မာမီတို့လူကြီးနှ ကတိတွေပေးထားခဲ့ကြတာတဲ့။ ဟန်နီ နှစ်သက်တဲ့လူဆိုရင် ကိုကိုပဲ ဖြစ်မှာလေ။ သူ့ကို ဟန်နီကမချစ်။ အရေးအရာပင်မလုပ်ချင်။ ဟန်နီ့အမိန့်ကို နာခံတတ်သော သူငယ်ချင်းတစ်ယောက်အဖြစ် သတ်မှတ်ထားခဲ့သည်။

“အား...ဟန်နီရယ်၊ ညီ့ကို နည်းနည်းလေးမှတောင် မချစ်ဘူးလားကွာ၊ ညီကတော့ ဟန်နီ့ကို ချစ်တယ်၊ ငယ်ငယ်လေး ထဲကပဲလေ”

ဟန်နီ့ဓာတ်ပုံတွေကို သူ စူးစိုက်စွာကြည့်နေမိသည်။ သူ ငယ်ငယ်လေးထဲက အစွဲအလမ်းကြီးခဲ့ရတာပါ။ ဟန်နီငိုလျှင် သူလိုက်ငိုခဲ့၏။ ဟန်နီ ရယ်မောပျော်ရွှင်နေတာကိုပဲ သူမြင်ချင်နေသည်။ ဟန်နီပျော်အောင် သူဖန်တီးပေးခဲ့၏။ ဟန်နီကတော့ ကိုကိုပဲ။ မရတာကိုမှ ဟန်နီ လိုချင်နေတာပါ။ အဲဒါက ဟန်နီ့အကျင့်ပဲ။ ငယ်ငယ်လေးထဲက ကိုကိုကိုင်တဲ့ပစ္စည်းဆိုရင် ဟန်နီနဲ့မဆိုင်လည်း လိုချင်နေတတ်သည်။ တောင်း၏။ ကိုကိုမပေးမချင်း ပူဆာပြီး ပြဿနာရှာသည်။ နန္ဒမိတ် ပစ္စည်းဆိုရင် ပေးတာတောင်မယူပေ။ သူ့ဘက်မှ အလျှော့ပေးပြီး အောက်ကျနောက်ကျလုပ်ပေးတာတောင်



www.burmeseclassic.com

www.burmeseclassic.com



ဟန်နီက သဘောမကျဘဲ ပြုံးစူစူမာန်မဲနေတတ်သည်။

"သားလေးရေ"

အခန်းအပြင်ဘက်မှ မာမီ့အသံကို ကြား၍ သူတံခါးထပြီး ဖွင့်ပေးလိုက်သည်။ မာမီက အအေးခွက်လေးတစ်ခွက်ကိုင်ပြီး သူ့အခန်းထဲဝင်လာ၏။ မာမီက သားတွေကို ချစ်မြတ်နိုးပြီး အစားအသောက် အနေအထိုင်ကအစ ဂရုတစိုက် ပြုစုပေးတတ်သည်။

"ကိုကိုလက်ထပ်မယ့် မိန်းမက မာမီနဲ့တူတဲ့ မိန်းမပဲ၊ ကြည့်စမ်းပါ ညီ၊ မာမီက ဘယ်လောက်ကျက်သရေရှိလဲ၊ ဒက်ဒီ့အပေါ်လည်း ဇနီးမယားကောင်းပီသတယ်၊ မာမီက ရုပ်ရည်ချောမောတယ်၊ ငွေကြေးချမ်းသာတယ်၊ ဒါပေမယ့် မာနမရှိဘူး၊ ဒက်ဒီ့ကိုလည်း ပြုစုပေးတယ်၊ သားတွေအပေါ်လည်း မိခင်ကောင်းပီသတယ်၊ ညီးညူဆူပူတာတွေ မလုပ်ဘူး၊ ဟန်နီ့လို မိန်းမမျိုးကိုတော့ ကိုကို့ချစ်သူအဖြစ် အိပ်မက်ထဲမှာတောင် ထည့်မမက်ချင်ပါဘူးကွာ၊ ကျောထဲကနေစိမ့်လို့"

မာမီက အကြင်နာမေတ္တာတွေ ပြည့်ဝနေသောအပြုံးဖြင့် သူ့အနားရောက်လာသည်။ အအေးခွက်ကို စားပွဲပေါ်မှာတင်လိုက်၏။ သားတွေရဲ့ဆန္ဒပါပဲ။ ဟန်နီ့ဓာတ်ပုံတွေကို မာမီက ပြုံး၍





ကြည့်သည်။

"ညီကတော့ ဟန်နီမှဟန်နီပဲဟော့၊ ဒီလောက်ကြီးတော့ အစွဲအလမ်းမကြီးဖို့ မာမီတားချင်တယ်ကွယ်၊ ကဲ သားလေး အအေးသောက်ဦး၊ ဟန်နီ နေမကောင်းဘူးဆိုလို့ ရင်တွေအရမ်းပူနေတာပဲ မဟုတ်လား"

ဒေါ်ဆည်းဆာကတော့ သားငယ်ကို ဟန်နီ စိတ်မဝင်စားဘူးဆိုတာ သိနေသည်။ ဟန်နီက ထက်မြက်၏။ သားကိုကိုလို ကိန်းခန်းကြီးပြီး အရာရာဦးဆောင်နိုင်တဲ့ ယောကျ်ားတစ်ယောက်ကိုပဲ အထင်ကြီးသဘောကျ နှစ်သက်မှာပဲဖြစ်၏။ သားငယ်မျက်နှာလေးက ညှိုးငယ်ရီဝေနေသည်။

"ဟန်နီက ခေါင်းမာတယ်လေ၊ သားကြီးရဲ့ အေးစက်စက်အမူအရာတွေကို မုန်းလို့တဲ့၊ သားကြီးအရေးမစိုက်မချင်း အိပ်ရာထဲမှာပဲ လှဲနေမှာတဲ့၊ မခက်ဘူးလား"

ဟန်နီကတော့ ဒေါ်ဆည်းဆာရဲ့ သမီးတစ်ယောက်လိုပါပဲလေ။ ညီမကဲ့သို့ ချစ်ခင်တွယ်တာရသော ဒေါ်ဆည်းဆာရဲ့ သူငယ်ချင်း ကျောင်းနေဘက်။ တစ်ယောက်ကိုတစ်ယောက် သွေးသားရင်းချာလို ချစ်ခင်ရတဲ့ ခင်ခင်ကျော်ရဲ့ သမီးလေးပဲ။ သေဆုံးခါနီးတွင်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဆည်းဆာလက်ထဲသို့ ယုံကြည်အားကိုးပါရစေ၊ သားသမီးနဲ့ မခြား စောင့်ရှောက်ပေးပါဟု အထပ်ထပ်မှာကြားသွားခဲ့သည်။

“ဟန်နီကလည်း မာမီ့သမီးပါပဲ၊ ဒီကလေးမရဲ့ဘဝကို မာမီတွေးမိတိုင်း ရင်နာနေရတယ်၊ ဒီကလေးမရဲ့ ဆန္ဒကိုလည်း မာမီ ဖြည့်စွမ်းပေးချင်ခဲ့တာပါ”

ဟန်နီ ငယ်ငယ်ကဆိုလျှင် ဘယ်လိုပစ္စည်းပဲဖြစ်ဖြစ် လိုချင်လျှင် ဒေါ်ဆည်းဆာ အလိုလိုက်အကြိုက်ဆောင်ပေးခဲ့သည်။ ဟန်နီက သားကြီးကိုင်တဲ့ ပစ္စည်းကိုပဲ လိုချင်ခဲ့၏။ သားကြီးနဲ့ ပြဿနာဖြစ်တိုင်း မိမိက ဟန်နီ့ဘက်ကပဲ လိုက်ခဲ့၏။ သားကြီးဆီက မရမက ယူဆောင်ပေးခဲ့သည်။

“သားငယ်”

“ဗျာ…မာမီ”

“မနက်ဖြန်မနက်မှာ မာမီတို့ဆီကို နိုင်ငံခြားကနေ မာမီ့ သူငယ်ချင်းရဲ့သမီး ကြိုးကြာလေးရောက်လာမယ်”

“ဟင်”

“မာမီပြောပြောနေတာလေ၊ မာမီ့ကျောင်းနေဘက် သူငယ်ချင်း ချိုချိုရဲ့သမီးလေးပဲ၊ ဒီမှာအလည်လာတာပါ၊ မာမီ့ဆီ





လှမ်းအကူအညီတောင်းလို့ပါ”

သူစိတ်မဝင်စားပေ။ ဘယ်ကကြိုးကြာလဲ။ တိရစ္ဆာန်နာမည်ကြီးနဲ့။ မာမီက ခင်ကြိုးကြာတဲ့။ မြန်မာပြည်မှာမွေးတာတဲ့။ ဆယ်နှစ်သမီးထဲက နိုင်ငံခြားကို ပြောင်းသွားတာတဲ့။ သူနဲ့ရွယ်တူပဲတဲ့။ မာမီဆီ မကြာခဏ ဖုန်းဆက်တာတော့ သူသိသည်။

“မာမီသွားကြိုရမယ်၊ သားလေးကားမောင်းပေးပါဦး၊ အိမ်ကဒရိုင်ဘာလည်း မအားဘူး၊ ကိုကိုက အရမ်းအလုပ်များတာလေ”

“ဟုတ်ကဲ့ပါ မာမီ၊ သားက ဟန်နီ့အတွက် စွပ်ပြုတ်လာပို့ပေးမယ်လို့ ပြောထားတယ်၊ မနက်စောစောကြီးဆိုရင်တော့ မဖြစ်ဘူးထင်တယ်”

“အင်း စောတော့စောတယ်၊ မနက်ငါးနာရီလောက်ပဲ သားငယ်၊ ကိုးနာရီလောက်တော့ ပြန်ရောက်မယ်ထင်တယ်”

“မဖြစ်ဘူးထင်တယ် မာမီ၊ ဟန်နီ့ကို သားက မနက် အစောကြီးသွားပို့ရမှာ”

“အေးလေ သားကြီးဆီကပဲ အကူအညီတောင်းကြည့်ရမှာပဲ၊ သားငယ်မအားရင်လည်း နေပါစေလေ၊ ဒက်ဒီကလည်း



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကဒရိုင်ဘာခေါ်ပြီး ခရီးထွက်သွားတယ်၊ ကိုစွမရှိပါဘူးကွယ်၊ သားကြီးပဲ မဖြစ်မနေ အကြိုခိုင်းရတော့မှာပဲပေါ့၊ ကဲ သားလေး အအေးသောက်လိုက်ဦး ရင်တွေပူနေတာမဟုတ်လားလို့"

မာမီသည် သူတို့ဆန္ဒကို နားလည်မှုအပေးနိုင်ဆုံး မိခင်ပဲ ဖြစ်သည်။ အေးဆေးတည်ငြိမ်ပြီး အေးစိမ့်တဲ့စကားသံလေးကို ပြောဆိုတတ်၏။ သူ့လက်ထဲ အအေးခွက်ထည့်ပေးပြီး မာမီပြန်ထွက်သွားသည်။

ဝ ။ ဝ



# အခန်း (၃)

"ဟန်နီ"

"ဟင် ကိုကို"

မကောင်းတတ်လို့ ညနေရုံးဆင်းတော့ ဟန်နီဆီ ဝင်လာခဲ့သည်။ ဟန်နီ အိပ်ရာပေါ်မှာလဲနေကြောင်း အန်တီတာက သိးကြိုပြော၏။ ကိုကိုလာကြည့်ရင်တော့ ပျော်ရွှင်တက်ကြွပြီး ပြန်မြန်နာလံထူမည်ဟု ပြောသည်။ သူလည်း စိတ်ကိုလျှော့ပြီး ဟန်နီ့အခန်းထဲ ဝင်လာခဲ့သည်။


"ဘာဖြစ်လို့ အိပ်ရာထဲမှာလဲနေရတာလဲ ဟန်နီ၊ ဘာမှ ပည်းဖြစ်မှာမဟုတ်ဘဲနဲ့ကွာ၊ ထ"



www.burmeseclassic.com

www.burmeseclassic.com





"ကိုကိုဘာဖြစ်လို့ အခုမှလာကြည့်ရတာလဲလို့၊ ဟန်နီ့ကို မကောင်းတတ်လို့ လာကြည့်တာမဟုတ်လား"

ဟန်နီ နှုတ်ခမ်းလေး စူတင်းပြီး ရန်ထောင်ပစ်လိုက်မိသည်။ ကိုကိုက အရမ်းပဲ ကြီးကျယ်ခမ်းနားတယ်။ မာနကြီးတယ်။ ဟန်နီ မုန်းလိုက်တာ။ ဟန်နီကလည်း မာနတွေ မိုးထိအောင်ကြီးမားတဲ့ မိန်းကလေးပါနော်။ ကိုကိုက ယောကျ်ားပီသတယ်။ ခန့်ညားချောမောတယ်။ ပြီးတော့ ဟန်နီ အနှစ်သက်ဆုံးက ကိုကို့ရဲ့ ကြီးပွားချမ်းသာမှုတွေ ဆာလောင်နေတဲ့စိတ်ဓာတ်ပဲ။ ဟန်နီ မာနပြလို့မရတာကိုပါပဲ။ ကိုကိုက သူမကို အလိုမလိုက်ဘဲ မျက်နှာထားတင်းတင်းလေးနှင့်ပြောသည်။

"ထလေ အဲဒီလိုလုပ်တာမျိုး ကိုကိုမကြိုက်ဘူး"

"ကိုကို"

"ထ"

"ကျွန်မကို မလွဲသာမရှောင်သာလို့ လာကြည့်တာမဟုတ်လား"

"ဟုတ်တယ်"

"ကိုကိုနော်"





"နန္ဒမိတ်လေ နင့်ကိုသွားကြည့်ပေးပါလို့ ဖွတ်အတင်းတောင်းဆိုလို့လေ"

"သွား"

"ထ"

"မထဘူး"

"အဲဒီလိုလုပ်ရင် ကိုကိုပြန်မှာနော်"

ဟန်နီ နှုတ်ခမ်းစူစူလေးနှင့် ကိုကို့ကို မော့ကြည့်မိသည်။ ကိုကိုက ဟန်နီ့ကို အနိုင်ယူမှာပဲမဟုတ်လား။ ကိုကိုလာကြည့်ပေးတာပဲ ဟန်နီ ကျေနပ်စွာ ကိုကို့အမိန့်ကို နာခံလိုက်တော့သည်။ အမြဲတမ်း ဟန်နီပဲ အလျှော့ပေးခဲ့ရတာပဲလေ။ ဟန်နီက ကိုကို့ကို ချစ်တယ်။ အထင်ကြီးတယ်။ ဘာပဲဖြစ်ဖြစ်နော် ဟန်နီက ကိုကို့ကို ပိုင်ဆိုင်ရအောင် ကြိုးစားမယ်။ သူမထလိုက်သည်။ ကိုကို့လက်မောင်းကို ဖက်တွယ်ပြီး အခန်းအပြင်ဘက် ထွက်လာခဲ့၏။ ဟန်နီက အပြင်ထွက်စားမယ်ပြောတော့ ကိုကိုက လက်မခံပေ။ အိမ်မှာပဲစားကြမယ်တဲ့။ ကိုကိုက ဟန်နီ့ဆန္ဒနဲ့ ဆန့်ကျင်ဘက်ပဲ။ နန္ဒမိတ်နဲ့တော့ တခြားစီပဲ။ ဟန်နီက နန္ဒမိတ်ကို အထင်မကြီးပါဘူး။ အရမ်းအရောတဝင်နဲ့ ဟန်နီ့အလိုဆန္ဒတွေကို လိုက်ဖြည့်စွမ်း



www.burmeseclassic.com

www.burmeseclassic.com



နေလည်း မချစ်ပေ။ သူငယ်ချင်းအဆင့်ထက်ပိုပြီး ခံစားလို့ပင်မရပေ။ ကိုကိုက အိမ်မှာပဲစားဆိုတော့ ဟန်နီ မကျေနပ်ပေမယ့် စားပစ်လိုက်သည်။

"ဟန်နီက တကယ့်ကို ကလေးဆိုးပဲကွယ်၊ မောင်ဝဏ္ဏထင်ရောက်လာမှပဲ ရှင်လန်းတက်ကြွပြီး စားတော့တယ်"

"အန်တီတာ"

"ဟင်"

"ဟန်နီတို့နှစ်ယောက်အနားကနေ ထွက်သွားပေးပါ"

"ဟန်နီရယ်၊ အန်တီတာက"

"သွားပါတော့"

အန်တီတာက ဟန်နီ့အား စိတ်မချလို့ အနားကနေမခွာဘဲ စောင့်ရှောက်နေတာကို ဟန်နီမကြိုက်ပေ။ နန္ဒမိတ်လည်း ဒီလိုပဲ။ ဟန်နီက ငယ်ငယ်ရွယ်ရွယ် ကလေးမှမဟုတ်တာ။ ဟန်နီ စိတ်ကျဉ်းကြပ်မခံနိုင်လို့ပါ။ ကိုကိုက ဟန်နီ့ကိုဆူသည်။

"ဟန်နီ ဘာဖြစ်လို့ အန်တီတာ့ကို အနိုင်ကျင့်ရတာလဲ၊ မင်းကို မိခင်တစ်ယောက်လို ကျွေးမွေးစောင့်ရှောက်လာတာလေ"

"ဟန်နီ စိတ်ကျဉ်းကြပ်တယ်၊ ကိုကိုကလွဲပြီး ဟန်နီ့အနား





မှာ ဘယ်သူနေတာမှမကြိုက်ပါဘူးနော်၊ အန်တီတာရဲ့ ဂရုစိုက်မှုတွေကလည်း တစ်ခါတလေ ဟန်နီ မွန်းကြပ်လွန်းလို့ ထွက်တောင်ပြေးချင်တယ်သိလား"

ဝဏ္ဏထင်ကတော့ ဟန်နီ့ကို မိဘမဲ့လေးဆိုပြီး သနားချင်ပေမယ့် ဂျိကျပြီး အနိုင်ကျင့်လွန်းသဖြင့် မုန်းတီးမိသည်။ တမင်ကင်းကင်းရှင်းရှင်းပဲနေတာပါ။ မာမီကတော့ ဟန်နီ့ကို ဂရုစိုက်ပါတဲ့။ ဟန်နီက မာမီသမီးလေးပဲတဲ့။ ဟန်နီ သဘောကျနှစ်သက်တဲ့သားနဲ့ လက်ထပ်ရမှာတဲ့။ သူစိတ်ပျက်မိသည်။ ဟန်နီက သူ့ကိုပဲ ရွဲလမ်းနှစ်သက်နေ၏။ တမင်ရှောင်နေတာပဲဖြစ်သည်။

"ဟန်နီ"

"ဟင်"

"မင်း ဒီလိုလူတွေကို လိုက်ပြီးအနိုင်ကျင့်နေရင် ကိုကိုမုန်းဝမကြိုက်ဘူးနော်၊ အဲဒီအကျင့်စရိုက်တွေကို ဖျောက်စမ်း"

"မဖျောက်နိုင်ပါဘူး၊ ဟန်နီ့အကျင့်ပဲဟာ၊ လူတွေ ဟန်နီ့အနားမှာရှိနေရင် စိတ်အိုက်လို့လေ"

"မင်း စကားနားမထောင်ရင် ကိုကိုနောက်ဆို မင်းကိုမကြည့်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မကြည့်ဘဲနေလေ၊ ဟန်နီ အသေခံပစ်လိုက်မှာပဲ"

ကိန်းခန်းကြီးတဲ့ ကိုကိုဝဏ္ဏထင်ကိုတော့ ဟန်နီ ဘယ်လိုမှ မှန်းတီး၍မရဘဲ ဖြစ်နေသည်။ အရွှံးလည်းမပေးချင်။ ဒါပေမယ့်လည်း အရှုံးပဲပေးနေရ၏။ ကိုကို့အနားမှာရှိနေလျှင် အရာအားလုံး ပြည့်စုံနေသည်။

"ကိုကိုပြန်မယ်"

"ဟင်"

"အလုပ်တွေရှိသေးတယ် ဟန်နီ"

"မပြန်ရဘူး"

"အဲဒီလို အနိုင်မကျင့်နဲ့လေ၊ ကိုကိုက အမိန့်ပေးတတ်တဲ့ မိန်းမကို မုန်းတယ်"

ကိုကို့မျက်ဝန်းတွေက တင်းမာနေသဖြင့် ဟန်နီ နည်းနည်းတော့ လန့်နေရသည်။ ကိုကို့ကို ဟန်နီ ပိုင်ဆိုင်ချင်တယ်။ ဘယ်လို လုပ်ရမလဲဟင်။ ဘယ်လိုလုပ်မှ ကိုကို့အချစ်တွေကို ဟန်နီ ရနိုင်မှာလဲလို့။ ကိုကိုက အမိန့်ပေးတတ်တဲ့ မိန်းမမျိုးကို မနှစ်သက်ဘူးတဲ့။ ဟန်နီ့အကျင့်စရိုက်ကိုက လူတွေကို အနိုင်ကျင့်ရမှ အမိန့်ပေးရမှ ဟန်နီ့ဆန္ဒတွေအတိုင်း အတိအကျလုပ်ဆောင်ပေးမှ ကျေနပ်တတ်သူ





ဖြစ်သည်။

"မင်း လူကြီးတွေစိတ်ညစ်အောင် မလုပ်ပါနဲ့၊ ညို့ကိုလည်း အနိုင်မကျင့်ပါနဲ့ ဟန်နီ၊ မင်းကို အချစ်မြတ်နိုးဆုံးက ညီပဲလေ"

"ဟန်နီက ကိုကို့ကိုပဲချစ်တာလေ"

"ဘာ"

"အဟက်"

"ညို့ကို သူငယ်ချင်းအဖြစ်တောင် အတော်လေး သည်းခံပေါင်းနေရတာ၊ ဟန်နီသဘောကျတာက ကိုကို့လို ခန့်ညားချောမောတဲ့ ယောကျ်ားပဲလေ"

"စိတ်ကူးမယဉ်စမ်းပါနဲ့ ဟန်နီ၊ ငါက မင်းလိုမိန်းကလေး မျိုးကို မနှစ်သက်ဘူး"

"ကိုကိုနော်"

ကိုကိုက နန္တမိတ်လိုမဟုတ်ဘူး။ ဟန်နီကို မညှာပေ။ ပေပြတ်ပြတ်ပြောဆိုနေပေမယ့် ဟန်နီ နှုတ်ခမ်းစူပြရုံကလွဲပြီး ဘာမှ မတတ်နိုင်ပေ။ မုန်းလိုက်တာ၊ ကိုကိုနော် ဟန်နီ့ကို လျှော့မတွက်နဲ့။ တစ်နေ့ ဟန်နီအကြောင်း ကောင်းကောင်းသိစေရမယ်သိလား။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုက အိမ်ရှင်မပီသပြီး ဣန္ဒြေရှိတဲ့ မိန်းကလေးကိုပဲ နှစ်သက်တယ်"

"ဟွန်း"

"ကိုကိုပြန်တော့မယ် ဟန်နီ"

"ကိုကို"

"ကိုယ့်ကျန်းမာရေးကို ကိုယ်ပဲဂရုစိုက်ရမယ် ဟန်နီ၊ ပြဿနာရှာတာတွေ ကိုကိုလုံးဝမကြိုက်ဘူး"

"ကိုကိုနေပါဦး"

"ကိုကိုပြန်တော့မယ်"

ကိုကိုထွက်သွားသည်။ သူမဒေါသတွေပေါက်ကွဲပြီး ကျန်ရစ်ခဲ့၏။ ကိုကိုဘာလုပ်တာလဲ။ မာနပြတာလား။ ရှင်ဘာဖြစ်လို့ ကြီးကျယ်ခမ်းနားနေရတာလဲ။ ဟန်နီ မကျေမနပ်ဖြစ်နေမိသည်။

"ဟန်နီ"

"ဟင် နန္ဒမိတ်၊ နင်ဘာလာလုပ်တာလဲ၊ ကိုကိုက နင်တောင်းဆိုလို့လာတွေ့တာဆိုပြီး ငါ့ကို နာမည်ကောင်းယူမလို့လား"

သူမဒေါသတွေက နန္ဒမိတ်ဆီ ကူးစက်သွားသည်။ ဘယ်သူ့ကိုမှ မတွေ့ချင်ပါဘူး။ မုန်းတယ်။ ကိုကိုက ဟန်နီ့ကို





မာနပြစရာလား။ မိန်းမပီသတဲ့ မိန်းမကိုမှ ကိုကိုက နှစ်သက်တာတဲ့လား။ ဝေးသေးတယ်။ ဟန်နီက ဘယ်သူ့အမိန့်ကိုမှ နာခံတတ်တာမဟုတ်ဘူးနော်။ ကိုကိုမှတ်ထား ရှင့်ကို ကျွန်မ ရအောင်ယူပြမယ်၊ ရှင်လက်ထပ်မယ့် မိန်းမက ဟန်နီချို့ပဲဖြစ်စေရမယ်၊ သူမမျက်ဝန်းတွေက မာထန်နေသည်။

"ဟန်နီ"

"နင်ထွက်သွား"

"ဒေါသတွေမဖြစ်ပါနဲ့ ဟန်နီရယ်၊ ညီ တောင်းပန်ပါတယ်၊ ကိုကိုဖြစ်စေချင်တဲ့ ပုံစံကိုပြောင်းလိုက်ရင် အားလုံးအဆင်ပြေသွားမှာပါ"

နန္ဒမိတ်ကတော့ ဟန်နီ စိတ်ဆိုးမှာ အရမ်းကြောက်မိသည်။ ဟန်နီ့မျက်နှာလေးအား စူးစိုက်ကြည့်ပြီး ဘယ်လိုအားပေးနှစ်သိမ့်မှုပေးရမှန်းပင်မသိတော့။ ဟန်နီ့မျက်ဝန်းလေးတွေထဲမှာ မျက်ရည်တွေပြည့်နေသည်။ ဟန်နီ ဘယ်တုန်းကများ ငိုကျွေးခဲ့ဘူးလို့လဲ အမြဲတမ်း မာန်မာနတွေနဲ့ အရာအားလုံးကို မာထန်စွာ ရင်ဆိုင်တတ်သည်။

"မဖြစ်ဘူး၊ ဟန်နီချို့ပုံစံက ဒီလိုပုံစံပဲဖြစ်စေရမယ်၊ ကိုကို



www.burmeseclassic.com

www.burmeseclassic.com



ရှင်သိပ်ပြီးကြီးကျယ်ခမ်းနားမနေစမ်းပါနဲ့၊ ရှင်မကြိုက်တဲ့ ကျွန်မပုံစံမျိုးနဲ့ပဲ လက်ထပ်ရမယ်"

သူမ ဒေါသတကြီး ကြိမ်းဝါးနေမိသည်။ မပြင်ဘူး။ အဲဒါ ကျွန်မရဲ့ ဆုံးဖြတ်ချက်ပဲလေ။ ရှင် မနှစ်သက်တဲ့ ပုံစံမျိုးပဲ ကျွန်မမှာ ရှိနေစေရမယ်။ ဟန်နီ ထလိုက်သည်။

"နင်ထွက်သွားတော့ နန္ဒမိတ်၊ နင့်အကြင်နာတွေ လာပြမနေစမ်းပါနဲ့၊ ငါ နင့်လို အူတူတူပုံစံကို မကြိုက်ဘူး"

"ဟန်နီ"

"ထွက်သွား"

သူမ အရူးတစ်ယောက်ကဲ့သို့ အော်ဟစ်ပစ်မိသည်။ စိတ်တွေ ဆောက်တည်ရာမရတော့ ပေါက်ကွဲလွင့်စင်တော့မတတ်ပင်။ ကိုကို စိမ်းကားရက်စက်စွာ ထွက်သွားသည်။ ဟန်နီ့ပုံစံကို မကြိုက်ဘူးတဲ့လေ။ ပြောရက်လိုက်တာ။ ဟန်နီကတော့ ရှင့်ပုံစံကို ကြိုက်တယ်။ ဟန်နီ ပိုင်ဆိုင်ချင်တာက ရှင့်လိုယောကျ်ားမျိုးပဲ။ သူမ အိပ်ခန်းထဲပြန်ဝင်လာခဲ့ပြီး အလှတွေပြင်နေမိသည်။

"ဟန်နီ"

"နင်မသွားသေးဘူးလား နန္ဒမိတ်"





"ဟန်နီ ဘယ်သွားမလို့လဲ၊ ဟန်နီ နေမကောင်းဘူးမဟုတ်လား"

"နင်သွားတော့လေ နန္ဒမိတ်၊ ငါ့ကိစ္စတွေမှာ ဝင်မပါပါနဲ့၊ ငါ ကိုကို့ကို လက်လွှတ်အဆုံးရှုံးမခံနိုင်ဘူး၊ ပိုင်ဆိုင်နိုင်ဖို့ အစွမ်းကုန် ငါကြိုးစားရမယ်"

သူမအလှပြင်ပြီး ကားကို ကိုယ်တိုင်မောင်းဖို့ပြင်သည်။ အင်အားတွေက မရှိ။ ဟန်နီ အစားအသောက်တွေ မစားမသောက်တာ ကြာပြီပဲ။ ရှုံပြီးနေတာလေ။ နန္ဒမိတ်က သူ့ကားပေါ်ပြန်တက်သည်။ ကားမောင်းထွက်မသွားသေးဘဲ သူမအား စိုးရိမ်တကြီး မျက်ဝန်းတွေနှင့် ကြည့်နေသည်။

"ဟန်နီ"

"ဟင်"

"ညီလိုက်ပို့ပေးမယ်လေ၊ ဟန်နီဘယ်သွားမှာလဲ"

"အန်တီညို့ဆီ"

"မာမီဆီလား"

"အင်း"

"ညီလိုက်ပို့ပေးမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ဟန်နီ့ကားနဲ့ပဲ လိုက်ပို့ပေးမယ်"

"ပို့ပေး၊ ငါမသွားနိုင်ဘူး၊ အားတွေမရှိတော့သလိုပဲ နန္ဒမိတ်၊ ဟုတ်တယ် ငါ အစာမစားလို့မဖြစ်ဘူး၊ အင်အားတွေလို အပ်တယ်၊ ဟန်နီ အရှုံးပေးလို့မဖြစ်ဘူးနော် နန္ဒမိတ်"

"အင်း"

"ဟုတ်တယ်၊ နင့်ကိုတော့ အကူအညီတောင်းရမှာပဲ နန္ဒမိတ်၊ ဟန်နီနဲ့ အန်တီညိုတွေ့မှဖြစ်မယ်"

"ဟန်နီ ဘာမှစိတ်မပူနဲ့နော်၊ ဟန်နီ ဖြစ်ချင်တာတွေ ညီအားလုံး ဖြည့်စွမ်းပေးမယ်"

"ကားပဲမောင်းစမ်းပါ"

ဟန်နီချိုဆိုတဲ့မိန်းမက ဘယ်သူ့ကိုမှ အရှုံးမပေးတတ်ဘူး ဆိုတာ ကိုကိုသိစေရမယ်။ ဟန်နီကို မစိမ်းကားမရက်စက်ပါနဲ့။ ဟန်နီက ကိုကို့ကို ငယ်ငယ်လေးထဲက အထင်တကြီးနဲ့ ချစ်ခင်လာခဲ့ရတာပါ။ ဟန်နီလက်ထပ်မယ့် ယောကျ်ားက ကိုကိုပဲဖြစ်စေရမယ်။ နန္ဒမိတ်က သူမအား ကားမောင်းရင်း စိုးရိမ်တကြီး ကြည့်နေသည်။

"နန္ဒမိတ်"





"ဟန်နီ"

"နင့်နေရာမှာသာ ကိုကိုဆိုရင် ဟန်နီ ဘယ်လောက်များ ပျော်ရွှင်ချမ်းမြေ့ရမလဲဟာ"

ကိုကိုပြောသလိုပဲ ဟန်နီသည် အတ္တကြီးပြီး သူများခံစားချက်တွေကို ဥပေက္ခာပြုထားတတ်သူတစ်ယောက်ပဲ ဖြစ်သည်။ သူ့ခံစားချက်ကို နည်းနည်းလေးမှ အလေးအနက်မထားခဲ့ပေ။ သူဖြစ်ချင်တဲ့ ဆန္ဒကိုပဲ ဦးစားပေးတတ်သည်။ ဟန်နီရယ် မင်းရဲ့ပျော်ရွှင်ချမ်းမြေ့မှုတွေအတွက် ကိုယ်ဖြည့်စွမ်းပေးချင်ပါတယ်။ မင်းကို ချစ်မြတ်နိုးနေတဲ့သူက နန္ဒမိတ်မဟုတ်ဘဲ ကိုကိုဝဏ္ဏထင်ပဲ ဖြစ်စေချင်မိနေပါတယ်လေ။ ဟန်နီ့မျက်နှာလေးအား သူ ကြင်နာစွာ ကြည့်မိနေသည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

"အန်တီညို"

"ဟန်နီလေးပါလား၊ နေကောင်းသွားပြီလားကွယ်၊ မျက်နှာလေးက ချောင်ကျနေတာပါပဲလား၊ အန်တီညိုတောင် ဟန်နီလေးအတွက် ဟင်းတွေချက်ထားတယ်၊ လာပို့တော့မလို့လေ"

"ရပါတယ်၊ အခု ကိုကိုလာကြည့်လို့ ဟန်နီ အင်အားတွေပြည့်ပြီး အစားတွေတောင် ပြန်စားနေပြီလေ"

"ဟုတ်လား၊ ကောင်းလိုက်တာကွယ်၊ သားကိုကို လာကြည့်တော့ အန်တီလည်း စိတ်အေးရတာပေါ့လေ၊ အရေးကြီးတာက ဟန်နီလေးပျော်ဖို့ပဲ"





"တကယ်ပဲ ဟန်နီ့ကို ပျော်ရွှင်စေချင်တာလားဟင်"

"ဘယ်လိုမေးလိုက်တာလဲ သမီးလေးရယ်၊ အန်တီညို့ရင်ထဲမှာ သမီးလေးအတွက် အမြဲတမ်း စိတ်ပူပင်နေရတာပါ၊ အန်တီ့သမီးလေးနဲ့မခြားပါပဲလေ"

"တကယ်နော်"

"တကယ်ပါကွယ်"

"အန်တီညို့ဆီမှာ တောင်းဆိုစရာရှိလို့ ဟန်နီ လာခဲ့တာလေ"

"ပြောလေ သမီးလေး၊ အန်တီညိုက သမီးလေးဆန္ဒကို ဖြည့်ဆွမ်းပေးဖို့ အဆင်သင့်ပါပဲကွယ်"

"တကယ်နော်"

"အင်း"

ဒေါ်ညိုညိုဝေကတော့ သမီးလေးဟန်နီချိုရဲ့ ဆန္ဒတွေကို ဖြည့်ဆွမ်းပေးဖို့ အဆင်သင့်ပဲဖြစ်နေသည်။ ငယ်စဉ်လေးထဲက မိဘမဲ့ခဲ့ရတဲ့ ဟန်နီလေးကို သားတွေနှင့်မခြား ချစ်ခဲ့ရ၏။ ဟန်နီလေး သိုးငွေ့နေတာလည်း ဒေါ်ညိုညိုဝေက နားလည်မိသည်။

"ပြောလေ ဟန်နီလေး"



www.burmeseclassic.com

www.burmeseclassic.com



''ဟန်နီလေ ကိုကိုဝတ္ထုထင်နဲ့ လက်ထပ်ချင်တယ်''

''ဒါများကွယ် အန်တီညိုတို့က သမီးလေးဟန်နီဆန္ဒအတိုင်း ဟန်နီ ရွေးချယ်တဲ့သားကိုပဲ လက်ထပ်ပေးဖို့ပါ''

''ကိုကိုက ဟန်နီအထင်အကြီးရဆုံး ယောကျ်ားတစ်ယောက်ပါပဲ''

''ဟန်နီလေးဆန္ဒတွေအတိုင်းပဲ ဖြစ်စေရမယ်ကွယ်''

''အမြန်ဆုံးစီစဉ်ပေးပါ၊ ဟန်နီ စိတ်တွေပူပြီး စားမဝင် အိပ်မပျော်ဖြစ်နေရတာပါ''

''ဘာမှစိတ်ပူမနေနဲ့၊ ဟန်နီချိုလေးက အန်တီညိုသမီးလေးပဲ၊ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲ ဖိတ်ရမှာပေါ့ကွယ်''

သူ အောက်သို့ဆင်းလာခဲ့သည်။ မာမီက အစောကြီးထဲက ဟန်နီရွေးချယ်မည့် ယောကျ်ားတစ်ယောက်ကို လက်ထပ်ပေးမည်ဟု အသိပေးပြောဆိုထားခဲ့သည်။ ဟန်နီ မင်းအရမ်းရက်စက်တယ်။ ညီက မင်းကို အသည်းနှလုံးတွေထဲက စူးနစ်အောင် စွဲစွဲလန်းလန်း ချစ်မြတ်နိုးခဲ့တာပါကွာ။ မင်းက ကိုကို့ကိုပဲ ရွေးချယ်ခဲ့တာပဲ။ နန္ဒမိတ် ခံစားနေရသည်။ ဟန်နီချိုက သူ့ကို ငယ်ငယ်လေးထဲက အထင်သေးပြီး အနိုင်ကျင့်ဖို့ပဲ သိနေတတ်၏။ နန္ဒမိတ် အိပ်ရာပေါ်လှဲချလိုက်ပြီး ငိုကြွေးပစ်ချင်လာရ၏။ ဟန်နီချိုကို လက်လွှတ်အဆုံးရှုံးမခံနိုင်လောက်အောင် နာကျင်နေရသည်။





''ဟန်နီရယ် နင့်ဆန္ဒတွေကို ဖြည့်စွမ်းပေးရရင်လည်း ညီ ကျေနပ်ဝမ်းသာရမှာပဲလေ၊ ဘယ်တတ်နိုင်မလဲလေ ညီ အနှောင့်အယှက်မပေးပါဘူးဟာ''

သူချစ်မြတ်နိုးရသော ဟန်နီချိုရဲ့ ဆန္ဒတွေကို ဖြည့်စွမ်းပေးခဲ့တာ ညီပဲမဟုတ်လား။ ဟန်နီချို ချစ်မြတ်နိုးတဲ့ ကိုကိုနဲ့ပဲ ပျော်ရွှင်စွာ လက်ထပ်ပါစေလေ။ သူ့စိတ်တွေကို ဖြေသိမ့်နေရသည်။

''နန္ဒမိတ်''

''ဟင် ဟန်နီ''

''ဟန်နီပြန်တော့မယ်''

''သြော်...အင်း ကိုယ်လိုက်ပို့ပေးမယ်နော်''

ဟန်နီက ကားမမောင်းနိုင်ဘူးမဟုတ်လား။ သူလိုက်ပို့ပေး ... ထလိုက်သည်။ ဟန်နီက ပြန်ထွက်သွားပြီး ကားပေါ်မှာထိုင်စောင့် ...၏။ မေမေလည်း ...ားအနားမှာရှိနေသည်။

''သားငယ် ဟန်နီ့ကိုလိုက်ပို့ပေးပြီးရင် မာမီနဲ့သား ...ုးကြာလေးကို သွားကြိုရမယ်နော်''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ကြိုးကြာဆိုတာ ဘယ်သူလဲဟင် အန်တီညို"

"သားငယ်လေးနဲ့ လက်ထပ်ပေးဖို့ ရည်ရွယ်ထားတာလေ"

"ဟင်"

နန္ဒမိတ်က မာမီ့အား မျက်လုံးပြူးကြီးတွေနှင့် ကြည့်မိသည်။ စောစောက ဘာဖြစ်လို့ ကြိုတင်မပြောရတာလဲ။ သူ စိတ်ပျက်မိနေ၏။ ဟန်နီကလွဲပြီး သူဘယ်လိုမိန်းမမျိုးကိုမှ ချစ်မြတ်နိုးနိုင်မှာမဟုတ်ပေ။ ဟန်နီက သူ့ကိုပြုံး၍ကြည့်နေသည်။

"နန္ဒမိတ်က လျှို့ဝှက်ခဲ့တာပဲ၊ ကြည့်စမ်း သတို့သမီးလောင်းလေးက ရောက်လာတော့မယ်"

"ကိုယ်အခုမှသိရတာပါ ဟန်နီ၊ မာမီက ဘာတွေစီစဉ်နေမှန်းမသိဘူး၊ ကိုယ့်နှလုံးသားတွေထဲမှာ တစ်ယောက်တည်းရှိတယ်၊ အဲဒီကောင်မလေးကို ဟန်နီသိတယ်မဟုတ်လား"

"အဲဒီကောင်မလေးက ဟန်နီချိုဆိုရင် နှင့်နှလုံးသားတွေထဲက လုံးဝဖယ်ထုတ်လိုက်၊ နှင့်မာမီရွေးချယ်တာကိုပဲ လက်ခံပါဟာ၊ ဟန်နီက ကိုကိုနဲ့ လက်ထပ်တော့မယ်မဟုတ်လား"





သူဘာမှမပြောတော့။ ဟန်နီရဲ့ စိမ်းကားရက်စက်မှုတွေက ကြောက်စရာကောင်းလွန်းစွာ အေးစက်နေသည်။ သူနှင့်ပတ်သက်ပြီး ခံစားချက်တွေ ကင်းမဲ့နေ၏။ သူ့နှလုံးသားတွေ နာကျင်ကြေကွဲလာသည်။ ဟန်နီ့ကို ခြံဝအထိပဲ လိုက်ပို့ပေးပြီး သူပြန်ထွက်လာခဲ့၏။ ကြိုးကြာ ဘယ်ကကောင်မလေးလဲ။ မာမီက တကယ်ပဲ သူနဲ့လက်ထပ်ပေးဖို့ ရည်ရွယ်ထားခဲ့တာလား။ သူ အိမ်ကိုပြန်ရောက်လာသည်။

"မာမီ"

"သားငယ်ပြန်လာပြီလား"

"ကြိုးကြာက"

"ဟုတ်တယ်၊ မာမီ ကြိုတင်အသိပေးထားတာလေ၊ ကြိုးကြာလေးကို သားနဲ့ရည်ရွယ်ထားတယ်"

"သား အိမ်ထောင်ရေးကို သားကိုယ်တိုင်ပဲ ရွေးချယ်ပါရစေမာမီ"

"မင်းမှမရွေးချယ်တာပဲ၊ မင်းရွေးချယ်တာက ဟန်နီချိုလေ၊ မဖြစ်နိုင်တာပဲ"

"သားမချစ်မြတ်နိုးတဲ့ မိန်းမတစ်ယောက်ကို လက်ထပ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ မဖြစ်နိုင်တာပဲ''

''နီးစပ်မှုရှိအောင် မာမီက ဖိတ်ခေါ်လိုက်တာလေ၊ ကြိုးကြာလေးက ထက်မြက်တယ်၊ သွက်လက်တယ်၊ မိန်းမကောင်းလေးမို့ပါသားငယ်''

မာမီက ဆုံးဖြတ်ပြီးပြီဆိုရင်တော့ သူတို့ညီအစ်ကိုမှာ ငြင်းပယ်ပိုင်ခွင့်မရှိတော့။ သူ့နှလုံးသားတွေက ဟန်နီ့ကိုပဲ ချစ်တာပါ။ မြတ်နိုးတာပါ။ ဟန်နီကလွဲပြီး ဘယ်လိုမိန်းကလေးမျိုးကိုမှ လက်ခံနိုင်မှာမဟုတ်ပေ။ ကြိုးကြာ မင်းရဲ့ကံကြမ္မာပဲလေ။ နန္တမိတ် နှလုံးသားထဲမှာ အမြစ်တွယ်လာခဲ့တာက ဟန်နီချိုကိုချစ်တဲ့ အချစ်တွေပဲ။ မာမီက မင်းမှာ ငြင်းပိုင်ခွင့်မရှိဘူးလို့ ခပ်ပြတ်ပြတ်ပြောသည်။

''ကြိုးကြာကို သွားကြိုရမယ်၊ မင်း ဖော်ဖော်ရွေရွေ ရင်းရင်းနှီးနှီးဆက်ဆံပါ''

မာမီဆန္ဒနဲ့ အမိန့်ကို သူတို့နာခံရတာပဲရှိသည်။ ငြင်းပယ်၍မရ။ သားသမီးကို ဒုက္ခရောက်အောင် ဘယ်မိဘကမှ မလုပ်ဘူးတဲ့။ မာမီက သူတို့ကို အလိုလိုက်ပေမယ့် စည်းကမ်းကိုတော့ တင်းကြပ်ထားသည်။





''မင်းနဲ့ကြိုးကြာ လက်ထပ်ရမယ်၊ သားကြီးက ဟန်နီချိုနဲ့ပဲ၊ မာမီတို့လူကြီးတွေ စီစဉ်ထားတာလေ''

''မာမီ''

''လူငယ်တွေရဲ့ ဆန္ဒကလည်း လိုအပ်သေးတယ်လို့ သားငယ်ကပြောချင်တာမဟုတ်လား''

''မာမီ''

''မင်းက မဖြစ်နိုင်တဲ့ မင်းကိုလည်း ဘယ်လိုမှ မချစ်နိုင်တဲ့ ဟန်နီချိုကိုမှ ရွေးချယ်ခဲ့တာပဲလေ''

မာမီ့အကြည့်တွေအောက်ကနေ လွတ်မြောက်စေရန် နန္တမိတ် ထွက်ပြေးချင်သွားမိသည်။ ဟုတ်တယ်၊ သူ့အမှားပဲ။ သူ့နှလုံးသားတွေထဲမှာ ဟန်နီပဲရှိတယ်။ ဟန်နီ့ကိုသနားတာ ကိုကိုက ပြတ်တမ်း ရက်စက်စိမ်းကားနေလို့ နန္တမိတ်က ဟန်နီ့ကို သနားတာပါ။ သူ ငြိမ်သက်နေမိသည်။

''ဟန်နီက အခုရွေးချယ်သွားပြီပဲ၊ သားကြီးတဲ့''

''တော်ပါတော့ မာမီရာ''

''ကြိုးကြာကလည်း အရမ်းချောပြီး ထက်မြက်တဲ့ မိန်းကလေးတစ်ယောက်ပါပဲ''



www.burmeseclassic.com

www.burmeseclassic.com



"သွားကြစို့မာမီ"

သူကားကိုမောင်းခဲ့သည်။ လေယာဉ်ကွင်းရောက်တော့ စိတ်ပျက်လက်ပျက်နှင့် ကားကိုမှီပြီး စောင့်နေမိသည်။

"သားငယ် အထဲကိုဝင်ကြမယ်"

"ညီ ဒီကပဲစောင့်နေမယ် မာမီ"

"မရဘူး၊ ကြိုးကြာလေးကို မင်း တရင်းတနှီးဆက်ဆံရမယ်၊ မာမီက ဖိတ်ထားတာလေ၊ မင်းတို့ဘက်က အေးစက်စက်လုပ်နေရင် မာမီမျက်နှာပျက်ရမယ် နန္ဒမိတ်၊ မင်းတို့ မာမီ့ကိုအာခံချင်နေတာလား"

"မဟုတ်ပါဘူး မာမီ၊ ညီက ဟန်နီကလွဲပြီး တခြားမိန်းကလေးတွေနဲ့ ပတ်ပတ်သက်သက် မနေချင်လို့ပါ"

"ဟန်နီချို့ကို မင်းစွဲလမ်းနေစရာ ဘာအကြောင်းမှ မရှိတော့ဘူးလေ၊ မင်းကိုမှ မရွေးချယ်တာပဲ၊ မာမီဘာပြောထားလဲ ညီ၊ ဟန်နီ ရွေးချယ်တဲ့သားနဲ့ပဲ လက်ထပ်ပေးမယ်ဆိုတာလေ"

"ကိုကိုကမှ ဟန်နီ့ကို မချစ်တာပဲမာမီရာ"

"အချစ်မလိုဘူး"

မာမီ့ဘက်မှ နည်းနည်းတော့ အတ္တကြီးလွန်းသည်ဟု





နန္ဒမိတ် ထင်မိသည်။ ဟန်နီက ကိုကို့ကို ရွေးချယ်ပေမယ့် ကိုကိုက ဟန်နီ့ကို ချစ်မှမချစ်တာပဲ။ ရွေးချယ်မှာလည်း မဟုတ်ဘူး။ မာမီ အတင်းအကြပ် အမိန့်ပေးလက်ထပ်စေမယ်ဆိုရင်လည်း အိမ်ထောင်ရေး အဆင်ပြေပါ့မလား။ ဟန်နီ့ဒဏ်ကို သူပဲခံနိုင်မှာပါ။ ကလေးတစ်ယောက်လို ဆိုးသွမ်းချင်တဲ့ ဟန်နီ့စိတ်ကို နားလည်ပေးနိုင်တာက သူပဲရှိသည်။

"ဟန်နီ ရွေးချယ်တဲ့သူပဲ လက်ထပ်ပေးရမယ်၊ လာစမ်းပါ သားငယ်၊ လေယာဉ်တောင်ဆိုက်နေပြီ"

"မာမီ"

"ပြော"

"ကိုကိုက ဟန်နီ့ကို မချစ်ဘူး၊ အထင်လည်းသေးနေတယ်လေ၊ ညီစိတ်ပူမိတာက"

"မင်းကိစ္စမဟုတ်ပါဘူး၊ လက်ထပ်ပြီးရင် ကိစ္စတွေအားလုံးက သူ့ဟာသူ အဆင်ပြေသွားလိမ့်မယ်၊ ဒက်ဒီနဲ့မာမီလည်း ...ကြီးတွေပေးစားလို့ မချစ်ဘဲ လက်ထပ်ခဲ့ကြတာလေ၊ ဒက်ဒီ့ချစ်သူ... တခြားမိန်းကလေးတစ်ယောက်ပဲ၊ လက်ထပ်တော့ မာမီအရမ်း...ကြွားခဲ့ရတယ်၊ ဒက်ဒီက စိမ်းကားလို့လေ၊ အခု ဒက်ဒီနဲ့မာမီ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ချစ်ကြလဲ"

မာမီ့ကို ဘာမှပြောလို့မရနိုင်ဘူးဆိုတာ နန္ဒမိတ် သိလိုက်သည်။ စိတ်ပျက်တယ်ကွာ။ ကိုယ်က ဟန်နီ့ကိုပဲ ချစ်တာ။ ကောင်မလေးက မင်းနဲ့လက်ထပ်ရမယ်ဆိုတာတောင် မသိသေးပါဘူးလို့ မာမီကပြောသည်။

"မာမီက နီးစပ်စေချင်တာ မာမီရွေးချယ်ထားတာပါ၊ ကြိုးကြာလေးတောင် ဘာမှမသိသေးဘူး၊ မင်းဘက်ကပဲ ကြိုးကြာလေးကို စွဲလမ်းနှစ်သက်မသွားမိစေနဲ့ဦး"

"မာမီကလည်းဗျာ နန္ဒမိတ်က ဟန်နီ့ပဲချစ်လို့ရမှာ၊ သနားတယ်၊ စိတ်လည်းမချဘူး၊ ကိုကိုက အရမ်းကိုအေးစက်တာပဲ၊ စိမ်းကားလွန်းပါတယ်၊ အနိုင်လည်းကျင့်နေတယ်"

"တော်တော့"

သားငယ်စိတ်တွေကို အမြန်ဆုံးပြောင်းလဲပစ်မှ ဖြစ်တော့မည်။ ဟန်နီချိုက သားကြီးကို ရွေးချယ်ထားပြီးပြီပဲ။ သားငယ် စွဲလမ်းနေလို့မဖြစ်ပေ။ ဟန်နီကိုယ်တိုင်က သားငယ်အပေါ် အထင် တကြီးလည်း မရှိခဲ့။ တစ်ခါတစ်ရံ ဘုဘောက်ပင် ဆက်ဆံပြောဆိုခဲ့သည်။ မဖြစ်ဘူး။ သားငယ်စိတ်တွေ တခြားမိန်းကလေး





တစ်ယောက်ဆီ အမြန်ဆုံး ပြောင်းလဲပစ်ရမယ်။ ဒေါ်ညိုညိုဝေ စိတ်ပူပင်နေရသည်။

"မာမီကတော့ ဟန်နီ့ဆန္ဒကို မဖြစ်မနေ ဖြည့်ဆွမ်းပေးရတော့မယ် သားငယ်၊ မာမီကတိပဲ၊ မဖောက်ဖျက်နိုင်ဘူး"

မာမီဦးဆောင်ရာနောက်သို့ နန္ဒမိတ် လိုက်လာခဲ့ရသည်။ လေယာဉ်က ဆိုက်နေပြီ။ ခင်ကြိုးကြာဆိုတာ ဘယ်လိုကောင်မလေးမျိုးလဲ။ မာမီကတော့ အလွန်အမင်း ညွှန်းနေသော်လည်း သူ့စိတ်တွေကို သူအသိဆုံးဖြစ်သည်။ ဟန်နီ့ကို သနားတယ်။ စိတ်ပူတယ်။ အဆင်ပြေပါ့မလား။ ဟန်နီက အရမ်းဆိုးတယ်။ ဟန်နီက ဘယ်သူ့ကိုမှ စိတ်မရှည်ဘူး။ အလိုမကျဖြစ်နေတတ်သည်။ ကိုကိုက စိမ်းကားမှာပဲ။ ဟန်နီနဲ့ပတ်သက်လာရင် အေးစက်တယ်။ ဟန်နီ့ကိုပဲ စိတ်ပူနေမိ၏။ အခုတော့ မာမီခေါ်ဆောင်ရာ နောက်ကိုပဲ လိုက်လာခဲ့ရသည်။

○ ▯ ○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

မာမီက ဟိုမှာ ခင်ကြိုးကြာဟု ပြလိုက်သဖြင့် သူလှမ်းကြည့်လိုက်တော့ အသားဖြူဖြူနုနုလေးနှင့် အတော်လေးချောမောတောင့်ဖြောင့်သော ကောင်မလေးတစ်ယောက် ဖြစ်နေသည်။ သူ့ထက်တောင် ငယ်ရွယ်နုပျိုနေ၏။ မာမီက သားနဲ့ရွယ်တူပဲတဲ့။ ကြိုးကြာအမေနဲ့ မာမီ ပြိုင်တူကိုယ်ဝန်ရှိကြတာတဲ့လေ။ နန္ဒမိတ်မျက်ဝန်းတွေက အေးစက်မာကျောနေသည်။ ဟန်နီကလွဲပြီး တခြားဘယ်လောက်ပဲ ချောမောလှပသော မိန်းကလေးဖြစ်နေပါစေ နန္ဒမိတ်စိတ်ဝင်စားဖို့ မကြိုးစားခဲ့။ ဟန်နီအတွက်ပဲ နန္ဒမိတ်ဖြစ်နေစေသည်။ ခင်ကြိုးကြာက မာမီ့ကိုလက်ပြပြီး သူတို့အနားသို့ လျှောက်လာလေ





သည်။

"အန်တီညို"

"ကြိုးကြာလေး"

သူကတော့ အေးစက်စွာဖြင့် ရပ်နေသည်။ မာမီနှင့်ခင်ကြိုးကြာက ဖက်လှဲတကင်း နှုတ်ဆက်နေကြ၏။ ခင်ကြိုးကြာက ဟန်နီချိုသာဆိုလျှင် ဘယ်လောက်ကောင်းမလဲ။ ဟန်နီထက်မင်း အဆပေါင်းများစွာ ချောမောနေပါစေ ကိုယ် ဘယ်လိုမှစိတ်ဝင်စားလာမှာမဟုတ်ဘူး။ ကိုယ် ငယ်စဉ်လေးထဲက ကိုယ့်နှလုံးသားထဲမှာ ရှိနေတဲ့ အချစ်တွေရော သံယောဇဉ်တွေ အားလုံးဟန်နီ့ကိုပဲ ပုံအပ်ပေးထားခဲ့တယ်။ မာမီက ခင်ကြိုးကြာနှင့်သူ့ကိုမိတ်ဆက်ပေးသည်။

"ဒါက အန်တီ့သား နန္ဒမိတ်လေ၊ သားငယ်ပဲကွယ်၊ ဒါ မာမီပြောပြောနေတဲ့ ကြိုးကြာလေးပဲသား၊ တစ်ယောက်နဲ့တစ်ယောက် ရင်းရင်းနှီးနှီးနေရမယ်နော်၊ ကဲ ကားပေါ်တက်ကြတော့သွားကြရအောင်"

သူ့ကို ခင်ကြိုးကြာက ပြုံးပြသည်။ မာမီက သူနဲ့လက်ထပ်ဖို့ ခင်ကြိုးကြာမသိသေးဘူးတဲ့လေ။ ခင်ကြိုးကြာကလည်း သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်တစားကြီးမပြပေ။ ခင်ကြိုးကြာက ဟန်နီချို့ထက် ပိုပြီး ချောမောအိစက်နေသည်ဟု ထင်မိသည်။ ဒါပေမယ့် ဟန်နီ မင်းထက်ချောမောတဲ့ ကောင်မလေးတွေကို အများကြီး တွေ့ကြုံခဲ့ဘူးတာပဲ။ ကိုယ် ဟန်နီ့ကိုပဲ ချစ်တယ်လေ။ ခင်ကြိုးကြာကို ဘယ်လိုမှ ကိုယ့်စိတ်တွေ တိမ်းညွတ်ယစ်မူးလာခြင်း မရှိတာတော့ အမှန်ပဲ။ ခင်ကြိုးကြာက မာမီပြောသလိုပဲ သွက်လက်ထက်မြက် ပုံပါပဲ။ မာနတော့ရှိသည်။ သူ့ကို တစ်စက်ကလေးမျှပင် လှည့် မကြည့်ခဲ့။ ကားလေးကို မောင်းထွက်လာခဲ့သည်။ အိမ်ရောက်တော့ ကိုကိုပါရှိနေသည်။

"ကြိုးကြာ ၁ အန်တီညို့သားကြီး ဝဏ္ဏထင်တဲ့၊ အိမ်မှာတော့ ကိုကိုလို့ပဲ ေ ကြတယ်၊ သားကြီးလည်း မှတ်ထားနော်၊ ကြိုးကြာလေးတဲ့၊ မာမီရဲ့ အချစ်ဆုံးသူငယ်ချင်းရဲ့သမီးလေး"

"ကြိုးကြာလေးကိုတော့ ကိုကိုနာမည်ကြားဘူးနေတာ ကြာပြီကွာ၊ လိုအပ်တဲ့အကူအညီကိုပြောနော်၊ ကိုကိုတို့အိမ်မှာ ဘာမှ အားငယ်စရာမရှိဘူးသိလား"

"ဟုတ်"

နန္ဒမိတ် အမြင်ကတ်သွားမိသည်။ ကိုကိုက ကြိုးကြာကျ





တော့ အရောတဝင်နဲ့ မျက်နှာကြီးက ပြုံးချိုနေတာပါပဲလား။ ဟန်နီ့ ကိုကြည့်တဲ့ အကြည့်တွေနဲ့ တခြားစီပဲ။ ကိုကိုမတရားဘူး။ ဟန်နီက အထီးကျန်လွန်းနေတဲ့ သနားစရာ ကောင်မလေးပဲ။ ငယ်ရွယ်စဉ် ထဲက မိဘမဲ့ခဲ့ရသည်။ ဟန်နီ့စိတ်တွေ ဘယ်လိုလုပ် လုံခြုံမှုရှိမလဲ။ ကိုကိုနားလည်ပေးသင့်ပါတယ်။ ဟန်နီ့ဘက်ကနေ နန္ဒမိတ် မကျေ မနပ်ဖြစ်နေရသည်။ အခုလေ ကိုကိုက ကြိုးကြာကို ချစ်သွားရင် လည်း ဟန်နီက သူ့ကိုရွေးချယ်မှာပါပဲ။ သူ ငြိမ်သက်စွာ ထိုင်နေ မိသည်။

"မပေါက်ရေ ကြိုးကြာလေးအတွက် ပြင်ထားတဲ့အခန်း ကို လိုက်ပို့ပေးပါကွယ်၊ ကြိုးကြာ လိုအပ်တာရှိနေရင်လည်း အားမနာတမ်း ပြောနော်၊ အားမနာနဲ့သိလား၊ အန်တီတို့ သူငယ်ချင်း တွေက သွေးသားရင်းတွေလို ချစ်ကြတာပါ"

"ဟုတ်ကဲ့"

ကြိုးကြာထွက်သွားမှ မာမီက ရင်းရင်းနှီးနှီး ခင်ခင်မင်မင် နေဖို့ပြောသည်။ သူလှည့်ထွက်လာခဲ့၏။ ကိုကို့ကိုတော့ မာမီက ခဏနေဦးဟုပြောပြီး တားထားလိုက်သည်။ ဟန်နီနှင့် လက်ထပ်ဖို့ ကိစ္စတွေ ပြောမလို့ပဲဖြစ်မှာပါလေ။ သူ့အိပ်ခန်းထဲသို့ ပြန်ဝင်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



မိ၏။ ကိုကိုငြင်းလိုက်ပါစေ။ ဟန်နီနဲ့ ကိုကို လက်မထပ်ဖြစ်ပါစေနဲ့။ သူစိတ်မောစွာ ကုလားထိုင်မှာ ဝင်ထိုင်မိသည်။

"ဒေါက်…ဒေါက်"

"ကိုကိုပါ"

အပြင်မှ ကိုကို့အသံကြောင့် တံခါးဖွင့်ထားတယ် ဝင်ခဲ့လေကိုကိုဟု ပြောလိုက်သည်။

"ညီ"

"ဟင် ကိုကို"

"စိတ်ပျက်တယ်ကွာ"

"ဘာဖြစ်လို့လဲကိုကို"

"မာမီက ကိုကို့ကိုပြောတယ်၊ ဟန်နီ့ကို မလွဲမသွေလက်ထပ်ရမယ်တဲ့၊ ဟန်နီ ရွေးချယ်တာက ကိုကိုပဲတဲ့"

ကိုကို့မျက်နှာပေါ်မှာ စိတ်ရှုပ်ထွေးညစ်နွမ်းသွားပုံရသည်။ စိတ်ပျက်လက်ပျက်နှင့် သူ့ဘေးမှာ ဝင်ထိုင်၏။ ဟန်နီ့လို မိန်းကလေးမျိုးကို မနှစ်သက်ဘူးဟု မကြာခဏ ကိုကိုညီးတွားတတ်သည်။

"ကိုကိုကတော့ ဟန်နီ့ကို လုံးဝခံစားလို့မရဘူးကွာ၊





အလကားကောင်မလေးပါ၊ မရတာကိုမှ လိုချင်တာကွ၊ ငယ်ငယ်လေးထဲက ဒီအကျင့်ပဲ"

ဝဏ္ဏထင် စိတ်ပျက်နေမိသည်။ သူချစ်မြတ်နိုးနှစ်သက်တာက ဟန်နီချိုလို စရိုက်မျိုးမဟုတ်ဘူး။ အားငယ်ဖျော့တော့ပြီး လူတိုင်းအပေါ် အလိုမကျ ငြူစူနေတတ်တဲ့ ဟန်နီချိုအား ဘယ်လိုမှ ခံစား၍မရပေ။ လူတိုင်းအပေါ် အနိုင်ကျင့်တတ်တဲ့ ကောင်မလေးပါ။ ညီ့ကိုရော အန်တီတော့ကိုပါ ပြောချင်သလိုပြော နှုတ်အမူအရာ ကိုယ်အမူအရာ ရိုင်းစိုင်းတဲ့ ဟာမလေးပါ။ သူနှစ်သက်မြတ်နိုးခြင်းမရှိတဲ့ မိန်းကလေးတစ်ယောက်နှင့် အတူနေထိုင်ပေါင်းသင်းဖို့ ဆန္ဒမရှိပေ။ မာမီက ငြင်းပယ်၍မရ၊ မာမီ့ကတိပဲတဲ့။ အလိမ္မာဆုံးသားကြီးက ရှေ့ဆောင်လမ်းပြ မာမီ့စကားတွေကို နားထောင်ပြပါတဲ့။ စိတ်ပျက်နေမိသည်။

"ဟန်နီရဲ့ ရွေးချယ်မှုတဲ့၊ ကိုကို့ဘက်က ခပ်စိမ်းစိမ်းနေလို့ တမင်တောင်းဆိုတာပဲ"

"ဟန်နီက ကိုကို့ကို အရမ်းချစ်တာပါကိုကိုရာ"

ဟန်နီ့အား မကောင်းပြောတာတွေ၊ အပြစ်တင်ဝေဖန်တာတွေ နှုတ်မိတ် လုံးဝလက်မခံနိုင်ပေ။ ကိုကိုက ပြုံး၍ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ညီကတော့ကွာ ဟန်နီ့ကို တော်တော်လေး သံယောဇဉ်တွယ်ရတာပဲ၊ ကိုကို့ကို ရွေးချယ်တာ ညီအရမ်းဝမ်းနည်းနေတာပဲ မဟုတ်လား"

"ကိုကိုက ဟန်နီ့ကို ချစ်ခြင်းမေတ္တာတွေနဲ့ လက်ထပ်မယ်ဆိုရင် ညီ ဝမ်းသာမှာပါ၊ ဟန်နီက သနားစရာကောင်းပါတယ် ကိုကိုရာ၊ ငယ်ငယ်လေးထဲက မိဘမဲ့ခဲ့ရတယ်၊ အထီးကျန်နေရတယ်၊ ဟန်နီ့စိတ်တွေကို နားလည်ပေးပါ၊ ငယ်ငယ်လေးထဲက ဟန်နီ ကိုကို့ကို အထင်ကြီးပြီး ချစ်မြတ်နိုးရတဲ့ မိန်းကလေးပါ"

"တော်ပါတော့ကွာ"

ဟန်နီချို အကျင့်ယုတ်တာပဲ။ သူ့ကို တမင်အရယူတာပါ။ မင်းမှာ အချစ်ဆိုတာ မရှိနိုင်ပါဘူး ဟန်နီ။ အလိုရမ္မက်တွေပဲ ရှိတာ။ ညီက မင်းကို ဘယ်လောက်ချစ်လဲ၊ အနစ်နာခံလည်း မင်းအသိအမှတ်မပြုဘူးမဟုတ်လား။ ဝဏ္ဏထင်ကတော့ ဟန်နီ့ကို မုန်းမိသည်။ လူတွေကို အနိုင်ကျင့်နေသည့် ကောင်မလေးဟုပဲ ထင်မှတ်နေမိသည်။

"မင်းပဲ ဟန်နီ့ကိုလက်ထပ်ပါ၊ အချစ်ဆိုတာ ခက်တယ် ညီ၊ နှလုံးသားခံစားချက်ပဲလေ"





"ကိုကို"

"ပြော"

"ဟန်နီ့ကိုလက်ထပ်ပါ"

"ဟင်"

"ဟန်နီက ညီ့ကိုမချစ်ပါဘူး၊ ကိုကို့ကိုပဲ ချစ်တာ၊ ညီကတော့ ဘဝတစ်လျှောက်လုံး ဟန်နီ့ဆန္ဒတွေကို ဖြည့်စွမ်းပေးနေချင်ပါတယ်"

ဝဏ္ဏထင် ပြုံးမိသွားရသည်။ ညီရဲ့ချစ်ခြင်းမေတ္တာတွေက စံတင်လောက်နေသည်။ ဟန်နီ့လို မိန်းမမျိုးကိုမှ ညီ ချစ်မြတ်နိုးနေတာ သနားစရာပဲ။ သူ စိတ်မကောင်းဖြစ်နေမိ၏။ ညီက ဟိုကောင်မလေးကြိုးကြာကို မချစ်ဘူးလား။ သူ့စိတ်ထဲမှာ ကြိုးကြာအပေါ် နှစ်သက်သဘောကျမိနေသည်။

"ညီ"

"ဟင်"

"ကြိုးကြာကိုရော"

"ဟန်နီကလွဲပြီး ညီ ဘယ်လိုမိန်းမမျိုးကိုမှ စိတ်မဝင်စားချင်ဘူးကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကိုကိုနဲ့လဲကွာ"

"ဟန်နီ့ကို စိတ်ချမ်းသာပျော်ရွှင်စေချင်တယ် ကိုကို"

"ညီရယ်"

ကိုကိုက ကြိုးကြာကို ချစ်နေတယ်ဆိုရင် ညီ့ဘက်ကနေ လက်ခံသဘောမတူစရာ အကြောင်းမရှိပါဘူးဗျာ။ ဒါပေမယ့် ဟန်နီ့ကိုပဲ လက်ထပ်ပါ။ အဲဒါက ဟန်နီ့ရဲ့ အကြီးမားဆုံးဆန္ဒပဲ။ သူ ကြေကွဲနေမိသည်။ ဟန်နီ့ကိုလည်း သနားတယ်။ ဟန်နီ့ဆန္ဒတွေကိုပဲ သူဖြည့်စွမ်းပေးချင်တယ်။ ကြိုးကြာကို သူလက်ထပ်လိုက်ရင် ကိုကိုလည်း ဟန်နီ့ကို ငြင်းဆန်လို့မှမရတာပဲ။ ကိုကိုပြန်ထွက်သွားသည်။

"ကိုကိုကတော့ အိမ်ထောင်ရေးမှာ မာမီ့ဆန္ဒအတိုင်း ရွေးချယ်တာမျိုးကြီးတော့ လက်မခံချင်ဘူးကွာ၊ ဘဝတစ်သက်တာလုံးအတူနေရမှာကွ"

"မာမီနဲ့ ဒက်ဒီလို လက်ထပ်ပြီးသွားတော့လည်း ချစ်သွားကြတဲ့သူတွေ ဖြစ်သွားနိုင်ပါတယ်ကိုကိုရာ"

"ညီကတော့ တကယ့်ကို ဟန်နီ့ရှေ့နေကောင်းပဲ"

သူကျိန်ခဲ့သည်။ သူ့စိတ်တွေ မွန်းကြပ်နေသလိုပင်။ ဟန်နီ





သာ သူ့ကို ရွေးချယ်ခဲ့လျှင် ဘယ်လောက်များ ပျော်စရာကောင်းမလဲ။ သူမျက်ဝန်းတွေကို မှိတ်ထားမိသည်။ သူ့အတွေးတွေက ဟန်နီ့ဆီပဲရောက်နေခဲ့၏။ ကိုယ်ဘာလုပ်ပေးရမလဲ ဟန်နီရယ်။ မင်းပျော်ရွှင်နေတာကိုပဲ မြင်ချင်နေတဲ့ နန္ဒမိတ်ပါ။ ဘယ်သူနှင့်မှ မတွေ့ချင်လောက်အောင် သူ့စိတ်တွေ နာကျင်ကြေကွဲနေသည်။

"သားငယ်"

"ဗျာ မာမီ"

"မနက်စာစားမယ်လေ၊ ထမင်းစားခန်းကိုလာခဲ့"

မာမီ့လေသံတွေက တင်းမာပြတ်သားနေသည်။ စည်းကမ်းအရာမှာ တင်းကြပ်တဲ့ မာမီ့ကို သူငြင်းဆန်၍ မရပေ။ ဒါဆိုဒါပဲ မာမီက အခွင့်အရေးပေးထားပြီးသားပဲ။ ဟန်နီ့အပေါ် သူစွဲလမ်းချစ်ခင်နေတာကို မာမီသဘောမကျပေ။ သူအပြင်ထွက်လာပြီး ထမင်းစားခန်းကို ဆင်းလာခဲ့သည်။ ထမင်းစားခန်းထဲမှာ မာမီနှင့် ကြိုးကြာတို့ရှိနေ၏။ ကြိုးကြာက ထမင်းပွဲပြင်နေသည်။

"သားငယ်လာထိုင်လေ၊ သားကြီးလည်း ရောက်လာပြီပဲ၊ ထိုင်ကြ၊ ဒီမှာကြိုးကြာလေးက ကိုယ်တိုင်ချက်ကျွေးချင်တယ်ဆိုလို့ စီစဉ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"OK မာမီ၊ ကြိုးကြာအရမ်းတော်တယ်၊ ကိုကိုက အဲဒီလို မိန်းကလေးမျိုးမှ သဘောကျတာကွ၊ မိန်းကလေးဆိုတာ ဘယ်လောက်ပဲ ချမ်းသာချမ်းသာ ပညာဖွေတတ်ထားပါစေ မိန်းမ သဘာဝ အိမ်မှုကိစ္စတွေ နိုင်နင်းမှကွ"

"ကြိုးကြာက အိမ်မှုကိစ္စတွေကို ဝါသနာပါတာ ကိုကို၊ ကြိုးကြာမာမီ့စည်းကမ်းလေ၊ ကိုယ်မလုပ်ချင်ရင်တောင်မှ တတ်ထား ရမယ်တဲ့လေ"

သူ ငြိမ်သက်နေမိသည်။ ကြိုးကြာကို မဆီမဆိုင် ကိုကိုက အရောတဝင်နှင့် ချီးမွမ်းခန်းဖွင့်နေတာ နန္ဒမိတ် မနှစ်သက်မိပေ။ ကိုကိုဘယ်တုန်းကများ မိန်းကလေးတွေနဲ့ အရောတဝင်နေခဲ့ဘူးလို့ လဲ။ ကုမ္ပဏီမှာလည်း ကိုကိုက အတည်ဆုံးပင်။ ဟန်နီ့ဆိုရင် ငယ်ငယ်လေးထဲက အဖက်မလုပ်ခဲ့တာပါ။ ကြိုးကြာ မင်းအမှတ် တွေလာယူနေတာလား။ သွက်လက်သော ကြိုးကြာပုံစံကို သူက တော့ အမြင်ကတ်လာမိသည်။

"ကဲ သုံးဆောင်လို့ရပါပြီ၊ ကြိုးကြာလက်ရာကို ပြစ်ပြစ် နှစ်နှစ် ဝေဖန်လို့လည်းရပါတယ်နော်"

"OK"





ကိုကိုကလည်း အတက်ကြွဆုံးပဲ။ သူ့အနေနှင့် ဟန်နီ့အား လက်ထပ်ခွင့်မရချင်နေပါစေလေ ဟန်နီ ချစ်မြတ်နိုးတဲ့ ကိုကိုနဲ့ပဲ လက်ထပ်စေချင်မိသည်။ သူက ဟန်နီ့အား ပျော်ရွှင်နေစေချင်၏။ ်န်နီ့ဆန္ဒတွေ ပြည့်ဝသွားစေချင်သည်။

"အရမ်းကောင်းတယ်ကွာ၊ တကယ်ပါ၊ ကိုကိုမြှောက်ပင့် ပြောတာမဟုတ်ဘူးနော် ကြိုးကြာလေး၊ မင်းအရမ်းတော်တယ်"

"ကြိုးကြာမာမီက မော်လမြိုင်သူလေ၊ အရမ်းလှပြီး ဟင်းချက်လက်ရာ အရမ်းကောင်းတာ၊ မာမီတို့ကို ကြိုးကြာမာမိပဲ ချက်ကျွေးနေတာ"

သူကတော့ အရသာမတွေ့မိ။ ကြိုးကြာကိုလည်း ကြည့်။ ထမင်းပဲ ငုံ့စားနေသည်။ သူက ဟန်နီ့ကို ဝင်ဆဲ့စေချင် ာပါ။ ကြိုးကြာနေရာလာယူနေတာမျိုးကို မကြိုက်ပေ။ မာမီက ားနဲ့ရင်းနှီးအောင်တဲ့။ ကြိုးကြာကတော့ သိပုံမပေါ်ဘဲ ကိုကိုနှင့်ပဲ ကားပြောနေသည်။

"ကြိုးကြာက အကောင်းဆုံး အဆင့်မြင့်ဆုံး စားသောက် ိုင်ကြီးတစ်ဆိုင် ဖွင့်မလို့လေ၊ ဒီမှာ အစီအစဉ်တွေလာလုပ်တာပါ ိုကို၊ နိုင်ငံခြားမှာ ကြိုးကြာဘွဲ့ယူလာတာကိုက စားသောက်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



စိမ်ခန့်ခွဲရေးဆိုင်ရာလေ""

သူထလိုက်သည်။ မာမိက မျက်လုံးပြူးကြီးတွေနှင့် မော့ကြည့်နေ၏။ မတတ်နိုင်ဘူးဗျာ။ သူနားကြားပြင်းကတ်လာလို့ပါ။ ကြိုးကြာ မင်းကြွားနေတာပဲ။ လူတွေအထင်ကြီးအောင် မင်းကြီးကြီးကျယ်ကျယ်တွေ ပြောနေတာပါ။ မာမိက သားငယ်တော်ပြီလားတဲ့။ သူ အင်းဟုပဲပြောပြီး ထွက်လာခဲ့သည်။ မာမိကဆူမှာပဲ။ ကိုကို့ကြောင့်လည်း သူ့စိတ်တွေ ပို၍ဒေါသတွေ ပေါက်ကွဲလွင့်စင်ထွက်ချင်နေရသည်။ ဘယ်လိုဖြစ်ပြီး ကြိုးကြာကိုမှ အထင်တကြီး တရင်းတနှီး ဆက်ဆံနေရတာလဲ ကိုကိုရာ။ အမြဲတမ်းကိန်းခန်းကြီးပြီး လုပ်ငန်းသဘောအရသာ မိန်းမတွေကို ပြောဆိုဆက်ဆံတတ်တဲ့သူပဲ။ သူ့စိတ်တွေထဲမှာ နာကျင်စူးနင့်စွာ ဟန်နီ့အား သနားနေမိသည်။

o ▯ o

# အခန်း (၆)

""သားရေ ကြိုးကြာလေးက အလုပ်ကိစ္စနဲ့ မြို့ထဲသွားစရာရှိနေတယ်၊ သားလိုက်ပို့ပေးရမယ်""

မာမိ့မျက်ဝန်းအကြည့်တွေက မင်းမဖြစ်မနေ သွားပို့၊ စစအရာရာ အဆင်ပြေအောင် လုပ်ပေးဆိုသည့် အမိန့်ပါယ်တွေ ပျော်ဝင်နေသည့် မျက်ဝန်းအကြည့်တွေဖြစ်သည်။ ကြိုးကြာအား ိုကိုက တာဝန်ယူလိုက်ပို့ပေးနေမည်စိုးရိမ်၍ သူပဲတာဝန်ယူလိုက် ။ ကိုကိုနှင့် ကြိုးကြာ တတွဲတွဲလုပ်နေလျှင် ဟန်နီ စိတ်သောက ကွ ရောက်နေမှာစိုး၍ဖြစ်သည်။

""သားတာဝန်ယူပေးပါ့မယ် မာမိ၊ စိတ်ချပါ""



စိုးမိုး - စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ညီအားလို့လား၊ ကိုကိုလည်း မြို့ထဲသွားမှာပဲ"

"ရပါတယ်ကိုကို၊ သူက တခြားကိစ္စတွေလည်း ရှိချင်ရှိနေမှာပါ၊ ညီပဲတာဝန်ယူလိုက်ပါ့မယ်"

သူ ကပျာကယာ တာဝန်ယူပစ်လိုက်သည်။ ကိုကိုထွက်သွား၏။ ကြိုးကြာကို ကားထဲမှာစောင့်နေမယ်ဆိုပြီး သူခြံထဲဆင်းလာခဲ့သည်။ စိတ်ထဲမှာ မကျေမနပ်ဖြစ်နေရတာ ကိုကိုပဲ။ ခင်ကြိုးကြာကိုတော့ ပျာယာခတ်အောင် ကိုကိုလုပ်ဆောင်ပေးချင်နေ၏။ ဟန်နီ့အပေါ် ကိုကိုဘယ်တုန်းကမှ မကောင်းပေ။ ကြိုးကြာမင်းကိုတော့ ငါထိန်းထားမှဖြစ်မယ်ထင်တယ်။ ကြိုးကြာဆိုတဲ့ကောင်မလေး ဆင်းလာသည်။

"နန္ဒမိတ်"

"ဟင်"

"ကြိုးကြာ ရောက်လာပြီလေ"

"ဟင်"

"မောင်းတော့လေ"

"အင်း"

နန္ဒမိတ်ဆိုတဲ့လူက မျက်နှာတည်တည်နဲ့ ကြိုးကြာကို





မပြောချင်သလို မဆိုချင်သလိုနှင့် ဖြစ်နေသည်။ ဘာဖြစ်လို့လဲ။ ဟာမီက နန္ဒမိတ်က အေးတယ်တဲ့။ ရည်မွန်တယ်တဲ့။ ဟွန်း ကိုကိုဝဏ္ဏထင်ကမှ ဖော်ရွေသေးတယ်။ ကြိုးကြာက စားသောက်ဆိုင်ကြီးတစ်ခုဖွင့်ဖို့ လေ့လာရန် ရောက်ရှိလာခြင်းဖြစ်သည်။ မာမီက ဘာဖြစ်လို့များ ယောကျ်ားလေးလူပျိုနှစ်ယောက်ရှိနေတဲ့အိမ်မှာမှ တည်းခိုင်းတာလည်းမသိပါဘူး။ ကြိုးကြာလည်း ဘာမှမပြောဘဲ ငြိမ်သက်နေမိသည်။

"ခင်ကြိုးကြာ"

"ဟင်"

"အမိကို ဘယ်ပို့ပေးရမှာလဲ၊ ပြောပါ"

"ဩော် S ဟိုတယ်ကိုပါ"

"OK"

အဆင့်ကတော့ မသေးဘူး။ အင်းလေ မင်းက ကိုကိုနဲ့တော့ လိုက်ဖက်ပါတယ်။ ကြီးကျယ်ခမ်းနားနေကြတာပဲလေ။ ကြိုးကြာက ချောပါတယ်။ နှုတ်ခမ်းဖူးဖူးလေးတွေက အိစက်နေတာပဲ။ ဒါပေမယ့် မင်းအလှတွေက ကိုယ့်ကိုဆွဲဆောင်နိုင်မှာမဟုတ်ဘူး ကြိုးကြာ။ ကိုယ့်ရင်ထဲမှာ ဟန်နီပဲရှိတယ်။ ဟန်နီက



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပြုစုယုယစောင့်ရှောက်ပေးမှ ဖြစ်မှာပါကွာ။ ကြိုးကြာက ဟိုတယ်ထဲဝင်သွားတော့ သူကားပေါ်မှာပဲ ထိုင်စောင့်နေသည်။

"ကြိုးကြာ နည်းနည်းကြာမယ် နန္ဒမိတ်၊ အလုပ်ကိစ္စရှိရင်သွားပါ၊ စောင့်မနေပါနဲ့၊ လာကြိုရင်လည်း လာကြိုပါ၊ လာမကြိုနိုင်ရင်လည်း ပြောနော် နန္ဒမိတ်၊ ကြိုးကြာ အငှားကားနဲ့ပဲ ပြန်လာပါမယ်၊ လုံးဝ ဘာမှမဖြစ်တာပါနော်"

သူမက အားနာစွာဖြင့် သူ့ကို တလေးတစားနှင့် ရိုရို ကျိုးကျိုးလေးပြောနေသည်။ နန္ဒမိတ်မှာ အလုပ်တော့မရှိပါဘူး။ ဟန်နီဆီပဲ သွားတွေ့ချင်နေမိ၏။ ဟန်နီမှ နေကောင်းရဲ့လား။ အစားတွေရော စားရဲ့လား။ ကိုကိုက အလုပ်ကိစ္စတွေ အကြောင်းပြပြီး ဟန်နီ့ကို ရှောင်ဖယ်နေမှာတော့ သေချာသည်။

"ခင်ကြိုးကြာ"

"ဟင်"

"မင်းကိုလာကြိုမယ်၊ မင်းအလုပ်ကိစ္စပြီးရင် မင်း ဖုန်းဆက်လိုက်နော်"

"OK"

သူမထွက်သွားသည်။ သူမက ကျော့ကျော့မော့မော့





တက်တက်ကြွကြွနှင့် ဟန်နီနှင့်တော့ တခြားစီပဲ။ ဟန်နီက ဖြူရော် ပျော့ခွေနေ၏။ အရာအားလုံးကို မကျေမနပ်နှင့် စိတ်တိုင်းမကျဘဲ ဖြစ်နေသည်။ သူကားလေးမောင်းပြီး ဟန်နီ့ဆီရောက်လာတော့ ဟန်နီဒေါသတွေပေါက်ကွဲပြီး အန်တီတာ့ကို ပြဿနာရှာနေ၏။ တစ်အိမ်လုံးဗြောင်းဆန်အောင် ဝုန်းဒိုင်းကြဲနေသည်။

"သွားကြ၊ အားလုံးထွက်သွားကြ၊ အန်တီတာကရော ဟန်နီ့ကို ငယ်ငယ်လေးထဲက စည်းကမ်းတွေ တင်းကြပ်ပြီး စိတ်ရှုပ် အောင်လုပ်ခဲ့တာ၊ အခုမှ ဟန်နီ့ကို ချော့မော့နေတော့ရော ဘာလုပ် ရမှာလဲ၊ မုန်းတယ်၊ မုန်းတယ်၊ အားလုံးကိုမုန်းတယ်"

"ဟုတ်ပါတယ် တူမလေးရယ်၊ အန်တီတာက တူမ လေးကို ကောင်းစေချင်လို့ပါ၊ စည်းမဲ့ကမ်းမဲ့ ကြီးပြင်းသွားမှာစိုး ရိမ်လို့ပါ၊ အခုတော့ တူမလေးက အသက်အရွယ်ရနေပြီပဲလေ"

"မရတော့ဘူး၊ ကျွန်မစိတ်တွေ မွန်းကြပ်နေပြီ၊ ကိုကို ဘယ်မှာလဲ ကျွန်မကို အေးစက်စက်ဆက်ဆံနေတာ အမုန်းဆုံးပဲ၊ အန်တီတာပဲတာဝန်ယူ၊ ကျွန်မဆီကို ခေါ်ပေးပါ၊ ကိုကိုလာအောင် ခေါ်ပေးပါ"

သူမ အော်ဟစ်နေတဲ့နေရာကို သူရောက်လာတော့ ဟန်နီ



www.burmeseclassic.com

www.burmeseclassic.com



ပစ်ပေါက်လိုက်တဲ့ ပန်းအိုးက သူ့ရင်ဘတ်ကို လာရောက်ထိမှန်သည်။

"အို"

"ဟင်"

သူဖမ်းယူထား၍ အောက်သို့ပြုတ်မကျပေမယ့် သူ့ရင်ဘတ်ကတော့ အတော်လေးနာကျင်သွားရသည်။

"နင်ရော ဘာလာလုပ်တာလဲ နန္ဒမိတ်"

"ဟန်နီ ဘာဖြစ်နေတာလဲ၊ ဘာတွေကို မကျေမနပ်ဖြစ်နေရတာလဲ"

"နင်ထွက်သွား၊ နင်ဘာမှလာပြီး အားပေးနှစ်သိမ့်စရာမလိုဘူး နန္ဒမိတ်၊ နင်ရော ငါ့ကို ဘာလုပ်ပေးနိုင်လို့လဲ၊ ငါ့စိတ်ဆန္ဒတွေ ပြည့်ဝအောင် ငါပျော်ရွှင်အောင် နင်ဘာလုပ်ပေးနိုင်လို့လဲ"

သူမ ရှုံးသွပ်စွာ အော်ဟစ်နေမိသည်။ သူမကို ချစ်မြတ်နိုးယုယကြင်နာကြသော ဖေဖေနှင့်မေမေ ဆုံးသွားပြီးထဲက စည်းကမ်းတွေနဲ့ အပျိုကြီးအဒေါ်ရဲ့ တင်းကြပ်တဲ့ အုပ်ချုပ်ထိန်းကျောင်းမှုအောက်မှာ ကြီးပြင်းလာရလို့ ဟန်နီစိတ်တွေက အရာရာ





မကျေမနပ်ဖြစ်ပြီး အထီးကျန်သလို ခံစားနေခဲ့ရသည်။ ပြီးတော့ ကိုကိုလေ ဟန်နီအထင်တကြီး ချစ်ခင်တွယ်တာရတဲ့သူပဲပေါ့။ ဟန်နီ့ကို အဖက်ပင်မလုပ်။ အေးစက်လွန်းသည်။

"နန္ဒမိတ် နင်ထွက်သွားပါ၊ ကိုကိုက ငါ့ကို ချစ်ခင်ကြင်နာလာအောင် နင်လုပ်ပေးနိုင်လို့လား၊ အန်တီညိုက ငါ့ကို သားကြီးနဲ့လက်ထပ်ပေးပါ့မယ်သာ ပြောတာ ကိုကိုကငြင်းနေတယ် မဟုတ်လားဟင်"

"ကိုကိုက လက်ခံမှာပါ၊ မငြင်းသေးပါဘူး ဟန်နီ၊ မာမီက ဟန်နီ့ရွေးချယ်မှုကိုပဲ အတည်ပြုမှာပါ၊ စိတ်ကိုသာ ငြိမ်ငြိမ်ထားပါ"

ဟန်နီ သောင်းကြမ်းဆူပူအော်ဟစ်နေရာကနေ ငြိမ်သက်သွားသည်။ ဆိုဖာဆက်တီပေါ် ပျော့ခွေစွာ ကျရောက်သွားတော့၏။ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်လျှံကာ သူမပါးပြင်ပေါ် လိမ့်ဆင်းကျလာသည်။

"ဟန်နီ စိတ်ကိုဖြေပါ၊ ဒေါ်သတွေပေါက်ကွဲတာ အကျိုးမရှိတာပဲ၊ မာမီကလည်း ဟန်နီ့ဘက်ကပါ၊ အတိတ်ကအကြောင်းတွေ စဉ်းစားမနေပါနဲ့တော့၊ မေ့ထားပစ်လိုက်ပါ၊ အခု ဟန်နီ့ဆန္ဒ



www.burmeseclassic.com

www.burmeseclassic.com



တွေအတိုင်း လုပ်နိုင်နေတာပဲ၊ ကိုကိုက အေးဆေးတည်ငြိမ်ပြီး မိန်းကလေးပီပီသသနေထိုင်တာကို နှစ်သက်တယ်လေ"

"အဟင့်…ဟင့်…ဟင့်"

"မငိုပါနဲ့ဟန်နီ၊ စိတ်တွေကို ခိုင်ခိုင်မာမာတည်ဆောက်ထားစမ်းပါ၊ ဟန်နီ့ဘဝက အရာအားလုံး ပြည့်စုံနေတာပဲ၊ ကိုကိုက ဟန်နီနဲ့ လက်ထပ်ဖို့ မငြင်းပယ်သေးပါဘူး"

"ကိုကို့ကို ဟန်နီ မပိုင်ဆိုင်လို့မဖြစ်ဘူးနော် နန္ဒမိတ်၊ ဟန်နီ ငယ်စဉ်လေးထဲက အထင်ကြီးသဘောကျရတဲ့ ဟန်နီ စံထားတဲ့ ယောကျ်ားပါ"

ဟန်နီ့အပေါ် ယုယကြင်နာစွာ အနစ်နာခံချစ်ခင်ခဲ့သော သူကရော ဘာဖြစ်လို့များ ဟန်နီ စံထားရတဲ့ ယောကျ်ားမဖြစ်ရတာလဲ။ ဟန်နီ ရွေးချယ်မှုကို မခံခဲ့ရတာလဲ။ ပန်းအိုးထိသော အရှိန်နှင့် သူ့ရင်ဘတ်အောင့်လာသည်။ ကိုယ့်နှလုံးသားတွေ အရမ်းပဲ နာကျင်နေရပြီ ဟန်နီချိုရယ်။ ဟန်နီ့မျက်ဝန်းတွေက အလိုဆန္ဒတွေမပြည့်ဝစွာ မာထန်ကြေကွဲနေသည်။

"နင့်နေရာမှာ ကိုကိုဘာဖြစ်လို့မဖြစ်ရတာလဲ နန္ဒမိတ်၊ ကိုကို့ဆီက အချစ်တွေ၊ အကြင်နာတွေ မရဘဲ နင့်ဆီကရနေရတာ





လဲ"

သူ့ရင်က ပန်းအိုးပစ်ပေါက်ခြင်းခံရတာထက် ပို၍နာကျင်နေသည်။ ပြောရက်လိုက်တာ ဟန်နီရယ်။ မင်းအတွက် အလိုအပ်ဆုံး ယောကျ်ားတစ်ယောက်က နန္ဒမိတ်ပါကွာ။ မင်းဘာဖြစ်လို့ မသိရတာလဲ။ သူနာကျင်စွာ ကြည့်မိနေသည်။

"ကိုကိုဘယ်မှာလဲဟင်၊ နန္ဒမိတ်၊ ကိုကိုဘယ်မှာလဲ"

"ဟန်နီ့ဆီကိုလာမှာပါ၊ ကိုကိုက အလုပ်များတယ်လေ၊ နင် အဲဒီလို စိတ်မရှည်နိုင်တာပဲ ကိုကိုက မနှစ်သက်တာပါ"

"မုန်းတယ်၊ လူတွေအားလုံးကို မုန်းတယ်၊ အရမ်းမုန်းတယ်၊ ဖေဖေနဲ့မေမေက ငါ့ကို ဘာဖြစ်လို့ ငယ်ငယ်လေးထဲက ပစ်သွားခဲ့ကြတာလဲ"

ဟန်နီ့စိတ်တွေ ပေါက်ကွဲချင်နေသည်။ ဘာကိုမှ မကျေနပ်ဘူး။ အန်တီတာကလည်း သူ့စိတ်တွေ အားငယ်မွန်းကြပ်နေတာ ဂရုမစိုက်ခဲ့ဘူး။ အချုပ်အချယ်တွေ အတားအဆီးတွေနဲ့ မိန်းကလေးဆိုတာ စည်းကမ်းတကျ ကြီးပြင်းရမယ်တဲ့။ အဲဒီ့အရာကို ဟန်နီမုန်းတီးနေခဲ့တာပါ။ ဖေဖေနဲ့မေမေ့ကို သတိရတယ်။ ဟန်နီ အမြဲတမ်း နာကျင်ကြေကွဲနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟန်နီနားကို ဘယ်သူမှလာတာ မကြိုက်ဘူး၊ ကိုကို့ကို ပဲလာစေချင်တာ၊ ကိုကိုလည်း မုန်းစရာကောင်းတယ်၊ ဟန်နီ့ကို မချစ်ဘူး"

"ဟန်နီ"

"ဟင်"

"ထ ကိုယ်နဲ့အပြင်ထွက်မလား၊ စိတ်ပြေလက်ပျောက် လေ"

"မထွက်ဘူး၊ ငါတစ်ယောက်တည်းပဲ နေချင်တယ်၊ ညနေကြရင် ဟန်နီ့ဆီကို ကိုကိုလာဖို့ပဲ မှာပေးပါ"

"ကိုကိုလာမှာပါ၊ ဟန်နီနဲ့ပဲ လက်ထပ်ရမှာပါ၊ အဲဒါကို ရှောင်လွှဲလို့မရဘူးလေ"

အချိန်အတော်ကြာကြီး ချော့မော့မှ ဟန်နီ ငြိမ်သက်သွားသည်။ သူကျွေးတဲ့ထမင်းကို စားနေ၏။ စိတ်မောသက်သာသွားမိသလိုပင်။ သူ အရာရာမေ့လျော့နေရာမှ ကြိုးကြာဖုန်းဆက်မှ သွားကြိုဖို့ သတိရလာသည်။

"ကြိုးကြာပြီးပြီလေ၊ ပြန်တော့မယ်"

"ဟုတ်ပြီ ခင်ကြိုးကြာ၊ ကိုယ်လာခဲ့မယ်"





ခင်ကြိုးကြာက ကိုကို့ဆီ ဖုန်းဆက်ခေါ်မည်စိုး၍ သူ ပျာပျာသလဲပဲ သွားကြိုဖို့ပြင်သည်။

"ဘယ်သူလဲဟင်၊ ခင်ကြိုးကြာဆိုတာ ဘယ်သူလဲ နန္ဒမိတ်နဲ့ ဘယ်လိုပတ်သက်နေတာလဲ"

"ကိုယ်နဲ့လက်ထပ်မယ့် မိန်းကလေးပါ"

"ဟင်"

"မာမီ့မိတ်ဆွေရဲ့ သမီးပါ၊ ကိုယ်တို့အိမ်မှာ ရောက်နေတယ်၊ မာမီက ကိုယ်နဲ့လက်ထပ်ပေးဖို့ သူရွေးချယ်တဲ့မိန်းကလေးတဲ့"

"နန္ဒမိတ်တို့အိမ်မှာနေတာလား၊ ဘယ်လိုမိန်းကလေးမျိုးလဲ၊ ဟန်နီ့ကို မိတ်ဆက်ပေးပါလားဟင်"

နန္ဒမိတ်တို့အိမ်မှာ မိန်းကလေးတစ်ယောက်ရှိနေတယ်ဆိုတော့ ဟန်နီ စိတ်ပူပင်သွားမိသည်။ ကိုကို့ကို စိတ်မချဖြစ်သွားရသည်။ အန်တီညိုက ဘာဖြစ်လို့မပြောရတာလဲ။ အန်တီတာတောင် ပနေ့ကသွားသေးတာပဲ။ အန်တီတာ သိသိကြီးနဲ့ မပြောပြတာပဲ ဖြစ်နိုင်သည်။

"အန်တီတာ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီညို့အိမ်မှာ မိန်းကလေးတစ်ယောက်ရောက်နေတာ ဘာဖြစ်လို့မပြောရတာလဲဟင်၊ ကျွန်မကို ဘာဖြစ်လို့မပြောရတာလဲလို့"

"တူမလေးစိတ်ညစ်သွားမှာစိုးလို့ပါကွယ်၊ အန်တီတာ ပြောပြမလို့ပါပဲ၊ ပြောပြတော့မှာပါ"

"အန်တီတာကြောင့် ဟန်နီ စိတ်ညစ်ဟာသိလား၊ အန်တီတာက ဟန်နီ့ကိုချစ်တာမဟုတ်ဘူး နှစ်နေတာ"

"ဟန်နီ"

"နန္ဒမိတ် အဲဒီမိန်းမကို ငါနဲ့မိတ်ဆက်ပေးပါ၊ ခင်ကြိုးကြာဆိုတာ ဘယ်လိုမိန်းကလေးမျိုးလည်းဆိုတာ ငါသိချင်တယ်"

"မလိုက်ပါနဲ့ ဟန်နီ၊ ငါနဲ့လက်ထပ်မယ့် မိန်းကလေးပါ"

"မယုံဘူး၊ နင်ကရော အဲဒီမိန်းမကို လက်ထပ်မှာလား၊ ဘာဖြစ်လို့ ငါ့ဆီလာနေရတာလဲ"

"နင့်ကိုစိတ်မချလို့ပါဟာ၊ ကြိုးကြာကို ငါလက်ထပ်ရမှာပဲလေ၊ မာမီက လူကြီးချင်းပြောဆိုထားပြီးသား၊ မာမီ့အကြောင်း နင်သိတာပဲ"

အန်တီညိုက ဟန်နီ့ကြောင့် နန္ဒမိတ်ကို လက်ထပ်စေခိုင်း





ဟာပဲဖြစ်နိုင်သည်။ ဒါပေမယ့် ကိုကိုနဲ့ရော မနီးစပ်သွားစေဘူးတဲ့လား။ ဟန်နီ့စိတ်တွေ ပူပင်လာရသည်။

"နန္ဒမိတ် ငါလည်းလိုက်မယ်၊ ဘာလဲ နင်က မိတ်မဆက်ပေးရဲလို့လား"

"ဟန်နီရယ်"

ဟန်နီ့ကိုခေါ်သွားလို့ မဖြစ်ပါဘူး။ ဟန်နီက ဒေါသတွေပေါက်ကွဲတတ်သည်။ ဟန်နီ့ကို နောက်မှတွေ့ဆုံဖို့ ဖျောင်းဖျကာဟားခဲ့ရသည်။ သူရောက်လာတော့ ခင်ကြိုးကြာက စောင့်နေ၏။ ဟန်နီသာ မြင်သွားရင် ကိုကိုနဲ့စိတ်ပူမှာတော့ အမှန်ပါပဲ။ ခင်ကြိုးကြာမျက်နှာလေးက မာနကင်းစွာ ပြုံးနေသည်။

"အားနာလိုက်တာ နန္ဒမိတ်ရယ်၊ ကြိုးကြာက ဘယ်သူ့ကိုမှ ဒုက္ခမပေးချင်ပါဘူး၊ နောက်ဆိုရင်တော့ ကြိုးကြာကိုယ်တိုင်ဟားမောင်းမှာပါ"

"ရပါတယ် ကြိုးကြာ၊ ကိုယ်ပဲတာဝန်ယူပါ့မယ်"

သူ့စိတ်အပူဆုံးက ကိုကိုနှင့် သွားလာမှာပင်။ ဟန်နီမျမ်းပဲ စိတ်ထိခိုက်မှာပါ။ သူ့စိတ်တွေက ဟန်နီ့ဆီပဲ ရောက်နေပက်သည်။

.o. ▯ .o.



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

ဝဏ္ဏထင်ကတော့ ခင်ကြိုးကြာလို မိန်းကလေးမျိုးကို နှစ်သက်မိသည်။ အတတ်ပညာရော၊ ဂုဏ်ရည်ရော၊ လုပ်ကိုင်ဆောင်ရွက်မှုတွေရော မိန်းကလေးပီသတာတွေရော ဝဏ္ဏထင်စိတ်ထဲမှာ အမှတ်ပြည့်ပေးနေမိသည်။

"ခင်ကြိုးကြာက သားငယ်အတွက်ပဲ၊ မာမီ့ဆန္ဒတွေကို လက်ခံပေးပါသားကြီး၊ ဟန်နီလေးရဲ့ တောင်းဆိုချက်ကိုလည်း မာမီ မလွဲမသွေ လုပ်ဆောင်ပေးရမယ်လေ"

"ဝဏ္ဏကတော့ ဟန်နီ့လို မိန်းကလေးမျိုးကို လက်မထပ်နိုင်ဘူးမာမီ၊ ပြဿနာရှာလွန်းတဲ့ ကောင်မလေးပဲ"





"လက်ထပ်ပြီးရင် ချစ်သွားကြမှာပါ၊ ဟန်နီ့ကို သားလက်ထပ်ရမယ်၊ ဟန်နီလေးရဲ့ တောင်းဆိုမှုတွေကို မာမီဖြည့်စွမ်းပေးရမယ်"

သူငြင်းပယ်၍မရ။ ခင်ကြိုးကြာက သူ့အတွက် ဘာဖြစ်လို့ မဖြစ်ရတာလဲ။ ဒီကောင်မလေးက သူ့ကိုရွေးချယ်တာတဲ့။ ဒေါသဖြစ်စရာကောင်းလိုက်တာ။ သူ့စိတ်တွေက ဟန်နီ့အနားသွားရမှာလေးလံနေမိသည်။ ခင်ကြိုးကြာလေးကပဲ နှစ်သက်မြတ်နိုးစရာကောင်းနေ၏။ ညီ့အတွက်တဲ့။ ညီက မချစ်ပေ။ ဟန်နီမှဟန်နီဖြစ်နေရသည်။ ကံကြမ္မာတွေက ဆန်းကြယ်လိုက်တာ။ ရတာမလိုလိုတာမရဆိုတာမျိုးပဲလား။ သူ ဟန်နီ့ချို့အကြောင်းတွေကို မစဉ်းစားချင်ပေ။ သူ အိမ်ပြန်ဖို့ပဲ စိတ်စောနေမိသည်။ စားသောက်စရာတွေ ဝယ်နေ၏။ ကြိုးကြာအတွက်ပါ စိတ်တိုင်းကျဝယ်ပြီး ပြန်ထွက်လာတော့ ဟန်နီ့ဆီက ဖုန်းလာသည်။

"ကိုကို"

"ဟင်"

"အခု ဟန်နီ့ဆီကိုလာခဲ့ပါ"

"ကိုယ်မအားဘူး ဟန်နီ"



www.burmeseclassic.com

www.burmeseclassic.com



"မရဘူးကိုကိုလာရမယ်၊ မလာရင် ဟန်နီ အိမ်ကိုပဲလိုက်လာမှာနော်"

"ဒုက္ခပါပဲကွာ"

"ဘာဒုက္ခလဲ၊ ကိုကိုနော် ကိုယ်နဲ့လက်ထပ်ရတော့မယ့် မိန်းကလေးအနားလာရတာ ဒုက္ခလား"

"ဟန်နီ"

"လာခဲ့"

ဟန်နီ ဖုန်းပိတ်သွား၍ သူထပ်ခေါ်ကြည့်တော့ မရပေ။ ဟန်နီ မင်းတော်တော်လေး ငါ့ကိုဒုက္ခပေးတာပဲ။ ဝတ္ထုထင်မသွားလို့မဖြစ်တော့ပေ။ ဟန်နီ့ဆီ ထွက်လာခဲ့ရသည်။

"ကိုကို"

"ဟင်"

"ကျွန်မ ကိုကိုတို့အိမ်ကိုလိုက်မလို့"

ဟန်နီ့ကြည့်ရတာ ဖြူဖတ်ဖြူရော်နှင့် အားမရှိသလိုဖြစ်နေသည်။ ဒီကောင်မလေးက ခေါင်းမာတယ်။ အစားအသောက်လည်း မစားပေ။ ညီမလေးတစ်ယောက်လိုတော့ သံယောဇဉ်ရှိပါတယ်။ တစ်ခါတစ်ရံ အမြင်ကတ်စရာကောင်းလောက်အောင် ပြဿနာရှာ





တတ်တာက ခက်နေသည်။

"ကိုကိုတို့အိမ်မှာ ဧည့်သည်ရောက်နေတယ်မဟုတ်လား၊ နန္ဒမိတ်နဲ့ လက်ထပ်ဖို့ဆို"

"မလိုက်နဲ့ ဟန်နီ၊ အဲဒါ သူတို့ကိစ္စပဲ၊ ဟန်နီနဲ့မဆိုင်ဘူးထင်တယ်"

"အန်တီညိုက ကိုကိုနဲ့လိုက်လာခဲ့တဲ့၊ ညစာကျွေးမယ်တဲ့"

"ဟန်နီ"

"ဟင်"

"မင်းပြဿနာရှာဖို့လိုက်မှာလား"

"မဟုတ်ပါဘူး"

ဟွန်း ကိုကို့မျက်နှာကြီးက တင်းမာနေလိုက်တာ။ နန္ဒမိတ်နဲ့တော့ တခြားစီပဲ။ သူမဘာယ်လောက်ပဲ သောင်းကျန်းပေါက်ကွဲနေပါစေ နန္ဒမိတ်က သည်းခံချော့မော့နေသည်။ သူမကလည်း နန္ဒမိတ်ကို လုံးဝမချစ်ဘူး။ တစ်ခါတလေ သူမဆီ မကြာခဏရောက်ရောက်လာတတ်လို့ အမြင်ကတ်မိသည်။

"ခင်ကြီးကြာက ပညာတတ် ဣန္ဒြေသိက္ခာရှိတဲ့ မိန်းက



www.burmeseclassic.com

www.burmeseclassic.com



လေးနော်၊ မင်းစော်ကားဖို့ မစဉ်းစားနဲ့"

"ကိုကိုက ဘယ်လိုက်လှချည်လား၊ ခင်ကြိုးကြာက ဣန္ဒြေသိက္ခာရှိတဲ့ မိန်းကလေးဆိုတော့ ဟန်နီချိုက အရှက်သိက္ခာမဲ့တဲ့ မိန်းကလေးပေါ့လေ"

"ဟန်နီ မင်းသိပ်ပြီး ကလေးမဆန်ချင်ပါနဲ့၊ ကိုကိုအမြင်ကတ်တယ်"

ဝဏ္ဏထင် စိတ်ပျက်စွာဖြင့် ဟန်နီ့အား ကြည့်နေမိသည်။ ဟန်နီလည်း မိန်းမချောလေးတစ်ယောက်ပါပဲ။ ဒါပေမယ့် ပူလောင်တဲ့အလှတွေပဲ ဖြစ်နေသည်။ တင်းမာခက်ထန်ပြီး ရန်လိုနေတဲ့ ဟန်နီ့မျက်ဝန်းအကြည့်တွေကို သူအမုန်းဆုံးပင်။ ပြီးတော့ အဒေါ်ကိုလည်း ရန်သူလိုဆက်ဆံနေသည်။

"မင်းလိုက်လာတာ ပြဿနာမရှိပေမယ့် ခင်ကြိုးကြာအပေါ် အနှောင့်အယှက်ပေးသလို မထေမဲ့မြင်ပြောဆိုဆက်ဆံနေရင်တော့ ကိုယ်လုံးဝခွင့်မလွှတ်ဘူးနော်"

သူ့ကိုတော့ ဟန်နီ ကြောက်သည်။ ညီလို အလိုမလိုက်ပေ။ ခပ်ပြတ်ပြတ်ဆက်ဆံတတ်သဖြင့် ဟန်နီ ပြဿနာမရှာရဲပေ။ မာမီက ခေါ်ခိုင်းတော့လည်း သူရှောင်လွှဲလို့မရဘဲ ခေါ်လာခဲ့ရ





သည်။

"ဟန်နီလေးပါလာတာကိုး၊ အတော်ပဲ ခင်ကြိုးကြာနဲ့ မိတ်ဆက်ပေးရမယ်လေ၊ ညစာအတွက် မာမီကိုယ်တိုင် စီစဉ်ထားတာနော်"

ခင်ကြိုးကြာဆိုတဲ့ မိန်းမကို ဟန်နီ ကြည့်လိုက်သည်။ သူမနဲ့ရွယ်တူပဲ။ တော်တော်လေးချောတာပဲ။ နန္ဒမိတ် ကံကောင်းလိုက်တာ။ ကိုကိုရော ခင်ကြိုးကြာကိုများ ကိုကိုချစ်မိသွားမှာလား။ ဟန်နီက တမင်မဏ္ဍပ်တိုင်တက်ဖို့ လိုက်လာခဲ့မိသည်၊

"ကြိုးကြာ ဒါက သားကြီးနဲ့လက်ထပ်မယ့် ဟန်နီချိုတဲ့၊ အန်တီတို့ သမီးမာမီတို့ ကျောင်းနေဘက်သူငယ်ချင်း နန္ဒာရဲ့ သမီးလေ၊ ဟန်နီ့မိဘတွေကတော့ ကွယ်လွန်သွားကြပါပြီ၊ အဒေါ်နဲ့နေရတာလေ"

ကိုကိုက ဒီမိန်းမကို တော်တော်လေးကို အထင်တကြီးနဲ့ အရေးတယူရှိနေပုံပဲ။ ကောင်းလိုက်တာ။ အန်တီညိုက ကိုကိုနဲ့ လက်ထပ်ရမယ့် မိန်းကလေးတဲ့။ ဟန်နီ သဘောကျနေမိသည်။ ကိုကို့မျက်နှာကြီးက တင်းတင်းနဲ့ အန်တီညို့ရှေ့မှာ ငြိမ်သက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟန်နီ ဒါက ခင်ကြိုးကြာတဲ့၊ အန်တီညိုတို့ အချစ်ဆုံး သူငယ်ချင်းရဲ့သမီးလေ၊ နိုင်ငံခြားမှာနေတာ၊ အခု ဒီမှာစားသောက် ဆိုင်ကြီးဖွင့်ဖို့ လေ့လာနေတာပါ"

စားသောက်ဆိုင်ဖွင့်တာ မိန်းမတစ်ယောက်ရဲ့ အလုပ် လား။ ယောကျ်ားတွေ တရှန်းရှန်းလာကြမှာပါ။ ဟန်နီက အလုပ် လုပ်စရာမလိုပါဘူး။ မိဘအမွေအနှစ်တွေရှိတာပဲ။ အန်တီတာက ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်အောင် ကိုယ့်အစွမ်းအ တွေရှိအောင် လုပ်ရမယ်ပြောလေ ဟန်နီကမလုပ်လေပဲ ဘွဲ့လေ တစ်ခုပဲရသည်။ ဟန်နီကဘာမှမလုပ်ဘူး။ ရေချိုးတာတော ရေသုတ်ပေးဖို့ အိမ်ဖော်ကောင်မလေးက ရေချိုးခန်းအဝကစေ သဘက်နဲ့စောင့်ပေးရတာ။ ခင်ကြိုးကြာက သွက်လက်နေသည် ဟန်နီ အံ့သြရတာက ထမင်းပွဲကို ကိုယ်တိုင်ပြင်ဆင်နေသည် အဲဒါ ဣန္ဒြေရှိတာလား။ အိမ်ရှင်မပီသတာလား။ ကိုကိုက ခင်ကြိုး ကြာလို မိန်းမမျိုးမှလား။ သူမကတော့ ထိုင်နေမိသည်။

"ကြိုးကြာက ဝါသနာလေ၊ ဒက်ဒီတို့မာမီတို့ကိုလ ကြိုးကြာပဲ ချက်ကျွေးတာ၊ မာမီက အလေ့အကျင့်လုပ်ပေးထားက ပါ ဟန်နီ၊ မိန်းမတစ်ယောက်က အိမ်မှုကိစ္စတွေ တတ်ကျွမ်းထား





ကိုယ့်မိသားစုကို ထိန်းချုပ်ထားနိုင်မှာတဲ့"

"ဟန်နီကတော့ ဘာမှမလုပ်တတ်ဘူး၊ အိမ်ဖော်တွေငှား ရင်ရတာပဲဟာ၊ ဒီခေတ်မှာ အိမ်ရှင်မပီသနေတာ အရမ်းပဲခေတ် နောက်ကျတယ်လေ"

ကိုကို့အကြည့်တွေက ဟန်နီ့ဆီ ဆတ်ခနဲရောက်လာသည်။ ဘာဖြစ်လဲ အလကား ယောကျ်ားတွေရှေ့မှာ အထင်ကြီးအောင် မြူဆွယ်ဖြားယောင်းတာပဲ။ ကိုကို့ကိုလည်း စိတ်မချပါဘူး။ ခင်ကြိုး ကြာက သွက်သည်။ ချောမောအိစက်နေ၏။ ဟန်နီမနာလိုဖြစ်လာ ရ၏။ သူမကိုယ်သူမလည်း မကျေနပ်မိ။ အမြဲတမ်း ဒေါသတွေ နှင့် အလိုမကျသလို ဖြစ်ရသည်။ ခင်ကြိုးကြာက ဟန်နီထက် သာနေသလိုပင် ရင်ထဲမှာ ဒေါသတွေ ပေါက်ကွဲမတတ်ဖြစ်ရသည်။

"ဟန်နီပြောတာ မှန်တာပဲ၊ နန္တမိတ်ကလည်း အိမ်ဖော် တွေက အားလုံးလုပ်ပေးတာပဲ ကြိုက်တယ်"

ကိုကို့မျက်နှာကြီးက တင်းမာသွားလို့ ဟန်နီဘက်ကနေ သူလိုက်ပြီးပြောလိုက်သည်။ ခင်ကြိုးကြာက အမှတ်ယူနေတော့ ဟန်နီ ဘယ်လောက်မျက်နှာငယ်ရမလဲ။ အားငယ်ဖျော့တော့နေတဲ့ ဟန်နီမျက်နှာလေးကို သူအရိပ်လိုကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်လေ၊ ကြိုးကြာကတော့ ဝါသနာပါတာပါ၊ တစ်မျိုးပဲလေ"

ခင်ကြိုးကြာကတော့ ဟန်နီချိုရဲ့ မျက်ဝန်းအကြည့်တွေကို မနှစ်သက်မိပေ။ မိန်းမချောလေးတစ်ယောက်ရဲ့ မျက်ဝန်းတွေက စိတ်ခံစားမှုကို ဖုံးကွယ်မထားနိုင်တာ ဣန္ဒြေမဲ့တာပဲ။ ကြိုးကြာအပေါ် မနာလိုတာလား။ ဘာဆိုင်လဲ။ ကိုကိုနဲ့လည်း ကြိုးကြာမပတ်သက်ပါဘူးနော်။ ဟိုလူ နန္ဒမိတ်ကလည်း ဟန်နီချိုဘက်ကပဲ။ ကြိုးကြာကတော့ သဘောထားကြီးစွာ နားလည်မှုတွေပေးလိုက်သည်။ ကြိုးကြာက လူအများနဲ့ ဆက်ဆံရမှာလေ။ ကြိုးကြာကိုယ်တိုင် အရသာရှိတဲ့ အစားအစာတွေကို ကြိုက်နှစ်သက်ပြီး သူများကိုလည်း ကျွေးမွေးစေချင်တာပါ။ မာမီက လူတိုင်းအပေါ် စေတနာမေတ္တာထားရမယ်တဲ့။ အင်းလေ ဟန်နီချိုက မိဘမဲ့ခဲ့ရတာပဲ။ သူမ အပြစ်မမြင်နေမိတော့ စားသောက်စရာတွေကို သူမကိုယ်တိုင် ပြင်ဆင်ပေးသည်။

"စားကြပါ ကြိုးကြာရဲ့လက်ရာမကောင်းရင်လည်း ဝေဖန်လို့ရပါတယ်နော်"

"ဟန်နီက အသီးအရွက်ကြော်ပဲ ကြိုက်တာပါ၊ ဟင်းတွေ





မကြိုက်ဘူး၊ ညီလို့လေ"

"နည်းနည်းလေးပဲ မြည်းကြည့်ပေးပါ ဟန်နီ၊ လုံးဝမညီစေရပါဘူး၊ ဟန်နီ့ဝေဖန်ချက်လေး သိချင်လို့"

"သူ့ကိုမေးမနေပါနဲ့ ကြိုးကြာ၊ မြည်းတတ်မှာမဟုတ်ဘူး၊ ကိုယ်တိုင်လည်း ဘာအစွမ်းအစမှ မရှိဘူးလေ"

"ကိုကိုနော်"

"ဟုတ်သားပဲကိုကိုရာ၊ ဟန်နီက နုတယ်လေ၊ မိဘတွေက ငယ်ငယ်လေးထဲက မရှိကြတော့ ဟန်နီ အတွယ်အတာမဲ့အထီးကျန်နေလာခဲ့ရတာပဲ၊ ခင်ကြိုးကြာလိုတော့ အားမာန်တွေ ဘယ်ပြည့်နေမလဲ"

နန္ဒမိတ်ကပဲ ဟန်နီ့အား ဖေးမကာကွယ်ပေးနေခဲ့သည်။ ကိုကို တမင်ဟိုဟာမဘက်က လိုက်ပြောတာမဟုတ်လား။ သူမ နှုတ်ခမ်းလေးက စူထော်ချင်လာရသည်။ ကိုကိုက သူမကို အလိုမကျသလို ကြည့်နေ၏။ ဟန်နီ ဘာမှမစားပေ။ ခင်ကြိုးကြာ အမှတ်ယူနေတာဟု ထင်မိနေသည်။ အန့်တီညိုကတော့ အားလုံးကို ဖေးဖေးမမ ပြောနေခဲ့၏။ ကိုကိုနှင့်ဟန်နီ့မင်္ဂလာပွဲအား စီစဉ်တော့မည်ဟု ပြောနေသည်။ ထမင်းစားပြီးတော့ ဟန်နီ ပြန်ချင်ပြီဟု



www.burmeseclassic.com

www.burmeseclassic.com



ပြောတော့ ညီလိုက်ပို့လိုက်တဲ့။ ခင်ကြီးကြာရှေ့မှာ စိမ်းစိမ်းကြီးပြောတော့ ဟန်နီ ဒေါသတွေပေါက်ကွဲချင်လာရသည်။

"ကိုကိုပဲပို့ပါ"

"ဟုတ်သားပဲ သားကြီး၊ မင်းပဲလိုက်ပို့လိုက်စမ်း"

ဝဏ္ဏထင်ကတော့ ဟန်နီ့အပြုအမူတွေအတွက် ကြိုးကြာအား မျက်နှာပူနေမိသည်။ ဟန်နီ ဘာအချိုးတွေလာချိုးနေတာလဲ။ အားနာစရာကောင်းလိုက်တာ။ သူခြံထဲဆင်းလာတော့ ဟန်နီ ကားပေါ်မှာထိုင်နေသည်။

"ဟန်နီ"

"ဟင်"

"မင်းဘာအချိုးချိုးတာလဲ"

"အား...အမလေး၊ ခေါင်းတွေမူးနေတယ်ကိုကို၊ ဘာမှ မပြောပါနဲ့၊ မူးတယ် အား"

ဟန်နီ တော်တော်လေး စိတ်ပျက်စရာကောင်းလိုက်တာ။ တမင်မာယာများနေသည်ဟု ထင်မိသည်။ ဝဏ္ဏထင် ဘာမှပြောချင်စိတ်ပင် မရှိပေ။ ကားကိုပဲ စက်နှိုးပစ်လိုက်သည်။

"ကိုကိုက ဘာဖြစ်လို့ ခင်ကြီးကြာဘက်ကနေ လိုက်နေ





ရတာလဲ၊ အဓိပ္ပာယ်မရှိဘူးနော်၊ ကိုကိုနဲ့ကျွန်မက လက်ထပ်ရမှာလေ၊ ရှောင်ဖယ်ဖို့တော့ မကြိုးစားနဲ့၊ ဟန်နီက လုံးဝခွင့်မလွှတ်ဘူး"

"တော်စမ်းကွာ"

"ကိုကိုနော်၊ အခုချက်ချင်းပဲ လက်ထပ်ဖို့စီစဉ်ပစ်လိုက်ရမလား"

ဝဏ္ဏထင် ဆက်မပြောရဲတော့ပေ။ ဟန်နီ့ကို သူလက်မထပ်လိုပေ။ ကြိုးကြာနဲ့ တခြားစီပဲ။ အစွမ်းအစမရှိတဲ့ ဟန်နီချို။ ပြဿနာပဲ ရှာချင်နေသည်။ အမြင်ကတတ်လိုက်တာ။ မာမီ့ကြောင့်ပဲ မာမီ့ကို အကြပ်ကိုင်ပြီး သူ့ကိုချုပ်ကိုင်ဖို့ ကြိုးစားနေသည်။ သူက ပြဿနာရှာတတ်တဲ့မိန်းမကို မုန်းတယ်။ ဟန်နီက အနိုင်ကျင့်နေတာပဲ။ ကြိုးကြာကို မနာလိုဖြစ်စရာ အကြောင်းမှမရှိတာ။ သူ ကားပဲမောင်းနေမိသည်။

"ကိုကို ထိုင်ဦး"

"ငါ ကုမ္ပဏီကိစ္စတွေရှိသေးတယ် ဟန်နီ"

"ခဏလောက်လေး ဝင်ထိုင်တော့ ဘာဖြစ်မှာစိုးလို့လဲ၊ ဝင်ခဲ့ပါ"

ဟန်နီကတော့ ကိုကို့ကို ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ဖို့ ကြိုးစားရမည်။ မရဘူး ကိုကိုနော် ဟန်နီက ငယ်ငယ်လေးထဲက ရှင့်ကိုအထင်ကြီး ချစ်မြတ်နိုးရတာပါ။ ဟန်နီ့နှလုံးသားတွေထဲက ကိုကို့ကို ဘယ်လောက်အထိများ ချစ်မြတ်နိုးခဲ့ရလဲ။ သူမက ကိုကို့လက်ကို ဆွဲပြီး ဧည့်ခန်းမှာထိုင်စေသည်။

"ကျွန်မ အအေးသွားဖျော်ပေးမယ်၊ ကျွန်မကိုယ်တိုင်ဖျော်ပေးမှာနော်"

"ဟန်နီ"

"ဟင်"

"ကိုယ်ပြန်တော့မယ်"

"မရဘူး"

သူမထွက်လာခဲ့သည်။ ခင်ကြိုးကြာက မိန်းမကောင်းပီသပြနေတယ်။ ဘယ်ရမလဲ။ ဟန်နီလည်း ဒီလောက်လေးတော့လုပ်တတ်ပါတယ်။ စားသောက်ခန်းထဲဝင်လာတော့ အန်တီတာရှိနေသည်။

"အန်တီတာ ဟန်နီ့အတွက် အအေးတစ်ခွက် အမြန်ဆုံးဖျော်ပေးစမ်းပါ"

"အေးကွယ်"





"ကိုကို့အတွက်နော်၊ ကျွန်မဖျော်ပေးမယ်ဆိုပြီး ဝင်လာတာ၊ ကောင်းကောင်းလေးဖျော်ပေးနော်"

"အေး...အေး"

အန်တီတာ ဖျော်ပေးလိုက်တဲ့ အအေးခွက်ကိုယူပြီး အပြင်ထွက်လာတော့ ကိုကိုမရှိတော့ပေ။ ပြန်သွားပြီဖြစ်သည်။ ကြည့်စမ်းဘာဖြစ်လို့ ဟန်နီ့ဆန္ဒတွေကို ပြစ်ပယ်ပြီး ပြန်သွားရတာလဲ။ ဒေါသတွေက ပေါက်ကွဲထွက်သွားရသည်။

"ချွမ်...ချလ်"

"ခွမ်း"

"ဟင်...ဟန်နီ ဘာဖြစ်ရတာလဲ"

"မုန်းတယ်၊ ကိုကို့ကိုမုန်းတယ်၊ ဟန်နီ့အလစ်မှာ ပြန်သွားလို့လေ"

သူမ ဒေါသတကြီးနှင့် ဖန်ခွက်ကို ပစ်ပေါက်လိုက်သည်။ အန်တီတာရော အိမ်ဖော်ကောင်မလေးပါ ပြာပြာသလဲ ဖန်ခွက်အကွဲအစတွေကို သိမ်းနေကြသည်။

"တော်တော်ရက်စက်တဲ့ကိုကို၊ သိမယ်၊ ဟန်နီချို့အကြောင်း ရှင်ကောင်းကောင်းသိစေရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟန်နီ နှုတ်ခမ်းလေးကို တင်းကြပ်စွာ ဖိကိုက်ထားမိသည်။ ဒေါ်သဇော်တွေ ပေါက်ကွဲချင်လာရ၏။ ဟန်နီ့ကို ရှင်ဘယ်လောက်အထိ ဥပေက္ခာပြုထားနိုင်မလဲဟင်။ ဟု ခင်ကြိုးကြာကို ရှင်ကအထင်ကြီးနေတာပဲ။ သူမ ဒေါ်သတကြီးနှင့် အန်တီညို့ဆီ ဖုန်းဆက်လိုက်သည်။

"အန်တီညို ကိုကိုက ဟန်နီ့ကို လုံးဝဂရုမစိုက်ဘူး၊ ဟန်နီက ကိုယ်တိုင်အအေးဖျော်တိုက်ချင်လို့ ခဏနေပါလို့ပြောတာ ပြန်သွားတယ်၊ ဟန်နီထွက်လာတော့ မရှိတော့ဘူး၊ အဲဒါကောင်းလား၊ အန်တီညို ပြောပါဦး"

"ဟုတ်တယ်၊ အဲဒါဘယ်ကောင်းမလဲ ဟန်နီလေးရယ်၊ အန်တီညို ပြောမယ်၊ သားကြီးအလုပ်ကိစ္စရှိလို့ထင်တယ်၊ အခုထိ အိမ်ကိုပြန်မရောက်သေးဘူး"

"ဘာဖြစ်လို့မရောက်ရတာလဲ၊ ပြန်သွားတာကြာပြီလေ၊ ကိုကို ဘယ်တွေသွားနေတာလဲ၊ ဟန်နီ စိတ်မချတော့ဘူး၊ လက်ထပ်ဖို့ကိစ္စ အခမ်းအနားတွေ လုပ်မနေပါနဲ့တော့၊ ဘုန်းကြီးဆွမ်းကပ်ပြီးတော့ပဲ လက်ထပ်ပေးပါနော်"

ဒေါ်ညိုညိုဝေလည်း သားကြီးဆန္ဒကို သိနေ၍ ခက်နေ





သည်။ သားတွေရဲ့ အိမ်ထောင်ရေးကို မိမိဆန္ဒတွေအတိုင်း အတင်းအကြပ်စီစဉ်ရန် ဆန္ဒမရှိပေမယ့် အခြေအနေက ဖန်တီးလာနေသည်။ ဟန်နီလေးကို ပျော်ရွှင်ချမ်းမြေ့စေပြီး ဘဝတစ်လျှောက်လုံး လုံခြုံနွေးထွေးစွာ စောင့်ရှောက်ပေးပါ့မယ်ဟု ကတိပေးထားခဲ့၏။ စီစဉ်ပေးရတော့မှာပဲလေ။ သူငယ်ချင်းကိုယ်တိုင်က သမီးဟန်နီချို ချစ်ခင်မြတ်နိုးစွာ ရွေးချယ်တဲ့သားတစ်ယောက်နဲ့ လက်ထပ်ပေးပါတဲ့။ သမီးကို မင်းရဲ့ချွေးမအဖြစ်ပဲ အပ်ခဲ့ချင်တယ်တဲ့။ မိမိက ဖြစ်စေရပါ့မည်ဟု ကတိအထပ်ထပ်ပေးမိသည်။

"ဟန်နီ စိတ်မချတော့ဘူး၊ ကိုကိုနဲ့ ဝေးသွားရမှာ အရမ်းကြောက်တာပဲ၊ ဟန်နီသေမှာပဲနော်"

"ဟန်နီ စိတ်ချပါကွယ်၊ အန်တီညို စီစဉ်ပေးမှာပါ၊ ကောင်းကောင်းအိပ်နော်၊ စိတ်မပူနဲ့လေ၊ သမီးလေးအားတင်းထားမှပေါ့၊ အန်တီတစ်ယောက်လုံး ရှိပါတယ်ကွယ်"

"တစ်ပတ်အတွင်းပဲ သမီးရဲ့မင်္ဂလာပွဲကို စီစဉ်ပေးပါ၊ ကိုကို့ကို မယုံလို့ပါနော်၊ အခုတောင် ဟန်နီစိတ်တွေ လှုပ်ရှားပြီး အသက်ရှူမဝတော့ဘူး"

"အေးပါကွယ်၊ စိတ်ချပါ၊ အန်တီညိုတစ်ယောက်လုံးရှိပါ



www.burmeseclassic.com

www.burmeseclassic.com



သေးတယ်ကွယ်၊ သမီးဆန္ဒတွေအတိုင်း ဖြစ်အောင်စီစဉ်ပေးပါ့မယ်"

ဟန်နီ ဖုန်းကိုချပစ်လိုက်သည်။ ဒေါသတွေနှင့် သူမ နှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန်ရီနေသည်။ ကိုကိုမရောက်သေးဘူးတဲ့။ ဘာဖြစ်လို့ ပြန်မလာသေးတာလဲ။ သူမ အိပ်လို့မရ။ အိပ်ခန်းထဲမှာ ငုတ်တုတ်လေးထိုင်နေမိသည်။

"ဟန်နီ တူမလေး"

"ဘာလာလုပ်တာလဲ၊ ကျွန်မကို စိတ်ပူလို့လား၊ တစ်သက်လုံး ကျွန်မစိတ်တွေကို မွှန်းကြပ်ရှုပ်ထွေးအောင် အန်တီ တာလုပ်ခဲ့တာပဲ"

"မဟုတ်ပါဘူးကွယ်၊ သမီးငယ်ငယ်က စည်းကမ်းတွေ ပေးခဲ့တာက သမီးလေးအတွက်ပါ၊ အန်တီတာက မုန်းတီးလို့ သမီးလေးစိတ်ဒုက္ခရောက်အောင် လုပ်တာမျိုးတော့ မဟုတ်ရပါဘူး ကွယ်"

"မကြားချင်ဘူး၊ မပြောနဲ့တော့၊ ကျွန်မမေမေသာရှိနေရင် ကျွန်မ အရမ်းအားရှိမှာပဲ၊ ခင်ကြိုးကြာလို အိမ်ရှင်မလေးပီသနေမှာ၊ ကျွန်မအမေက မိန်းမပီသတယ်လေ၊ အန်တီတာက ဖေဖေ့ညီမပဲ၊ ကျွန်မကို ချစ်ခင်ယုယပြုစုပျိုးထောင်ဖို့ထက် စည်းကမ်းတွေပဲ





တင်းတင်းကြပ်ကြပ်ပေးခဲ့တာလေ"

"ဟန်နီ"

"အားလုံးကိုမုန်းတယ်၊ ခင်ကြိုးကြာဆိုတဲ့ မိန်းမလောက် ကျွန်မမှာ ဘာဖြစ်လို့များ အစွမ်းအစတွေ အရည်အချင်းတွေ မရှိရ တာလဲလို့၊ မုန်းလိုက်တာ"

"အား"

သူမ ဒေါသတကြီး တအားအော်ဟစ်ပစ်မိသည်။ အလိုမကျမှုတွေ၊ နာကျင်မှုတွေ၊ မနာလိုဝန်တိုစိတ်တွေ ကျွန်မနှင့် ဝေးရာကို လွင့်စင်ထွက်သွားအောင် ကျွန်မ အော်ပစ်ချင်တယ်။ ကြွေကြွေကွဲကွဲဖြင့် ငိုကြွေးလိုက်မိသည်။

ဝ ◻ ဝ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ကြိုးကြာ"

"ရှင်"

"ကိုကိုတောင်းပန်ပါတယ်ကွာ၊ ဟန်နီက ဒီလိုပဲ အမြဲတမ်းလူတွေအားလုံးကို မကျေနပ်ပြီး ရန်လိုနေတတ်တယ်"

"ရပါတယ် ကိုကို၊ အားမနာပါနဲ့၊ ဟန်နီက ကိုကို့ကို သိပ်ချစ်ပြီး သဝန်ကြောင်နေတာလည်းဖြစ်မှာပါ"

ခင်ကြိုးကြာရဲ့ မျက်နှာလေးက အပြုံးလေးနှင့် ချစ်ဖို့ ကောင်းလွန်းနေသည်။ အိမ်သန့်ရှင်းရေးကို အိမ်ဖော်ကောင်မလေး နှင့်တန်းတူလုပ်ရင်း စီမံခန့်ခွဲနေသည်။





"ကြိုးကြာက စားသောက်ဆိုင်ကြီးဖွင့်မှာဆိုတော့ စီမံ ခန့်ခွဲရမယ်လေ၊ ဘာမဆို ကိုယ်တိုင်လုပ်ကိုင်တတ်တော့ ကောင်း တာပေါ့နော်၊ ဟို ကိုကိုဘာသောက်မလဲ၊ အအေးလား အပူလား"

"ကြိုးကြာကိုယ်တိုင် ဖျော်ပေးမလို့လား"

"အင်း"

"အအေးပဲသောက်မယ်ကွာ၊ ကြိုးကြာကို အားနာလွန်းလို့ ကိုကိုရင်တွေ အရမ်းပူနေတယ်လေ"

"ကိုကိုရာ ဘာမှအားနာစရာမလိုပါဘူး၊ ကြိုးကြာမှ ပြစ်မယူတဲ့ဟာ၊ ဟန်နီချိုကို နားလည်ပါတယ်နော်"

သူမထွက်သွားသည်။ ဝဏ္ဏထင်စိတ်တွေ ဘယ်လိုဖြစ် သွားရတာလဲ။ အလှုပ်ရှားကြီး လှုပ်ရှားနေသည်။ ခင်ကြိုးကြာလို မိန်းကလေးမျိုးကို သူနှစ်သက်မိ၏။ ခက်နေတာက ညီနဲ့လက်ထပ် မည့် မိန်းကလေး။ ဟန်နီချို မင်းကြောင့်ပဲ မင်းကိုချစ်မြတ်နိုးတဲ့ ကိုကို ဘာဖြစ်လို့ မရွေးချယ်ရတာလဲကွာ။ ငါ့ကိုမှ ဘာဖြစ်လို့ ရွေးချယ်ရတာလဲ။ မင်းအကျင့်စရိုက်တွေကမှ မကောင်းတာပါ။ ခင်ကြိုးကြာ အအေးခွက်လေးယူပြီး ပြန်လာသည်။

"ကြိုးကြာလက်ရာနော်၊ သောက်ကြည့်ပါ ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



""OK""

သူမလက်ရာကို သောက်ကြည့်တော့ အရမ်းကောင်းနေသည်။ ကြိုးကြာနှုတ်ခမ်းလေးတွေက ပြုံးနေ၏။ ရွှန်းလဲ့တောက်ပပြီး အင်အားတွေပြည့်နေတဲ့ ကြိုးကြာကို သူသဘောကျနှစ်သက်နေမိသည်။

""အရမ်းကောင်းတယ် ကြိုးကြာ၊ ကိုကို့ရင်ထဲမှာ ချိုအီမွှေးကိမ့်သွားတယ်ကွာ""

""ကိုကို အရမ်းချီးမွမ်းလွန်းနေပြီထင်တယ်""

""တကယ်ပါကွာ၊ ကြိုးကြာက အရမ်းတော်တယ်၊ ထက်မြက်တယ်၊ ကိုကိုက ကြိုးကြာလို မိန်းကလေးမျိုးကိုပဲ နှစ်သက်တာ""

""ဟန်နီ့ကိုလည်း သင်ပေးလို့ရပါတယ်""

""အလကားပါကွာ၊ ကိုကို့ကိုဒုက္ခပေးဖို့ ရွေးချယ်လိုက်တာလေ""

""ရှင်""

""မာမီက သားနှစ်ယောက်ထဲမှာ ဟန်နီချိုရွေးချယ်တဲ့သူနဲ့ပဲ လက်ထပ်ပေးမယ်တဲ့လေ၊ ညီက ဟန်နီ့ကို အရမ်းချစ်တယ်၊





သည်းခံတယ်၊ သံယောဇဉ်လည်း ကြီးတယ်၊ အဲဒါ ဟန်နီချိုက ကိုကို့ကို ရွေးချယ်တယ်တဲ့""

""ကံထူးရှင်ကြီးပေါ့""

""သေချင်လောက်အောင် ကိုကိုစိတ်ညစ်နေတာ""

""အန်တီကတော့ ဟန်နီချိုကို စောင့်ရှောက်ရမယ့်တာဝန်ရှိတယ်တဲ့၊ သားကြီးနဲ့ မဖြစ်မနေ လက်ထပ်ပေးရမယ်တဲ့""

""အား စိတ်ရှုပ်တယ်ကွာ""

ညီက သူတို့အနားရောက်လာသည်။ ကြိုးကြာအား သူ့အနားကနေ ခေါ်သွားတော့၏။ ညီက ဟန်နီ့ချိုဆန္ဒတွေကို ဖြည့်စွမ်းပေးဖို့ အဓိကပဲ။ ဟန်နီချိုက ညီ့ကို အဖက်ပင်မလုပ်နိုင်ကျင့်နေသည်။ ကြိုးကြာဖျော်ပေးထားသော အအေးခွက်ကို ကောက်ယူပြီး တစ်ကျိုက်ထဲ မော့ပစ်လိုက်မိ၏။ ရင်ထဲမှာ အေးချမ်းသွားရသည်။

နန္ဒမိတ်ကတော့ ခင်ကြိုးကြာအနားမှာ ကိုကိုရှိနေတာကို မကြိုက်ပေ။ ဟန်နီချို စိတ်သောက ရောက်မှာမလိုလားမိ။ ကိုကို့ကို ကြိုးကြာရော သဘောကျနေပြီလား။ ကိုကို့မှာ မိန်းကလေးတွေကို ထောင်နိုင်တဲ့ အစွမ်းအစတွေ ရှိနေသည်။ သူနဲ့တော့ တခြားစီပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက တည်ကြည်ခန့်ညားပြီး ယောကျ်ားပီသသည်။ ထက်မြက်၏။ စီးပွားရေးမှာ အောင်မြင်သောလုပ်ငန်းရှင်ကြီးဖြစ်နေသည်။

"ကြိုးကြာ"

"ဟင်"

"ကိုကို့အတွက် အအေးဖျော်ပေးတာလား"

"အင်းလေ"

"ကိုယ့်ကိုလည်း အအေးတစ်ခွက်လောက် ဖျော်ပေးပါလား"

"ရပါတယ်၊ ကြိုးကြာက လက်ရာကိုစမ်းသပ်နေတာလေ၊ နန္ဒမိတ်လည်း သောက်ကြည့်ပါဦး"

"OK"

ကြိုးကြာ ပြန်ထွက်သွားသည်။ ခြံထဲမှာ သူတမင်ထိုင်နေမိ၏။ ကိုကို့အနားမှာ ရှိမနေစေရန် ဖြစ်သည်။ ခင်ကြိုးကြာ မင်းဘယ်လောက်ပဲ အရည်အချင်းတွေရှိနေပါစေ ငါကတော့ ဟန်နီကို အရမ်းသနားတယ်။ ချစ်တယ်။ ဟန်နီစိတ်ပျော်ရွှင်စေချင်တယ်။ ဟန်နီချိုကလွဲပြီး သူဘယ်သူ့ကိုမှ သံယောဇဉ်တွယ်တာနိုင်မှာမဟုတ်ပေ။ ကိုကိုနှင့်ကြိုးကြာ နီးစပ်လို့မဖြစ်ပေ။ သူတားဆီးရမည်ဖြစ်





သည်။

"နန္ဒမိတ်"

"ဟင်"

"ရှင်ဘာတွေများ ဒီလောက်အထိ စဉ်းစားနေရတာလဲ၊ ကြိုးကြာရပ်နေတာ ကြာပြီလေ"

"ဪ...ကြိုးကြာ"

"ရော့လေ"

"OK"

ခင်ကြိုးကြာရဲ့ နှုတ်ခမ်းလေးက အမြဲတမ်းပြုံးနေသည်။ တမင်လေ့ကျင့်နေတာပဲဖြစ်မည်။ နိုင်ငံတကာအဆင့်မီ စားသောက်ဆိုင်ကြီးဖွင့်မှာမဟုတ်လား။ ကိုကိုအထင်ကြီးမည်ဆိုလည်း အထင်ကြီးလောက်သည်။ နန္ဒမိတ်ပင် ခင်ကြိုးကြာအား နည်းနည်းစိတ်ဝင်စားမိနေ၏။ လုပ်ရည်ကိုင်ရည်ရှိ၍ဖြစ်သည်။ ဟန်နီနဲ့တော့ လုံးဝဆန့်ကျင်ဘက်ပဲ။ သူ့အနားမှာဝင်ထိုင်သည်။

"နည်းနည်းလောက် မြည်းကြည့်ဦးလေ နန္ဒမိတ်ရဲ့၊ ပုတ်ချက်ကို သိချင်လို့ ကြိုးကြာစောင့်နေတာပါ၊ ကျွန်မက စားသုံးသူရဲ့အဖြေကို နားထောင်ဖို့ စိတ်လှုပ်ရှားနေတတ်တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



သူသောက်ကြည့်လိုက်သည်။ တော်တော်လေး စွဲမက်စရာကောင်းလောက်အောင် အရသာရှိနေသည်။ ခင်ကြိုးကြာရဲ့ မျက်ဝန်းတောက်တောက်လေးက သူ့အဖြေကို စိတ်ဝင်တစား နားစွင့်နေ၍၊ သူ့မျက်နှာက တည်တည်ကြီးဖြစ်သွားရသည်။

"လုံးဝပဲ"

"ရှင်"

"မကောင်းဘူး"

"အို…ဟုတ်လား၊ စောစောက ကိုကိုသောက်တော့ အရမ်းကောင်းတယ်တဲ့၊ ကြိုးကြာကို မြှောက်ပြောတာပဲဖြစ်မှာပဲ၊ ရှင်ကတော့ အဖြေမှန်ပဲလေ၊ စားသုံးသူဆိုတာ အကြိုက်ချင်းဘယ်တူကြပါ့မလဲ၊ ဘာလိုနေတာလဲဟင်"

ခင်ကြိုးကြာက ဘာလိုနေတာလဲဆိုတော့ အဖြေရခက်သွားသည်။ ဘာမှမလိုတာပဲ။ သူမမျက်နှာလေးက အပြုံးပျက်မသွားတာပင် ချီးကျူးထောပနာပြုဖို့ ကောင်းနေ၏။ မင်းတော်တယ်ကြိုးကြာ။ တမင်လေ့ကျင့်ထားတာမဟုတ်လား။ မင်းအောင်မြင်မှာပါ။ ငယ်ရွယ်တဲ့ကောင်မလေးတစ်ယောက်ရဲ့ လုပ်ငန်းအပေါ် စိတ်ဝင်စားပြီး ထက်မြက်တာ နန္ဒမိတ် စိတ်ထဲကနေ ချီးကျူးမိ





သည်။ ဘာများလိုနေလဲဟင်ဟု မေးတဲ့အသံလေးကပင် ချိုသာပေ့သည်။ မင်းရဲ့ ဖြားယောင်းသွေးဆောင်နိုင်မှုပဲ။ ကိုကိုအထင်ကြီးလောက်ပါပေတယ်။ မင်းရဲ့ လန်းဆန်းတက်ကြွတဲ့ ဟန်ပန်တွေရဲ့ ချောမောလှပမှုကလည်း မင်းလုပ်ငန်းရဲ့ အောင်မြင်မှုတစ်ခုဖြစ်မှာပါ။ သူ့စိတ်ထဲမှာ ထူးဆန်းစွာ ခင်ကြိုးကြာအား ချီးမွမ်းနေမိသည်။

"မင်း ခင်ကြိုးကြာကို လက်ထပ်ရမယ်သားငယ်၊ အဲဒါမာမီရဲ့ရွေးချယ်မှုပဲ၊ မလွဲမသွေ လက်ထပ်ရမယ်၊ ဟန်နီချိုကသားကြီးကို ရွေးချယ်လိုက်ပြီလေ"

မာမီစီစဉ်တာက သူ့ရဲ့စိတ်တွေ ဟန်နီ့ဆီရောက်လွန်းနေ၍ ပြောင်းလဲပစ်စေချင်၍ဖြစ်သည်။ ခင်ကြိုးကြာက သိပုံမရပေ။ ကိုကို့အပေါ် ခင်ကြိုးကြာ စိတ်ယိုင်သွားမှာ စိတ်ပူ၍ သူက ခင်မင်ရင်းနှီးပုံရယူနေခြင်းဖြစ်၏။ အအေးကို ဆက်သောက်သည်။ တကယ့်ကိုသူ့ရင်ထဲမှာ မွှေးပြန့်အေးစိမ့်သွားရသည်။

"နန္ဒမိတ်"

"ဟင်"

"ဘာလိုနေတာလဲဟင်၊ ကျွန်မအရမ်းသိချင်တယ်"

"နည်းနည်းလေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ကိုယ်က နည်းနည်းကြေးများလို့သင်တယ်၊ ကိုကိုက ကောင်းတယ်ပြောတယ်မဟုတ်လား၊ ပြင်မနေပါနဲ့တော့"

ခင်ကြိုးကြာမျက်နှာလေး မကျေမနပ်ဖြစ်သွားပုံဖြင့် နည်းနည်းတော့ မှိုင်တွေသွားသည်။ သူက အမြင်ကပ်ပြီး တမင်အရွဲ့တိုက် ပြောပစ်လိုက်တာပါ။ ကိုကိုနှင့် အရောတဝင်သွားလုပ်နေတာ သဘောမကျမိပေ။ ကိုကို့မှာ လက်ထပ်မယ့်သူရှိနေတာ သိနေတာပဲ။ မိန်းမတွေက ဘယ်လိုလဲ။ ကိုကို့ကိုပဲ အထင်ကြီးပြီး စိတ်ဝင်စားနေကြတော့မှာလား။ သူက ကိုကို့လောက် တည်တည်ခန့်ခန့်မနေခဲ့။ အထူးသဖြင့် ဟာန်နီနဲ့ပတ်သက်လာရင်လေ။ သူလည်း စားသောက်စရာတွေ စီမံချက်ပြုတ်တဲ့အလုပ်ကို ဝါသနာပါခဲ့သည်။ ဟာန်နီ့ကို သူငယ်စဉ်လေးထဲက စားချင်တာတွေ ကိုယ်တိုင်လုပ်ပေးခဲ့ရလို့ပဲဖြစ်သည်။

"ကြိုးကြာ သခွားမွှေးဖျော်ရည်လေး ထပ်လုပ်ပေးမယ်လေ၊ နန္ဒမိတ်ရင်တွေပူနေတာမဟုတ်လား၊ ချိုမွှေးသင်းပျံ့တဲ့ သခွားမွှေးဖျော်ရည်လေးတစ်ခွက် လုပ်ပေးမယ်၊ သုံးဆောင်ကြည့်ပါဦး"

"တော်ပါပြီ၊ ကိုယ်က အအေးလည်း သိပ်မကြိုက်ဘူး"





"ဒါဆို"

"နေပါစေတော့ ကြိုးကြာ"

သူမစိတ်ထဲကနေ နန္ဒမိတ် တမင်မကောင်းဘူးပြောတာ သိနေသည်။ ကြိုးကြာကိုလည်း အထင်မကြီးပုံပင်။ ဟာန်နီချိုကိုတော့ ဘက်လိုက်နေ၏။ ဒါပေမယ့် ရှင့်ကိုလည်း ကြိုးကြာက စိတ်မဝင်စားပါဘူး။ ကျွန်မက ကျွန်မအလုပ်ပဲ စိတ်ဝင်စားတာ။ အကောင်းဆုံးဖြစ်စေချင်တာပါ။ သူ့အနားကနေ ထဖို့ပြင်လိုက်သည်။

"ထိုင်ပါဦး ခင်ကြိုးကြာ"

သူမနာမည်ကို ခင်ကြိုးကြာ ခင်ကြိုးကြာနဲ့ စိမ်းစိမ်းကြီးခေါ်နေတာပင် အမြင်ကတ်မိသည်။ ဟာန်နီချိုအနားမှာ ပြာယာခတ်ပြီး ပြုံးဖြီးနေတဲ့မျက်နှာနဲ့တော့ တခြားစီပဲ။ ဟာန်နီချိုက ကိုကိုနဲ့ လက်ထပ်မယ့်မိန်းကလေး ဖြစ်နေတာတောင် ရှင့်မျက်ဝန်းတွေထဲမှာ သံယောဇဉ်အမျှင်တန်းတွေ ရစ်ပတ်ပြီး ရီဝေကြေကွဲနေတာ ကျွန်မ သတိမထားမိဘူးထင်နေလို့လား။ ခင်ကြိုးကြာက လူတွေရဲ့ လိုအပ်ချက်ကို မျက်ဝန်းတွေကတစ်ဆင့် ဖမ်းယူအကဲခတ်နိုင်ဖို့ လေ့လာနေတာပါနော်။ သူမ ထလိုက်သည်။

"ကျွန်မကို ခွင့်ပြုပါဦးနော်၊ အလုပ်ကိစ္စတွေ ရှိသေးလို့



www.burmeseclassic.com

www.burmeseclassic.com



ပါ''

''ဘာအလုပ်ကိစ္စတွေလဲ၊ မင်းလုပ်စရာမှမလိုတာပဲ''

''ကျွန်မမှာ လုပ်စရာတွေအများကြီး ရှိနေပါတယ်၊ အရာရာ ကျွန်မမှာ လေ့လာသင်ယူစရာတွေ ဖြစ်နေတယ်လေ၊ အန်တီညီအတွက် ကော်ဖီပူပူလေးတစ်ခွက် ဖျော်ပေးရဦးမယ်၊ လူကြီးတစ်ယောက်ရဲ့ အိပ်ရာဝင်ချိန်က အရေးကြီးတယ်''

မင်းတော်တော်လေး ကြီးကျယ်ခမ်းနားနေတဲ့ ဟာမလေး ပါလား။ ကိုကိုနဲ့ မာမီ့ကိုများ စွဲဆောင်ဖို့ ကြိုးစားနေတာလားပဲ။ မင်းလက်ထပ်ရမှာက နန္ဒမိတ်ပဲ။ သူက အတင်းအကြပ်ပင် ထိုင်စေသည်။

''ထိုင်စမ်းပါ၊ ကိုယ့်ကို မင်းရဲ့စားသုံးသူတစ်ယောက်လို သဘောမှတ်လေ၊ မင်းစားသောက်ဆိုင်ကို လာရောက်အားပေးတဲ့ စားသုံးသူရဲ့ဆန္ဒကို လိုက်လျောဖို့လည်း လေ့ကျင့်သင့်တယ်''

''ဆောရီးပါပဲနော်၊ ကျွန်မက အမှန်အကန်စားသုံးသူကိုပဲ ဧည့်ဝတ်ကျေမှာပါ၊ အချိန်မပေးနိုင်ပါဘူး၊ ရစ်တဲ့စားသုံးသူဆိုရင် တော့ အချိန်ဖြုန်းပြီး ဧည့်မခံနိုင်ပါဘူးရှင်''

သူမ ထသွားသည်။ နန္ဒမိတ် ဒေါကန်ပြီး ကျန်ခဲ့၏။





ကိုကို့အနား မင်းသွားကပ်ရဲကပ်ကြည့် သူတစ်ယောက်တည်း ခြံထဲမှာထိုင်နေရင်း စိတ်တွေက အလိုမကျသလို ဒေါကန်ချင်နေမိသည်။ အင်းလေ သူဘာများမကျေနပ်စရာရှိလို့လဲ။ ကိုကိုနဲ့ ခင်ကြိုးကြာတို့ အဆင်ပြေသွားရင်လည်း ကောင်းတာပါပဲလေ။ သူ့အတွက် ဟန်နီနဲ့ ပိုပြီးနီးစပ်သွားနိုင်သည်။ ဟန်နီရယ် မင်းဘဝအတွက် ကိုယ်က အသင့်တော်ဆုံးယောကျာ်းတစ်ယောက်ပါကွာ။ သူခြံထဲမှာ ထိုင်နေတုန်း ဟန်နီ့ဆီက ဖုန်းလာ၏။ ဒေါသတွေပေါက်ကွဲပြီး ခင်ကြိုးကြာနှင့် ကိုကို့ပတ်သက်မှုကိုမေးသည်။

''နန္ဒမိတ် ဟိုဟာမရော ဘာလုပ်နေလဲ၊ ကိုကို့အနားကပ်နေလားဟင် နန္ဒမိတ်၊ မှန်မှန်ပြောစမ်းပါ၊ ကိုကိုကိုယ်တိုင်က ဟိုဟာမကို အထင်ကြီးနေတာမဟုတ်လား''

''ဟန်နီ စိတ်ကိုထိန်းပါကွာ၊ ခင်ကြိုးကြာက ကိုယ်နဲ့ လက်ထပ်ဖို့ မာမီရွေးချယ်ထားတာပါ၊ ကိုကိုလည်းသိပါတယ်''

''ဒါဆိုလည်း နန္ဒမိတ် မြန်မြန်လက်ထပ်လေ ကောင်းတယ် နန္ဒမိတ်၊ ကိုကိုက အဲဒီဟာမအတွက် အရမ်းကို အဖြစ်သည်း နေလားလို့၊ နန္ဒမိတ်ပဲ တာဝန်ယူနော်၊ အဲဒီဟာမ ကိုကို့အနား လုံးဝမကပ်စေနဲ့၊ ဟန်နီ အိပ်လို့မရဘူးသိလား၊ ကိုကို့ကိုသာ



www.burmeseclassic.com

www.burmeseclassic.com



လက်လွှတ်ဆုံးရှုံးရရင် ဟန်နီသေမှာပဲ၊ မနက်ဖြန်လည်း ဟန်နီ ထပ်လာဦးမယ်၊ မဖြစ်ဘူး၊ အန်တီညို့ကို အမြန်ဆုံးစီစဉ်ခိုင်းမယ်၊ နန္ဒမိတ်သိတယ်မဟုတ်လား ကိုကို့ကို ဟန်နီ အရမ်းချစ်တယ်လေ"

"အင်းပါ ဟန်နီ၊ အိပ်တော့နော်၊ ဘာမှစိတ်မပူနဲ့၊ အစားတွေလည်း စားဦးနော်၊ အိပ်ပျော်အောင်အိပ်ပါ၊ ဟန်နီဖြစ်ချင်တာတွေ ဖြစ်စေရပါ့မယ်ဆိုတာ ကိုယ်တာဝန်ယူတယ်လေ"

ဟန်နီ့ကို သူအားပေးနှစ်သိမ့်နေမိသည်။ ဟန်နီက အစားမစားမအိပ်ဘဲ နေတတ်၍ စိတ်ပူမိ၏။ ကိုကိုလွမ်းတယ်။ ဟန်နီက သူ့စိမ်းလား။ အခုမှ တွေ့ဆုံခင်မင်ရတဲ့ ခင်ကြိုးကြာကိုတော့ တရင်းတနှီးရှိလွန်းနေသည်။ နန္ဒမိတ် မကျေမနပ်နှင့် အထဲပြန်ဝင်လာခဲ့၏။ ခင်ကြိုးကြာက မာမီ့ကို ပြုစုနေသည်။

ဝ ◻ ဝ



# အခန်း (၉)

"သားကြီး"

"ဗျာ မာမီ"

"ဟန်နီ့ဆန္ဒတွေကို သားကြီး ဖြည့်စွမ်းပေးပါကွယ်"

မာမီ့မျက်ဝန်းတွေက အမိန့်ပေးနေတာမဟုတ်ဘဲ တောင်းပန်ခယနေသဖြင့် ဝဏ္ဏထင်နှလုံးသားတွေ နာကျင်သွားရသည်။ မနှစ်က ဒက်ဒီသေဆုံးသွားထဲက မာမီ့အရှိန်အဝါတွေ အနည်းငယ်လျော့ကျသွားရ၏။ အဲဒီလို မဖြစ်စေချင်ပါဘူး။ ဟန်မာနတွေ ကြီးမားသော စည်းစနစ်ကြီးသော သားတွေကို အစစအရာရာ စီမံလမ်းညွှန်ခဲ့သော မာမီရဲ့ ထက်မြက်မှုတွေကို ဟန်နီ



www.burmeseclassic.com

www.burmeseclassic.com



ချိုကဲ့ ရိုက်ချိုးပစ်ခဲ့ပြီထင်သည်။

"မာမီ့ရဲ့ကတိကြောင့်ပါ၊ ဟန်နီလေးကို မာမီပျော်ရွှင်ချမ်းမြေ့အောင် စောင့်ရှောက်ရမယ့်တာဝန်ရှိနေလို့ပါ၊ သားကြီးရဲ့ဆန္ဒက ဟန်နီ့လိုကောင်မလေးမျိုးကို လက်မထပ်ချင်ဘူးဆိုတာ မာမီသိပါတယ်လေ၊ သားက ထက်မြက်မှုကို သဘောကျနှစ်ခြိုက်တာပါ"

"ဟန်နီက အရမ်းပြဿနာရှာတာပါ မာမီ၊ သားက အလုပ်များတယ်လေ၊ နားလည်မှုမရှိတဲ့ မိန်းကလေးတစ်ယောက်အတွက် ချော့မော့ရှင်းပြနေဖို့ အချိန်က လုံးဝမရှိတာပါ"

"အေးပါကွယ်၊ မာမီက သားတွေရဲ့ စိတ်ဆန္ဒတွေကို အမြဲတမ်းသိဖို့ ကြိုးစားနေတာပါ၊ ဒါပေမယ့် ဟန်နီ့ရွေးချယ်မှုကြောင့် မာမီက လက်ထပ်ပွဲကို မဖြစ်မနေ စီစဉ်ရတော့မယ်"

"ဟန်နီ့ကို သားလက်မထပ်နိုင်ဘူး မာမီ"

"အဲဒါ မင်းရဲ့ဆုံးဖြတ်ချက်ပဲလား ဝဏ္ဏထင်"

ဒေါ်ညိုညိုဝေစိတ်ထဲမှာ သားကြီးက မိမိအား ရိုသေလေးစားမှုမရှိဘဲ အာခံချင်လာသည်ဟု ထင်မိသည်။ ခင်ပွန်းဆုံးသွားထဲက မိမိကို ကာကွယ်စောင့်ရှောက်ပေးမည့်သူ ကင်းမဲ့သွား





ပြီပဲလား။ သားကြီးကို မျက်ဝန်းတင်းတင်းတွေနှင့် ကြည့်မိသည်။ မိမိစကားကို သားကြီးက ပိုရှုပင်နှာခံတတ်ခဲ့၏။ ဟန်နီလွန်နေတာလည်း မိမိမသိတာမဟုတ်ပေ။ လက်ထပ်ပြီးရင် အဆင်ပြေသွားနိုင်သည်ဟုပဲ ထင်မိသည်။

"ကောင်းပြီလေ မင်းက မာမီ့ဆန္ဒကို ငြင်းဆန်မယ်ဆိုရင်တော့ မာမီကတော့ မလွှဲသာမရှောင်သာပဲ သားအဖြစ်ကနေ စွန့်လွှတ်ရလိမ့်မယ်လေ၊ အရင်ကတော့ မာမီ့သားတွေက မာမီ့ဆန္ဒတွေကို ဖြည့်စွမ်းပေးကြမှာပဲလို့ ထင်မိခဲ့တာ၊ ငါမှားသွားတယ်၊ ခြေရာချင်းဟူလာရင် ဖြစ်တတ်တဲ့သဘာဝကို ငါမေ့လျော့ခဲ့တယ်"

"အဲဒီလိုမဟုတ်ပါဘူး မာမီ၊ သားက ဟန်နီလို မိန်းကလေးမျိုးကို ဘယ်တုန်းကမှ မနှစ်သက်ခဲ့တာပါ၊ ငယ်ငယ်လေးထဲက ဟန်နီနဲ့ လက်ထပ်ရမယ်ဆိုတာ မသိခင်ထဲကပါ"

မာမီ့မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ မာမီ့ကို သူချစ်သည်။ တာဝန်ဝတ္တရားတွေ ကျေပွန်လွန်းခဲ့တဲ့ မိခင်ပါ။ ဟန်နီ့လို မိန်းမတစ်ယောက်ကို သူဘယ်တော့မှ မနှစ်သက်ခဲ့တာပါ။ မာမီ ထည့်ထွက်သွားသည်။

"မာမီ"



www.burmeseclassic.com

www.burmeseclassic.com



မှာမီသည် တစ်စက်မှ လှည့်၍ပင်မကြည့်ဘဲ ထွက်သွားသည်။

"သား ဟန်နီချို့ကို လက်ထပ်ပါ့မယ်"

"မင်းတကယ်ပြောတာလား ဝဏ္ဏထင်"

"မာမို့ကြောင့်ပါ၊ သား ချစ်ခင်လေးစားရတဲ့ မာမို့ဆန္ဒတွေကို ဖြည့်စွမ်းပေးတာပါ"

"အေးလေ . . . ဘယ်လို့အကြောင်းနဲ့ပဲဖြစ်ဖြစ် မင်းလက်ထပ်မယ်ဆိုရင် ကျေးဇူးတင်ပါတယ်၊ ဟန်နီ့ဆန္ဒက မာ ဆန္ဒပဲ၊ ခင်ကြိုးကြာကိုတောင် သားငယ် ငြင်းဆန်မယ်ဆိုရင် ငြင်းဆန်နိုင်ခွင့်ရှိပါတယ်"

"မာမီရယ်"

"သားကြီးကို မာမီ အတင်းအကြပ် အမိန့်ပေးတာမျိုး တော့ မဟုတ်ပါဘူး၊ မာမီက တကယ့်ကို မလွဲမရှောင်သာလို့ပါ ကွယ်"

သူ မာမို့ဆန္ဒကို လိုက်နာရန်သာ ဆုံးဖြတ်ထားမိသည်၊ မာမီ စိတ်သောကဖြစ်မှာကို ဝဏ္ဏထင် မလိုလားမိပေ။ ဟန်နီချို့ အား လက်ထပ်ဖို့ပဲ ဆုံးဖြတ်ထား၏။ ဟန်နီချိုရောက်လာသည်၊





"အန်တီညို၊ ကိုကို့ကို ဟန်နီ စိတ်မချတော့ဘူး၊ ကိုကိုနဲ့ ခုချက်ချင်းပဲ လက်ထပ်ပေးပါ"

"အင်းပါကွယ်၊ အန်တီညို စီစဉ်နေပါပြီ၊ တစ်ပတ် တွင်း စီစဉ်မယ်၊ မင်္ဂလာဆွမ်းကျွေးလေးတော့ လုပ်သင့်တယ်၊ န်တီက ဟန်နီနဲ့သားကို ခမ်းခမ်းနားနား မင်္ဂလာပွဲကြီး ကျင်းပပေး ချင်တာပါ"

"နောက်မှလေ ဟန်နီက ကိုကိုနဲ့ တရားဝင်လက်ထပ် ချင်တယ်၊ စိတ်မချတော့လို့"

သူနားကြားပြင်းကပ်လာမိသည်။ ဟန်နီ့ကို ကြည့်မရ။ ယ်စဉ်လေးထဲကပဲ ဟန်နီနဲ့ ကင်းကင်းရှင်းရှင်းနေခဲ့သည်။ အခု ည်း စိတ်မချလို့လဲ ခင်ကြိုးကြာကိုလား။ သူနှင့်ကြိုးကြာကို ာင်သေးတာပဲ။ သူ့စိတ်တွေက ကြိုးကြာအပေါ် စိတ်လှုပ်ရှား သည်။ မဖြစ်သင့်တာပါပဲ။ သူမရဲ့ ပြုမူလှုပ်ရှားနေထိုင်မှုတွေက ထားတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ဟန်ပန်တွေ ဖြစ်နေသည်။

"ကိုကို"

"ဟင်"

"ဟန်နီနဲ့ လက်ထပ်ဖို့ပဲ ဆုံးဖြတ်လိုက်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"တကယ်"

"ဟန်နီ"

"ပြော"

"ကလေးမဆန်စမ်းပါနဲ့ကွယ်"

"မနက်ဖြန်ပဲ လက်ထပ်ကြမယ်နော်"

ကိုကို့လက်မောင်းတွေကို တွဲဖက်ပြီး ဟန်နီကမေးသည်။ ကိုကို့မျက်နှာကြီးက အူတူပူတူနှင့် အပြုံးအရယ်မဲ့နေ၏။ ဘာပဲဖြ ဖြစ်လေ ဟန်နီကတော့ ကိုကို့ကို ပိုင်ဆိုင်နိုင်ခွင့်ပဲ ဘာမှမလိုတော့ ဘူး။ လက်ထပ်မင်္ဂလာပွဲတွေဘာတွေ မလိုပါဘူး။ ကိုကိုက ဟ ကို နှစ်သက်တာလည်း ဟန်နီ့ရဲ့ပြီး ပိုင်ဆိုင်နိုင်အောင် ကြိုးစ တာလေ။ ဟန်နီ ပြုံးပျော်နေသည်။ ကြိုးကြာဆိုတဲ့ မိန်းမကတေ ထုံးစံအတိုင်း မီးဖိုခန်းထဲဝင်နေသည်။ ကိုကို့ကို စွဲဆောင်ဖြားယော သွေးဆောင်နေတာလား။ နန္ဒမိတ်ကိုတော့ ဘယ်သူက အထင်ပြ မှာလဲ။ ဒီကောင်က ဟန်နီ့ကို ချစ်နေသည်။ ဟန်နီ မကြိုက်ဆုံး ခင်ကြိုးကြာနဲ့ နန္ဒမိတ် ချစ်သူအဖြစ် နီးစပ်သွားအောင် ပြောရမ ကိုကို့လက်မောင်းကို တွဲချိတ်ပြီး ဟန်နီ တခစ်ခစ်ရယ်မော၏





သည်။

နန္ဒမိတ်ကတော့ ယောင်ချာချာနှင့် ခင်ကြိုးကြာအနားပဲ တိုးကပ်လာမိသည်။ ဟန်နီက ခင်ကြိုးကြာနဲ့ပဲ လက်ထပ်ပါတဲ့။ သူမရဲ့ စိတ်မချမှုတွေ လျော့ပါးသွားအောင်ပါတဲ့။ သူက ဟန်နီ့ အမိန့်ကို တသွေမတိမ်းလိုက်နာခံယူတတ်သည်။ ဟန်နီက မရွေးချယ်ပေ။ ခင်ကြိုးကြာအနားမှာပဲ နေပေးပါတဲ့။ သူယောင်ချာ ချာနှင့် နေရသည်။

"နန္ဒမိတ်"

"ဟင်"

"သခွားမွှေးလေးဖျော်ပေးမယ်လေ၊ သောက်ကြည့်မလား ဟင်၊ ကြိုးကြာသိပါတယ်၊ နန္ဒမိတ်ရင်တွေ အရမ်းပူနေတာပဲမဟုတ် လား"

"ကိုယ်က ဂျီးများတဲ့စားသုံးသူနော်"

"ဝေဖန်ရေးလိုအပ်နေတဲ့ အချိန်မို့ပါ၊ စားသောက်သူက အမျိုးမျိုးရှိနေတာလေ၊ တစ်ခါတစ်ရံ အရမ်းစိတ်တွေပင်ပန်းပြီး အပူမီးတွေလောင်မြိုက်နေတဲ့ စားသုံးသူတွေလည်း လာရောက်စား သုံးနိုင်တာပဲလေ၊ ကြိုးကြာတို့က အလိုက်သိစွာ ပြုစုပေးရမှာပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"OK"

ကြိုးကြာနှင့် စကားပြောနေရတာ စိတ်ပင်ပန်းမှုတွေ သက်သာသလိုပင်။ နန္ဒမိတ်အကြောင်းကိုပင် ကြိုးကြာက သိနေသည်။ ရွှင်လန်းတောက်ပတဲ့ အပြုံးတွေနှင့် သွက်လက်ပေါ့ပါးနေမှုက သူ့စိတ်ကို လန်းသွားစေနေ၏။ သူမနှင့်သူ လက်ထပ်ရမှာပါ။ ခင်ကြိုးကြာက မသိသေးပေ။ သူ့ကိုပဲ အသိပေးထားတာပါ။ လူတွေကို သူမရဲ့ စားသုံးသူတွေလို သဘောထားပြီး ပြုစုပေးနေသည်။

"ကဲ သောက်ကြည့်လိုက်ပါဦးရှင်၊ ကြိုက်နှစ်သက်ရင်ဝေဖန်လို့ရပါတယ်၊ ကျွန်မတို့က စားသုံးသူစိတ်ပျော်ရွှင်ချမ်းမြေ့မှုကို အဓိက ဝန်ဆောင်မှုပေးနေတာပါရှင်"

ကြိုးကြာ သိပါတယ်နော်။ နန္ဒမိတ် ရှင့်မျက်နှာကြီး ညှိုမဲညှိုးရော်နေတာလေ။ ဟန်နီချိုရဲ့ အမိန့်ကို ရှင်နာခံနေရတာမဟုတ်လား။ ဟွန်း ကြိုးကြာကိုတော့ အထင်မသေးပါနဲ့။ ယောကျ်ားလေးတစ်ယောက် (အဲဒီယောကျ်ားက ဘယ်လောက်ပဲချောမောခန့်ညားပြီး စည်းစိမ်ဥစ္စာတွေနဲ့ ပြည့်စုံကြွယ်ဝနေပါစေ)ကို ဘယ်တော့မှ ကြိုးကြာက စတင်မကြိုက်ဘူး။ မြူဆွယ်ဖြားယောင်း





တာတွေ မလုပ်ဘူး။ အဲဒါ ကျွန်မရဲ့ တန်ဖိုးအထားဆုံး မာနပဲလေ။ ဟန်နီချိုက သူမအားအထင်သေးပြီး ကိုဝဏ္ဏထင်အား ဖြားယောင်းမြူဆွယ်မည်ထင်မှတ်ကာ မထ္ထာပ်တိုင်တက်ပြနေသည်ဟုထင်မိသည်။ နန္ဒမိတ်ကိုတော့ ဟန်နီချို အတော်လေး အထင်သေးပုံပင်။ ကြိုးကြာ သနားပြီး နန္ဒမိတ်အား ညှော်ခံနေသည်။

"ဘယ်လိုလဲဟင် နန္ဒမိတ်"

"OK"

"နိုး"

BURMESE CLASSIC .com

"ဟင်း…အဲဒါတော့ စားသုံးသူက တမင်ရစ်တာပဲဖြစ်ပယ်၊ ဒီလိုတော့ လက်မခံဘူးနော်၊ ကျွန်မတို့ စားသောက်ဆိုင်ကလာပြီးရစ်နေတဲ့စားသုံးသူကိုတော့ ဝန်ဆောင်မှုမပေးနိုင်ပါဘူး၊ သောရီးပဲ"

သူမ ထွက်သွားမည်ပြင်လိုက်တော့ နန္ဒမိတ်က စိတ်ပူပြီးသူမလက်ကို လှမ်းဆွဲပြီး ထိုင်ခိုင်းသည်။ နှစ်ယောက်သား ဟန်ချက်ထိန်းနိုင်တော့ဘဲ လဲပြိုကျသွားသည်။

"ဝုန်း"

"အမလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"အား"

လဲပြိုသံတွေ အော်ဟစ်သံတွေ ဆူညံကာ ဘာတွေဘယ်လိုဖြစ်သွားမှန်းပင် မသိ။ သူ့ရင်ခွင်ထဲမှာ ခင်ကြိုးကြာက ထပ်လျက်သားကျနေသည်။

"ဘယ်လိုဖြစ်တာလဲညီ၊ ဘာတွေဖြစ်ကုန်တာလဲ ကြိုးကြာ"

သူက ကြိုးကြာကို ဆွဲထူပေးမည်ဟန်ပြင်တော့ ဟန်နီက နောက်မှ သူ့လက်ကိုဆွဲထားသည်။

"သူတို့ဟာသူတို့ ထကြပါလိမ့်မယ်ကိုကို၊ သွားမယ်"

"ဟန်နီ"

"ကိုကိုနဲ့ဘာဆိုင်လို့ သူတို့ကိစ္စပဲဟာ၊ ဟန်နီပြန်မယ်၊ ကိုကိုလိုက်ပို့တော့၊ ဟန်နီ မကြိုက်တာတွေကိုလုပ်ရင် အခုချက်ချင်းပဲ တရားရုံးမှာ လက်ထပ်မှာနော်"

လဲပြိုနေတဲ့သူတွေကို မကူညီဘဲ ဟန်နီ့စကားတွေကြောင့် ဝဏ္ဏထင် အားနာမိသည်။ နှစ်ယောက်သား လုံးထွေးနေပြီး ထလိုက်ကြ၏။ ခင်ကြိုးကြာမျက်နှာလေး နီရဲကာ ညီ့ရင်ခွင်ထဲမှ





လူးလဲထနေသည်။ ဟန်နီက အတင်းဆွဲခေါ်လာ၍ သူ လိုက်ခဲ့ရ၏။ စိတ်ပျက်စရာပဲ။ ဟန်နီရဲ့ အတ္တကြီးနေတာကို သူမကြိုက်မိ။ သူမ စကားကို ဆန့်ကျင်ပြန်ရင်လည်း အခုချက်ချင်းကြီး လက်ထပ်ဖို့ တောင်းဆိုမည်စိုး၍ သူနာခံနေရသည်။

"ထမင်းစားခန်းထဲမှ ဟိုနှစ်ယောက်က ဘာဖြစ်ကြတာလဲသားကြီး၊ ပြိုလဲသံတွေ ဆူညံသွားတာပဲ"

မာမီကမေးသည်။ ဟန်နီက အချစ်နာလန်ထနေကြတာဟု ပြောနေ၍ ဝဏ္ဏထင် စိတ်ပျက်သွားသည်။ ကြိုးကြာရဲ့ ဂုဏ်သိက္ခာကို စော်ကားသလိုမျိုး မပြောသင့်ဟု ထင်မိသည်။

"လဲကျသွားတာပဲ မာမီ၊ ညီ့ကြောင့်ပဲဖြစ်မယ်၊ ညီက ခင်ကြိုးကြာ အပြင်မထွက်အောင် တာဝန်ယူနေရတာထင်တယ်"

"ဘာပြောတယ်သားကြီး"

ဟန်နီ့အကျင့်ကို သူသိသည်။ ခင်ကြိုးကြာအပေါ် အလကားနေရင်း မနာလိုဖြစ်ပြီး နှိမ်ချပြောဆိုချင်နေတာပဲဖြစ်၏။ မာမီ့ကိုတော့ သူရှင်းပြလိုက်ရသည်။

"သူတို့နှစ်ယောက် ရင်းနှီးတာကောင်းပါတယ်လေ၊ မာမီတို့ရှောင်ပေးရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟန်နီ ဆွဲခေါ်သဖြင့် သူလိုက်လာခဲ့ရသည်။ ခင်ကြိုးကြာနှင့် ညီတို့ ရင်းနှီးကျွမ်းဝင်သွားမှာကို သူစိတ်ပူနေမိသလိုပင်။ ညီရာ မင်းကကောင်းပါတယ်ကွာ။ ကိုကို ဘယ်လိုလုပ်ရမလဲ။ ဘဝတစ်လျှောက်လုံး အိမ်ထောင်သက်တမ်းတစ်လျှောက်လုံး စိတ်သောကတွေနဲ့ ရင်ဆိုင်ဖြတ်သန်းသွားရမှာလား။ ဟန်နီ မျက်နှာက စူပုတ်သိုးနေသည်။

"ကိုကို"

"ဟင်"

"ဘာဖြစ်နေတာလဲ၊ ခင်ကြိုးကြာက ကိုကိုနဲ့ ဘာဆိုင်လို့လဲ၊ ပြောပါဦး၊ နက္ခမိတ်လက်ထပ်ရမှာလေ"

"ဟုတ်ပါတယ်၊ ကိုကိုက ဘာပြောလို့လဲ၊ ကိုယ့်အိမ်မှာလာတည်းတဲ့ ဧည့်သည်ကို ထိန်းထိန်းသိမ်းသိမ်းစကားပြောသင့်တယ်ထင်တယ် ဟန်နီ"

"ပြောမှာပဲ ကိုကိုက ဘာဖြစ်လို့ ဒီလောက်အထိ အဖြစ်သည်းနေရတာလဲလို့"

"ကိုယ်တောင်းပန်ပါတယ်၊ ဟန်နီ ကိုယ်က အလုပ်များတဲ့လူပါ၊ ဟန်နီကိုလည်း ထိန်းသိမ်းတတ်တဲ့ ဇနီးကောင်း





တစ်ယောက်ဖြစ်စေချင်တယ်လေ"

"ဟန်နီ့ကို အမိန့်ပေးနေတာလား ကိုကို"

"ဟန်နီ"

"မသိဘူးကွာ၊ ဘာအိမ်ရှင်မလဲ၊ ဒီလောက်ပိုက်ဆံတွေချမ်းသာနေတာ၊ အစိပ္ပာယ်မရှိ အပင်ပန်းခံနေရမှာလား၊ အရူးတွေပဲ"

"အဲဒီလိုအယူအဆတွေကို မုန်းတာကွ"

"ဘာပြောတယ်ကိုကို မုန်းတယ်ဟုတ်လား၊ အဲဒီရှင်မုန်းတဲ့မိန်းမကိုပဲ ကျွန်မရအောင်ယူပြမယ်၊ အိမ်ရှင်မတွေ ဘာတွေလာမပြောနဲ့၊ ဟန်နီ့ကို ပေါက်ကရတွေ စွပ်စွဲပြီး ရှောင်ဖယ်ဖို့ မကြိုးစားပါနဲ့"

"ဒုက္ခပါပဲကွာ"

လူတွေအပေါ် အနိုင်ကျင့်ချင်တဲ့ ဟန်နီချိုလို မိန်းမတစ်ယောက်ရဲ့ စရိုက်တွေကို ဝဋ္ဋာထင် ဘယ်လိုမှ ပြုပြင်လို့မရနိုင်ကြောင်း သိလိုက်ပြီဖြစ်သည်။

ဝ ❑ ဝ



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၀)

BURMESE CLASSIC .com

"ရှင်ဘာလုပ်တာလဲ နန္ဒမိတ်၊ ကျွန်မလက်ကို ဘာဖြစ်လို့ ဆွဲရတာလဲ"

"ကိုယ်တောင်းပန်ပါတယ် ကြိုးကြာ၊ မင်းထွက်သွားမှာစိုးရိမ်ပြီး မင်းလက်ကိုဆွဲမိတာပါ"

ကြိုးကြာ ဒေါသတွေ ပေါက်ကွဲသွားတော့မလိုဖြစ်သွားပြီးမှ စိတ်တွေကို ထိန်းချုပ်လိုက်ရသည်။ ကြိုးကြာ ခန္ဓာကိုယ်လေး ထူပူသွားရပြီး ရက်ရက်နှင့် သူ့ရင်ခွင်ထဲမှ လူးလဲထလိုက်ရ၏။ ရှင်က ဟန်နီအမိန့်အရ ကြိုးကြာကို အပြင်မထွက်စေချင်တာမဟုတ်လား။ မုန်းလိုက်တာ။ ကြိုးကြာကို အထင်သေးတာပဲ။





သူမ နှုတ်ခမ်းလေးတွေက စူတင်းနေသည်။

"ကျွန်မကို အပြင်မထွက်စေချင်လို့ မဟုတ်လား၊ ဘာဆိုင်လဲ၊ ကျွန်မကို ဘာအခွင့်အရေးနဲ့ တားဆီးနေရတာလဲ"

"ခင်ကြိုးကြာ ခင်ဗျားက စားသုံးသူကို ရန်ထောင်နေတာလား၊ အများနဲ့ပတ်သက်ဆက်ဆံရမယ့်သူက ဒီလောက်ဒေါသမကြီးရဘူးလေ၊ လေ့ကျင့်မှပေါ့"

"ဘာရှင့်"

"ကိုယ်တောင်းပန်ပါတယ်၊ အမှတ်တမဲ့ဖြစ်သွားရတာပါ၊ ကြိုးကြာ မင်းကို ထွက်မသွားစေချင်တဲ့စိတ်က လောကြီးသွားတာပါ"

"ဘာကြောင့်လဲ၊ ကျွန်မမှာ ဟန်နီချိုရှိနေရင် အပြင်ထွက်ပိုင်ခွင့်မရှိဘူးလား၊ ဘာဖြစ်လို့လဲဟင်၊ ကျွန်မနဲ့ ကိုဝဏ္ဏထင်က ဟန်နီချိုရှေ့မှာ ပတ်သက်ဆက်ဆံပိုင်ခွင့်မရှိဘူးလား"

"မရှိဘူး"

"ဘာရှင့်"

"အဲ...တောင်းပန်ပါတယ်၊ ကြိုးကြာရှိပါတယ်၊ ဒါပေမယ့် ဟန်နီက အားငယ်တတ်တယ်လေ၊ ကျန်းမာရေးလည်း



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဘူး၊ ဟန်နီ့အတွက် ကိုယ်အရမ်းပဲ စိတ်လောကြီးသွားမိလို့ ပါ''

''ကျွန်မကို မဆီမဆိုင်လာပြီး ပြဿနာရှာနေမယ်ဆိုရင် တော့ ကျွန်မ ဒီမှာတည်းခိုနေထိုင်ဖို့ မဖြစ်တော့ဘူးထင်တယ်''

''အဲဒီလိုတော့မလုပ်ပါနဲ့ ကြိုးကြာ၊ ကိုယ်တောင်းပန်ပါ တယ်၊ နောက်တစ်ခါ မဖြစ်စေရပါဘူး၊ ကိုယ်ကတိပေးပါတယ်''

နန္ဒမိတ် ပြာပြာသလဲနှင့် ခင်ကြိုးကြာအား တောင်းပန်နေ မိသည်။ သူ့အမှားပဲ။ ခင်ကြိုးကြာက ဘာမှမသိသေးဘဲ ဟန်နီ က ပြဿနာရှာနေတာကို သူကပါလိုက်ပြီး အားပေးအားမြှောက် ပြုနေသလိုပင်။ ခင်ကြိုးကြာကိုပဲ အားနာသွားပြီး အနူးအညွတ် တောင်းပန်မိနေသည်။

''ကိုယ်တောင်းပန်ပါတယ်၊ အနူးအညွတ်တောင်းပန်တာ ပါ၊ ခင်ကြိုးကြာမှာ အပြစ်မရှိပါဘူး၊ ကိုယ်မှားတာပါကွာနော်''

ကြိုးကြာ နှုတ်ခမ်းသားလေးတွေကို စူထော်ပစ်လိုက်မိ သည်။ တော်တော်ဆိုးတဲ့ နန္ဒမိတ်ပဲ။ ဟန်နီချိုအတွက်ပဲ ဖြစ်နေတော့ မှာလား။ ကိုကိုနှင့် လက်ထပ်ဖို့ ရည်ရွယ်ထားတဲ့ မိန်းကလေး တစ်ယောက်အပေါ် ရှင်ဒီလောက်အထိ အစွဲအလမ်း သံယောဇဉ်





တွေ ကြီးမနေသင့်တော့ပါဘူး။ ဟန်နီချိုက ကိုကိုဝဏ္ဏထင်ကို အရူးအမူး အထင်တကြီး စွဲလမ်းနှစ်သက်နေတာလည်း အပြစ်တော့ ပြောလို့မရပါဘူးလေ။ ကိုကိုက ယောကျ်ားပီသစွာ ချောမော ခန့်ညားပြီး အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးပဲ။ သူမကတော့ ကိုကို့ထက် နန္ဒမိတ်အပေါ် သံယောဇဉ်တွယ်မိနေသလိုပင်။ ကိုကို့ မျက်ဝန်းတွေက မာထန်ပြီး မာန်တွေအပြည့်ဖြစ်နေသည်။ နန္ဒမိတ် က ဖြူစင်နေ၏။ မာနကင်းမဲ့နေတဲ့ အကြင်နာမျက်ဝန်းတွေ ပိုင်ဆိုင် ထား၏။ မိန်းကလေးတစ်ယောက်ကို ချစ်မြတ်နိုးကြင်နာတတ်တဲ့ ယောကျ်ားတစ်ယောက်ကိုပဲ ကြိုးကြာ နှစ်သက်တာပါ။ ကြိုးကြာ အတွက်ကတော့ ငွေကြေးစည်းစိမ်ချမ်းသာတွေ မလိုအပ်တော့ဘူး ဟု ထင်မိထားသည်။

''ကြိုးကြာ''

''ကောင်းပြီလေ နောက်တစ်ခါ မဖြစ်အောင်တော့ ထိန်းခြင်ပါ၊ ကျွန်မက ကိုကို့ကိုလည်း စိတ်ဝင်စားပြီး မြူဆွယ်ဖြား ယောင်းသွေးဆောင်နေတာ မဟုတ်ဘူးလေ''

''ဟုတ်ပါတယ် ကြိုးကြာရယ်၊ ကိုယ်မှားတာပါ၊ ဟန်နီ က ကိုယ်ငယ်ငယ်လေးထဲက သနားကြင်နာပြီး သံယောဇဉ်တွယ်



www.burmeseclassic.com

www.burmeseclassic.com



တာလာခဲ့ရတဲ့ မိန်းကလေးတစ်ယောက်ပါ၊ နားလည်ပေးပါ ကြိုးကြာ"

"ရှင့်အစ်ကိုနဲ့ လက်ထပ်မှာလေ"

"ဟုတ်ပါတယ်၊ ကိုယ့်မေတ္တာစေတနာတွေက ဖြူစင်ပါတယ်၊ ဟန်နီ့စိတ်ပျော်ရွှင်နေဖို့ ဖန်တီးဖြည့်စွမ်းပေးချင်တယ်၊ ဟန်နီလက်ထပ်ချင်တဲ့ကိုကိုနဲ့ လက်ထပ်ခွင့်ရစေချင်ပါတယ်၊ ကိုယ်ပေးဆပ်ချင်တယ်လေ"

"ကျွန်မသွားတော့မယ်၊ အခုလောက်ဆို ရှင့်ဟန်နီချိုလည်း ပြန်သွားလောက်ပါပြီ"

သူမပြန်ထွက်လာခဲ့သည်။ လမ်းမှာ အန်တီညိုနှင့်တွေ့တော့ ကြိုးကြာလေး ဘာဖြစ်တာလဲဟု မေးနေ၏။ သူမ ဘာမှမဖြစ်ပါဘူး။ လဲကျသွားတာပါဟုပဲ ဖြေသည်။ သူမအိပ်ခန်းထဲပြန်ရောက်တဲ့အထိ ရှက်စိတ်တွေနှင့် သူမကိုယ်လေး နွေးထွေးနေရ၏။ ယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင်ထဲကို ပထမဆုံးအကြိမ်ရောက်သွားရသည်။ ရှက်လိုက်တာ။ ကြိုးကြာက မာနနဲ့နေခဲ့တာပါ။ ယောကျ်ားတွေနဲ့ တရင်းတနှီး နီးနီးကပ်ကပ်ပင်မနေခဲ့။ ကြိုးကြာ စီးပွားရေးလုပ်ဖို့ပဲ ဝါသနာပါတာ။ ရှင့်ဟန်နီချိုအတွက်





ဒီလောက်အထိ ဂရုဓိုက်သိက္ခာမဲ့အောင် အသိတရားကင်းမဲ့ရလား။ အဖြစ်သည်းလိုက်တာ။ ကြိုးကြာစိတ်ထဲမှာ မနာလိုဝန်တိုနေမိ၏။ သူ့မျက်နှာပေါ်မှာ သူမမျက်နှာလေးက အပ်နေသည်။ မတွေးရဲတော့ဘူး။ ကြိုးကြာ သူ့ရှေ့မှာ ဟန်ဆောင်နေပြလာခဲ့ပေမယ့် အခန်းထဲမှာရောက်မှ ထူထူပူပူကြီးနှင့် ရင်တွေလှိုက်ဖိုတုန်ရီနေမိသည်။

"ကြိုးကြာ"

"ရှင် အန်တီညို၊ ဝင်ခဲ့လေ၊ တံခါးဖွင့်ထားပါတယ်"

"အမလေး...အန်တီညို တံခါးတွန်းကြည့်တာ လုံးဝမဖွင့်ဘူးလေ၊ အဘွားကြီးအားတွေများ နည်းလာလို့လား"

"ရှင်"

ဟုတ်သားပဲ သူမတံခါးပိတ်လိုက်မိတာ မေ့လျော့နေသည်။ ကြိုးကြာ နင်တော့သွားပြီ။ ဘာမှမဟုတ်တာလေးကို တုန်ရီချောက်ချားနေတယ်။ သူမ အယောင်ယောင်အမှားမှား ဖြစ်သွားရတာ မကျေမနပ် ဖြစ်ရသည်။ စိတ်တွေကို အတော်လေး ထိန်းချုပ်ပြီးမှ တံခါးထဖွင့်ပေးရ၏။ အန်တီညိုက ပြုံးကြည့်နေသည်။

"ကြိုးကြာ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေးတစ်ခုခုဖြစ်နေလား၊ အန်တီညို့သားတွေနဲ့ ပတ်သက်ပြီး တစ်ခုခုများ ခံစားနေရလားကွယ်"

"ရှင်"

"နန္ဒမိတ်က နည်းနည်းတော့ဆိုးတယ်၊ ကြိုးကြာအပေါ် များ ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံလားလို့"

"မဟုတ်ပါဘူး အန်တီညို၊ ကြိုးကြာ ချော်လဲလို့ နည်းနည်းလေးရက်သွားတာပါ၊ နန္ဒမိတ်ရှေ့မှာလေ"

"အန်တီညိုက ကြိုးကြာမျက်နှာလေး ပျက်နေလို့ စိတ်ပူ ပြီး လာမေးတာပါ"

အန်တီညိုက သူငယ်ချင်းသမီးတွေအပေါ် သားသမီးကဲ့သို့ နွေးထွေးစွာဆက်ဆံတတ်သည်ဟု ထင်မိသည်။ တာဝန်လည်းကျေ ၏။ ဟန်နီ့ကိုလည်း သားတွေရဲ့ဆန္ဒကို ဆန့်ကျင်ပြီး ဟန်နီဆန္ အတိုင်းပဲ ဖြစ်စေခဲ့သည်။

"ကြိုးကြာကပဲ အားနာရမှာပါ အန်တီညိုရယ်၊ အားလုံ တာဝန်ကြေလို့လေ၊ နန္ဒမိတ်ကလည်း ကြိုးကြာနဲ့ သိပ်မရင်းနှီးသေ လို့ပါ၊ သူက မေတ္တာတရားကြီးမားတဲ့ ယောကျ်ားတစ်ယောက်လို့ ထင်မိပါတယ်"





"အေးကွယ်"

"ကြိုးကြာအတွက် ဘာမှမပူပါနဲ့နော်၊ အဆင်ပြေပါတယ်၊ ပျော်လည်းပျော်ပါတယ် အန်တီညို"

"ကောင်းပါပြီကွယ်၊ လိုအပ်တာရှိရင်လည်း အားမနာနဲ့ နော်၊ အန်တီညို့ကို ပွင့်ပွင့်လင်းလင်းသာ ပြောနော်"

"ဟုတ်ကဲ့ပါ"

ဒေါ်ညိုညိုဝေကတော့ ဟန်နီချို့အပေါ် ကရုဏာသက်ပြီး နားလည်ခွင့်လွှတ်နိုင်ပေမယ့် ဟန်နီချို့အပြုအမူတွေအတွက် ...င်ကြိုးကြာလေး နားမလည်မှာပဲ စိတ်ပူမိနေသည်။ လိမ္မာရေးခြား ရှိနေတဲ့ ကြိုးကြာလေးအတွက် မိမိစိတ်အေးနေရ၏။ သားငယ်နဲ့ လက်ထပ်ဖို့ သားငယ်ကို သဘောမကြပါ့မလား။ သားကြီးကို ...သဘောကျသွားလို့မဖြစ်ပါဘူး။ ကြိုးကြာလေး အခန်းထဲမှ ဒေါ်ညို ညိုဝေ ထွက်လာခဲ့သည်။

"သားငယ်"

"မာမီ"

"ကြိုးကြာလေးက သားငယ်ရှေ့မှာ ချော်လဲသွားလို့ ...ရက်နေတာတဲ့၊ တော်ပါသေးရဲ့ကွယ်၊ သားငယ်ကြောင့် ကြိုးကြာ



www.burmeseclassic.com

www.burmeseclassic.com



လေး စိတ်အနှောင့်အယှက်မဖြစ်ပါစေနဲ့"

"မာမီ"

"ပြော"

"ကိုကိုက ဟန်နီ့ကို လက်ထပ်မှာလား"

"လက်ထပ်ရမယ်လေ၊ ဟန်နီရွေးချယ်တဲ့သားနဲ့ လက်ထပ်ရမယ်လို့ မာမီအစောကြီးထဲက ပြောထားတာပဲ၊ မင်းလည်း ကြိုးကြာနဲ့ လက်ထပ်ရမယ်"

ကြိုးကြာက သူလက်ထပ်သင့်တဲ့ မိန်းကလေးပါပဲ။ သူစိတ်ပူရတာက ဟန်နီပဲ။ ကိုကိုက စိမ်းသည်။ ဟန်နီ့ကိုမချစ်။ ဟန်နီ့အပေါ် နားလည်မှုပေးနိုင်မှာမဟုတ်ပေ။ ကိုကိုနှစ်သက်သဘောကျတဲ့ မိန်းကလေးမျိုးဖြစ်အောင်လည်း ဟန်နီက မနေခဲ့ပေ။ သူကတော့ ဟန်နီ့ကိုချစ်သည်။ သံယောဇဉ်ကြီးမားစွာ တွယ်ငြိနေမိ၏။ ကြိုးကြာကို သံယောဇဉ်တွယ်ဖို့ဆိုတာ အချိန်ယူရဦးမည် ဖြစ်သည်။

"သားတို့က ပြောင်းပြန်တွေဖြစ်နေကြပြီထင်တယ် မာမီ"

"မတတ်နိုင်ဘူးလေ သားငယ်၊ ဟန်နီရဲ့ရွေးချယ်မှုပဲ မာမီ စီစဉ်တော့မယ်"





သူ့အိပ်လို့ပင်မရ။ တော်တော်လေးညဉ့်နက်မှ ကိုကိုပြန်လာသည်။ စိတ်ပျက်အားလျော့နေတဲ့ ကိုကို့ပုံစံက နွမ်းလျနေ၏။ ဟန်နီကျေနပ်အောင် နေခဲ့ရတာပဲဖြစ်နိုင်၏။ သူ့အခန်းထဲ ကိုကိုဝင်လာသည်။

"ညီ"

"ဗျာ"

"မနက်ဖြန် ကိုကို့ရုံးခန်းကို ညီပဲသွားပြီး ထိုင်ပေးပါကွာ၊ အရေးကြီးတဲ့ကိစ္စတွေ မှတ်ထားပေးဖို့ပါပဲ"

"ကိုကိုကရော"

"ဟန်နီ့ဆီသွားရမယ်၊ မနက်စာအတူစားမလို့တဲ့လေ၊ ကိုကို ရတ်တရက်ကြီး လက်မထပ်ချင်သေးဘူးကွ၊ အချိန်ယူရမယ်လေ၊ လောလောဆယ်တော့ ဟန်နီကျေနပ်အောင် နေပေးရမှာပဲ"

"ကိုကို"

"ပြော"

"ဟန်နီ့ဆန္ဒတွေအတိုင်း အမြန်ဆုံးလက်ထပ်ပါ၊ ဟန်နီ့ကို ပျော်ရွှင်မှုပေးနိုင်တာဆိုလို့ ကိုကိုပဲရှိတာပါ၊ လက်ထပ်လိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



ကိုကို''

''ဖြစ်နိုင်ရင် ကိုကို လုံးဝလက်မထပ်ချင်ဘူး၊ ဟာန်နီ့ အကျင့်စရိုက်တွေကို မကြိုက်ဘူးကွာ၊ ညီက သည်းခံနိုင်ပေမယ့် ကိုကိုကတော့ စိတ်ပျက်တယ်၊ လက်မထပ်ချင်ဘူး၊ လူတွေကို အနိုင်ကျင့်တတ်တာရယ်၊ လူမှုရေးနားမလည်တာတွေက ကိုကို စိတ်အပျက်ဆုံးပဲ''

''လက်ထပ်ပြီးရင် ပြင်သွားမှာပါကိုကို၊ ဟာန်နီ့ဘဝအခြေခံအကြောင်းတွေကြောင့် ဖြစ်နေရတာပါ''

''ညီရာ ဟာန်နီရွေးချယ်ရမှာက ညီပဲ၊ ကိုကို့ကို ဒုက္ခပေးဖို့ထင်တယ်''

ကိုကိုပြောပြီး ပြန်ထွက်သွားသည်။ ကိုကို့အနေနှင့် ဟာန်နီ့ အပေါ် နားလည်ပေးသင့်ပါတယ်လေ။ သူအိပ်ပျော်အောင် အိပ်မိ၏။ သူ့စိတ်တွေက တစ်ခါတစ်ရံ ခင်ကြိုးကြာနှင့် ဖြစ်ပျက်ခဲ့တာတွေကို အမှတ်ရနေသည်။

''ရှင်ဘာဖြစ်လို့ အဲဒီလိုလုပ်ရတာလဲ၊ ဟာန်နီ့အတွက်ပဲ ရှင်ကြည့်နေတော့မှာလား''

ခင်ကြိုးကြာ သူ့ရင်ခွင်ထဲမှာ လဲပြိုကျသွားသည်။ ရင်ထဲမှာ ယခုထိ နွေးထွေးနေဆဲပင်။ ချောမောလှပသော မိန်းကလေးတစ်ယောက်ရဲ့ အိစက်နွေးထွေးသော အထိအတွေ့ကို ခံစားရတာ သူ့အတွက်တော့ ပထမဆုံးပါပဲ။ ခင်ကြိုးကြာ မင်းကို အထင်ကြီးတဲ့ သူတွေ၊ ချစ်မြတ်နိုးမယ့်လူတွေက အများကြီးပါကွာ။ ဟာန်နီက စိတ်မြန်ဆန်လွန်းပြီး မကျေနပ်မှုတွေက များနေတော့ သူမစိတ်တွေကို မထိန်းသိမ်းနိုင်ဘူးလေ။ စိတ်ပူတယ်။ ဟာန်နီ့ဘဝ ဘယ်လိုရှေ့ဆက်မလဲ။ ကိုကိုကလည်း ဟာန်နီ့ကိုမချစ်ပါဘူး။ မုန်းနေတာပါ။ ဟာန်နီ့အကြောင်းတွေမိတိုင်း သူ့စိတ်တွေ လေးလံနေရသည်။

''ဟာန်နီက ညီ့ကိုပဲ ရွေးချယ်သင့်တာပါကွာ၊ ဒီကောင်မလေး အကျင့်ယုတ်ပြီး ကိုကို့ကို ရွေးချယ်တာကွ၊ တမင်သက်သက်ပြဿနာရှာချင်လို့''

ကိုကိုက မလွဲသာမရှောင်သာလို့ ဟာန်နီ့ကို လက်ထပ်မှာပါ။ ကိုကိုအထင်ကြီးတာက ခင်ကြိုးကြာပဲဖြစ်နေသည်။ မဖြစ်ဘူး။ သူ့အနေနှင့် ခင်ကြိုးကြာ သူ့ဘက်ပါစေရန် ကြိုးစားရမှာပဲဖြစ်၏။ သူက ဟာန်နီ့အား ပျော်ရွှင်ချမ်းမြေ့စေချင်တာပဲဖြစ်သည်။

''နင်ဘာဖြစ်လို့ ငါ့ဆီကို ခဏခဏလာနေရတာလဲ ရှုမိတ်၊ နင့်ကိုမတွေ့ချင်ဘူး၊ ငါတွေ့ချင်တာ ကိုကိုပဲ၊ နင်လာနေ







www.burmeseclassic.com

www.burmeseclassic.com



တော့ ကိုကိုက မလာတတ်ပဲဖြစ်မယ်၊ နင်ပြန်တော့၊ နင့်ကိုမတွေ့ချင်ဘူး"

သူရောက်လာတိုင်း ဟန်နီက ဒေါသတကြီး မောင်းထုတ်ပစ်တတ်လေသည်။ ဟန်နီ ဘယ်လောက်ပဲ ဆိုးပါစေ သူ့နှလုံးသားတွေက နားလည်ပေးနိုင်၏။ သနားကြင်နာနေမိသည်။

"နင်ဘာဖြစ်လို့ ငါ့ကို သနားနေရတာလဲ နန္ဒမိတ်၊ မလိုချင်ဘူး၊ နင်သနားစရာလည်း မလိုဘူး၊ နင်တကယ်ပဲ ငါ့ဆန္ဒတွေကို ဖြည့်စွမ်းပေးချင်တယ်ဆိုရင် ကိုကို ငါ့ဆီလာအောင်လုပ်ပေးပါ"

ဟန်နီ ဆန္ဒကို သူဖြည့်စွမ်းမပေးနိုင်တာဆို၍ ကိုကို့အချစ်တွေ ရရှိအောင် လုပ်ဆောင်မပေးနိုင်တာပဲရှိသည်။ အဲဒါကိုပဲ ဟန်နီက ဒေါသဖြစ်နေတာလား။ သူ့မျက်လုံးတွေကို မှိတ်ပစ်လိုက်သည်။

၀ ● ၀



# အခန်း (၁၁)

"အားလုံးပဲ မနက်စာစားသုံးရန် အဆင်သင့်ဖြစ်ပါပြီ"

အပေါ်ထပ်လှေကားထိပ်မှ ချိုအီအီအသံလေးက သူ့ကို လှုပ်နှိုးလိုက်သလိုဖြစ်သွားသည်။ မနက်စာအတွက် ကြိုးကြာပဲ စီစဉ်တာဖြစ်နိုင်၏။ အပေါ်ထပ်အခန်းတွေက မျက်နှာချင်းဆိုင်ဖြစ်ပြီး သူရယ် ကိုကိုရယ်၊ မာမီရယ်ပဲ အိပ်ကြသည်။

"အန်တီညို နိုးပြီလား"

"အေးကွယ် ကြိုးကြာလေး"

"မနက်စာစားဖို့ အဆင်သင့်ပဲနော်"

"အေး...အေး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုရော နိုးပြီလား"

"OK ကြိုးကြာလေးရေ"

"မနက်စာ စားသုံးနိုင်ပါပြီနော်"

"ကောင်းပြီ၊ အခုပဲ ကိုကိုက ကြိုးကြာလေးနဲ့ လိုက်ခဲ့လို့ရနေပါပြီ"

"ကြွပါရှင်"

တံခါးဖွင့်ပြီး ကိုကိုထွက်လာကာ ကြိုးကြာနှင့်အတူ ဆင်းသွားကြသည်။ သူ့ကိုတော့ အရေးအရာမလုပ်တဲ့ သဘောလား။ ခင်ကြိုးကြာက အသံမပြုပေ။ ဟန်နီပြောသလိုပဲ ခင်ကြိုးကြာက ကိုကို့ကို မြူဆွယ်ဖြားယောင်းနေတာလား။ တကယ်ဆို နန္ဒမိတ်ရော နိုးပြီလား။ ထတော့လေဟု နှိုးရမှာမဟုတ်လား။ မာမီနှင့် ကိုကို့ကိုပဲ နှိုးပြီး ဆင်းသွားသည်။ မင်းဘာအချိုးချိုးတာလည်း ခင်ကြိုးကြာ။ ငါ့ကို အထင်မကြီးတာလားကွာ။ သူ ဒေါသထွက်ကာ တမင် မနက်စာစားဖို့ မဆင်းတော့ဘဲ အိပ်ပစ်လိုက်သည်။

"ဒေါက်...ဒေါက်"

"သားငယ်"

မာမီ့အသံနှင့်အတူ သူ့အခန်းတံခါးကို ခေါက်သည်။





ခင်ကြိုးကြာ မင်းဘာဖြစ်လို့ မလာရတာလဲ။ သူမရဲ့ ဖော်ရွေပြုံးရွှင်စွာ ချိုအီအီအသံလေးက ကိုကို့အတွက်ပဲလား။ မာမီက သားငယ် ထတော့လေ၊ မနက်စာစားဖို့ အားလုံးရောက်နေပြီ။ ဆင်းလာခဲ့ဟု ခပ်မာမာလေးပြောကာ ပြန်ထွက်သွားသည်။ မထဘူးကွာ။ ဘာဖြစ်လဲ။ မာမီ ဆူချင်ဆူပါစေ၊ မင်းကိုယ့်ကို ချန်ထားခဲ့တာတော့ လုံးဝအခွင့်မရှိဘူး။ မင်းက ငါနဲ့လက်ထပ်ရမယ့် မိန်းကလေးပါ ခင်ကြိုးကြာ။ သူဆက်ပြီး အိပ်နေသည်။

"ဒေါက်...ဒေါက်"

"ဒေါက်"

"အစ်ကိုလေး မေမေကြီးက အမြန်ဆင်းလာပါတဲ့၊ ဒေါက် ဒေါက် အစ်ကိုလေး"

"လာမယ်လို့ပြောလိုက်"

"ဟုတ်ကဲ့"

သူထလိုက်ရသည်။ ခင်ကြိုးကြာမလာဘဲ အိမ်ဖော်မလေးပဲလာ၏။ မထလို့ကလည်းမဖြစ်တော့။ နန္ဒမိတ် ရေချိုးခန်းထဲဝင်ပြီး မျက်နှာသစ်၊ သွားတိုက်ရေချိုးလိုက်သည်။ ခင်ကြိုးကြာကို မကျေနပ်မိ။ ခင်ကြိုးကြာကို သူ့ဘက်ပါလာအောင် ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ဆွဲဆောင်ရမှန်းပင်မသိတော့။ ဟန်နီ့အတွက် ကိုယ်ဘာမဆိုလုပ်ရမှာပဲ။ သူ အဝတ်အစားလဲပြင်ဆင်ပြီး အပြင်ထွက်ဖို့ အခန်းတံခါးကို ဖွင့်လိုက်သည်။

"အို"

"ဟင်"

"ဟာ"

"အမလေး"

အခန်းတံခါးကို တွန်းဖွင့်လိုက်တဲ့ ခင်ကြိုးကြာရဲ့ ကိုယ်လုံးလေးက အရှိန်လွန်ပြီး တံခါးကိုဆွဲဖွင့်လိုက်တဲ့ သူ့ရင်ခွင်ထဲ အတိအကျ ပြိုလဲကျလာရပြန်သည်။ သူ့လက်တွေကလည်း အလိုက်သင့် စိုးရိမ်တကြီး ဆီးကြိုပွေ့ဖက်ထားမိသည်။ ပထမတော့ သူ အထိတ်တလန့်ဖြစ်သွားရပေမယ့် ကိုယ်လုံးအိအိလေးကို တင်းကြပ်စွာ တမင်ပွေ့ဖက်ထားလိုက်သည်။

"ရှင်…ရှင် ဘာလုပ်တာလဲ၊ လွှတ်ပါ"

နန္ဒမိတ် မင်းအတွက်ခွင်ပဲ။ ခင်ကြိုးကြာကို မင်းဘက်ပါအောင် လုပ်ရမယ်လေ။ ကိုယ့်ကို အဖက်မတန်သလို လုပ်သွားတဲ့ ခင်ကြိုးကြာကို ဒဏ်ပေးရမယ်။ သူ့လက်မောင်းတွေက ပြေလျော့





မသွားဘဲ ခင်ကြိုးကြာကိုယ်လေးအား တင်းတင်းလေး ဆွဲယူပွေ့ဖက်ထားမိသည်။

"လွှတ်စမ်း နန္ဒမိတ်၊ ဘာလုပ်တာလဲ အကျင့်မယုတ်နဲ့နော်"

"မင်းက ကိုယ့်ရင်ခွင်ထဲ တိုးဝင်လာတာပဲ ကြိုးကြာ"

"ဘာ"

"ကံကြမ္မာနတ်မင်းကြီးက ကိုယ့်ကို အခွင့်အရေးပေးတာပဲ ဖြစ်မယ်ထင်တယ်၊ စောစောက ကိုယ့်ကိုမရှိုးဘဲ ချန်ထားခဲ့လို့ ကိုယ်မကျေမနပ်ဖြစ်ပြီး ဆုတောင်းလိုက်တာလေ"

"ဘာရှင့်၊ လွှတ်နော် အဲဒီလိုမလုပ်နဲ့၊ နင်အခွင့်အရေးယူတတ်တဲ့သူလား နန္ဒမိတ်၊ လွှတ်နော်"

"မလွှတ်ဘူးကွာ၊ ဘာဖြစ်လဲ၊ ကိုယ့်ရင်ခွင်ထဲ ရောက်လာတဲ့ မိန်းကလေးက မင်းပထမဆုံးပဲလေ၊ ကိုယ်အစောကြီးထဲက ကိုယ့်ချစ်သူလို့ သတ်မှတ်ပြီးသားပဲဟာ"

"ဘာ…ဘာချစ်သူလဲ၊ လွှတ်နော်၊ မလွှတ်ရင် အန်တီနဲ့ ကိုကို့ကို အော်ခေါ်လိုက်မှာ"

သူမက ဒေါသတကြီး မာမာထန်ထန်ပြောနေပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



သူက မလွှတ်တဲ့အပြင် သူမရဲ့ ရှုထော်နေတဲ့ နှုတ်ခမ်းဖူးဖူးလေးအား ငုံနမ်းပစ်လိုက်မိသည်။ သူမခန္ဓာကိုယ်လေး တခဏတ်ဆတ်ခါသွားပြီး ရှုန်းဖယ်နေ၏။ မတတ်နိုင်တော့ဘူး ကြိုးကြာ။ မင်းနဲ့ကိုကို နီးစပ်သွားလို့မဖြစ်ဘူး။ ဟန်နီအတွက်ပဲလေ။ ကိုကိုနဲ့ဟန်နီ လက်ထပ်ရမယ်။ သူ့ရင်ခွင်ထဲကနေ ကြိုးကြာက ရုန်းဖယ်နေသည်။

"ကြိုးကြာ"

"ကောင်စုတ်၊ နင်ယုတ်မာတာပဲ၊ ကိုယ့်အိမ်ကိုလာတည်းခိုတဲ့ မိန်းကလေးအပေါ် မရိုးသားတာပဲ၊ ဖယ်စမ်း"

"မင်းကို ကိုယ်ချစ်တယ်"

"အဟက်"

"မရယ်ပါနဲ့ ကြိုးကြာရယ်၊ ကိုယ်ချစ်လို့ပါ၊ မာမီ့ကို ပြန်ပြောလည်း ကိုယ်ချစ်လို့ပါမာမီရယ်၊ လက်ထပ်ပါရစေပြောရင် အရမ်းပဲ ဝမ်းသာပျော်ရွှင်သွားမှာပါ"

"ဘာ"

"ကိုယ်ပြောတာမယုံရင် ကြိုးကြာ သွားပြောကြည့်လေ"

"ရှင် ရှင်"

"ကိုကိုနဲ့ ဟန်နီ ကိုယ်နဲ့ကြိုးကြာကို လက်ထပ်ပေးဖို့





လူကြီးတွေက စီစဉ်နေကြတာပါ"

"ဟင်"

နန္ဒမိတ် ရင်ခွင်ထဲကနေ လွတ်အောင် ရုန်းထွက်ပစ်လိုက်ပြီး သူနှင့်သူမ အကြည့်ချင်းဆုံမိသွားသည်။ သူမမာမီက ဘာဖြစ်လို့များ အန်တီညို့အိမ်မှာပဲ တည်းခိုခိုင်းရတာလဲ။ နန္ဒမိတ်ဆိုတဲ့ အန်တီညိုသားငယ်ကိုလည်း သမီး အကဲခတ်ကြည့်ပါဦးလို့ မှာခဲ့သည်။ ဘာတွေလဲ။ ကြိုးကြာ ဘာမှမသိပေ။ စီးပွားရေးလုပ်ငန်းအတွက်ပဲ ကြိုးကြာ ရောက်လာခဲ့မိတာပါ။ နန္ဒမိတ် ရှင်ချစ်တာ ဟန်နီချို့ပဲ။ ကြိုးကြာကိုချစ်တယ်ဆိုတာ လိမ်ညာတာပဲ။ သူမကို ပြုံးကြည့်နေတဲ့ သူ့ကို ရန်ထောင်ပစ်ချင်တဲ့စိတ်တွေ ပျက်ပြယ်သွားရပြီး ရှက်လွန်းသဖြင့် အကြည့်တွေကို လွှဲဖယ်ကာ သူ့အနားကနေ ပြန်ထွက်သွားဖို့ပဲ ခြေလှမ်းပြင်မိသည်။

"ကြိုးကြာ မာမီ့ကိုသွားတိုင်မလို့လား၊ ကိုယ်ကတော့ ကြိုးကြာကို အရမ်းချစ်သွားမိလို့ စိတ်တွေမထိန်းနိုင် ဖြစ်သွားရတာပါလို့ပဲ"

"ရှင်အပိုတွေလာပြောမနေပါနဲ့ နန္ဒမိတ်၊ ရှင်ချစ်တာ ဟန်နီချို့ပဲ၊ ကြိုးကြာမသိဘူးထင်လို့လား၊ ရှင်လိမ်ညာနေတာ ကြိုးကြာနဲ့ကိုကို နီးစပ်သွားမှာကြောက်လို့ ကျွန်မကို ယုတ်မာတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ကြိုးကြာ၊ ကိုယ်က တစ်ကြိမ်တစ်ခါမှ မိန်းကလေးတစ်ယောက်ကို မပွေ့ဖက်ဖူးဘူးလေ၊ စားသောက်ခန်းထဲမှာ မင်းကိုယ့်ရင်ခွင်ထဲ လဲပြိုကျလာပြီးထဲက ကိုယ့်စိတ်တွေ"

သူမ ချာခနဲ လှည့်ထွက်သွားသည်။ သူပြုံးလိုက်၏။ ဟန်နီချိုအပေါ် သူ့ဘယ်လောက်အထိ သံယောဇဉ်ကြီးရလည်းဆိုတာ ကြိုးကြာတောင် သိသွားပြီပဲ။ ဟုတ်တယ်၊ ကိုယ် ဟန်နီ့အတွက် ဘာမဆိုလုပ်ရမှာပဲ။ မင်းမကျေနပ်လည်း မတတ်နိုင်ဘူး ကြိုးကြာရယ်။ ကိုယ်ဘယ်တော့မှ မိန်းကလေးတွေအပေါ် အခွင့်အရေးမယူခဲ့ဘူး။ နီးနီးကပ်ကပ်လည်း မနေခဲ့ဘူး။ ဟန်နီကြောင့်ပဲလေ။ မင်းကတော့ ကိုယ်ပထမဆုံးအကြိမ် နမ်းရှိုက်ခဲ့မိတဲ့ မိန်းကလေးပါ။ သူ အပြင်ကိုထွက်လာခဲ့ပြီး စားသောက်ခန်းထဲ ဝင်လာခဲ့သည်။

"သားငယ် မင်းဘာဖြစ်လို့ ဒီအချိန့်ထိအိပ်နေရတာလဲ၊ ကြိုးကြာကို အားနာစရာကွယ်"

ကြိုးကြာက ထိုင်နေသည်။ မာမီ့ကို ဘာမှပြောပုံမရပေ။ မျက်နှာလေးကတော့ တည်နေ၏။ ခင်ကြိုးကြာရဲ့ စူထော်ထော်နှုတ်ခမ်းဖူးဖူးအိအိလေးကို သူကြည့်မိနေသည်။ ကိုယ်ပထမဆုံးနမ်းခဲ့မိတဲ့ နှုတ်ခမ်းလေးပါ။ သူ့ရင်တွေ လှုပ်ရှားတုန်ရီနေတာတော့





အမှန်ပင်။ ကိုကိုက စားပြီး၍ အားလုံးကိုနှုတ်ဆက်ပြီး ထသွားသည်။ မာမီလည်း ထသွား၏။ သူနှင့်ကြိုးကြာပဲ ကျန်ခဲ့သည်။

"ကြိုးကြာ မာမီ့ကိုတိုင်လိုက်ပြီလား"

သူမမျက်စောင်းလေးထိုးပြီး ထလိုက်သည်။ နင်တော်တော်ဆိုးတဲ့ ကောင်စုတ်ပဲ။ ကြိုးကြာ မကျေမနပ်နှင့် သူမအခန်းထဲပြန်ရောက်လာခဲ့၏။ မုန်းလိုက်တာ။ နန္ဒမိတ် ကောင်စုတ်။ နင်တမင်လုပ်တာပဲ။ နင် ငါ့ကိုလက်ထပ်ယူမယ်ဆိုရင်တောင် ချစ်မြတ်နိုးလို့ မဟုတ်ဘူးမဟုတ်လား။ ကိုကိုနဲ့ဟန်နီချို့အတွက်ပဲဆိုတာ ငါသိတယ်။ ကြိုးကြာစိတ်တွေရော ဘာဖြစ်သွားရတာလဲ။ နန္ဒမိတ်ကို စိတ်မဆိုးဘဲ ဖြစ်နေသည်။ ယောကျ်ားတစ်ယောက်အပေါ် မာန်မာန အလွန်ကြီးမားခဲ့သော၊ ဘယ်တော့မှ အောက်ကျခံပြီး မချစ်ဘူးလို့ စံထားခဲ့သော သူမကိုယ်တိုင် နန္ဒမိတ်ကို ရင်ခုန်လှုပ်ရှားမိနေခဲ့သည်။ မုန်းလိုက်တာ။ ရှင့်လိုလူကိုများ ကြိုးကြာနှုတ်ခမ်းသားလေးတွေ ဖူးရောင်နာကျင်နေဆဲဖြစ်နေ၏။ အရာရာတည်ငြိမ်စွာ ရင်ဆိုင်နိုင်စေရန် လေ့ကျင့်ထားခဲ့သော ခင်ကြိုးကြာရဲ့ စိတ်ဓာတ်တွေ နန္ဒမိတ်ရဲ့ရှေ့မှောက်မှာ တုန်ရီလှုပ်ရှားကိုဖိုလဲ အရှုံးပေးသွားခဲ့ပြီလား။ သူက ကြိုးကြာကိုချစ်တယ်လို့ ဟန်ဆောင်လိမ်ညာပြောနေတာ သိသိကြီးနှင့် မမုန်းတီးပစ်နိုင်ရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ကြိုးကြာရင်တွေ ခုန်နေသည်။

"ကြိုးကြာ"

"ဟင်"

"ကိုယ်တောင်းပန်ပါတယ် ကြိုးကြာ၊ မင်းအပြင်သွားဖို့ ကိစ္စရှိတာယ်မဟုတ်လား၊ ကိုယ် အပြင်ကနေ စောင့်နေမယ်၊ ကြိုးကြာရဲ့ ကိုယ်ရံတော်တပ်မှူးလေးအဖြစ် စောင့်ရှောက်ရင်း လိုက်ပို့ပါရစေနော်၊ ကိုယ် ကားပေါ်ကနေ ဒရိုင်ဘာလုပ်ဖို့ တာဝန်ထမ်းဆောင်ဖို့ စောင့်နေပါရစေ"

"အပိုတွေ"

သူပြန်ထွက်သွားသည်။ ကြိုးကြာ ဒေါသတကြီးနှင့် ရန်တွေ့မိ၏။ နန္ဒမိတ်ဆိုတဲ့လူအပေါ် ချစ်နေမိပြီလား။ မာမိက သမီးလက်ထပ်ရမယ့်သူ ရှိနေသည်တဲ့။ မာမိသဘောတူတဲ့သူနဲ့ပဲ လက်ထပ်ရမှာတဲ့။ နန္ဒမိတ်ပဲလား။ သူမအလုပ်ကိစ္စအတွက် အပြင်ထွက်ဖို့ရှိနေ၏။ နန္ဒမိတ်က လိုက်ပို့ပေးမယ်ဆိုတော့လည်း သူမပြင်ဆင်ပြီး ခြံထဲဆင်းလာခဲ့မိသည်။

"OK ကြိုးကြာ"

"ဟွန်း"

"မာမီ့ကိုကိုယ်ပြောလိုက်ပြီ"





"ဘာ"

"ကြိုးကြာနဲ့ လက်ထပ်မယ်လို့ စီစဉ်ပါတော့လို့"

"နန္ဒမိတ်နော် ကြိုးကြာကို ဟင်းရွက်ကန်စွန်းရွက် ထင်နေလား၊ ဘယ်သူက ရှင့်ကိုလက်ထပ်မယ်လို့ ပြောသေးလို့လဲ"

သူကရယ်နေသည်။ အမြင်ကတ်လိုက်တာ။ လူကို ပိုင်စိုးပိုင်နင်းနှင့် ပြောချင်သလိုပဲပြောနေသည်။ ကြိုးကြာ မျက်ဝန်းလေးကို သူစိုက်ကြည့်တော့ ရှက်ရှက်နှင့် အကြည့်ကို လွှဲပစ်လိုက်၏။ ကြိုးကြာ မျက်ဝန်းတွေက တင်းမာမနေဘူးဆိုတာ ရှင်တွေ့သွားတော့မှာပဲ။ နန္ဒမိတ် လိမ်ညာဟန်ဆောင်နေတယ်ဆိုတာ သိသိကြီးနှင့် ကြိုးကြာ လက်ခံနေမိတာလည်း မကျေမနပ်ဖြစ်နေမိသည်။

"ကြိုးကြာ ဘယ်သွားမလဲပြောလေ၊ ကိုယ့်ကို စိတ်ဆိုးနေတုန်းပဲလားကွာ၊ မကြာခင် ဇနီးမောင်နှံဖြစ်တော့မယ့်ဟာပဲ"

"နန္ဒမိတ်နော်"

"အချစ်"

"အပိုတွေ၊ ရှင်ချစ်တာ ဟန်နီချိုပဲ၊ ဘာဖြစ်လို့ ကြိုးကြာကို ဇာက်ကားချင်နေရတာလဲ နန္ဒမိတ်"

ကြိုးကြာရဲ့အသံလေးက အဖျားခတ် တုန်ရီလှိုက်ခါနေတာကို သူသတိထားမိသွားသည်။ ကိုယ်စိတ်မကောင်းပါဘူး ကြိုးကြာ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ဟန်နီချို့ကိုပဲ ချစ်နေမိတာတော့ အမှန်ပဲ။ ကြိုးကြာကို စော်ကားမိသလိုဖြစ်နေတာတော့ ကိုယ်တောင်းပန်ချင်ပါတယ်။ သူ့ကားကို တည်တည်ငြိမ်ငြိမ်ပဲ မောင်းနေမိသည်။ ကြိုးကြာက ငြိမ်သက်နေ၏။ ရိုးသားကြိုးစားပြီး ထက်မြက်တဲ့ မိန်းမချောလေး ခင်ကြိုးကြာကိုတော့ သူအထင်ကြီးလေးစားသွားမိသည်။ မင်းက ကိုကို့ကို မြူဆွယ်ဖြားယောင်းနေတာမဟုတ်ပါဘူး။ စီးပွားရေး လုပ်ငန်းရှင်ကြီးတစ်ယောက်ဖြစ်အောင် အပြောအဆို အနေအထိုင်က အစ လေ့ကျင့်နေတာပါ။ ကိုယ်သိသွားပါပြီ ကြိုးကြာ။ ဆီဒိုးနား ဟိုတယ်ရှေ့မှာ သူကားကိုရပ်ပေးသည်။ ကြိုးကြာက နှုတ်ပင် မဆက်တော့ဘဲ ကားပေါ်မှ ဆင်းသွား၏။ ဟန်နီချိုထက်ပင် ချောမောအိစက်ပြီး စွဲမက်စရာကောင်းလွန်းတဲ့ ကောင်မလေးဆိုတာ တော့ နန္ဒမိတ် အသိအမှတ်ပြုသွားရလေသည်။

"ကိုယ်စောင့်နေမယ်နော်၊ အလုပ်တွေကို ဖြောင့်ဖြောင့် တန်းတန်းနဲ့ ကိုယ့်အကြောင်းမတွေးဘဲလုပ်ပါ ကြိုးကြာ၊ ကိုယ်ရဲ့ တော်ဒရိုင်ဘာလေး စောင့်နေပေးပါ့မယ်၊ OK နော်"

ကြိုးကြာကတော့ သူနောက်ပြောင်ပြောဆိုနေတာတွေကို ရယ်ချင်သွားရပေမယ့် နောက်သို့လှည့်မကြည့်ဘဲ ဆက်လျှောက် လာခဲ့မိသည်။ နန္ဒမိတ်က စိတ်ဖြောင့်ဖြောင့်အလုပ်လုပ်ပါ ဆိုပေမယ့်





စိတ်ကမဖြောင့်။ သူစောင့်နေရတာကိုပင် အားနာနေမိသည်။ ရှင် သွားစရာရှိတာသွားပြီးမှ အလုပ်ပြီးရင် ကြိုးကြာ ဖုန်းဆက်လိုက်ပါ့ မယ်လို့ ပြောခဲ့ရင် အကောင်းသားပဲ။ ကြိုးကြာ အဖက်မလုပ်သလို နေခဲ့မိပြီလား။ ဘာဖြစ်လို့မှန်းမသိဘဲ သူစိတ်ဆိုးသွားမှာ စိုးရိမ်နေမိ ၏။ အလုပ်ကိစ္စအတွက် လုပ်ဆောင်နေရတာပင် မဖြောင့်တော့။ နန္ဒမိတ်ဆိုတဲ့ လူတစ်ယောက်အကြောင်းတွေပဲ စဉ်းစားနေမိသည်။ ရှင့်အကြောင်းတွေကို ကျွန်မ စဉ်းစားနေမယ်ဆိုတာ သိနေလို့လား ဟင်။ ကြိုးကြာလည်း ယောကျ်ားလေးတစ်ယောက်နဲ့ နိုးနိုးကပ်ကပ် ပွေ့ဖက်ခြင်းခံရတာ ရှင်က ပထမဆုံးပါပဲနော်။ ပြီးတော့ သူမ နှုတ်ခမ်းသားလေးတွေ နာကျင်နေဆဲဆိုတာ သတိရသွားပြီး ထူထူ ပူပူကြီးနှင့် ရှက်သွားမိသည်။ ကြိုးကြာ အလုပ်တွေမပြီးပြတ်သေးဘဲ နှင့် အစသတ်ပစ်လိုက်မိ၏။ အလုပ်တွေ အစသတ်ပြီး ပြန်လာခဲ့ သည်။

ဝ ◻ ဝ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ကြိုးကြာစိတ်က မဖြောင့်သဖြင့် မာမီ့ဆီ ဖုန်းဆက်မိသည်။ အန်တီညို့သားငယ် နန္ဒမိတ်နှင့် သမီးကိုလက်ထပ်ပေးဖို့ စီစဉ်ထားလားဟု မေးတော့ အင်းတဲ့။ မာမီတို့သူငယ်ချင်းတွေက သမီးတို့ကို မမွေးခင်ထဲက စိတ်ကူးယဉ်ပြီး စီစဉ်ထားခဲ့ကြတာတဲ့လေ။ ကြိုးကြာကို မာမီအစောကြီးထဲက ပြောထားသားပဲတဲ့။ ချစ်သူရည်းစားမရှာနဲ့ မာမီရွေးချယ်ပေးတဲ့သူကိုပဲ ယူရမယ်ဆိုတာလေတဲ့။ ကြိုးကြာ ဘာဆက်လုပ်ရတော့မလဲ။ နန္ဒမိတ်က ကြိုးကြာကို လက်ထပ်မယ်တဲ့။ ဟွန်း ရှင်က ဟန်နီချိုကြောင့်မဟုတ်လား။ ကိုကိုနဲ့ကြိုးကြာ မနီးစပ်အောင် လက်ထပ်မယ်လို့ ရုတ်တရက်ကြီး





ပြောတာပါ။ ရှင်ချစ်တာ ဟန်နီချိုပါပဲ။ ကြိုးကြာ ငြင်းဆန်လိုက်ရင်ကောင်းမလားပဲ။ မုန်းလိုက်တာ၊ ကြိုးကြာ ငြင်းဆန်ဖို့ကျတော့လည်း သူမစိတ်က လက်ခံချင်နေသည်။ နန္ဒမိတ်ကို ကြိုးကြာချစ်မိသွားမိပြီလား။ ကားပေါ်မှာ နန္ဒမိတ်စောင့်နေ၏။ ကြိုးကြာစိတ်ပူပြီး အလုပ်ကိစ္စတွေကို အပူတပြင်းလုပ်နေမိသည်။

"ဟဲ့…သော်တာ၊ အလုပ်ကို အပြီးသတ်အောင်၊ ညည်းလေးပဲ ဆက်လုပ်တော့၊ ဝယ်စရာရှိတာတွေ ညည်းလေးပဲဝယ်၊ နောက်မှ မမကို စာရင်းပြနော်"

"မမ"

"ဟင်"

"ဒီနေ့အလုပ်တွေကို အလောတကြီးလုပ်နေသလိုပဲ၊ ဘာဖြစ်လို့လဲဟင်၊ မမအမူအရာတွေက သိသာတယ်နော်"

"ဘာမှမဟုတ်ပါဘူး၊ မမမှာ အလုပ်ကိစ္စတွေရှိသေးလို့ပါ"

ကြိုးကြာ တော်တော်လေး အမူအရာပျက်နေပြီလား မသိဘူး။ နန္ဒမိတ်များ စောင့်နေမလား။ ရှင့်စိတ်တွေ ဘယ်ရောက်နေပြီလဲ ဟန်နီချိုဆီများ ရောက်နေပြီလား။ သူမအလုပ်တွေကို သွက်



www.burmeseclassic.com

www.burmeseclassic.com



သွက်လေးလုပ်ကာ အောက်သို့ဆင်းလာခဲ့သည်။ ကြိုးကြာ အောက်ကိုရောက်တော့ နန္ဒမိတ် မရှိတော့ပေ။ ကားပါကင်နှင့် အနီးတဝိုက်မှာ ရှာတော့လည်းမတွေ့။ ဟွန်း ဒီကတော့ သူစောင့်နေမယ်ထင်ပြီး စိတ်ပူလိုက်ရတာ။ နန္ဒမိတ် ဘယ်ရောက်နေလဲ။ ဟန်နီရှိဆီရောက်နေတာပဲ ဖြစ်နိုင်သည်။ နန္ဒမိတ်ကို စောင့်နေရမှာလား။ အောက်ကိုဆင်းလာပြီးမှ ပြန်တက်လို့လည်းမဖြစ်ပေ။ ဒုက္ခပါပဲ။ ကြိုးကြာ အခက်တွေ့နေသဖြင့် ဖုန်းဆက်ကြည့်တော့လည်း ဆက်သွယ်ရေးဧရိယာပြင်ပတဲ့။ သူမ အငှားကားနှင့်ပဲ ပြန်ခဲ့ရသည်။

နန္ဒမိတ်ကလည်း အခက်တွေ့နေရသည်။ ဟန်နီက သူ့ကို နေပါဦးတဲ့။ ခင်ကြိုးကြာကို စောင့်နေမယ်ဆိုတာ သိသိကြီးနှင့် တမင်ခေါ်ထားတာပဲဖြစ်၏။ ဟန်နီ မျက်ဝန်းတွေက ဖြူရော်အားပျော့နေသည်။

"နန္ဒမိတ်"

"ဟင်"

"ဟန်နီ့အနားမှာနေစမ်းပါဦး၊ ဟန်နီအရမ်းအားငယ်နေလို့ပါနော်"

ဟန်နီက သူ့လက်ကို တင်းကြပ်စွာ ဆုပ်ကိုင်လိုက်သဖြင့်





သူ့အတော်လေး တုန်လှုပ်ချောက်ချားသွားရသည်။ ဟန်နီမျက်ဝန်းတွေက ရီဝေစိုစွတ်နေ၏။ နှုတ်ခမ်းသားဖြူရော်ရော်လေးက တင်းကြပ်စွာ စေ့ကပ်နေသည်။

"ကိုကိုက ဟန်နီ့ကိုမချစ်ဘူး၊ သူချစ်တာက ခင်ကြိုးကြာပါ"

"ဟန်နီ"

"ကြိုးကြာက မိန်းကလေးပီသတယ်တဲ့၊ ထက်မြက်တက်ကြွမှုရှိတယ်တဲ့၊ သူရွေးချယ်ချင်တဲ့ မိန်းမတစ်ယောက်ရဲ့ အရည်အချင်းတွေ လုံးဝပြည့်ဝတယ်တဲ့၊ ဟန်နီ့ကိုပြောသွားတယ် မဟုတ်လား နန္ဒမိတ်"

"ကိုကိုလွန်တာပဲ၊ ဒီစကားက ဟန်နီ့ကိုပြောပြစရာလားကွာ၊ အင်းလေ ဟန်နီက ကိုကို့ကို ရွေးချယ်တာပဲ"

ဟန်နီ့အပေါ် ကိုကို ဒီလောက်အထိ မရက်စက်သင့်ဘူးဟု ထင်မိနေသည်။ ခင်ကြိုးကြာက သူနှင့်လက်ထပ်မှာပဲ။ သူ ခင်ကြိုးကြာကို သတိရမိသွား၏။ ကားနှင့်စောင့်နေမည်ဟု ပြောခဲ့တာပဲ။ ဟန်နီ ဖုန်းဆက်ခေါ်၍ သူလာခဲ့မိသည်။ ကြိုးကြာ အလုပ်ကိစ္စတွေ ပြီးလောက်ပြီ။ သူ ဖုန်းပိတ်ထားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"နန္ဒမိတ်"

"ဟင်"

"ကြိုးကြာကို နန္ဒမိတ် မချစ်ဘူးဆိုတာ တကယ်လား ဟင်"

"အင်း"

"အပိုတွေ"

"တကယ်လို့ အခု ကိုယ် ခင်ကြိုးကြာကို အောက်ကနေ ကားနဲ့စောင့်နေမယ်လို့ပြောပြီး အခု ဟန်နီ့ဆီရောက်နေတာလေ"

"ဟား…ဟား…ဟား"

ဟန်နီ တအားအော်ရယ်ပစ်လိုက်မိသည်။ စိတ်တွေထဲမှာ အလိုမကျသလိုလို မွန်းကြပ်ပိတ်လှောင်နေရ၏။ နန္ဒမိတ်ကို သူမ အနားမှာရှိမနေစေချင်ပေမဲ့ ရင်ဖွင့်စရာက နန္ဒမိတ်ပဲရှိနေသည်။ ခင်ကြိုးကြာ နင့်ကို ဘာဖြစ်လို့များ ကိုကိုကချစ်ရတာလဲ။ နင်က ကိုကိုအထင်ကြီးအောင် လာလုပ်ပြနေတာမဟုတ်လား။ သူမ အော်ဟစ်ပစ်ချင်နေမိသည်။

"ဟင်း…ဟင်း…ဟင်း"

"ဟန်နီ"





"နန္ဒမိတ်က ဟန်နီ ရူးသွားပြီလို့ထင်နေတာလား၊ ဟုတ်တယ်၊ ဟန်နီ ရူးတော့မယ်၊ ခင်ကြိုးကြာကို မယှဉ်နိုင်လို့လေ၊ ကိုကိုက ဟန်နီ့ကို အစွမ်းအစမရှိတဲ့မိန်းမ၊ ပြဿနာရှာတတ်တဲ့ မိန်းမလို့ထင်နေလို့လေ"

ဟန်နီ့မျက်ဝန်းတွေထဲမှာ မျက်ရည်တွေက ပြည့်နေသည်။ သူ့ စိတ်ထိခိုက်ကြေကွဲစွာ သူ့သံယောဇဉ်ကြီးမားတွယ်တာရသော ဟန်နီချိုအား ကြည့်မိနေ၏။ ဟန်နီက သူ့လက်တွေကို ဆုပ်ကိုင်ထားသည်။

"ဟန်နီ့ကို ဒီလိုစိမ်းကားရက်စက်လို့ ဘယ်ရမလဲ နန္ဒမိတ်၊ ကိုကိုက ဟန်နီ့စိတ်ကူးယဉ်အိပ်မက်ထဲက ရွှေမင်းသားလေးလေ"

"ဟန်နီရယ်"

"နင် ဟန်နီ့အနားမှာ နေပေးစမ်းပါ နန္ဒမိတ်ရယ်၊ ဟန်နီ့ ရင်ထဲမှာ မွန်းကြပ်နေတဲ့ စကားတွေကို နားထောင်ပေးစမ်းပါ"

"ပြောလေ ဟန်နီ၊ ကိုယ်နားထောင်ပေးပါ့မယ်၊ ကိုယ်က ဟန်နီ့ကို ထာဝရပျော်ရွှင်ချမ်းမြေ့စေချင်တာပါ"

"ကိုကိုက ငါ့ကို ဘာဖြစ်လို့မချစ်ရတာလဲ၊ သံယောဇဉ် မတွယ်ရတာလဲ နန္ဒမိတ်၊ ငါအရမ်းမုန်းတာပဲ၊ ကိုကို့ကိုပဲ ချစ်နေမိ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ငါ့စိတ်တွေကိုလည်း ငါအရမ်းမုန်းတာပဲ"

"စိတ်ကိုထိန်းပါ ဟန်နီ၊ ကိုကိုနှစ်သက်မြတ်နိုးတဲ့ မိန်းကလေးတစ်ယောက်ဖြစ်အောင် ဟန်နီ ကြိုးစားပါလားကွာ"

ဟန်နီ့ချို့လက်ကလေးကို သူ တင်းကြပ်စွာဆုပ်ကိုင်ရင်း အားပေးနေမိသည်။ ကြိုးကြာရော သူ့ကိုရှာနေပြီလား။ သူက ကားပေါ်ကပဲ ထိုင်စောင့်နေမယ်ဟု ပြောထားခဲ့မိ၏။ သူ့စိတ်ထဲမှာ ပြန်သွားချင်နေသည်။ ခင်ကြိုးကြာ အထင်လွဲသွားမှာလည်း စိုးရိမ်မိသလိုပင်။ ကြိုးကြာ စောင့်များနေမလား။ သူ့ကို အထင်လွဲစိတ်ဆိုးသွားမှာလား။ သူလက်ထပ်ရမည့် မိန်းကလေးက ခင်ကြိုးကြာပဲ ဖြစ်နေသည်။

"နန္ဒမိတ်"

"ဟင်"

"နင့်စိတ်တွေကရော ဘယ်ရောက်နေပြီလဲဟင်၊ ခင်ကြိုးကြာဆီရောက်နေတာလား"

"ဟန်နီ"

"ပြောလေ"

"ဟန်နီ ရွေးချယ်တာ ကိုယ်ဆိုရင်ရော"

"ဘာ"





"ကိုယ်နဲ့ခင်ကြိုးကြာ လက်ထပ်ဖို့ မစီစဉ်ရသေးဘူးလေ၊ ဟန်နီ ရွေးချယ်မှုကို ပြင်ချင်သေးရင်"

"ငါ ကိုကို့ကိုပဲ လက်ထပ်မှာ နန္ဒမိတ်၊ နင့်ကိုမချစ်ဘူး၊ သူငယ်ချင်းတစ်ယောက်လိုပဲ သတ်မှတ်ထားတာနော်၊ နင် အခွင့်အရေးမယူချင်နဲ့၊ ငါ့နှလုံးသားတွေထဲမှာ ကိုကိုပဲရှိတာပါ၊ ငါဘယ်လိုအကြောင်းတွေနဲ့မှ မပြောင်းလဲချစ်တာက ကိုကို့ကို လက်ထပ်ဖို့ပဲ"

သူ ဟန်နီ့ကို သနားကြင်နာစွာ ကြည့်မိနေသည်။ အပြစ်မတင်ရက်ပေ။ ဟန်နီ ငယ်စဉ်လေးထဲက လိုအင်ဆန္ဒတွေ မပြည့်ဝခဲ့သူပဲ မဟုတ်လား။ ဟန်နီပြောချင်တာပြော သူ့ကို ဘယ်လိုပဲ ဆက်ဆံပါစေ ခွင့်လွှတ်ပေးနေမိသည်။ ဟန်နီက သူ့ကို ဘယ်တော့မှ မချစ်ခဲ့ပေ။ သူကတော့ ကြင်နာနေဆဲပင်ဖြစ်သည်။

"နင်မပြန်နဲ့နော် နန္ဒမိတ်၊ ငါအရမ်းအိပ်ချင်နေတယ်၊ နင် ငါ့အနားမှာပဲနေ၊ ငါနိုးလာမှ နင်ပြန်ရမယ်နော်"

"အင်းပါ ဟန်နီ၊ နင့်အိပ်နော်၊ ငါစောင့်ပေးနေမယ်၊ နင်နိုးမှငါပြန်မယ်"

"ငါ အိပ်ဆေးတွေသောက်ထားတယ်၊ ဒါကြောင့် ငါ့အနားမှာ နင့်ကိုခေါ်ထားတာပဲ၊ ငါအရမ်းအိပ်ချင်တယ်ဟယ်.."



www.burmeseclassic.com

www.burmeseclassic.com



ဟန်နီ မျက်တောင်ကော့လေးတွေ ဖျတ်ခနဲ ညွတ်ကျသွားကာ အိပ်ပျော်သွားသည်။ သူငေးမောကြည့်မိနေ၏။ ဟန်နီ့မျက်နှာလေး ချောင်ကျသွားကာ ဖြူရော်နေသည်။ ကိုယ်စိတ်မကောင်းလိုက်တာ ဟန်နီ။ ကိုကိုက မင်းကို ဘယ်တော့မှ ချစ်မြတ်နိုးလာမှာ မဟုတ်ဘူးဆိုတာ ကိုယ်သိနေတယ်။ ကိုကိုက သူနဲ့ရင်ဘောင်တန်းပြီး လုပ်ကိုင်နိုင်မယ့် ထက်မြက်တဲ့ မိန်းမတစ်ယောက်ကိုပဲ အထင်ကြီးတာလေ၊ ဟန်နီ အိပ်ဆေးတွေသောက်ထားပြီး စိတ်မတည်ငြိမ်ဘဲ လှုပ်ရှားနေသလိုဖြစ်နေသည်။

"နန္ဒမိတ်"

"ဗျာ အန်တီ"

"မင်းလည်း ဟန်နီ့အတွက် အတော်လေးဒုက္ခခံနေရတာပဲကွယ်၊ ပြန်ပါ၊ ဟန်နီနိုးရင် အန်တီကြည့်ပြီးပြောပြထားပါ့မယ်"

"ရပါတယ် အန်တီ၊ ဟန်နီနိုးလာမှပဲ ကျွန်တော်ပြန်ပါ့မယ်၊ တော်ကြာ အန်တီ့ကို ရန်လုပ်နေမယ်လေ"

"အန်တီ့အတွက်ကတော့ ရိုးနေပါပြီလေ၊ အကောင်းမြင်တတ်တာမှ မရှိတာပဲ၊ အဲဒါလည်း ဟန်နီ့ဘဝကံအကျိုးပေးကြောင့်ပဲလေ၊ မိဘတွေရဲ့ ချစ်ခင်မြတ်နိုးပြီး အလိုလိုက်တာ ခံနေရတဲ့ဘဝက မိဘမဲ့ခဲ့ရလို့ပဲလေ၊ အန်တီကလည်း မိဘတွေအလိုလိုက်ထား





တဲ့ ကောင်မလေး စည်းကမ်းပျက်မယ်ဆိုပြီး စည်းကမ်းတွေနဲ့ တင်းတင်းကြပ်ကြပ် စောင့်ရှောက်ထားခဲ့လို့ ဟန်နီလေးက နာကြည်းမုန်းတီးစိတ်တွေဖြစ်ပြီး ရန်လိုနေခဲ့တာပဲလေ၊ ဟန်နီလေးက သနားစရာကောင်းတဲ့ကလေးပါပဲကွယ်"

ဟန်နီ့အန်တီ စိတ်ထိခိုက်ကြေကွဲစွာ ပြောနေ၏။ သူမကို ဘယ်လိုပြုပြင်ပေးရမလဲ သားငယ်ရယ်တဲ့။ ကိုကို့ကြောင့်ပဲ။ ဟန်နီ့အပေါ် နားလည်မှုပေးသင့်သည်။ ဟန်နီ့စိတ်တွေက ကြမ်းနေပြီပဲ။ ကိုကိုပဲ ပြုပြင်နိုင်မှာပါလေ။ ဟန်နီ့အတွက် စိတ်ပူပြီး သူစောင့်ပေးနေမိသည်။

"ကိုယ် ကြိုးကြာကို အလုပ်ကိစ္စတွေ ပြီးတဲ့အထိ စောင့်နေမယ်နော်၊ အေးအေးဆေးဆေးသာလုပ်ပါ၊ ကိုယ်စောင့်နေမယ်"

သူ ကြိုးကြာကို ပြောခဲ့တဲ့စကားတွေကို ပြန်၍ကြားယောင်လာမိသည်။ ကြိုးကြာစောင့်နေပြီလား။ အချိန်က တဖြည်းဖြည်းကုန်လာသည်။ ဟန်နီက မနိုးသေးပေ။ ကြိုးကြာ အိမ်ပြန်လောက်ပြီ။ သူ့ကိုဘာပြောမလဲ။ သူ့ဖုန်းကိုဖွင့်ကြည့်လိုက်တော့ ကြိုးကြာ ေါ်ထားတာ တွေ့ရသည်။ ကိုယ်ဘယ်လိုမှ မတတ်နိုင်ဘူး ကြိုးကြာ။ မင်းနဲ့လက်ထပ်မှာက လက်ထပ်မှာပဲ။ ကိုယ်သံယောဇဉ် ယ်ရတဲ့ ဟန်နီ စိတ်သောကတွေရောက်ပြီး အားငယ်ဖျော့တော့



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ အချိန်မှာ ကိုယ်က သူ့အနားမှာရှိနေပေးသင့်ပါတယ်။ ဟန်နီက အရမ်းပဲ အားငယ်တတ်တယ်။ ကျန်းမာရေးလည်းမကောင်းဘူး။ အိပ်ပျော်နေရှာတဲ့ ဟန်နီ့အား သူငေးမောကြည့်မိနေသည်။ သူစောင့်နေမိ၏။ အချိန်တွေက တဖြည်းဖြည်း ကုန်ဆုံးလာနေသည်။ ညဆယ်နာရီလောက်မှ ဟန်နီ နိုးလာ၏။ သူမ မျက်တောင်ကော့လေးတွေ တဖြည်းဖြည်းဖွင့်လာပြီး သူထိုင်နေတာတွေ့တော့ အထိတ်တလန့်ဖြစ်သွားသည်။

"နန္ဒမိတ်···နင်ဘာလုပ်နေတာလဲ၊ ဒီမှာ ဘာထိုင်လုပ်နေတာလဲဟင်"

"ဟန်နီပဲ နိုးလာတဲ့အထိ ကိုယ့်ကိုစောင့်နေပေးပါဆို"

"ဟင်"

ဟန်နီ့မျက်ဝန်းတွေက ကျေးဇူးတင်စွာ ဝင်းလက်တောက်ပမလာဘဲ ဒေါသတွေနှင့် တင်းမာခက်ထန်သွားသည်။

"နင် ဒီအချိန်အထိ ဘာဖြစ်လို့ စောင့်နေရတာလဲ နန္ဒမိတ်၊ အန်တီက နင့်ပြန်ဖို့မပြောဘူးလားဟင်၊ မိန်းကလေးတစ်ယောက်ရဲ့ အခန်းထဲမှာ နင် ဒီအချိန်အထိ ဘာအကြံအစည်နဲ့ ရှိနေရတာလဲ နန္ဒမိတ်"

"ဟန်နီ"





"သွားတော့၊ ငါ့အနားမှာ နင်ရှိနေတာ ငါအရမ်းမုန်းတာပဲ၊ ကိုကို ငါ့ဆီကိုဘာဖြစ်လို့မလာရတာလဲ၊ ဟိုဟာမ ခင်ကြိုးကြာ ...ား ကပ်နေပြီလားမသိဘူး၊ သွားလေ"

"ဟန်နီရယ် စိတ်ကိုထိန်းစမ်းပါကွာ၊ ကိုကို့အချစ်တွေကို ...ချင်ရင် မင်းဒေါသတွေကို ထိန်းချုပ်ထားရမယ်လေ"

"ဘာဖြစ်လို့ ဟန်နီ့ဒေါသတွေကို ထိန်းချုပ်ရမှာလဲ၊ ကိုကို့ ...ချစ်တွေကို ဟန်နီပဲရစေရမယ်၊ ကိုကို ဟန်နီ့ကိုပဲ လက်ထပ်ရ ...ယ်၊ နင့်ကို အပြတ်သားဆုံးပြောမယ်၊ နင်မျှော်လင့်ချက်တွေ ...ားမနေနဲ့၊ ငါ့နှလုံးသားထဲမှာ ကိုကိုပဲရှိတယ်"

သူ့ကို ဟန်နီပဲ အနားမှာရှိနေစေချင်၍ ကြိုးကြာဆီပင် ...သွားတော့ဘဲ ဟန်နီ့ဆန္ဒအတိုင်း ဖြည့်စွမ်းပေးခဲ့မိသည်။ အခုတော့ ...န်နီက ရက်စက်စိမ်းကားတဲ့စကားတွေပြောပြီး မောင်းထုတ်နေ၏။ ...ူ အိမ်ပဲပြန်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၃)

နန္ဒမိတ် လွန်တယ်။ ကြည့်စမ်း အခုထိတောင် မလာသေးပေ။ ကြိုးကြာ စောင့်နေတာအကြာကြီးပဲ။ ဟန်နီချိုကြောင့်ပဲလား။ အန်တီမေးမှာစိုး၍ သူမတစ်ယောက်တည်း နန္ဒမိတ်ကို စောင့်နေပေမယ့် မလာ၍ပြန်ခဲ့ရသည်။

"ကြိုးကြာ"

"ရှင်"

"သားငယ်ရော သားငယ်ဘယ်မှာကျန်ခဲ့လဲ"

"ကိစ္စရှိလို့တဲ့ အန်တီ၊ နေခဲ့တယ်"

"သမီးကို ပြန်မပို့ဘူးလား"





"ပို့ပါတယ်၊ ကြိုးကြာအလုပ်ကိစ္စတွေ ပြီးလို့ပါ"

"အေးကွယ်…သမီးပြန်တာနောက်ကျလို့ အန်တီစိတ်ပူနေတာ"

"ကြိုးကြာ အလုပ်ကိစ္စတွေများနေလို့ပါ အန်တီ၊ နန္ဒမိတ်အရမ်းပင်ပန်းနေပြီလေ"

အန်တီက အပေါ်ထပ်ကို ပြန်တက်သွားပြီး ဘုရားရှိခိုးအိပ်တော့မည်ဖြစ်သည်။ ဟွန်း ရှင့်ကြောင့်ပဲ နန္ဒမိတ်၊ ကျွန်မ ဘယ်လောက်စောင့်နေရလဲ။ ဗိုက်ကဆာလာ၏။ နန္ဒမိတ် ပြန်မရောက်သေးတာပဲ ကြိုးကြာ စဉ်းစားမရ။ ဖုန်းက စက်ပိတ်ထားသည်။ အချိန်တွေတောင်ကြာနေပြီ ဘယ်သွားနေတာလဲ။ ဟန်နီချိုဆီလား။ မိန်းကလေးတစ်ယောက်အနားမှာ ဒီအချိန်အထိနေတယ်ဆိုရင် ရှင့်သဘောထားက ဘာလဲဟင်။ ကြိုးကြာကို လက်ထပ်မယ်လို့ သူပြောခဲ့တာပဲ။ ရှင်ဟန်ဆောင်ပြောတာလား။ ဟန်နီချိုအတွက်မဟုတ်လား။ သူမ ရေမိုးချိုးအဝတ်အစားလဲပြီး ဗိုက်ဆာလာသဖြင့် ထမင်းစားခန်းထဲ ဝင်လာခဲ့သည်။ သူ့ကိုစောင့်ရင် ကောင်းမလားပဲ။ အင်းလေ ရှင်က ဟန်နီချိုနဲ့ မျက်နှာချင်းဆိုင်ပြီး လက်ဆုံစားနေမှာပေါ့။ ရှင့်မျက်နှာကြီး ဘယ်လောက်များ ပြုံးဖြီးနေမလဲ။



www.burmeseclassic.com

www.burmeseclassic.com



သူမတစ်ယောက်တည်းစားဖို့ ပြင်နေသည်။

"ကြိုးကြာ"

"ရှင်"

"အခုမှထမင်းစားမလို့လားကွာ"

"ဟုတ်ကဲ့ကိုကို"

"ညီရော"

"အလုပ်ကိစ္စရှိလို့ နေခဲ့တယ်လေ"

"ကြိုးကြာလည်း ညီ့အတွက် လိမ်ညာပြောတတ်နေပြီပဲကွာ"

"ရှင်"

"ညီ မနက်ထဲက ဟန်နီချိုဖုန်းဆက်ခေါ်လို့ သွားတာလေ၊ ကြိုးကြာကိုတောင် မစောင့်ဘူးမဟုတ်လား"

"ဟင် ကိုကိုကသိနေတယ်၊ ဟန်နီချိုပြောတာလားဟင်"

"ဟန်နီချို့အဒေါ်က ကိုယ့်ဆီဖုန်းဆက်ပြောတာလေ၊ နန္ဒမိတ် ဟန်နီချိုအိပ်နေတာကို နိုးတဲ့အထိ စောင့်ပေးနေတယ်တဲ့လေ"

ကြိုးကြာစိတ်ထဲမှာ မနာလိုဝန်တိုမဖြစ်ပေမယ့် နာကျင်ရူး၍





သွားရသည်။ စောစောက ဗိုက်ဆာနေတာတောင် ဘယ်ပျောက်သွားမှန်းမသိတော့ဘူး။ ရှင်လွန်တယ်။ ဟန်နီချို့ကို ချစ်လို့ ကိုကိုနဲ့ ကြိုးကြာငြိစွန်းမှာ စိုးရိမ်ပြီး ကျွန်မနဲ့လက်ထပ်မယ်လို့ ပြောတာ မဟုတ်လား။ ရှင့်နှလုံးသားတွေထဲမှာ ခင်ကြိုးကြာမရှိပါဘူး။ စိတ်ထဲကနေ မကျေမနပ်ပြောနေမိသည်။

"ကြိုးကြာ"

"ရှင်"

"ညီ့အတွက် ကိုကိုဒေါသဖြစ်နေရတယ်၊ ဟန်နီက တမင်သက်သက် အနိုင်ကျင့်နေတာပဲ၊ ဟန်နီ့အဒေါ်က ကိုကိုလာခဲ့ပါတဲ့၊ ကိုကိုမသွားချင်ဘူး၊ ဟန်နီ့အမူအကျင့်တွေကို အမြင်ကတ်လို့လေ၊ ဟန်နီချိုနိုးမှ နန္ဒမိတ်ပြန်ရမှာတဲ့၊ အိပ်ဆေးတွေလည်းသောက်ထားတယ်တဲ့"

"ဟင်"

"ဟန်နီနိုးမှ ညီက ပြန်လာရမှာ"

"ကိုကို"

"ပြော"

"ဟန်နီချိုက ကိုကိုနဲ့လက်ထပ်ရမှာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟန်နီချိုက ကိုကိုသဘောကျနှစ်သက်တဲ့ မိန်းမတစ်ယောက်ရဲ့ အရည်အချင်းတွေ လုံးဝမရှိဘူး၊ မာမီက ဇွတ်အတင်းစီစဉ်နေတာပါ၊ စိတ်ညစ်တယ်ကွာ၊ ကိုကိုထွက်သွားချင်တယ်၊ ဟန်နီချိုလိုမိန်းမမျိုးနဲ့ ဘဝကို တစ်လျှောက်လုံး အနှစ်မွန်း ခံရတော့မယ်လေ၊ မတန်ဘူးထင်တယ်၊ ကိုကိုတွေးကြည့်လေ စိတ်ပျက်လေပဲ"

သူတကယ်ပဲ ထွက်ပြေးသွားချင်သည်။ မာမီ့ကြောင့်ပဲ။ ဟန်နီချိုက သူ့ကိုရွေးချယ်တာတဲ့။ ခင်ကြိုးကြာလို မိန်းကလေးမျိုးနဲ့ ကိုယ်ဆုံစည်းချင်တယ်။ ကိုယ့်ဘဝအဖော်မွန် ဖြစ်ချင်တယ်။ ညီချစ်တာက ဟန်နီပဲ။ ခင်ကြိုးကြာကို ထားခဲ့ပြီး ဟန်နီချို့အနားမှာ သွားနေခဲ့သည်။ ကံကြမ္မာတွေက ပြောင်းပြန်တွေဖြစ်နေ၏။ ခင်ကြိုးကြာ မင်းချစ်နေတာက ညီပဲမဟုတ်လား။ ခင်ကြိုးကြာ မျက်ဝန်းလေးက ရီဝေစိုစွတ်နေသည်။

"ကိုကိုဖြစ်စေချင်တာတွေ ဘာဖြစ်လို့မဖြစ်ရတာလဲ၊ ကြိုးကြာလည်း ဆန္ဒတွေနဲ့ တစ်ထပ်တည်းမကျဘူးမဟုတ်လား"

"ကြိုးကြာက နောက်လူပါကိုကိုရာ၊ ဖြတ်လုလို့ ဘယ်ရမှာလဲ၊ အဟက် ကြိုးကြာက စီးပွားရေးပဲစိတ်ဝင်စားတာပါ၊ ဆိုင်ဖွင့်နိုင်ဖို့ အဓိကပါကိုကိုရာ"

ကြိုးကြာနှလုံးသားတွေထဲမှာ နာကျင်စွာ ငိုကြွေးပစ်ချင်နေမိသည်။ မြန်မာပြည်ကို ပြန်လာခဲ့တာ စီးပွားရေးလုပ်ငန်းတွေလုပ်ဖို့ပဲ။ ရှင့်ကြောင့်ပဲ။ ကိုကိုက ကြိုးကြာအား ကြင်နာစွာ အားပေးနှစ်သိမ့်နေပေမယ့် ဟန်နီစိတ်တွေက နန္ဒမိတ်ဆိပဲ ရောက်နေသည်။ ရှင် ဟန်နီချို့အနားမှာပဲလား။ အိပ်ဆေးတွေသောက်ထားတဲ့ ဟန်နီချိုက ဘယ်တော့မှ နိုးမှာလဲ။ အချိန်တွေက နောက်ကျနေသည်။ ကြိုးကြာ မျက်ဝန်းလေးတွေက နံရံမှာကပ်ထားတဲ့ နာရီဆီပဲရောက်နေသည်။

"ကြိုးကြာ"

"ရှင်"

"ကိုကိုကတော့ ကြိုးကြာရဲ့စိတ်တွေ အနှောင့်အယှက်ဖြစ်မှာ စိုးရိမ်နေမိတယ်၊ ညီ့အတွက် တောင်းပန်ပါတယ်"

"ကိုကို"

"ဟင်"

"ဟန်နီချိုက ကိုကို့ကို ဘာဖြစ်လို့ရွေးချယ်ရတာလဲ၊ တစ်ယောက်နဲ့တစ်ယောက် လက်ထပ်ကြတာ ဘဝတစ်သက်တာ





စိုးမိုး - စာပေ

www.burmeseclassic.com

www.burmeseclassic.com



အရေးကိစ္စပဲလေ၊ အချစ်ဆိုတာတော့ ရှိသင့်ကာပေါ့လေ"

"ဒီကောင်မလေးက ကိုကို့ကို အထင်ကြီးတာလေ၊ ဒီကောင်မလေးကို ဘယ်တော့မှ အရောတဝင်မနေတဲ့ ကိုကို့ကို ခေါင်းမာမာနဲ့ ရွေးချယ်တာ၊ အတ္တကြီးတာပဲ ကြိုးကြာ"

နန္ဒမိတ်က စီးပွားရေးလုပ်ငန်းတွေမှာ မအောင်မြင်ပေမယ့် နန္ဒမိတ် မျက်ဝန်းတွေက ရိုးသားဖြူစင်စွာ အကြင်နာတွေ စီးမျော ပျော်ဝင်နေသည်ဟု ကြိုးကြာထင်မိသည်။ ကိုကို့ရဲ့ လက်ထောက် ဖြစ်နေတာလည်း မိသားစုစီးပွားရေးကို ကူညီပေးနေတာပါပဲ။ နန္ဒမိတ်က ကြင်နာတတ်သည်။ သံယောဇဉ်ကြီးတတ်၏။ ကိုကို့လို ဟိတ်ဟန်တွေမရှိပေမယ့် ချောမောခန့်ညားတဲ့ ယောကျ်ား တစ်ယောက်ပါပဲ။ ကိုကို့ထက် နန္ဒမိတ်ကို ကြိုးကြာ ပို၍စိတ်ဝင် စားမိသည်။

"ကြိုးကြာလေး ကိုကိုတို့ခြံထဲဆင်းထိုင်ကြမလား၊ ညီ့ကို စောင့်ရင်းလေ"

"ဟင့်အင်း"

နန္ဒမိတ်ပြန်လာတာကို မစောင့်နေချင်ပါဘူး။ ကြိုးကြာ စိတ်တွေ ဘယ်လောက် တုန်လှုပ်ချောက်ချားမောပန်းနေရမလဲလို့။





ကိုကိုနှင့် နှစ်ယောက်တည်းလည်း မနေချင်ခဲ့ပေ။ နန္ဒမိတ်က တစ်မျိုးထင်သွားမှာလည်း စိုးရိမ်နေမိသည်။

"ကြိုးကြာ သွားနားတော့မယ်နော် ကိုကို၊ စာရင်းတွေ လည်း ကြည့်ရဦးမယ်လေ"

"ကြိုးကြာ"

"ရှင်"

"ကိုကိုလေ"

"ရှင်"

"ကြိုးကြာ သွားနားတော့နော်"

ကိုကိုက သူ့စိတ်တွေကို ထိန်းချုပ်ထားပုံပင်။ ကိုကို့ မျက်ဝန်းအကြည့်တွေက ရီဝေနေသည်။ ကိုကိုနှစ်သက်သဘောကျ တဲ့ အရည်အချင်းတွေက ကြိုးကြာလေးဆီမှာ ရှိနေတာတဲ့။ ကြိုးကြာကတော့ နန္ဒမိတ်ကိုပဲ နာကျင်စွာ သံယောဇဉ်တွယ်မိနေ ရသည်။ ရှင်ဘာဖြစ်လို့ ပြန်မလာသေးတာလဲ။ ဟန်နီချို့ မနိုးသေး လို့လား။ နာရီလက်တံတွေက ညဦးဆယ်နာရီကျော်အထိ တရွေ့ရွေ့ နှင့် ရွေ့လျားနေသည်။

"နန္ဒမိတ် ရှင်လွန်တယ်၊ ဘာဖြစ်လို့ ကြိုးကြာကို



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်မယ်လို့ပြောပြီး ဟန်နီရှိုအနားမှာ နေရတာလဲ၊ လွန်တယ် အရမ်းလွန်တာပဲ”

သူမစိတ်တွေကို ထိန်းချုပ်ထားသည့်ကြားမှပင် နှုတ်ခမ်းလေးတွေဆီက မကျေမနပ်သံလေးက ထွက်သွားသည်။ ထိုင်နေရာမှ ဆတ်ခနဲထရပ်မိ၏။ ကြိုးကြာစိတ်တွေ မငြိမ်သက် ရွေ့လျားနေတဲ့ နာရီလက်တံလေးတွေကို ကြည့်ပြီး သူ့ကားသံကိုပဲ နားစွင့်နေမိသည်။ နန္ဒမိတ်ကို ချစ်မိသွားပြီလား။ မကျေနပ်ဘူး။ နန္ဒမိတ်ကို ကြိုးကြာ ချစ်မိနေတာကိုပဲ မကျေနပ်မိတာပါ။ နာရီလက်တံလေးတွေ ရွေ့လျားနေတာကို ကြည့်မိနေပြီး ညဆယ့်တစ်နာရီမှ နန္ဒမိတ်ကားလေး ပြန်ဝင်လာသည်။ ဘယ်အချိန်ရှိနေပြီလဲ။ သူမ နှုတ်ခမ်းသားလေးတွေ စူထော်မိကာ ရန်ထောင်ပစ်ချင်နေသည်။

“ကြိုးကြာ အိပ်ပြီလား၊ ကိုယ်ပါ”

သူ့ကားစက်သတ်သံ သူလှေကားထစ်တွေ အတိုင်း တက်လာသံတွေကို သူမရင်ထိတ်စွာ နားစွင့်နေစဉ် သူ့ခြေလှမ်းတွေက သူမအိပ်ခန်းထိ ရွေ့လျားလာသံ ကြားရတော့ သူမကျေနပ်သွားမိသည်။ ကြိုးကြာအပေါ် နည်းနည်းအလေးအနက်ထားခဲ့သားပဲ။ ခြေလှမ်းတွေက ကြိုးကြာအခန်းဝတွင် ရပ်တန့်သွားပြီး ကြိုးကြာ





ဟု အသံပြုသည်။

“ကိုယ်ခြံထဲမှာ ထိုင်စောင့်နေမယ်၊ ကြိုးကြာ ဆင်းလာခဲ့ပါလား”

သူမဆင်းမလာပါဘူး။ နန္ဒမိတ်နဲ့ ပြောစရာစကားမရှိဘူးဟု ပြောဖို့ပြင်ပြီးမှ ကြိုးကြာနှုတ်ခမ်းတွေက စေ့ကပ်သွားရသည်။ ဟုတ်တယ်၊ ရှင်နဲ့ပြောစရာစကား မရှိပါဘူး။ ဒါပေမယ့် ကြိုးကြာ မငြင်းမိ။ ကိုကိုက ခြံထဲဆင်းထိုင်ရအောင်ဟု ပြောတော့ ကြိုးကြာ အလျင်အမြန်ငြင်းမိသည်။ တစ်တိုက်လုံးက တိတ်ဆိတ်ငြိမ်သက်နေ၏။ သူ့အသံက မောပန်းနွမ်းလျနေသည်။ သူပြောမယ့်စကားက တောင်းပန်ပါတယ်ဆိုတဲ့ စကားလား။ ကိုယ်မနက်က ကြိုးကြာကို လက်ထပ်ဖို့ပြောမိတာ ပြန်ရုပ်သိမ်းဖို့ပြောမှာလား။ သူက ခြံထဲပြန်ဆင်းသွားသည်။ ညက တိတ်ဆိတ်ငြိမ်သက်နေ၏။ ကြိုးကြာ အဝတ်အစားကို သပ်သပ်ရပ်ရပ်ဖြစ်အောင်ပြင်ကာ စားသောက်ခန်းထဲဝင်ကာ အအေးတစ်ခွက် ဖျော်လာခဲ့သည်။

“ရော့လေ ရှင် အအေးတော့သောက်ချင်မလားမသိဘူး၊ မသောက်ချင်လည်းရတယ်နော်၊ ကြိုးကြာက ဝါသနာလေ”

“ဒီတစ်ခါတော့ မင်းက အရမ်းအလိုက်သိသွားပြီ



www.burmeseclassic.com

www.burmeseclassic.com



ကြိုးကြာ"

"ရှင်"

"ကိုယ်တကယ်ပဲ အအေးတစ်ခွက်လောက် သောက်ရရင် ကောင်းမှာပဲလို့ တွေးနေတာ"

သူ အအေးခွက်ကိုယူပြီး မက်မက်သက်သက် သောက်နေသဖြင့် ရှင် ဟန်နီချို့ကြောင့် ဘယ်လောက်များ ရင်တွေပူလောင်လာလဲဆိုတာ သိသာလွန်းလိုက်တာဟု တွေးမိသွားသည်။ ဒါပေမယ့် ကြိုးကြာ အပြစ်မတင်ပါဘူး။ ရှင်က ဟန်နီချို့အပေါ် ငယ်ငယ်လေးထဲက သံယောဇဉ်ကြီးမားခဲ့တာလို့ ကြိုးကြာသိထားပါတယ်လေ။ မီးအလင်းရောင်အောက်မှာ နန္ဒမိတ်မျက်ဝန်းတွေက အရောင်မဲ့စွာ ညှိုးငယ်အားလျော့နေသည်။

"နန္ဒမိတ်"

"ဟင်"

"ကြိုးကြာကို တောင်းပန်မလို့လားဟင်၊ ရပါတယ် ကြိုးကြာအတွက် စိတ်ထဲမှာ အနှောင့်အယှက်မထားပါနဲ့နော်၊ နန္ဒမိတ်ကို ကြိုးကြာ နားလည်ပါတယ်"

"ကိုယ်အရမ်းရိုင်းသွားတယ်ထင်တယ်၊ တကယ်ဆို





ကြိုးကြာဆီ ဖုန်းဆက်အကြောင်းကြားသင့်တာပဲလေ"

သူဖုန်းကိုပင် ဖွင့်မထားရဲခဲ့။ ကြိုးကြာဖုန်းဆက်တာ သူသိသည်။ ဟန်နီ့စိတ်တွေ အလိုမကျဘဲ အနှောင့်အယှက်ဖြစ်သွားမှာ စိုးပူ၍ဖြစ်သည်။

"ကိုယ်တစ်နေကုန် ဖုန်းပိတ်ထားခဲ့တယ် ကြိုးကြာ၊ မင်းကို စောင့်ခိုင်းထားခဲ့မိတယ်၊ တောင်းပန်ပါတယ်၊ ကိုယ်အနူးအညွတ်တောင်းပန်တာပါ"

ခင်ကြိုးကြာ နှုတ်ခမ်းလေးက အပြုံးလေးတွေ ဆူဝေစွာ သူ့ကိုမော့ကြည့်နေသဖြင့် ဟန်နီ့ကြောင့် ပူလောက်သောကတွေနှင့် ပင်ပန်းနွမ်းနယ်နေခဲ့ရတဲ့ သူ့စိတ်တွေ အေးချမ်းပျော့ရှင် တက်ကြွသွားရသည်။ ကြိုးကြာက တကယ်ပဲ နားလည်ပါကြောင်း အန်တီတို့ ကိုကိုတို့လည်း ဘာမှပြောမထားကြောင်း ပြော၍ သူ့စိတ်သက်သာရာရသွား၏။ ကြိုးကြာ ကိုယ် ဟန်နီ့ဘေးနားမှာ တစ်ချိန်လုံးရှိနေခဲ့ပြီး ကြိုးကြာကို ဥပေက္ခာပြုထားခဲ့မိတယ်။ ကြိုးကြာက ဘာမှ ပဖြစ်သလို အပြစ်တင်ပြုစူခြင်းမရှိဘဲ အပြုံးလေးတွေနှင့် ဆီးကြိုလိုက်၍ သူ့စိတ်သက်သာပြီး အပူသောကတွေ လျော့ပါးသွားရသည်။

.ဝ. ◻ .ဝ.



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

သူ့အိပ်ခန်းထဲ ပြန်ရောက်လာသည်။ ညဉ့်နက်နေပြီပဲ။ မနက်က ဝတ်ထားတဲ့ အဝတ်အစားတွေမလဲဘဲ အိပ်ရာပေါ် ပြစ်လှဲချပစ်မိ၏။ ဟန်နီရဲ့ အလိုမကျတဲ့မျက်ဝန်းအကြည့်တွေအောက်မှာ သူ့ခန္ဓာကိုယ်တစ်ခုလုံး မီးလောင်ပြာကျမတတ် လောင်မြိုက်သွားခဲ့ရသည်။

"နင်ဘာဖြစ်လို့ ငါ့အနားမှာ ရှိနေရတာလဲ၊ နန္ဒမိတ်ထွက်သွားစမ်း၊ ဒီအချိန်အထိ မိန်းကလေးတစ်ယောက်အနားမှာနေတာ ဘာအကြံအစည်တွေရှိနေလို့လဲဟင်"

ဟန်နီပဲ သူ့ကို အနားမှာနေပေးရန် ပြောခဲ့သည်။ ဟန်နီ





နိုးလာမှ ပြန်ပါဆို၍ဖြစ်၏။ အန်တီက ကိုကို့ဆီဖုန်းဆက်ပြောခဲ့သည်ဖြစ်၍ သူ ဟန်နီ့အနားမှာရှိနေတာ ကြိုးကြာသိနေမှာပဲဖြစ်၏။ မင်းရဲ့အအေးခွက်လေးနဲ့ အပြုံးလေးက ကိုယ့်နှလုံးသားတွေကို အေးမြသွားစေတာအမှန်ပဲ ကြိုးကြာ။ ဟန်နီက ကိုယ့်ကို ဘယ်တော့မှ ချစ်လည်းမချစ်ဘူး။ ကြည်ကြည်သာသာလည်း မဆက်ဆံခဲ့ပါဘူး။ ကိုယ့်ကိုမြင်တာနဲ့ ရန်လိုတာပဲ။ ဟန်နီက ကိုယ့်ကိုခိုင်းဖတ်ပဲ သဘောထားခဲ့တာလေ။ ကိုယ့်ကို အမြဲတမ်း ဒဏ်ရာအနာတရရအောင် ရိုက်နှက်တတ်တယ်။ ဒါပေမယ့် ကိုယ်က ဟန်နီ့ကို အရမ်းသနားတယ်။ ချစ်တယ်။ သံယောဇဉ်ကြီးရတယ်။ ကြိုးကြာလို နားလည်မှုရှိတဲ့ မိန်းကလေးမျိုးဆိုရင် ဘယ်လောက်ကောင်းလိုက်မလဲ။ သူ အိပ်စက်လို့ပင်မရ။ ကြိုးကြာကိုလည်း အားနာနေပါသည်။ လက်ထပ်မည်ဟုပြောပြီး အပြစ်မဲ့သူကို ဥပေက္ခာပြုထားခဲ့တာ နန္ဒမိတ် လွန်သွားပြီပဲ။ ကြိုးကြာ အပြုံးလေးက သူ့ရင်ကို အေးမြသွားစေတာတော့ အမှန်ပဲဖြစ်သည်။

"ညီ"

"ဝင်လာခဲ့ပါကိုကို၊ ညီ တံခါးဖွင့်ထားပါတယ်"

ဟန်နီ့အပေါ် ရက်စက်စိမ်းကားတဲ့ ကိုကို့ကိုပဲ သူဒေါသ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မိသည်။ ဟန်နီက အထင်သေးစရာ၊ မုန်းတီးစရာတွေ မရှိသင့်တဲ့ မိန်းကလေးပါ။ သူတို့ငယ်စဉ်လေးထဲက အတူကြီးပြင်းလာခဲ့ကြသည်။ ဟန်နီမိဘမဲ့ခဲ့ရ၏။ ကိုကိုက ဟန်နီ့အကျင့်စရိုက်တွေကို မနှစ်သက်ဘူးတဲ့။ ဖြစ်သင့်လား။ ကိုကို အခန်းထဲဝင်လာသည်။

"မင်းအရူးပဲ၊ ကိုယ်နဲ့လက်ထပ်မယ့် မိန်းကလေးကို ထားခဲ့ပြီး မင်းကိုဘယ်လိုမှ မချစ်မနှစ်သက်တဲ့ မိန်းကလေးတစ်ယောက်ဆီမှာ အချိန်သွားဖြုန်းရလားကွာ"

"ကိုကိုဘာဖြစ်လို့ မလာရတာလဲ၊ ဟန်နီနဲ့ကိုကိုက မရ(?) မသွေလက်ထပ်ကြရမှာပဲဟာ၊ ဘာဖြစ်လို့ ဟန်နီ့အပေါ် တာဝန်မဲ့ရ တာလဲ"

သူ့အသံတွေက ဒေါသတွေနှင့် မာထန်သွားရသည်။ ကိုကိုက သူ့ရိုသေလေးစားရတဲ့သူပါ။ မာမီက ညီအစ်ကိုချင်း စိတ်ဝမ်းကွဲပြီး တစ်ယောက်ကိုတစ်ယောက် မရိုမသေလုပ်တာကို လက်မခံပေ။ သူက ကိုကို့ကို ဘယ်လိုအကြောင်းနှင့်မှ ခွန်းတုံ့ပြန် ပြောဆိုခွင့်မရှိပေ။ ကိုကိုက သူ့ကို စူးစိုက်စွာကြည့်သည်။ သူ ဘာကိုမှ ဂရုမစိုက်နိုင်တော့ဘူး။ ဟန်နီ့အနားမှာ ကိုကိုက ဖေး(မ) စောင့်ရှောက်နေမှုက ဟန်နီ့အတွက် အလိုအပ်ဆုံးဖြစ်သည်။ သူထ(င်) မိနေသည်။





"ဟန်နီချို့လို မိန်းမတစ်ယောက်အတွက် ကိုကို့ဘဝတွေကို မပေးဆပ်နိုင်ဘူးညီ"

"ဟန်နီက ကိုကို့ရဲ့ စိမ်းကားရက်စက်မှုတွေကြောင့် အလိုမကျမှုတွေ ပိုပြီးဖြစ်နေတာပါ၊ ကိုကိုသာ ဖေးမအားပေးရင် ဟန်နီ့စိတ်တွေ ပြောင်းလဲသွားနိုင်တာပဲ၊ ကိုကို တစ်ခါလောက် ဟန်နီ့အနားမှာနေပေးပါလား၊ အကြင်နာတွေပေးပါလားဗျာ"

"ညီ မင်းအထင်တွေမှားနေတာကွ၊ ဒီကောင်မလေးက အတ္တကြီးတာ၊ ရိုင်းတာ၊ ကိုယ့်ကို ကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ အဒေါ်တစ်ယောက်လုံးကိုတောင် ရိုင်းရိုင်းစိုင်းစိုင်း ပြောဆိုဆက်ဆံတာကွ"

"ဟန်နီက ညီတို့နဲ့ ငယ်ပေါင်းပါ၊ အတူတူကစားဖော်ကစားဖက်တွေပါ၊ ကြိုးကြာကိုကျတော့ ကိုကို အထင်ကြီးတယ်၊ အရေးတယူရှိတယ်၊ ဟန်နီ ဘယ်လိုခံစားရမလဲ"

"မသိဘူးကွာ၊ မင်းကို သတိပေးချင်လို့လာတာပဲ၊ ကြိုးကြာနဲ့ လက်ထပ်မယ်ဆိုရင် မင်းမတရားအနိုင်မကျင့်ပါနဲ့၊ ကြိုးကြာက မင်းကိုချစ်နေတာပါ"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ကြိုးကြာက သူ့ကိုချစ်နေပါတယ်ဆို၍ သူနားကြားများ လွဲသွားသလားဆိုပြီး ဆတ်ခနဲ ကြည့်မိသွားရသည်။ ကြိုးကြာ က အရာအားလုံးပြည့်စုံပြီး ထက်မြက်သလို မာနလည်းကြီးသူပင်။ ပူလောင်နေတဲ့သူ့ရင်ကို အေးမြစေသည့် အပြုံးလေးကို အမှတ်ရလာ သည်။

"မင်းကကောင်းတယ်ညီ၊ ခင်ကြိုးကြာလို မိန်းကလေး တစ်ယောက်က မင်းကိုချစ်နေတာ မင်းဘဝရဲ့ အေးချမ်းမှုပဲကွ၊ ဟန်နီချို့လိုကောင်မလေးကြောင့် နှစ်သက်မြတ်နိုးစရာကောင်းတဲ့ မိန်းကလေးရဲ့ အချစ်တွေကို လက်လွှတ်အဆုံးရှုံးမခံပါနဲ့ကွာ"

သူ တစ်စုံတစ်ခုပြောမည်ဟု ပြင်လိုက်စဉ်မှာပင် ကိုကို လှည့်ထွက်သွားသည်။ ကြိုးကြာက ညီ့ကိုချစ်နေတာတဲ့။ အလိုက် သိတတ်စွာ နားလည်မှုရှိသော မိန်းကလေးရဲ့အချစ်တွေကို သူ အမှန်တကယ်ပဲ ပိုင်ဆိုင်ခွင့်ရမှာလား။ သူ အိပ်စက်ဖို့ ကြိုးစားနေရ သည်။ အအေးခွက်လေးကိုင်ပြီး သူ့နှလုံးသားတွေကို အေးမြစေသော အပြုံးလေးနှင့် ဆီးကြိုခဲ့သော ကြိုးကြာရဲ့ အလိုက်သိတတ်မှုတွေ။ ယောကျ်ားတစ်ယောက်အတွက် အလိုအပ်ဆုံးအရာတွေပဲလား။ ကိုကိုက အဲဒီလိုမိန်းကလေးမျိုးကိုမှ ဘဝတစ်သက်တာလုံး လက်ထ





ဖော်အဖြစ် ရွေးချယ်ချင်တာတဲ့။ နန္ဒမိတ် မျက်လုံးတွေကို မှိတ်ပစ် လိုက်သည်။

"နန္ဒမိတ်"

"ဟင်"

သူ့မျက်ဝန်းတွေကိုပင် မယုံနိုင်လောက်အောင် ခင်ကြိုးကြာ က သူ့အခန်းထဲဝင်လာသည်။ ချိုအီသောမျက်ဝန်းတောက်တောက် လေးတွေနှင့် ကြည့်နေ၏။ သူ့မနှုတ်ခမ်းထူထူအမ်းအမ်းလေးတွေ အပေါ်မှာ အပြုံးလေးတွေ ထင်းနေသည်။

"အဝတ်အစားတွေဘာဖြစ်လို့ မချွတ်တာလဲကွာ၊ အရမ်း ညစ်ပတ်တာပဲ၊ ထ ကြိုးကြာ အင်္ကျီတွေယူလာတယ်၊ လဲလိုက် ကွာ"

"ကြိုးကြာကလည်းကွာ မင်းနဲ့ကိုယ် လက်မထပ်ရသေး ဘူးလေ၊ ချစ်သူတွေလည်းမဟုတ်ဘူး၊ မင်းဘာဖြစ်လို့ ဝင်လာရ တာလဲ"

"ကြိုးကြာတို့ လက်ထပ်ကြမှာပဲဟာ၊ နန္ဒမိတ်ကို ကြိုးကြာချစ်တယ်"

"ဟင်"

"မာမီ့ကို လက်ထပ်ပါ့မယ်လို့လည်း ပြောပြီးပြီ၊ နန္ဒမိတ်



www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖယ်ဖို့ မကြိုးစားနဲ့နော်၊ ရှင့်ကို ကြိုးကြာ ပိုင်သွားပြီပဲ၊ ထပါ ဆို ချွေးတွေနဲ့ အဝတ်အစားတွေကို ဝတ်ပြီး မအိပ်ရဘူး၊ ကြိုးကြာ လဲပေးမယ်နော်"

"အို မလုပ်ပါနဲ့ကြိုးကြာ၊ ကိုယ် ဒီအတိုင်းပဲ အိပ်မယ်၊ မင်းထွက်သွားစမ်းပါ ကြိုးကြာ၊ ငါချစ်တာက ဟန်နီချိုလေ၊ မင်းကို လက်ထပ်ချင်မှလက်ထပ်မှာ"

"ထပါကွာ၊ နန္ဒမိတ်နှလုံးသားထဲမှာ ဘယ်သူပဲရှိနေပါစေလေ ကြိုးကြာက ပိုင်ဆိုင်ရအောင် ကြိုးစားမှာပဲ"

သူမ အတင်းအကြပ်ပင် သူ့အင်္ကျီကြယ်သီးတွေကို ဖြုတ်နေသဖြင့် နန္ဒမိတ် ဖယ်ရှားရင်း သူ့ရင်ခွင်ထဲသို့ သူမကိုယ်လုံးလေး ပြိုလဲကျလာသည်။

"အို"

"ဟင်"

ချောမောလှပသော ခင်ကြိုးကြာရဲ့ မျက်နှာလေးက သူ့မျက်နှာပေါ်မှာ ပြိုလဲပိကျလာသည်။ သူမလက်တွေက သူ့ခန္ဓာကိုယ်အား တင်းကြပ်စွာ ဖက်တွယ်လာ၏။ သူလည်း အလန့်တကြားနှင့် သူမခန္ဓာကိုယ်လေးအား ဖမ်းယူပွေ့ဖက်ထားမိသွားသည်။ သူ့ရင်ခုန်သံတွေက တဒိန်းဒိန်းမြည်သွားရ၏။ သူချစ်မြတ်





နိုးရသော ဟန်နီချိုနှင့်ပင် နီးနီးကပ်ကပ် မနေဘူးခဲ့။ ရီဝေရွှန်းလဲ့သော မျက်ဝန်းလေးနှင့် ဆုံမိသွားရပြီး သူမနှုတ်ခမ်းထူထူလေးက သူ့နှုတ်ခမ်းနှင့် ထိကပ်ကာ ပူနွေးလှိုက်တုန်သွားရသည်။

"နန္ဒမိတ်ကို ကြိုးကြာချစ်တယ်၊ အရမ်းပဲမြတ်နိုးတယ်၊ ကြိုးကြာတို့ လက်ထပ်ကြရအောင်နော်"

"ကြိုးကြာရယ်"

သူ့စိတ်တွေလည်း မထိန်းချုပ်စွာဖြင့် ကြိုးကြာကိုယ်လုံးလေးအား တင်းကြပ်စွာ ပွေ့ဖက်ထားမိသည်။ မျက်နှာတစ်ခုက ထိကပ်သွားပြီး အနမ်းလေးတွေ တရှိုက်မက်မက်ပေးမိသွားသည်။

"နန္ဒမိတ် သားငယ် ထတော့လေ၊ မင်းအိပ်နေတာ နေမြင့်နေပြီ"

"ဒုန်း…ဒုန်း"

"သားငယ်ထတော့လေ"

"ဒုန်း…ဒုန်း"

"ဟင်"

အပြင်မှ တဒုန်းဒုန်းထုပြီး နှိုးနေတဲ့ မာမီ့အသံကြောင့် သူလန့်နိုးသွားရသည်။ မျက်လုံးတွေကို အတော်လေးအားယူပြီး ဖွင့်ကြည့်လိုက်တော့ နေရောင်က ရှင့်နေပြီပဲ၊ မာမီက သားငယ်နိုး



www.burmeseclassic.com

www.burmeseclassic.com



ပြီလားဟု မေးနေသည်။

"နိုးနေပါပြီ မာမီ"

"မျက်နှာသစ်၊ အဝတ်အစားလဲပြီး အောက်ဆင်းခဲ့၊ မာမီနဲ့ ကြိုးကြာလေးတို့ မနက်စာစားဖို့ စောင့်နေမယ်နော်"

"ဟုတ်ကဲ့"

မာမီက မိသားစုဆုံချိန်လေးကိုတော့ အလေးအနက် တန်ဖိုးထားသည်။ ဒက်ဒီရှိစဉ်ထဲက မနက်စာစားချိန်ရယ် ညစာစားချိန်ရယ်ကို မိသားစုမျက်နှာချင်းဆိုင် တွေ့ချိန်အဖြစ် တန်ဘိုးထားသည်။ မာမီပြန်ထွက်သွားမှ သူ့အိပ်မက်တွေကို အမှတ်တရ သတိရလာမိသည်။ ရင်တွေတလှပ်လှပ် ခုန်နေသေး၏။ အိပ်မက်ထဲမှာ ကြိုးကြာရဲ့နှုတ်ခမ်းဖူးဖူးလေးကို သူနမ်းရှိုက်မိသည်။

"အား"

သူ အပျင်းဆန့်ပစ်လိုက်သည်။ အိပ်မက်လေးက လွမ်းစရာကောင်းလိုက်တာဟု ထင်မိသည်။ ကိုကိုက မင်းကို ကြိုးကြာက ချစ်နေတာတဲ့။ အိပ်မက်ထဲမှာလည်း ကြိုးကြာက သူ့ကိုချစ်သည်တဲ့။ သူထဖို့ပြင်ပြီးမှ မျက်လုံးတွေကို ပြန်မှိတ်ပြီး အိပ်မက်လေးကို ပြန်တွေးနေမိသည်။

"နက္ခမိတ်ကို ကြိုးကြာချစ်တယ်၊ အရမ်းပဲမြတ်နိုးတယ်၊





လက်ထပ်ကြရအောင်နော်"

ကြိုးကြာစကားတွေကို ပြန်၍ကြားယောင်လာမိသည်။ အပြင်မှာတော့ မင်း အဲဒီလိုပြောမှာမဟုတ်ပါဘူး ကြိုးကြာ။ မင်းက မာနရှိတယ်။ မင်းလိုမိန်းကလေးအတွက် အကြီးအကျယ်ခမ်းနားမှုတွေက အများကြီးရှိနေခဲ့တာပဲမဟုတ်လားကွာ။ သူထသည်။ မနက်ကဝတ်ထားသော အဝတ်အစားတွေ မချွတ်ဘဲ အိပ်မိ၏။ မင်းသာ ကိုယ့်ဇနီးဖြစ်နေရင် တယုတယလာပြီး ချွတ်လဲပေးမှာမဟုတ်လား ကြိုးကြာ။ မင်းအရမ်းပဲ ကိုယ့်ကို ယုယကြင်နာနေမှာလား။ အိပ်မက်က သူ့မျက်လုံးထဲမှာ စွဲထင်နေသည်။ ထလိုက်ရင် ပျောက်ကွယ်သွားမှာပင် စိုးရိမ်ပူပင်နေသည်။

"ညီ ထတော့လေ၊ မာမီစောင့်နေတယ်၊ မင်းညက တော်တော်နဲ့ အိပ်မပျော်ဘူးထင်တယ်၊ ကိုကိုတော့ ကုမ္ပဏီကိုသွားပြီ"

ကိုကိုက သူ့အခန်းဝမှာ ရပ်ပြီး နှုတ်ဆက်နေသည်။ ကိုကို့မျက်လုံးတွေက အရင်လိုလည်း ထွန်းတောက်ပခြင်းမရှိတော့ပေ။ ကိုကို တစ်ခုခုအကြောင်းပြပြီး မနက်စာပင်မစားတော့ဘဲ သွားတော့မည်ဖြစ်သည်။

"ထတော့ကွာ၊ မာမီနဲ့ ကြိုးကြာ စောင့်နေတယ်၊ အပျင်း



www.burmeseclassic.com

www.burmeseclassic.com



မထူနဲ့တော့ညီရာ''

ကိုကိုသည် သူ့ကိုချစ်ပြီး အမြဲတမ်း နားလည်ခွင့်လွှတ်ပေးခဲ့သည်။ သူဆိုးပေသမျှ ကိုကိုသည်းခံခဲ့၏။ လိမ္မာပြီး မိသားစုအပေါ် နားလည်သိတတ်ကာ သံယောဇဉ်ကြီးတဲ့သူပါ။ ကိုကိုက နှုတ်ခမ်းသားတွေကို တွန့်မဲ့ပြီး ပြုံးကြည့်သည်။

''မင်းဆန္ဒအတိုင်း ကိုကို ဟန်နီ့ဆီသွားမှာပါ၊ ဟန်နီ့ကို ညှိနှိုင်းဆွေးနွေးမယ်လေ၊ ကိုကိုက ညီ့ဆန္ဒအတိုင်း လုပ်ပေးမှာပါကွ၊ မင်းသာ ကြိုးကြာနဲ့ အဆင်ပြေဖို့ အရေးကြီးတယ်နော်ညီ''

ကိုကို့နှုတ်ခမ်းတွေက ရယ်မောနေပေမယ့် မျက်ဝန်းတွေက အေးစက်ကြေကွဲနေသည်။ ဟန်နီ့ကို အခွင့်အရေးပေးတော့ပေးလိုက်ပါကိုကိုရာ။ ကိုကို့အကြင်နာ အယုအယတွေက ဟန်နီရဲ့ ရိုင်းစိုင်းခက်ထန်နေတဲ့စိတ်တွေကို ပြုပြင်ပြောင်းလဲစေမှာပါ။ သူ ရေချိုးခန်းထဲဝင်လာခဲ့သည်။

o ❑ o



# အခန်း (၁၅)

ဟန်နီ ဒေါသတွေပေါက်ကွဲချင်နေမိသည်။ ကိုကို ရက်စက်တယ်။ ဟိုဟာမ ခင်ကြိုးကြာ အနားပဲ ကပ်နေမှာပေါ့။ ဟန်နီ သိပါတယ်နော်။ ကိုကိုက ခင်ကြိုးကြာကို အထင်ကြီးနေတာလေ။ နန္ဒမိတ် နင်အသုံးမကျတဲ့ကောင်ပဲ။ ခင်ကြိုးကြာက နင် လက်ထပ်ရမယ့် မိန်းမလေ။ နင် အသေကပ်ထားရမှာ။ ငါ့အနားကို ဘာဖြစ်လို့ လာကပ်နေရတာလဲလို့။ မုန်းလိုက်တာ။ ကိုကိုက ဘာဖြစ်လို့ ဟန်နီ့ဆီ မလာရတာလဲ။ ရှင် ကျွန်မကို ရှောင်လွှဲလို့ရမယ်များ ထင်နေလား။ ဟန်နီ့အကြောင်း ကောင်းကောင်း သိစေရမယ်။ ဟန်နီ့နှုတ်ခမ်းလေးတွေက တင်းကြပ်စွာ



www.burmeseclassic.com

www.burmeseclassic.com



စေ့ကပ်နေသည်။

"တူမလေး ဟန်နီ ကိုကိုလာနေတယ်၊ ဧည့်ခန်းမှာ စောင့်နေတယ်"

"ဘာဖြစ်လို့ ဧည့်ခန်းမှာ စောင့်နေရတာလဲ၊ ဒီကိုလာခဲ့လို့ပြောလိုက်"

"တူမလေးရယ်၊ မောင်ဝဏ္ဏထင်က ဘယ်တုန်း အပေါ်တက်လာခဲ့လို့လဲ၊ လူကြီးလူကောင်းလေ"

"ဘာလူကြီးလူကောင်းလဲ၊ ဘဝင်မြင့်နေတာ၊ ကြီးကျယ်ခမ်းနားနေတာ၊ အန်တီ အောက်ကိုဆင်းသွားပြီး ကျွန်မဆီပဲလာတွေ့ပါလို့ ပြော"

"သမီးက မောင်ဝဏ္ဏထင်ကို ချစ်တယ်မဟုတ်လား၊ ပိုင်ဆိုင်ချင်တယ်မဟုတ်လားကွယ်"

"ကျွန်မ ပြောခိုင်းတာပဲ သွားပြောပေးပါ၊ သူ ကျွန်မကို မလွှဲမရှောင်သာ လက်ထပ်ရမှာပဲလေ၊ တစ်ပတ်အတွင်း သူ့ကို ကျွန်မ ပိုင်ဆိုင်ရမှာ၊ ရှောင်လွှဲလို့ရမယ် ထင်နေလား"

"တူမလေး"

"ဆက်သွားလေ၊ ကျွန်မပြောတာပဲ သွားပြောလေ"





သူမ အော်ဟစ်မောင်းထုတ်ပစ်လိုက်သဖြင့် အန်တီ ထွက်သွားသည်။ ကိုကို ရှင်က မလွှဲသာမရှောင်သာလို့ ရောက်လာခဲ့တာမဟုတ်လား။ ဟန်နီ့ရင်ထဲမှာ မကျေနပ်ချက်တွေက ထုထည်ကြီးမားစွာ ပေါက်ကွဲချင်နေသည်။ ကိုကို တက်မလာပေ။ ဟန်နီ့ဒေါသတွေက ပို၍ပြင်းထန်လာရ၏။ သူမ အောက်ထပ်သို့ ဆင်းလိုက်သွားတော့ ကိုကို ပြန့်ဖို့ပြင်နေသည်။

"ကိုကို"

"ဟင်"

"ကျွန်မက ရှင် ကြီးကျယ်ခမ်းနားစွာ ဆက်ဆံသင့်တဲ့ မိန်းမလား၊ ခင်ကြိုးကြာဆိုရင် ဒီလို ရှင် အေးတိအေးစက်နဲ့ ဆက်ဆံမလား"

"ဟန်နီ မင်းအနေနဲ့ ကိုကို့ကို လေးစားသင့်တယ်၊ ခင်ကြိုးကြာက ကိုကို့ညီနဲ့ လက်ထပ်တော့မယ့် မိန်းကလေးပါ၊ ခင်ကြိုးကြာကိုယ်တိုင်လည်း ညီကိုပဲ ချစ်တာ"

"အဟင်း ဟင်း ဟင်း အဟင်း"

"ဟန်နီချို"

"ရှင်က ကုတ်ကမြင်းပဲ၊ ခင်ကြိုးကြာကို ကြိတ်ကြဲနေ



www.burmeseclassic.com

www.burmeseclassic.com



တာလေ''

''တော်စမ်း ဟန်နီချို''

''ရှင် ကျွန်မကို ရှောင်လွှဲလို့မရဘူး၊ ရှင် ဘယ်လောက်ကြီးကျယ်ခမ်းနားနိုင်မလဲ၊ ကျွန်မကို အဖက်မတန်သလို ဆက်ဆံမလဲ၊ ရှင် ကျွန်မကြောင့် ဘဝတစ်လျှောက်လုံး စိတ်သောကတွေခံစားစေရမယ်''

''ဟန်နီချို မင်းက တော်တော်ရိုင်းစိုင်းပြီး အောက်တန်းကျတဲ့ မိန်းမပဲ၊ ဟုတ်တယ်၊ ငါက ခင်ကြိုးကြာလို မိန်းမမျိုးကိုပဲ အထင်ကြီးတယ်၊ လေးစားတယ်၊ ငါ့ဘဝလက်တွဲဖော် အဖြစ်ရွေးချယ်ချင်တယ်၊ မင်းကိုတော့ လုံးဝပဲ''

''ဟား ဟား ဟား''

သူမ ရူးသွပ်စွာ အော်ဟစ်ရယ်မောပစ်လိုက်မိသည်။ ကိုကို့မျက်နှာကို စူးစူးဝါးဝါးကြည့်မိ၏။ ကျွန်မက ရိုင်းတယ်ဟုတ်လား။ ဟန်နီချို ဆိုတဲ့ မိန်းမက အောက်တန်းကျတယ်တဲ့လား။ အရမ်းရယ်ရတာပဲ။ ကျွန်မက ရှင်တို့နဲ့အတူ ကြီးပြင်းလာခဲ့တာလေ။ ကိုဝဏ္ဏထင် ရှင်က ရက်စက်စိမ်းကားလွန်းတယ်။ ကျွန်မအပေါ် ဘယ်တုန်းကမှ အကောင်းမမြင်တဲ့ ရှင့်ကို မုန်းတယ်။ သူမ နှုတ်ခမ်းသားလေးတွေ တဆတ်ဆတ်တုန်ရီနေသည်။





''ရှင် ကျွန်မကို တစ်ပတ်အတွင်း လက်ထပ်ဖို့စီစဉ်ပါ၊ ထပ်ပြီး အေးစက်စိမ်းကားနေမယ်ဆိုရင်တော့ ရှင်က ခင်ကြိုးကြာကို ချစ်နေတဲ့အကြောင်း လူတွေအားလုံးကို ပြောပစ်မှာနော်''

''ဟန်နီချို''

''အဟင်း ဟင်း အဟင်း၊ ရှင် စိတ်သောကတွေရောက်စေရမယ်၊ ရှင့်ကို အပြစ်ပေးရမယ်''

''တော်စမ်း ဟန်နီချို၊ မင်းစိတ်တွေကို သန့်ရှင်းဖြူစင်အောင် မွေးမြူစမ်းပါကွ၊ မင်းကို ငါ လက်ထပ်ဖို့ စဉ်းစားရမယ်၊ မင်းပြောချင်တာပြောလေ၊ မင်းပြောရင် မင်းနဲ့အဝေးဆုံးကို ငါ ထွက်သွားမယ်''

ကိုကို အဲဒီလိုတော့ မလုပ်ပါနဲ့။ ဟန်နီက ကိုကိုနဲ့ အဝေးဆုံးမနေနိုင်လို့ပါနော်။ ဟန်နီ ကိုကို့ကို အရမ်းချစ်လို့ပါ။ ကျွန်မ ရင်တွေ ကွဲအက်နေပြီ ကိုကို။ ကျွန်မကို ဘာဖြစ်လို့များ ဒီလောက်အထိ စိမ်းကားရက်စက်ချင်နေရတာလဲ။ သူမ ငေးကြောင်စွာ ကိုကို့အား ကြည့်နေမိသည်။

''လောကကြီးထဲမှာ မင်းလုပ်ချင်တာ လုပ်နေချင်သလို



www.burmeseclassic.com

www.burmeseclassic.com



နေလို့ရမယ် ထင်လား ဟာန်နီချို၊ မင်းက ငါ့ဘဝတစ်လျှောက်လုံးကို အရှက်တကွဲနဲ့ ဂုဏ်သိက္ခာတွေကျဆင်းအောင် ရည်ရွယ်ချက်ကြီးကြီးနဲ့ လုပ်ဆောင်မယ့် မိန်းမပဲ၊ မင်း ဒီလိုလုပ်နေသရွေ့ ငါ့အချစ်တွေကို ဘယ်တော့မှရမှာမဟုတ်ဘူးကွ၊ အမုန်းတွေပဲရမှာ"

သူ ထလိုက်သည်။ ဟာန့်နီချိုကို သူ လက်ထပ်ရမှာတော့ လွှဲရှောင်လို့မရသော အခြေအနေတစ်ခု ဖြစ်ချေနှင့်၏။ မင်း အကြံပက်စက်တာပဲ။ အချစ်ဆိုတာကို နားလည်တဲ့ မိန်းမတစ်ယောက်မှ မဟုတ်တာဘဲ။ ငါ့ရဲ့ဇနီးမယားက မင်းလိုမိန်းမမျိုး မဖြစ်နိုင်ဘူး ဟာန်နီချို။

ညီရယ် မင်းကံကောင်းပါတယ်။ ဘာဖြစ်လို့လဲ သိလား။ ခင်ကြိုးကြာက မိန်းကလေးပီသပြီး စိတ်သဘောထားပြည့်ဝတယ်။ အိမ်ထောင်တစ်ခုကို အေးချမ်းစွာ တည်ဆောက်နိုင်တဲ့ အရည်အချင်းတွေရှိတယ်။ ညီ့ကိုလည်း အရမ်းချစ်တယ်။ မင်း ခင်ကြိုးကြာကိုပဲ လက်ထပ်ပါ။ ဟာန်နီချိုက မင်းကို တစ်သက်လုံး နှိပ်စက်မယ့် မိန်းမပဲ။ ညီက ဟာန်နီချို့အပေါ် သံယောဇဉ်ကြီးလွန်း၍ သူ စိတ်ပူနေမိသည်။

"ရှင်ထွက်မသွားနဲ့နော် ကိုကို၊ ကျွန်မက ရှင်နဲ့လက်ထပ်





ဖို့ တစ်ပတ်တောင် အချိန်ပေးမှာမဟုတ်တော့ဘူး။ အခုချက်ချင်းပဲ လက်ထပ်ပေးပါ၊ ကျွန်မ စိတ်မချတော့လို့ပါ၊ ကိုကိုချစ်နေတာက ခင်ကြိုးကြာလို့ ပြောလိုက်မယ်"

"မင်းကို ငါ လုံးဝလက်မထပ်နိုင်တော့ဘူး ဟာန်နီချို၊ မင်းလုပ်ချင်တာလုပ်လေ၊ ပြောချင်သလိုသာပြောတော့၊ ငါပြန်မယ်"

"ကိုကို"

"ဖယ်စမ်း၊ မင်းလို စရိုက်ကြမ်းတဲ့မိန်းမနဲ့ ငါ ဘဝတစ်လျှောက်လုံး ဘယ်တော့မှလက်မတွဲဘူး၊ မင်းနေရစ်ခဲ့တော့၊ မင်းဆန္ဒတွေကို မှားမှားမှန်မှန် လိုက်လျောဖြည့်စွမ်းပေးမယ့်သူတွေထဲမှာ ငါ မပါဘူးကွ"

သူ ဆုံးဖြတ်လိုက်သည်။ မာမီ့အတွက် သားလိမ္မာမဖြစ်ချင်လည်း နေပါစေတော့။ ဘယ်လိုမှ ဆုံးမသွန်သင်မှုကို မနာခံတတ်တဲ့ ဟာန်နီချို့လို ရိုင်းစိုင်းကြမ်းတမ်းတဲ့ မိန်းမတစ်ယောက်နဲ့တော့ လက်မထပ်နိုင်ဘူး။ သူ ကားပေါ်တက်ပြီး မောင်းထွက်လာခဲ့သည်။

"ရှင် ထွက်သွားတာနဲ့ ကျွန်မ အန်တီညို့ဆီသွားမယ်၊



www.burmeseclassic.com

www.burmeseclassic.com



ရှင်နဲ့ အခုချက်ချင်းပဲ တရားဝင်လက်မှတ်တိုးဖို့ စီစဉ်မယ်၊ ရှင်ကျွန်မကို ရှောင်လွှဲလို့မရဘူးနော်၊ ရှင်အမုန်းဆုံးမိန်းမ ဟန်နီချို့နဲ့ ရှင့်ဘဝတစ်လျှောက်လုံး နေရမှာလေ''

သူမ အော်ဟစ်နေသည်။ ဝဏ္ဏထင် ခေါင်းကို ခါယမ်းပစ်လိုက်မိ၏။ ဘယ်လိုလုပ်ရမလဲ။ ဘယ်လိုအကြောင်းပြချက်တွေနဲ့ ရှောင်လွှဲပစ်ရမလဲ။ ဟန်နီချို့နဲ့ သူ့ဘဝတစ်လျှောက်လုံး မလွဲမသွေ အတူတူနေရတော့မှာလား။ ဝဏ္ဏထင် ခေါင်းတွေ ရှုပ်ထွေးလာသည်။ အိမ်ပြန်ရောက်တာနှင့် မာမီက ဟန်နီချို့ဆန္ဒအတိုင်း သူနှင့် အတင်းအကြပ် လက်ထပ်ပေးတော့မည်ဖြစ်သည်။

''မင်း လက်ထပ်ရမယ်၊ မငြင်းပါနဲ့သားရယ်၊ မာမီ ရဲ့ အကြီးမားဆုံးဆန္ဒပါပဲ၊ သား လက်ခံပါ၊ ဟန်နီချို့လေးကို သားစောင့်ရှောက်ရမယ်၊ မင်း မငြင်းပါနဲ့''

မာမီက အတင်းအကြပ် လက်ထပ်ပေးတော့မည်ဖြစ်သည်။ သူ့ဘဝရည်မှန်းချက်က အဲဒီလိုမဟုတ်ဘူး။ သူ ဒီကိစ္စနှင့်ပတ်သက်ပြီး စိတ်သောကတွေ ကြီးစွာရောက်နေရသည်။

''ငါ မင်းလိုမိန်းမတစ်ယောက်ကို ဘယ်တော့မှ လက်မထပ်ဘူး၊ မင်းက ငါ့ဘဝရဲ့ လက်တွဲဖော် ဖြစ်မယ်ထား ဘယ်တော့





မှမဖြစ်နိုင်ဘူး ဟန်နီချို့''

''အား''

''ဝုန်း''

''ဒိုင်း''

''ကျွိ''

လမ်းမကြီးပေါ်မှာ ကားချင်းတိုက်မိသံတွေ ဆူညံသွားလေသည်။ ဝဏ္ဏထင် သတိတစ်ချက်လစ်သွားသည်နှင့် မျက်နှာချင်းဆိုင်မှ လာနေတဲ့ကားကို ဝင်တိုက်မိပြီး နာကျင်စူးရှလွန်းသောဝေဒနာကို ပြင်းပြစွာ ခံစားလိုက်ရပြီး သူ့မျက်ဝန်းတွေ မှောင်အတိကျသွားသည်။

သက်ဆိုင်ရာတွေ ရောက်လာပြီး ကားကို မွှေနှောက်ရှာဖွေရာ အိတ်အနက်ရောင်ထဲမှ ဝဏ္ဏထင် ဆိုတဲ့ လိပ်စာကတ်ကို တွေ့ပြီး ဖုန်းဆက်အကြောင်းကြားကြသည်။

''ဟဲလို ကိုဝဏ္ဏထင်အိမ်ကပါလား''

''ဟုတ်ပါတယ်ရှင်''

''ဝဏ္ဏ သွင်းကုန်ထုတ်ကုန် ကုမ္ပဏီလီမိတက်ရဲ့ မန်နေဂျင်းဒါရိုက်တာ ကိုဝဏ္ဏထင် အိမ်ကပါနော်''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ကျွန်မက သူ့အမေပါ၊ ပြောပါရှင်၊ ဘယ်လိုအကြောင်းကိစ္စများ ရှိနေပါလဲ"

"အစ်မကြီးက ကိုဝဏ္ဏထင်ရဲ့ မိခင်ဆိုရင် စိတ်ခိုင်ခိုင်ထားပြီး နားထောင်ပါနော်"

"ရှင်"

"ကျွန်တော်တို့က သက်ဆိုင်ရာကပါ၊ ကိုဝဏ္ဏထင် ကားအက်ဆီးဒင့်ဖြစ်ပြီး ရန်ကုန်ဆေးရုံကြီးကို ပို့လိုက်ရပါတယ်၊ ဒဏ်ရာက ပြင်းထန်ပါတယ်၊ သူ့လိပ်စာကတ်ကို သူ့အိတ်ထဲက တွေ့လို့ ဖုန်းဆက်အကြောင်းကြားလိုက်ရတာပါ"

"ရှင်"

ဒေါ်ညိုညိုဝေ ရင်ဝကို လက်နှင့်တင်းကြပ်စွာ ဖိကပ်ထားရသည်။ ဘယ်လိုဖြစ်ရတာလဲ။ အမလေး ကယ်ကြပါဦး။ သားကြီး ကားအက်ဆီးဒင့်ဖြစ်လို့ ရန်ကုန်ဆေးရုံကြီး ရောက်နေပြီတဲ့။ ဒဏ်ရာပြင်းထန်တယ်တဲ့။ ဒေါ်ညိုညိုဝေ အသက်ကိုပင် ပြင်းပြစွာ ရှူရှိုက်နေရသည်။

"မာမီ ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား"

"သားငယ် မာမီတို့တော့ ကိုယ်ကျိုးနည်းပါပြီ၊ သားကြီး





ကားအက်ဆီးဒင့်ဖြစ်ပြီး ဆေးရုံကြီးရောက်နေတယ်တဲ့"

"ဗျာ"

"သွားကြမယ်၊ ဆေးရုံကြီးကို သွားမယ်"

ဟန်နီချိုလည်း ရောက်လာပြီး ကိုကို့သတင်း ကြားလိုက်ရပြီး အသိကင်းမဲ့သွားမတတ် မေ့မျောကျချင်သွားရသည်။

"ကိုကို ဘယ်လိုဖြစ်ရတာလဲ ဟင်၊ ဆေးရုံရောက်နေပြီ ဟုတ်လား၊ ဒဏ်ရာပြင်းထန်တယ်မဟုတ်လား"

"ဟုတ်တယ် ဟန်နီ၊ သားကြီး ကားတိုက်မှုဖြစ်လို့တဲ့၊ ဘုရားရေ ဉာဏ်ပညာထက်မြက်ပြီး လိမ္မာတဲ့သားကြီး ဘယ်လိုဖြစ်ရတာလဲအေ"

ဟန်နီကြောင့်ပါပဲ။ ကိုကို စိတ်သောကတွေ အရမ်းရောက်ပြီး သူမအနားမှ ထွက်သွားသည်။ ဘုရားရေ ကိုကို ဘယ်လိုဖြစ်ရတာလဲလို့။ ဟန်နီ ဒူးလေးညွှတ်ခွေကျသွားတော့ မလို ဖြစ်သွားသဖြင့် နန္ဒမိတ်က ဖေးမတွဲယူပေးခဲ့သည်။

"ဟန်နီ မလိုက်နဲ့၊ အန်တီညီတို့ပဲ သွားမယ်၊ ကြိုးကြာလည်း ဟန်နီနဲ့နေခဲ့ပေးပါ"

"ဟုတ်ကဲ့ပါ အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း၊ ဟန်နီ မနေခဲ့ချင်ဘူး၊ လိုက်ပါရစေ၊ ကိုကို နဲ့တွေ့ချင်တယ်၊ ကိုကို့ကို တွေ့မှဖြစ်မှာမို့လို့ပါနော်"

ဟန်နီနှင့်ပြဿနာတွေဖြစ်ပြီး ကိုကိုပြန်သွားတဲ့အကြောင်း ပြော်မပြဖြစ်တော့။ ကိုကိုက ဟန်နီနဲ့လက်မထပ်ချင်လို့ တမင်များ ကိုယ့်ကိုယ်ကို အဆုံးစီရင်ပစ်လိုက်တာများလား။ ဘုရားရေ ဟန်နီ ကိုကိုနဲ့တွေ့မှဖြစ်မယ်။ ကိုကို ဘာမှမဖြစ်ပါစေနဲ့။ ကျွန်မ ဘယ်လောက်ပဲ ဒေါသကြီးပြီး အတ္တရှိနေပါစေ၊ ကိုကို့ကိုတော့ လူ့လောကကြီးထဲကနေ ထွက်ခွာမသွားစေချင်ပါဘူးနော်။

ကိုကို အသက်ရှင်ပေးပါ။ ကျွန်မအတွက် မဟုတ်ရင် တောင် ကိုကို အသက်ရှင်နေပါ။ ကိုကို့ဆန္ဒတွေနဲ့ ဆန့်ကျင်ပြီး ကျွန်မ ဘာတစ်ခုမှ ဖွတ်တရွတ် မတောင်းဆိုတော့ပါဘူး။ ကိုကို့ ဆန္ဒအတိုင်းပါပဲ။ ကိုကို့ဆုံးဖြတ်ချက်တွေကို ကျွန်မ လိုက်နာ မှာပါ။ ကိုကို မသေပါနဲ့။ ကျွန်မနဲ့အဝေးဆုံးကို ထွက်မသွားပါ နဲ့နော်။ ခင်ကြိုးကြာက သူမလက်မောင်းကို ဆုပ်ကိုင်ပြီး တည့်မတ် ပေးသည်။ နန္ဒမိတ်က စိတ်ပူပင်စွာ သူမအား နှစ်သိမ့်စကားတွေ ပြောနေခဲ့၏။ အန်တီညိုက ဟန်နီ့ကို လိုက်ခွင့်ပေး၍ ကားတွေ ပေါ် ကမန်းကတန်းတက်ကာ မောင်းထွက်လာကြသည်။

o ▯ o





# အခန်း (၁၆)

"ကိုဝဏ္ဏထင် ကွယ်လွန်သွားပါပြီ"

"ဟင်"

ဟန်နီ ခြေလှမ်းတွေက ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ တုံ့ခနဲ ရပ်သွားကာ ခန္ဓာကိုယ်လေးထဲမှာ သွေးလည်ပတ်မှုတွေ ရပ်တန့် သွားသလို တောင့်တင်းသွားရသည်။ ကိုကို သေဆုံးသွားပြီတဲ့။ တကယ်ပဲ ဟန်နီနဲ့အဝေးဆုံးကို ပြေးထွက်ရှောင်ပုန်းသွားတာလား ကိုကိုရယ်။ ဟန်နီ့ရင်ထဲက အလိုမကျမှုတွေ ဒေါသပေါက်ကွဲ ဟတ်နေတာတွေ အားလုံးက ကိုကို့ကိုချစ်လို့ပါ။ မိဘမဲ့ဘဝကို နာကျင်မုန်းတီးစွာ ခံစားရင်ဆိုင်ဖြတ်သန်းရင်း ကိုကို့အပေါ် ကွယ်တာချစ်မြတ်နိုးရတဲ့ ဟန်နီချိုဆိုတဲ့ ကောင်မလေး ရိုင်းစိုင်း



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ကျားသစ်မလေးတစ်ကောင်လို အတွက်ကြီးစွာ မာန်ဖီတတ်လာရတာပါ။ သူမရှေ့မှာ ကိုကိုရှိနေသည်။ သူမကိုမကြည့်ဘဲ မျက်လုံးတွေကို မှိတ်ထား၏။ ကျွန်မအပေါ် ကိုကို ဘယ်လောက်ပဲ ရက်စက်စိမ်းကားပါစေ ကျွန်မကို မကြည့်ဘဲ မနေစမ်းပါနဲ့နော်။ ကိုကို့ကို ကျွန်မအနားမှာပဲ အချိန်ပြည့်နီးကပ်စွာ ရှိနေစေချင်တာက ကျွန်မရဲ့ အကြီးမားဆုံး ဆန္ဒတစ်ခုပါ။ ကျွန်မ ငိုကြွေးလို့လည်း မရတော့ဘူး။ ကျွန်မ ရင်ဝမှာ ကိုကို့ကို တောင်းပန်ချင်တဲ့ စကားတွေနဲ့ ပြည့်ကြပ်ဆို့နင့်နေတယ်။ ကျွန်မ အရမ်းကြောက်တာပဲကိုကို။ အဲဒီလို ကျွန်မအနားကနေ ထွက်ခွာသွားမှာကိုလေ။

ဟန်နီ ဒူးညွှတ်ယိုင်ခွေလဲကျတော့မတတ် အင်အားတွေ တစ်စတစ်စ ဆုတ်ယုတ်ကင်းမဲ့လာရသည်။

"ဟန်နီ စိတ်ကိုထိန်းပါ၊ ငိုချင်ငိုချလိုက်လေ"

နန္ဒမိတ်အသံကို သူမကြားနေရသည်။ သူမခန္ဓာကိုယ်လေးအား ထိန်းမတ်ထားပေးနေတာက သူမ လွန်စွာ မုန်းတီးတဲ့ ကိုကို အထင်အကြီးဆုံးမိန်းမ ခင်ကြိုးကြာ။ အန်တီညိုက တသိမ့်သိမ့် ကြေကွဲစွာ ရှိုက်ငိုနေသည်။ ကိုကို သေဆုံးရတာ ဟန်နီ့





ကြောင့်ပါ ဟန်နီနဲ့ ပြဿနာတွေဖြစ်ပြီး ကိုကိုထွက်သွားခဲ့တာပါ။ ဟန်နီချို မင်းကို ငါ လက်မထပ်ဘူး။ မင်းနဲ့အဝေးဆုံးကို ငါထွက်သွားမယ်လို့လည်း ပြောသွားခဲ့တာပါ။ သူမ ဘာတစ်ခုမှမပြောပြခဲ့။ သူမ အန်တီကိုယ်တိုင်လည်း ထိုအကြောင်းတွေကို သိပေမယ့် သူမအတွက် မပြောခဲ့ပေ။ ကိုကို့မိသားစုရဲ့အမုန်းကို ဟန်နီမခံယူရဲအောင် ဖြစ်နေရသည်။

"ဟန်နီ"

"ဟင်"

"ငိုလိုက်လေ၊ ကိုကို့ကို ဟန်နီ ဘယ်လောက်ချစ်လဲဆိုတာ နန္ဒမိတ် သိပါတယ်၊ ဒါပေမဲ့ ဘယ်တတ်နိုင်မလဲ ဟန်နီရယ်"

"နန္ဒမိတ်"

"ပြောလေ"

"ကိုကိုသေသွားလို့ နင့်စိတ်ထဲမှာ ကြိတ်ပြီးဝမ်းသာနေလား"

"ဘယ်လိုပြောလိုက်တာလဲ ဟန်နီ၊ ကိုကိုက ငါ့ အချစ်ဆုံး အစ်ကိုပါ၊ တို့မှာ ဒီညီအစ်ကိုနှစ်ယောက်ပဲရှိတာပါ၊ ဟန်နီ



www.burmeseclassic.com

www.burmeseclassic.com



ထက်ပိုပြီး ထိခိုက်ကြေကွဲနေရတာပါ၊ တို့က ခင်ကြိုးကြာနဲ့ပဲ လက်ထပ်မှာပါ''

နန္ဒမိတ်ကို မော့ကြည့်မိသည်။ သူမအပေါ် သံယောဇဉ် ကြီးမားပြီး သည်းခံခွင့်လွှတ်တတ်ပြီး ဟန်နီညှဉ်းပန်းနှိပ်စက် အနိုင်ကျင့်သမျှ ခံရတဲ့သူက နန္ဒမိတ်ပါပဲ။ ဟန်နီ့ကို ချစ်မြတ်နိုး လွန်းတဲ့ ယောကျ်ားတစ်ယောက်ပါပဲလေ။ ဟန်နီ ဘာတွေဖြစ် နေပြီလဲ။ ကံကြမ္မာတွေက ဘာဖြစ်လို့ ပြောင်းလဲသွားရတာလဲဟင်။ ဟန်နီကြောင့် ကိုကိုသေဆုံးသွားရတာ အမှန်တရားလား။ သူမ မိဘတွေ သေဆုံးသွားစဉ်ကထက် ပို၍တုန်လှုပ်ချောက်ချားကာ အထီးကျန်ဆန်သွားရသည်။

''ကိုကို့အလောင်းကို ရေခဲတိုက်ထဲပို့တော့မယ်လေ ဟန်နီ၊ ပြန်ကြရအောင်နော်''

''ဘာ''

''ကိုကို မရှိတော့ဘူး ဟန်နီ၊ လက်ခံလိုက်ပါ၊ ကံကြမ္မာ ပဲလေ၊ ဘယ်တတ်နိုင်ပါ့မလဲ၊ မာမီ့ကိုတောင် ကြိုးကြာ ခေါ် သွားပြီ''

ခင်ကြိုးကြာက သူမကို ထိန်းထားရာမှ အန်တီညို့ဆီ





ပြောင်းသွားပြီး ဖေးမခေါ်ဆောင်သွားသည်။ ကိုကို့ကို ရေခဲတိုက် ဆီပို့ဖို့ တာဝန်ရှိသူတွေ ပြင်ဆင်နေကြ၏။ မျက်လုံးတွေမှိတ်ပြီး ငြိမ်သက်နေတဲ့ ကိုကို့ကို သူမ စူးစိုက်စွာ ကြည့်မိနေသည်။

''ကိုကို ဟန်နီ့ကို မမုန်းပါနဲ့၊ မျက်လုံးတွေ ဖွင့်ကြည့် ပါဦး၊ အခု ဟန်နီလိမ္မာပါတော့မယ်ဆိုရင်ရော ကိုကို မျက်လုံး တွေ ဖွင့်ကြည့်မှာလား၊ ယုံကြည်ပေးမှာလားဟင်''

သူမ နှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန်ယင်နေသည်။ ကိုကိုဟု နာကျင်စွာ အော်ဟစ်ပစ်ချင်၏။ သက်ဆိုင်ရာတွေက ကိုကို့ရုပ်အလောင်းအား သယ်ဆောင်သွားကြပြီဖြစ်သည်။

''ဟန်နီ ပြန်ကြမယ်၊ ကိုကိုက ဟန်နီပေါက်ကွဲအော်ဟစ် နေတာကို မြင်ချင်မှာမဟုတ်ဘူးလေ''

''ဟုတ်တယ် နန္ဒမိတ်၊ ကိုကိုက ငါ့ရဲ့အတ္တကြီးပြီး ဒေါသပေါက်ကွဲနေတဲ့ အကျင့်စရိုက်တွေကို မနှစ်သက်တာပဲ၊ ကိုကို အရမ်းမုန်းတယ်လေ''

''ပြန်ကြစို့နော်''

''အင်း''

နန္ဒမိတ်ကတော့ အေးအေးဆေးဆေးပင် ပြန်လိုက်လာ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ဟန်နီ့ အပြုအမူကို အံ့သြရသည်။ မင်း တကယ်ပဲ နောင်တရသွားတာလား။ လိမ္မာတော့မှာလားကွာ။ ဟန်နီ့လက်တွေကို တင်းကြပ်စွာဆုပ်ကိုင်ပြီး ကားဆီခေါ်လာခဲ့၏။ မာမီနှင့် ကြိုးကြာက ကြည့်နေသည်။ မတတ်နိုင်တော့ဘူး ကြိုးကြာရယ်။ ကိုယ်က ဟန်နီ စိတ်သောကတွေရောက်ပြီး ကြေကွဲဝမ်းနည်းနေတာကိုတော့ မကြည့်ရက်နိုင်ဘူးလေ။

သူနှင့် ကြိုးကြာ လက်ထပ်ဖို့ လူကြီးတွေနှင့် တိုင်ပင်ကာ စီစဉ်နေပြီဖြစ်သည်။ သူ့အနေနှင့် ဟန်နီ့အား ဥပက္ခာပြုမထားနိုင်ပေ။ ဟန်နီ့အား ဖေးမခေါ်ဆောင်လာပြီး သူ့ကားပေါ်မှာ ထိုင်စေသည်။

"ကိုယ်တို့အိမ်ကိုပဲ ဟန်နီ ပြန်လိုက်ခဲ့နော်"

"ဟင့်အင်း၊ ဟန်နီ အိမ်ပဲပြန်မယ်၊ ကိုကို့အငွေ့အသက်တွေ ရှိနေတဲ့နေရာမှာ ဟန်နီ မနေချင်ဘူး၊ ကိုကို့ဝိညာဉ်က အိမ်ကို ပြန်လာချင်ပြန်လာနေမှာပါ၊ ဟန်နီ့ကို ခါးခါးသီးသီး မုန်းတီးပြီး ကြည့်နေမလားဘဲ"

"ဟန်နီက လိမ္မာနေပြီပဲ၊ ကိုကိုဖြစ်စေချင်တဲ့ ပုံစံမျိုးနေပြလေ၊ တမလွန်ကနေ ကိုကို ကျေနပ်နေမှာပါကွာ"





"နန္ဒမိတ်ရယ်"

ဟန်နီ့အား ဖေးမကူညီအားပေးမယ့်သူက နန္ဒမိတ်ပဲရှိတော့တာပါ။ ဟန်နီ့စိတ်တွေထဲမှာ ဆူပူအော်ဟစ်သောင်းကျန်းချင်နေတာတွေ၊ လူတွေအပေါ် အပြစ်တွေမြင်ပြီး ပြဿနာရှာပစ်ချင်နေတာတွေက ကိုကိုနှင့်အတူ ထူးဆန်းစွာ ပျောက်ဆုံးသွားရသည်။ ဟန်နီ အိမ်ပဲပြန်လာခဲ့၏။ မျက်ရည်တွေနဲ့ ဆီးကြိုနေတဲ့ အန်တီ့ရင်ခွင်ထဲ ပြေးဝင်ဖက်တွယ်ထားမိသွားသည်။

"အန်တီရယ် ကိုကို မရှိတော့ဘူး၊ ဟန်နီ့ရဲ့အဝေးဆုံးကို ထွက်သွားပြီလေ"

"တူမလေးရယ်"

ဟန်နီ့က အန်တီ့အပေါ်လည်း အပြစ်တွေ ရှာကြံတင်ပြီး ဆူပူသောင်းကျန်းမိခဲ့သည်။ သူမအား စည်းစနစ်နှင့် ကြီးပြင်းစေတဲ့ အန်တီ့ကိုလည်း မုန်းတီးခဲ့မိ၏။ ကိုကို့ကို လက်လွှတ်ဆုံးရှုံးပြီးတဲ့နောက် အန်တီ့ကိုပါ လက်လွှတ်ဆုံးရှုံးလိုက်ရမှာကို ပိုတွေးတော ကြောက်ရွံ့လာရသည်။

"ဟန်နီ့ကို ခွင့်လွှတ်ပေးပါ အန်တီရယ်၊ ကိုကိုက ဟန်နီ့ကိုကြောက်ပြီး အဝေးဆုံးကို ထွက်သွားတယ်၊ အန်တီလည်း



www.burmeseclassic.com

www.burmeseclassic.com



ဟန်နီ့ကိုထားခဲ့ပြီး အဝေးဆုံးကို ထွက်မသွားလိုက်ပါနဲ့နော်"

"ဟန်နီရယ် တူမလေးရယ်၊ အဲဒီစကားမျိုးတွေကို အန်တီ စောင့်မျှော်နေခဲ့ရတာ နှစ်တွေကြာခဲ့ပါပြီ၊ ဝမ်းသာလိုက်တာကွယ်"

တူမလေးအား ဝမ်းသာအားရ ပွေ့ဖက်ထားမိသည်။ မိမိအား အထင်လွဲကာ မုန်းတီးနာကြည်းစွာ ဆက်ဆံတတ်တဲ့ တူမလေး ဟန်နီချိုအား မိမိ အမြဲတမ်း ခွင့်လွှတ်နားလည်ပေးခဲ့မိသည်။

"အန်တီလေး စည်းကမ်းတွေနဲ့ တင်းကြပ်ခဲ့တာက တူမလေး နောင်ရေးအတွက်ပါကွယ်၊ အန်တီလေး အယူအဆတွေလည်း မှားယွင်းခဲ့ပါတယ်၊ တူမလေးရဲ့ အထီးကျန်အားငယ်နေတဲ့ ခံစားချက်တွေကို လျစ်လျူရှုခဲ့မိတာပါပဲလေ"

"ဟန်နီ မှားတာပါနော်၊ အခု ကိုကို့ကို လက်လွှတ်ဆုံးရှုံးလိုက်ရပြီလေ၊ နောက်ဆို ဟန်နီလိမ်လိမ်မာမာ နေပါတော့မယ်လေ"

"ဟန်နီလေးရယ် အန်တီလေး မသေခင် ဒီလိုစကားမျိုး ကြားရတာဝမ်းသာလိုက်တာကွယ်၊ အမလေး စိတ်ချမ်းသာလိုက်တာ"





အန်တီ့လေးရဲ့ ရင်ခွင်ထဲကထွက်ပြီး သူမအား ငေးကြောင်စွာ ရပ်ကြည့်နေတဲ့ နန္ဒမိတ်ကို ကြည့်မိသည်။ အမြဲတမ်း သူမထံမှ ခွင့်ပြုချက်မရဘဲ မလှုပ်ရှားရဲတဲ့ နန္ဒမိတ်က ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ ရပ်နေ၏။ ကိုကို့နှင့်တူလွန်းသော နန္ဒမိတ်အား ဟန်နီ့အကြည့်တွေက စူးစိုက်နေသည်။

"နန္ဒမိတ်"

"ဟင်"

"ပြန်တော့လေ"

"အင်း"

"ဟန်နီ့ထက် အန်တီညီက ပိုပြီးဝမ်းနည်းကြေကွဲနေရမှာပါ၊ ပြီးတော့ နင့်ရဲ့ ခင်ကြိုးကြာကလည်း နင် ငါ့အနားမှာ အကြာကြီးနေတာ သဘောကျချင်မှ ကျမှာလေ"

"ဟန်နီ ဘာတွေပြောနေတာလဲကွာ၊ အခုချိန်မှာ ဟန်နီ့ကို အားပေးနှစ်သိမ့်ဖို့ ကိုယ့်မှာတာဝန်ရှိတယ်လေ၊ ဘာမှမတွေးပါနဲ့၊ ဟန်နီ့အနားမှာ ကိုယ်နေပေးရမလား"

"ဟင့်အင်း"

"ဒါဆို ကိုယ်ပြန်မယ် ဟန်နီ၊ စိတ်အားငယ်တဲ့အခါတွေ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုလိုအပ်တဲ့အခါ ဖုန်းဆက်နော်၊ ဟန်နီနဲ့ပတ်သက်လာရင် ကိုယ့်စိတ်တွေ ဘယ်တော့မှ ပြောင်းလဲသွားမှာမဟုတ်ပါဘူး''

''ကျေးဇူးပဲ နန္ဒမိတ်၊ ပြန်တော့နော်''

''OK''

နန္ဒမိတ် ပြန်သွားသည်။ ဟန်နီ ငေးကြောင်စွာ ရပ်ကြည့်ရင်း ကျန်ရစ်ခဲ့၏။ အန်တီလေးက ဟန်နီ့လက်လေးကို ဆုပ်ကိုင်သည်။

''ဟန်နီ အနားယူတော့မယ် အန်တီလေး၊ ဟန်နီ တစ်ယောက်တည်း အခန်းထဲမှာနေချင်တယ်၊ ဟန်နီ ဘာမှမဖြစ်တော့ပါဘူး၊ စိတ်ဓာတ်တွေ ကြံ့ကြံ့ခံနိုင်တဲ့ ဟန်နီပဲ ဖြစ်စေရပါမယ်''

အန်တီလေးကို နှုတ်ဆက်ပြီး ဟန်နီ အိပ်ခန်းထဲ ဝင်လာခဲ့မိသည်။ ကိုကိုနှင့် သူမ ပြဿနာတွေ အကြီးအကျယ်တက်ခဲ့တဲ့ အငွေ့အသက်တွေက သူမအခန်းလေးထဲမှာ ရှိနေဆဲပင်ဖြစ်သည်။

''ကိုကို ကျွန်မဆီကို ဘာဖြစ်လို့ လာမတွေ့ရတာလဲ၊ ဘာဖြစ်လို့ ကြီးကျယ်ခမ်းနားနေရတာလဲလို့၊ မုန်းတယ်''





''ဝုန်း''

''ဒိုင်း''

''ချလွမ်း''

သူမ ဒေါသတကြီး တွေ့ရာဆွဲပြီး ပစ်ပေါက်ခဲ့သဖြင့် အခန်းထဲမှာ အကွဲအရှတွေနှင့် ပြန့်ကျဲနေဆဲပင်ဖြစ်သည်။ အန်တီလေးကလည်း ဟန်နီ့ခွင့်ပြုချက်မရဘဲ အခန်းကို သန့်ရှင်းရေးမလုပ်ရဲပေ။ ဟန်နီ အရမ်းအတ္တကြီးပြီး ဆိုးသွမ်းသောင်းကျန်းခဲ့တာပဲ။ ကိုကို့လို ကြီးကျယ်ခမ်းနားပြီး အရာရာစေ့စပ်သေချာတဲ့ ယောကျ်ားတစ်ယောက်အတွက် ဟန်နီ့အပြုအမူတွေက အထင်သေးစရာ။ ရွံမုန်းစရာတွေပဲ ဖြစ်နေခဲ့သည်။

''လောကကြီးထဲမှာ မင်းလုပ်ချင်တာလုပ်လို့ မရနိုင်ဘူး ဟန်နီချို၊ ငါ လက်မခံဘူး၊ မင်းကို ငါ ဘယ်တော့မှ လက်မထပ်ဘူးကွ''

ကိုကို့အသံတွေက ဆူဝေနေဆဲပင်ဖြစ်သည်။ နောင်တတရားတွေရတော့ရော ကိုကိုက အသက်ပြန်ရှင်လာမှာလားဟင်။ ကိုကို့ကို ဟန်နီ အရမ်းချစ်တယ်။ အထင်ကြီးတယ်။ ပိုင်ဆိုင်ချင်တယ်။ ဟန်နီ့ စိတ်တွေကို နားလည်မှုမပေးနိုင်ခဲ့တဲ့ ကိုကို့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



စိမ်းကားရက်စက်မှုတွေကြောင့် ဟန်နီ့ရဲ့ အလိုမကျနိုင်မှုတွေ မကျေနပ်နိုင်မှုတွေက အတ္တလွန်ကဲပြီး ဒေါသတွေအဖြစ် ပြောင်းလဲပေါက်ကွဲနေခဲ့ရတာပါ။ ကိုကိုသာ နန္ဒမိတ်လို ဟန်နီ့အပေါ် နားလည်ခွင့်လွှတ်ပြီး ကြင်နာယုယမှုတွေ ပေးခဲ့ရင်တော့လေ။ သူမ ဆက်ပြီးမတွေးချင်တော့။ ကိုကို့ကြောင့် ဒေါသတွေပေါက်ကွဲပြီး ဟန်နီ ပစ်ပေါက်ခဲ့တဲ့ အကွဲအရှတွေကို စူးစိုက်မှုကြည့်မိနေသည်။

"မင်းလို အတ္တကြီးပြီး ပြဿနာရှာတတ်တဲ့မိန်းမမျိုးကို ငါ အမုန်းဆုံးပဲ ဟန်နီချို၊ မင်းအပေါ် သံယောဇဉ်ကြီးတဲ့ အန်တီလေးကိုရော နန္ဒမိတ်ကိုရော မင်း အမြဲတမ်း အနိုင်ကျင့်ပြီး ပြဿနာရှာ သောင်းကျန်းတယ်၊ အရမ်းရိုင်းစိုင်းတဲ့ မင်းရဲ့အပြုအမူတွေကို ငါ အမုန်းဆုံးပဲ"

သူမ ကြမ်းပြင်ပေါ် ဒူးထောက်ထိုင်ချပစ်လိုက်မိသည်။ ကိုကို့အသံတွေကို ပြန်၍ကြားယောင်လာသဖြင့် သူမနားကို လက်နှစ်ဖက်နှင့် တင်းကြပ်စွာ ဖိကပ်ပိတ်ထားပစ်မိသည်။ ကြေကွဲဆို့နင့်စွာ ငိုကြွေးမိ၏။ နန္ဒမိတ်က ဟန်နီ့စိတ်ရင်းကို အသိဆုံးပါပဲ ကိုကို။ ဟန်နီ ဘာကြောင့် ဆိုးသွမ်းသောင်းကျန်းနေရတာလဲဆိုတာ နန္ဒမိတ် တစ်ယောက်ပဲ သိနေပါတယ်။





ဟန်နီ့မျက်ဝန်းတွေထဲမှ မျက်ရည်ပေါက်တွေ တပေါက်ပေါက် လိမ့်ဆင်းကျလာသည်။ သူမ အားငယ်တုန်လှုပ်ချောက်ချားလာရ၏။ နန္ဒမိတ်ကို သတိရလိုက်တာ။ သူမ အမိန့်ပေးစေရာကို တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်ပေးတတ်တဲ့ နန္ဒမိတ် ရှိနေရင် ဘာပဲပြောပြော ဟန်နီ စိတ်သက်သာရာ ရခဲ့သည်။ အခုတော့ နန္ဒမိတ်ကို ဟန်နီ အမိန့်ပေးစေခိုင်းနိုင်တဲ့ အခွင့်အရေးတွေ ဆုံးရှုံးရတော့မည်ဖြစ်၏။ ဟန်နီ တသိမ့်သိမ့် ရှိုက်ငိုနေမိသည်။

ဝ ❑ ဝ



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၇)

ကိုကိုရဲ့ တစ်လပြည့်ဆွမ်းကျွေးပြီးတဲ့အချိန်တွင် မာမီက နန္ဒမိတ်အား ခင်ကြိုးကြာနှင့် လက်ထပ်ဖို့ကိစ္စ အပြတ်သားဆုံး ဖြစ်စေချင်ပြီး၊ သားငယ်ဆန္ဒအတိုင်းပဲ ဖြစ်စေရမည်ဟု ပြောသည်။ သူ ခင်ကြိုးကြာအား လက်ထပ်မည်ဟု ပြောထားပြီးသားဖြစ်၏။ ကိုကို အသုဘရက်တွေမှာရော တစ်လပြည့်ဆွမ်းကျွေးတဲ့အထိ သူ ဟန်နီ့ကိုပဲ ဂရုတစိုက် အားပေးနှစ်သိမ့်မှု ပေးနေမိခဲ့သည်။

"မာမီနဲ့ ကြိုးကြာလေးမာမီတို့ကတော့ သားနဲ့ကြိုးကြာလေး လက်ထပ်ပေးဖို့ စီစဉ်ညှိနှိုင်းထားတယ် သားငယ်၊ ဒါပေမဲ့ သားငယ်ရဲ့ဘဝတစ်သက်တာ အိမ်ထောင်ရေးမှာ မာမီ့ဆန္ဒအတိုင်း မဖြစ်စေချင်တော့ဘူး၊ သားငယ်ကို စိတ်မဆင်းရဲစေချင်တာပါ"





မာမီ့မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်လျှံကျမတတ် ရစ်ဝဲနေသည်။ သူ နာကျင်စွာ ကြည့်မိနေ၏။ သူ့ကို စိတ်ချမ်းသာစေချင်တဲ့ မာမီ့သဘောထားကို သိသည်။ ဟန်နီချိုအား သူ ငယ်စဉ်လေးထဲက သံယောဇဉ်ကြီးမားစွာ ချစ်မြတ်နိုးခဲ့ကြောင်း မာမီ အသိဆုံးဖြစ်နေသည်။

"မာမီ အလောတကြီးတော့ မဆုံးဖြတ်ခိုင်းပါဘူးလေ၊ ဒါပေမဲ့ ကြိုးကြာလေးကို အားနာစရာပဲကွယ်၊ အားလုံးပြောဆိုပြီးကာမှ၊ ဒါပေမဲ့ သားဆန္ဒပါပဲကွယ်"

မာမီက စကားကို ထိန်းထိန်းသိမ်းသိမ်းပြောရင်း အဖြေတစ်ခု တိတိကျကျသိချင်နေသည်။ သူ ချစ်မြတ်နိုးတာက ဟန်နီဖြစ်ချင် ဖြစ်နေပေမယ့် သူ လက်ထပ်သင့်တာက ခင်ကြိုးကြာပဲ ဟု တွေးမိနေ၏။ စိတ်တွေမပြတ်သား။ ဟန်နီက အရင်ကနှင့် မတူတော့ဘဲ သူ့ကို အားကိုးတကြီး ရှိနေသည်။

"အရင်က နင် ဟန်နီ့အနားရောက်လာရင် နင့်ကို အရမ်းမုန်းတာပဲ၊ အခု ငါ အရမ်းဝမ်းနည်းကြေကွဲနေရတယ်၊ နင့်ကို ငါ့အနားမှာ ရှိနေစေချင်လာမိတယ်လေ"

"ဟန်နီ့ဆန္ဒတွေက ကိုယ့်ဆန္ဒတွေပါပဲ၊ ဟန်နီ ဘာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ချင်လဲဟင် ပြောလေ"

ဟန်နီ မျက်ဝန်းတွေထဲမှာ သူ့အပေါ် တစ်ခဏတာ လောက်ပဲ အားကိုးတွယ်တာသည့် အရိပ်အယောင်တွေ ယှက်သမ်း နေပေမယ့်လည်း သူက ဟန်နီ့ဆန္ဒတွေကို ထာဝရဖြည့်စွမ်းပေး နေချင်သည့်။

"မာမီကတော့ သားဆန္ဒပဲလေ၊ သားကြီးလို စိတ် သောကတွေ ကြိတ်မှိတ်ခံစားမနေစေချင်တာပါ၊ ဒီကိစ္စကို ပြတ် ပြတ်သားသားလေး ဆုံးဖြတ်စေချင်တယ်"

မာမီ့အသံတွေ ရီဝေတုန်ခါနေသည်။ နာကျင်ကြေကွဲနေ ရသည်ကို ဟန်မဆောင်နိုင်စွာ လှည့်ထွက်သွား၏။ သူ့ဆုံးဖြတ် ချက်က ဟန်နီ့အပေါ်မှာ မူတည်နေတာလား။ အချစ်ကင်းမဲ့စွာ ဟန်နီက သူ့ကိုရွေးချယ်လိုက်ရင်ရော သူ လက်ခံနိုင်မလားဆို တာ တွေဝေနေဆဲဖြစ်သည်။

"နန္ဒမိတ်"

"ကြိုးကြာ"

သူ့အနားသို့ အပြုံးလေးတွေ ဝေဆာစွာ ခင်ကြိုးကြာ ရောက်လာသည်။





ဟန်နီချို အနားမှာ သူ တယုတယ တွယ်ကပ်နေသည့် အချိန်တွေမှာလည်း သူမ အရယ်အပြုံးမပျက်။ ဟန်နီ့အား နားလည် စွာ ဖေးမကူညီနေခဲ့၏။ အနှောင့်အယှက်လည်း မပေးခဲ့ပေ။ ကြိုးကြာ နှုတ်ခမ်းဖူးဖူးအိအိလေးပေါ်မှာ လုံးဝဟန်ဆောင်ကင်းသော အပြုံးဖြူဖြူစင်စင်လေးက ရှိနေသည်။

"အန်တီညို ဘာတွေတောင်းဆိုသွားလဲဆိုတာ ကြိုးကြာ မသိပေမယ့် နန္ဒမိတ် ဆုံးဖြတ်ချက်ကို ရဲရဲတင်းတင်းပဲ ချပစ် လိုက်ပါနော်၊ ကြိုးကြာက ပွင့်လင်းတာပဲ သဘောကျလို့ပါ"

"ကြိုးကြာ"

"ဟင်"

"ကိုယ့်ကိုချစ်လား"

"ဘာ"

နန္ဒမိတ် မေးခွန်းအတွက် တိကျတဲ့အဖြေက ကြိုးကြာ ရင်ထဲမှာ ရှိနေပေမယ့် အမှန်ကိုဖြေရန် မလိုအပ်တော့ဟု သူမ တွေးနေမိသည်။ ရှင်ချစ်မြတ်နိုးတာ ဟန်နီချို မဟုတ်လား။ ဒီလိုမေးခွန်းမျိုးကို ဘာဖြစ်လို့မေးတာလဲဟင်။ ချစ်တယ်လို့ ဖြေ ရင်ရော ကျွန်မနဲ့ လက်ထပ်မှာလား။ ပြီးတော့ ဟန်နီချိုကို တမ်းတ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဖေးမကူညီနေဦးမှာလားဟင်။

သူမကို စူးစိုက်ကြည့်နေတဲ့ နန္ဒမိတ် မျက်ဝန်းတွေကို ခံစားချက်ကင်းမဲ့သော အေးစက်စက် မျက်ဝန်းတွေနှင့် တုံ့ပြန်ကြည့်ဖို့ ကြိုးစားပေမယ့် ကြိုးကြာက ဘယ်တုန်းကမှ ဟန်ဆောင်ဖုံးကွယ်တတ်သူမှ မဟုတ်တာဘဲ။ သူမ နှုတ်ခမ်းသားလေးတွေက တဆတ်ဆတ်တုန်ရီချင်လာ၍ နှုတ်ခမ်းသားတွေကို တွန့်မဲ့စွာ ပြုံးပစ်လိုက်သည်။

"ဘာဖြစ်လို့မေးရတာလဲဟင်၊ မေးဖို့တောင် မလိုအပ်တာပဲ နန္ဒမိတ်"

"ဖြေစမ်းပါ၊ မင်းရင်ထဲက ဆန္ဒတွေအတိုင်း ပြတ်ပြတ်သားသား ဖြေစမ်းပါ၊ မင်း ကိုယ့်ကိုလက်ထပ်ဖို့ ဆန္ဒရှိလား၊ မရှိဘူးလား၊ ကိုယ့်ကို ချစ်ရောချစ်ရဲ့လား"

"ကြိုးကြာက နန္ဒမိတ်ဆန္ဒကိုပဲ သိချင်တာပါ၊ အားမနာပါနဲ့နော်၊ နန္ဒမိတ် ဆန္ဒအတိုင်းပဲ ဆုံးဖြတ်ပါ၊ ကြိုးကြာ လက်ခံပါတယ်၊ အရင်က ပြောဆိုထားခဲ့တာတွေလည်း မေ့ပစ်လိုက်လို့ရတယ်လေ၊ ဘယ်လိုလဲ"

ခင်ကြိုးကြာ ဟန်ဆောင်ပြုံးနေပေမယ့် မျက်ဝန်းတွေက





ရီဝေကြေကွဲမှုတွေ ဟန်မဆောင်နိုင်စွာ ထင်ဟပ်နေသည်။ နန္ဒမိတ် တွေ့နေရ၏။

ကြိုးကြာလည်း သူ့ကို ချစ်နေတာပါပဲလား။ သူ့ ထက်ကြီးကျယ်ခမ်းနားနေတဲ့ ကိုကိုဝဏ္ဏထင်ကိုပင် ကြိုးကြာ နည်းနည်းလေးမှ အထင်ကြီး စိတ်ဝင်စားဟန်မပြခဲ့။ သူ့အပေါ် အမြဲတမ်းနားလည်ခွင့်လွှတ်ပေးနေတတ်သော မိန်းကလေးတစ်ယောက်ကို သူ့အနေနှင့် ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်သင့်သည်။

"မင်း အရမ်းကံကောင်းတယ် ညီ၊ ခင်ကြိုးကြာလို ထက်မြက်ပြီး မိန်းမပီသတဲ့ မိန်းကလေးတစ်ယောက်နဲ့ မင်း လက်ထပ်ခွင့်ရလို့လေ၊ ကိုကိုကတော့ အိမ်ထောင်ရေးမှာ အချစ်လိုအပ်တယ်ဆိုပေမယ့် ဦးနှောက်နဲ့လည်း ဆုံးဖြတ်သင့်တာပဲလေ"

ကိုကိုပြောသွားတဲ့ စကားတွေကို သူ ပြန်၍ကြားယောင်နေမိသည်။ ခင်ကြိုးကြာက ရယ်မောနေ၏။ သူ့ကို စိတ်သက်သာရာ ရစေချင်၍လည်း ဖြစ်သည်။

"နန္ဒမိတ်ပဲ ဆုံးဖြတ်ပါ၊ တွေဝေမနေနဲ့လေ၊ ဖူးစာဆိုတာ ဦးရာလှူပါ၊ အတိတ်ဘဝက ချဖူးတဲ့ ရေစက်၊ ဆိုခဲ့ဖူးတဲ့ သစ္စာစကားတွေရှိမှ အကြောင်းဆက် ပေါင်းဖက်ကြရတာပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးလား ဟင်''

သူမ ခပ်ပေါ့ပေါ့လေး ရယ်မောရင်း ဘာမှအလေးအနက်မရှိသလို ပြောနေပေမယ့် သူမအသံတွေက တုန်ရီလို့က်ခါနေသည်။

''ကြိုးကြာက လူလောကကြီးထဲ ခဏရောက်လာတဲ့ အခိုက်အတန့်မှာ အပျော်တွေနဲ့ပဲ ဖြတ်သန်းချင်တာ နန္ဒမိတ်၊ ကိုယ်ဖြစ်ချင်တာလည်း ဖြစ်ချင်မှဖြစ်တာလေ၊ မဖြစ်ချင်လည်း ဖြစ်သွားတတ်ကြတာပဲ၊ မိန်းကလေးနဲ့ ယောကျ်ားလေး သူစိမ်းတွေ အတူတကွ ပေါင်းဖက်နေထိုင်ကြရမှာလေ၊ မလွယ်ဘူးနော် နန္ဒမိတ်၊ အချစ်တော့လိုအပ်တယ်''

''ကိုယ်မေးတာကိုမဖြေဘဲ ဘာဖြစ်လို့ ဝေလည်ကြောင်ပတ် ဖြေနေရတာလဲ ကြိုးကြာ''

''ဖြေစရာမှမလိုတာ''

''ကိုယ်သိချင်တယ်''

''အဟက် လုံးဝပဲ၊ ရှင့်ကို ကျွန်မက အဲဒီလိုမေးခွန်းမျိုး ပြန်မေးမယ်ဆိုရင်ရော နန္ဒမိတ်''

သူမ ရယ်နေသည်။ ကိုယ့်စိတ်ထဲမှာ ပေါ့ပါးသလို





ဖြစ်မသွားဘဲ လေးလံသွားရ၏။ ကိုယ့်မှာလည်း အဖြေမရှိသလိုပဲ။ ကြိုးကြာကို ချစ်လား မချစ်လားဆိုတာ သေသေချာချာ ပြန်စဉ်းစားရဦးမယ်။ သေချာတာတစ်ခုကတော့ ကိုယ် လှေနံနှစ်ဖက်နင်းချင်နေတယ်။ မင်းကို ရွေးချယ်ရင် ကိုယ့်ဘဝ တစ်သက်တာလုံး ပျော်ရွှင်ချမ်းမြေ့တဲ့ အိမ်ထောင်လေးတစ်ခု တည်ဆောက်နိုင်မယ်ဆိုတာ ကိုယ် အသေအချာသိနေလို့ပဲ။ သူမ ရယ်မောနေသည်။

''ကျွန်မကို ထည့်မစဉ်းစားနဲ့နော်၊ ရှင့်နှလုံးသားခံစားချက်ကပဲ အရေးကြီးတာပါ၊ ကျွန်မနဲ့ရော ကျွန်မမာမိနဲ့ပါ ပြောဆိုထားတာတွေ ဘွာခတ်လိုက်လို့ရပါတယ်၊ ပြဿနာမရှိဘူး နန္ဒမိတ်၊ အဟက် ကျွန်မတို့ လူသိရှင်ကြား လုပ်ကြရသေးတာမှမဟုတ်တာပဲ၊ တရုတ်ကားတွေထဲကလို ဒီလိုအဖြစ်အပျက်မျိုးတွေ မရှိခဲ့ဖူးလို့ပဲ မှတ်လိုက်ကြရအောင်နော်၊ OK''

သူ တွေဝေစွာကြည့်နေသည်။ ခင်ကြိုးကြာကို ချစ်လားဆိုတဲ့ အဖြေက သူ့ရင်ထဲမှာ ရှိနေသလိုပင်။ ချစ်တယ် ကြိုးကြာ။ မင်းလို မိန်းမတစ်ယောက်ကို လက်မလွှတ်ချင်တာလားတော့ မသိဘူး။ ရင်ထဲကအဖြေက လက်တွေ့အကောင်အထည်ဖော်ဖို့



www.burmeseclassic.com

www.burmeseclassic.com



တော့ ခက်နေတယ်။ ဟန်နီ့ကြောင့်လေ။ ဥယျာဉ်ထဲမှာ ဟန်နီချို့အပေါ် စိမ်းကားရက်စက်ဖို့ တွန့်ဆုတ်နေသည်။

"နန္ဒမိတ်"

"ဟင်"

"ကျွန်မတို့နှစ်ယောက် ထာဝရမိတ်ဆွေတွေတော့ ဖြစ်ခွင့်ရှိပါတယ်နော်၊ ဟင်း ဟင်း ဟင်း ကျွန်မ ဆိုင်ဖွင့်တော့မယ်၊ ဆိုင်နဲ့နီးတဲ့နေရာမှာ အခန်းဝယ်ပြီးသွားပြီလေ၊ ပြောင်းတော့မယ်၊ နေ့ကောင်းရက်သာ ရွေးနေလို့"

သူ ကြိုးကြာအား ဆတ်ခနဲ မော့ကြည့်ဖြစ်သည်။ သူမ တခြားနေရာမှာ ပြောင်းနေတော့မှာပါလား။ မာမီက ဘာမှမပြောခဲ့။ ကြိုးကြာ ရယ်နေသည်။

"ဟန်နီချို့နဲ့ လာပြီးအားပေးနော်၊ ကြိုးကြာ နားလည်ပါတယ်လေ၊ ဟန်နီချိုက အထီးကျန်မိန်းကလေးပဲ နန္ဒမိတ်ရယ်၊ စိတ်အားလည်းငယ်တတ်တယ်၊ နန္ဒမိတ်ပဲ ရှိနေသင့်ပါတယ်"

သူမ ချာခနဲလှည့်ကာ နန္ဒမိတ်အား ကျောခိုင်းထွက်လာခဲ့သည်။ သူမ အခန်းထဲပြန်ဝင်လာပြီး ခုတင်လေးပေါ် ထိုင်ချမိ၏။ ကြိုးကြာ ဘာဖြစ်လို့ နန္ဒမိတ် အတွက် ကြေကွဲဝမ်းနည်းမှု





တွေ ခံစားနေရတာလဲ။ ဟန်တောင်မဆောင်နိုင်ဘဲ ဖြစ်နေရသည်။ နန္ဒမိတ်ရှေ့မှာ ဆက်ပြီး ရပ်တည်နိုင်စွမ်းမရှိတော့သဖြင့် လှည့်ထွက်လာခြင်းပင်။

နန္ဒမိတ်ကို လက်လွှတ်ဆုံးရှုံးရမှာ ကြိုးကြာ ကြောက်ရွံ့နေမိသလိုပဲ။ နန္ဒမိတ်ကို ကြိုးကြာ ချစ်နေမိသည်။

ဘုရားရေ အဲဒီလိုမဖြစ်သင့်ပါဘူး။ အမြဲတမ်း မာနတွေနှင့် ဘဝကို ကြီးကျယ်ခမ်းနား တည်ဆောက်လိုတဲ့ ခင်ကြိုးကြာက နန္ဒမိတ်လို ယောကျ်ားတစ်ယောက်အတွက် လွမ်းဆွတ်တမ်းတမှုတွေ နာကျင်ကြေကွဲမှုတွေ ခံစားနေရသည်။

"ရှင် ကြိုးကြာကိုမချစ်ပါဘူး၊ ရှင် ချစ်ခင်မြတ်နိုးခဲ့တာက ဟန်နီချိုပဲ၊ ဘဝတစ်လျှောက် ပေးဆပ်နေခဲ့တာပါ၊ ကျွန်မကို ချစ်လားဆိုတဲ့ အဖြေ ရှင် ဖြေမှမဖြေနိုင်ခဲ့တာပဲ"

ကြိုးကြာ ဟန်ဆောင်လို့တောင် မရတော့ဘူး။ မကြာခင် နန္ဒမိတ်ရှေ့မှာ ကြေကွဲစွာ ငိုကြွေးမိသွားမည်စိုး၍ ထွက်လာခဲ့ရသည်။ သူမမျက်ဝန်းတွေရှေ့မှာ မျက်ရည်တွေ ပြည့်နေ၏။

စောစောက ရယ်မောခဲ့တာတွေက ဟန်ဆောင်နေတာ နန္ဒမိတ် သိမှာပါ။ ရှင်က ဟန်နီချိုအတွက်ပဲ ဖြစ်နေခဲ့တာပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



ကြိုးကြာ သိပါတယ်။ ဟန်နီချိုအတွက်ဆိုရင် ဘယ်လိုအခြေအနေမျိုးမဆို ရှင် ဥပက္ခာပြုထားခဲ့မှာပဲ။ ကြိုးကြာ ဘက်ကနေပဲ နောက်ဆုတ်ပေးလိုက်တာ အသင့်လျော်ဆုံးပဲဖြစ်သည်။

"ကြိုးကြာလေးရယ် အန်တီညို တောင်းပန်ပါတယ်ကွယ်၊ သားကြီး ဒီလိုဖြစ်သွားရတော့ အန်တီညို အရမ်းပဲ တုန်လှုပ်ချောက်ချားသွားရတယ်၊ သားငယ်လည်း ထပ်ဖြစ်သွားမှာ အရမ်းကြောက်ရွံ့နေတယ်လေ၊ သားငယ်ရဲ့ အချစ်ရေး အိမ်ထောင်ရေးကို သားငယ်ဆန္ဒအတိုင်း ဆုံးဖြတ်တာပဲ ဖြစ်စေချင်နေတယ်လေ"

အန်တီညိုသည် ကြိုးကြာအား အနူးအညွတ် တောင်းပန်စကားတွေ ပြောနေသည်။ မာမီ့ကိုလည်း အားနာနေ၏။ မာမီကတော့ နားလည်ပါတယ်ဟယ်တဲ့၊ ကိုယ့်သမီးလေးက လိမ္မာပြီးသားပါတဲ့၊ စိတ်မပူနဲ့တဲ့၊ ညို့သားငယ် ဆုံးဖြတ်တဲ့အတိုင်း လုပ်ကြမယ်လေတဲ့။

ကြိုးကြာကိုလည်း သမီးလေးလည်း နန္ဒမိတ်ကို မချစ်ဘူး မဟုတ်လားတဲ့။ သမီးက မောင်ဝဏ္ဏထင်လို ယောကျာ်းမျိုးကိုပဲ ရွေးချယ်ချင်နေမှာပါတဲ့။ အချစ်မပါဘဲနဲ့တော့ အိမ်ထောင်





တစ်ခုကို မတည်ဆောက်ပါနဲ့တဲ့။ ကောင်းပါတယ်လေတဲ့။ ကိုယ့်ကိုလက်ထပ်ပြီး တခြားမိန်းကလေးတစ်ယောက်ကို တမ်းတလွမ်းမောပြီး ချစ်နေရင် သမီးလေးဘဝတစ်လျှောက်လုံး အပူသောကတွေ ခံစားပြီး နာကျင်ကြေကွဲနေရမယ်တဲ့။ အိမ်ပြောင်းတော့တဲ့။ ကံကောင်းတာက လူသိရှင်ကြား မလုပ်ရသေးတာတဲ့။

မာမီ့စကားတွေ ကြိုးကြာ ဆန့်ကျင် စောဒကတက်ချင်ပေမယ့်လည်း ပြောပိုင်ခွင့်မရှိကြောင်း သိနေသည်။ မာမီထင်ထားသလို မဟုတ်ပါဘူး။ ကြိုးကြာက နန္ဒမိတ်ကို ချစ်နေတာပါလို့။ သမီး အရမ်းပဲ ဝမ်းနည်းကြေကွဲနေရပါတယ်လို့ ပြောပစ်ချင်မိသည်။ နန္ဒမိတ်ရယ် ရှင့်ကိုတော့ ပျော်ရွှင်နေစေချင်ပါတယ်။ ကြိုးကြာ အစိုးရိမ်ဆုံးက ရှင် ကြေကွဲဝမ်းနည်းပြီး ကိုကို့လို အဖြစ်ဆိုးမျိုးတွေနဲ့ မကြုံတွေ့စေချင်ပါဘူးလေ။ ကြိုးကြာ မျက်ဝန်းတွေဆီမှ မျက်ရည်ပေါက်တွေ လိမ့်ဆင်းကျလာသည်။

o ◻ o



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"သား ကြိုးကြာနဲ့လက်ထပ်မယ် မာမီ"

"သား တကယ်ပြောတာလား၊ တကယ်ပဲ အဲဒီလို ဆုံးဖြတ်မှာလား သားငယ်"

မာမီ့မျက်ဝန်းတွေက ဝမ်းသာဟန်အရောင်တွေ လင်းလက်သွားသလို ရှိပေမယ့် တခဏချင်း မှေးမှိန်ညှိုးရော်သွားရသည်။

"သားရဲ့ဆုံးဖြတ်မှုတွေက တိကျပြတ်သားသင့်တယ် နော် နန္ဒမိတ်၊ ဘဝအတွက် ဆုံးဖြတ်တဲ့နေရာမှာ အလွယ်တကူ ဆုံးဖြတ်လိုက်တာမျိုး မဖြစ်စေချင်ဘူးနော်၊ သားငယ် ရင်ထဲကနေ နှစ်နှစ်ကာကာ ချစ်မြတ်နိုးမှ လက်ခံပါ၊ ကြိုးကြာလေးအတွက်





စိတ်ဒဏ်ရာရစေတာမျိုးကော့ မဖြစ်စေချင်ဘူး"

သူ့စိတ်တွေက ကြိုးကြာကိုစွန့်လွှတ်ဖို့လည်း လက်မခံနိုင်ပေ။ သူ့ဘဝမှာ ပထမဆုံး ချစ်မြတ်နိုးရတဲ့ မိန်းကလေးက ဟန်နီချိုဟု ထင်မှတ်ခဲ့ပေမယ့် ကြိုးကြာလည်း ဖြစ်ချင်ဖြစ်နေနိုင်သည်။ သေသေချာချာ စဉ်းစားကြည့်မိတော့ ကြိုးကြာနှင့်ဝေးကွာဖို့ မစဉ်းစားရဲပေ။ သူ့စိတ်တွေက လက်မခံဘဲဖြစ်နေ၏။ ဟန်နီချို အပေါ် သူ သံယောဇဉ်ကြီးခဲ့ရတာပဲ ရှိနေသည်။

"ဟန်နီက သားကို လက်ခံမှာမဟုတ်ဘူး မာမိ၊ ဟန်နီ ချစ်မြတ်နိုးတာက ကိုကိုပဲ၊ ဒါကို ညီ ကောင်းကောင်းသိပါတယ်၊ တကယ်တမ်း တွေးကြည့်တော့ ဟန်နီက ကိုကိုနဲ့လက်ထပ်မယ့် မိန်းကလေးပဲ၊ ကြိုးကြာကို သားချစ်မိနေပြီထင်တယ်"

"သားငယ်"

"ဗျာ မာမီ"

"မင်းအချစ်က မရေရာလိုက်တာကွယ်၊ ချစ်မိပြီထင်တယ် ဆိုတာနဲ့ လက်ထပ်ဖို့ ဆုံးဖြတ်လိုက်တာလား"

မာမီက ခင်ကြိုးကြာ ဘဝတစ်လျှောက် စိတ်ဒေါသက တွေ ခံစားရမှာ စိတ်ပူသည်ဟုပြောသည်။ သားငယ်က ဟန်နီနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်နေမှာပဲ။ ဟန်နီ အမိန့်ပေးသမျှ သားငယ် လိုက်လျောဆောင်ရွက်ပေးနေရင် ကြိုးကြာလေး စိတ်ဆင်းရဲနေမှာမို့ သားရဲ့ဆုံးဖြတ်ချက်က မှားယွင်းနိုင်တာပဲလေဟု ပြောသည်။

"သား ဆုံးဖြတ်ပြီးပါပြီ၊ ကြိုးကြာနဲ့ပဲ လက်ထပ်မယ် မာမီ၊ သေချာပါတယ်၊ ကြိုးကြာက သား လက်ထပ်ဖို့ အသင့်လျော်ဆုံး မိန်းကလေးပါ"

"ဟန်နီနဲ့ သား အဆက်အသွယ်ဖြတ်ပါ၊ သားငယ် ကြိုးကြာလေးအတွက်ပဲ ဖြစ်သင့်တယ်၊ သားငယ်က ယောကျ်ားကောင်းတစ်ယောက်ပဲ မဟုတ်လား"

"စိတ်ချပါ မာမီ၊ ကိုကိုမရှိတော့ သား အရင်ကလို ကလေးဆန်တာမျိုးတွေ မလုပ်ချင်တော့ဘူး၊ ကြိုးကြာကို သား ချစ်တယ်၊ သားကြောင့် ကြိုးကြာ စိတ်သောကတွေ မရောက်စေရပါဘူး"

"ကောင်းပါတယ်ကွယ်၊ မာမီ မျက်နှာမပျက်စေရတော့ဘူးပေါ့၊ သားငယ်က မာမီအတွက် သံယောဇဉ်တွယ်တာရာ တစ်ဦးတည်းသော သားပါ၊ ဒါဆိုလည်း ကြိုးကြာလေးကို ပြောင်းရွှေ့မနေစေတော့ဘဲ သားငယ်နဲ့ လကထပ်ဖို့ စီစဉ်လိုက်





မယ်နော်"

"ဟုတ်ကဲ့ပါ မာမီ"

ကိုယ် တကယ်ပဲ မင်းအတွက် ဖြစ်မနေချင်တော့ဘူး ဟန်နီ။ ကိုကိုနဲ့ လက်ထပ်မယ့် မိန်းကလေးလို့ ပတ်ဝန်းကျင်က သိထားတော့ ကိုယ်ရှောင်သင့်တယ်လို့ပဲ ထင်တယ်။ ဟန်နီကလည်း ကိုယ့်ကို ဘယ်တော့မှ မချစ်ပါဘူး။ ဟန်နီ့အနားမှာ ကိုယ်ရှိနေတာတောင် မလိုလားဘူးလေ၊ ကိုယ်နဲ့ဟန်နီ သီးခြားလေး နေထိုင်တာက အသင့်လျော်ဆုံးပဲ ဖြစ်လိမ့်မယ်လေ၊ ကြိုးကြာနဲ့ လက်ထပ်ဖို့ ဆုံးဖြတ်လိုက်မိသည်။ ကြိုးကြာကတော့ သူ့ကို မယုံပေမယ့် သူမမျက်ဝန်းလေးတွေက ရွှန်းလက်တောက်ပသွားသည်။

"နန္ဒမိတ်ရယ် ကြိုးကြာကြောင့် နန္ဒမိတ် စိတ်သောကတွေ မရောက်စေရပါဘူးနော်၊ ဟန်နီ့ကိုလည်း မိတ်ဆွေသူငယ်ချင်းတစ်ယောက်လို ဆက်ဆံနိုင်ပါတယ်၊ ကြိုးကြာ သဘောထား မသေးသိမ်ပါဘူး၊ ပျော်ရွှင်ချမ်းမြေ့တဲ့ အိမ်ထောင်စုလေးပဲ တည်ဆောက်ချင်ပါတယ်"

"ကြိုးကြာရယ်"



www.burmeseclassic.com

www.burmeseclassic.com



ကြိုးကြာ မျက်ဝန်းလေးတွေ စိုအိနေသည်။ နှုတ်ခမ်းဖူးဖူးလေးတွေက ပြုံးနေ၏။ ကြိုးကြာရဲ့ နားလည်မှုတွေက သူ့ရင်ကို အေးချမ်းစေသည်။ ဟန်နီနှင့်ပတ်သက်ခဲ့ရသမျှ သူ့နှလုံးသားတွေ မီးတောက်သလို ပူပြင်းလောင်မြိုက်နေခဲ့ရ၏။

ဟုတ်တယ်။ သူ့ကြောင့် ကြိုးကြာကို စိတ်သောကတွေ မရောက်စေရဘူး။ သူက ယောကျ်ားကောင်းတစ်ယောက်ပဲ။ အမြဲတမ်း စိတ်သောကတွေနဲ့ ဆူပူနေတဲ့ အိမ်ထောင်တစ်ခု မဖြစ်လိုပေ။ ကိုကိုလည်း လက်မခံနိုင်ခဲ့ပေ။ ဟန်နီ့ကို လက်မထပ်လို၍ ကိုကို တမင်တကာများ...။ သူ ဆက်ပြီး မတွေးချင်ပေ။ ကြိုးကြာနှင့်ပဲ သူ့ဘဝကို တည်ဆောက်ဖို့ ခိုင်မာစွာ ဆုံးဖြတ်လိုက်မိသည်။

"နန္ဒမိတ်"

"ကြိုးကြာလေး ကိုယ့်ကို နန္ဒမိတ်လို့ပဲ ခပ်စိမ်းစိမ်း ခေါ်နေတော့မှာလား၊ မောင်လို့ပဲ ခေါ်ကွာ"

"ဟာ နန္ဒမိတ်ကလည်း"

"ဘာ နန္ဒမိတ်လဲ၊ သူစိမ်းဆန်တယ်ကွာ၊ မောင်လို့ခေါ်ကြည့်လေ"





"ရှက်တယ်"

"ဘာရှက်စရာရှိလို့လဲ၊ မကြာခင် လင်မယားဖြစ်ကြတော့မယ့်ဟာ၊ မောင်တို့ အခေါ်အဝေါ်တွေ ပြောင်းသင့်နေပြီပဲ"

နန္ဒမိတ်ရဲ့ မျက်နှာကို ကြိုးကြာ မော့ကြည့်မိသည်။ မောင်တဲ့။ ရှင် တကယ်ပဲ ကျွန်မကို လက်ထပ်ဖို့ ရွေးချယ်လိုက်ပြီလားဟင်။ မောင့်မျက်ဝန်းတွေက အကြင်နာတွေနှင့် တောက်ကောက်ပပလေး ဖြစ်နေသည်။ ကြိုးကြာကို ချစ်သည်တဲ့။ မောင့်ကို ကြိုးကြာလည်း ချစ်တယ်။ ဘာဖြစ်လို့လဲ မသိဘူးကွာ။ ရေစက်ပဲလား။ မောင့်ကို စတင်တွေ့ဆုံခဲ့ရစဉ်မှာပဲ ချစ်သွားမိတယ်လေ။

ကိုကို့လို ခန့်ညားချောမောပြီး အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ယောက်ကိုတောင် ကြိုးကြာ အထင်တကြီးနဲ့ စိတ်ဝင်စားမှုတွေ လုံးဝကိုမရှိခဲ့တာပဲ။ ကြိုးကြာ နှလုံးသားတွေကို စူးနစ်စွာ အချစ်တွေ တိုးဝင်စေတာက မောင် ဆိုတဲ့ နန္ဒမိတ်ပဲလေ။

မောင့်လက်တွေက သူမခန္ဓာကိုယ်လေးကို သိုင်းဖက်လာသည်။

ဘုရားရေ တကယ်မှဟုတ်ရဲ့လားဟင်။ မောင်က



www.burmeseclassic.com

www.burmeseclassic.com



ကြိုးကြာကို ချစ်တာတဲ့။ အပြုံးယောင်တွေ သမ်းနေတဲ့ မောင့်နှုတ်ခမ်းထူထူအမ်းအမ်း နီနီစွေးစွေးက ကြိုးကြာနှုတ်ခမ်းဖူးဖူးပေါ် နီးကပ်စွာ ပိကျလာသည်။

"အမလေး မောင်"

"ဟင် ဘာဖြစ်လို့လဲ ကြိုးကြာ၊ အလန့်တကြား အော်လိုက်တာကွာ"

"ကြောက်လို့"

"ဟာကွာ"

သူမက ခေါင်းကိုဖယ်ခါပြီး ငြင်းဆန်ဖို့စိတ်ကူးက မောင့်အနမ်းတွေအောက်မှာ ပျောက်ကွယ်သွားရသည်။

မောင်က ကြိုးကြာရဲ့ အချစ်ဦးပါ။ အိမ်မှာက ကြိုးကြာနဲ့ မောင် နှစ်ယောက်တည်းပဲရှိသည်။ ချစ်သူထားဖို့မပြောနှင့် ယောကျ်ားတွေနှင့်ပင် အနီးကပ်မနေခဲ့သော ကြိုးကြာရင်တွေ တဆတ်ဆတ်ခုန်နေ၏။ မောင့်လက်မောင်းတွေ မြွေတစ်ကောင်လိုပဲ၊ သူမခန္ဓာကိုယ်လေးအား ရစ်ပတ်နှောင်ဖွဲ့ထားသည်။ မောင့်အချစ်တွေကို ပိုင်ဆိုင်ခွင့်ရတာ ကြိုးကြာအတွက် အိပ်မက်တွေလိုပဲ ဖြစ်နေသည်။





"မောင်"

"ပြော"

"ကြိုးကြာ အိပ်မက်တွေ မက်နေတာလားဟင်၊ မောင့်ဆီက အချစ်တွေ အကြင်နာတွေကို ကြိုးကြာ တကယ်ပဲ ရယူပိုင်ဆိုင်နေတာလား"

"ကြိုးကြာလေးရယ်၊ တကယ့်အဖြစ်အပျက်တွေကိုများ ဘာဖြစ်လို့ မရေမရာတွေးနေရတာလဲ၊ မောင့်ရင်ခွင်ထဲမှာ ကြိုးကြာ ရောက်နေတာ အိပ်မက်မဟုတ်ပါဘူးကွ၊ အမှန်တကယ်ဖြစ်ပျက်နေတာတွေပါ"

"မောင်ရယ်"

ကြိုးကြာ လက်မောင်းတွေကလည်း မောင့်အား တုံ့ပြန်၍ ရစ်သန်းဖွဲ့နှောင်မိသည်။ ကြိုးကြာ ပျော်နေ၏။ မောင်ကိုယ်တိုင်က ကြိုးကြာကို ချစ်မြတ်နိုးစွာ ချစ်သူအဖြစ် ဘဝလက်တွဲဖော်အဖြစ် လူကြီးမိဘတွေ အတင်းအကြပ် တိုက်တွန်းမှုတွေမပါဘဲ လိုလိုလားလား ရွေးချယ်ခဲ့တာပဲဖြစ်သည်။ ထိုအချိန်တွင် မောင့်လက်ကိုင်ဖုန်းက မြည်လာ၏။ မောင်က နှောင့်ယှက်တယ်ကွာဟုပြောပြီး ဖုန်းကိုဖွင့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟန်နီပဲ"

"နားထောင်လိုက်လေ"

"ဆောရီး ကြိုးကြာ"

"ရပါတယ် မောင်ရာ၊ ဟန်နီချိုက အားငယ်နေတာပါ၊ အားပေးနှစ်သိမ့်ပေးမယ့်သူက မောင်ပဲရှိတာလေ"

"ကျေးဇူးပဲ ကြိုးကြာ"

သူ ဖုန်းကိုဖွင့်၍ နားထောင်လိုက်သည်။ ဟန်နီ့အသံလေးက ညှောင်နာနာ ဖျော့ဖျော့လေး တိုးဝင်လာ၏။ သူ့ရင်ကို ကျင်စက်နှင့်တို့လိုက်သလို နာကျင်သွားသည်။

"နန္ဒမိတ်လား၊ ဟန်နီလေ အရမ်းနေမကောင်းဖြစ်နေတယ်၊ လာခဲ့ပါလားကွာ၊ လောလောဆယ် ဟန်နီ့အနားမှာ ဘယ်သူမှမရှိဘူးလေ၊ အန်တီက ဈေးဝယ်ထွက်နေတယ်။ ခေါင်းတွေ အရမ်းကိုက်တယ်။ အသက်ရှုရတာလည်း မဝဘူး နန္ဒမိတ်ရယ်"

ဟန်နီက သူ့ကိုခေါ်နေသည်။ ဘယ်လိုတုံ့ပြန်ရမလဲဆိုတာ ရုတ်တရက် စဉ်းစားမရ။ ကြိုးကြာက ပြုံး၍ကြည်လင်စွာ ကြည့်နေ၏။ ဟန်နီက ခေါ်နေတယ်ဟု သူပြောတော့ တက်တက်ကြွကြွ





ပဲ သွားသင့်သည်တဲ့၊ သွားပါတဲ့၊ ငယ်ငယ်လေးကတည်းက ခင်မင်တွယ်တာနေခဲ့ရတဲ့ ငယ်ပေါင်းသူငယ်ချင်းတွေပဲတဲ့။

ကျေးဇူးတင်ပါတယ် ကြိုးကြာလေး။ မောင့်အခက်အခဲကို ကူညီဖြေရှင်းပေးလို့။ သူ အခုပဲလာခဲ့မည်ဟု ဟန်နီ့အား ပြောလိုက်သည်။

"မောင် ဘာမှနောက်ဆံမတင်းနဲ့နော်၊ မောင့်ကို ကြိုးကြာ ယုံပါတယ်။ ဟန်နီ အရမ်းအားငယ်နေမယ်ထင်တယ်နော်၊ သွားပါ ကြိုးကြာလည်း အလုပ်ကိစ္စတွေ ရှိသေးတယ်လေ"

သူ ကြိုးကြာအား တောင်းပန်စကားပြောပြီး ဟန်နီ့ဆီ ရောက်လာသည်။ ဟန်နီ အင်အားချည့်နဲ့စွာ အိပ်ရာပေါ်မှာ လဲနေပြီး ဟန်နီတို့အိမ်မှာ အိမ်ဖော်ကောင်မလေးပဲ ရှိနေသည်။

"ဟန်နီ"

"နန္ဒမိတ်ရယ်"

ဟန်နီက သူ့ကိုမြင်သည်နှင့် ယခင်ကကဲ့သို့ မာထန်စွာ အော်ဟစ်ဆူပူခြင်းမရှိတော့။ မျက်ဝန်းတောက်တောက်စင်းဝင်းလေးဖြင့် ပြုံး၍ဆီးကြိုနေသည်။

"ဟန်နီ နေမကောင်းဘူးလား၊ အန်တီရောဟင်၊ ဘာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လို့လဲ ဟန်နီ၊ ကိုကိုကို အရမ်းလွမ်းနေတာလားကွာ"

"အဟက်"

"ဘာရယ်တာလဲကွ"

"နန္ဒမိတ်က လူကြီးဆန်နေလို့လေ"

"ဟာကွာ"

"စောစောက ဖုန်းပြောနေတုန်း အနားမှာ ဘယ်သူ ရှိနေတာလဲဟင်၊ ခင်ကြိုးကြာလား"

"အင်း"

"နန္ဒမိတ်က ဟန်နီ့ကိုဆက်ဆံတာ ပြောင်းလဲသွားလိုက်တာ၊ အရမ်းတည်ငြိမ်ပြီး စိမ်းသွားသလိုပဲ ခံစားရတယ်"

"ဘာတွေပြောနေတာလဲ ဟန်နီရာ၊ ကိုယ်က ဟန်နီရဲ့ ထာဝရသူငယ်ချင်းပါ၊ သံယောဇဉ်အကြီးမားရဆုံးပါပဲလေ"

နန္ဒမိတ်ရယ်၊ နင်ကလေ တကယ့်ကို ယောကျ်ားပီသပြီး စိတ်သဘောထား ပြည့်ဝတဲ့သူပါ။ ဟန်နီ ဘာဖြစ်လို့များ ကိုကို့ကို ချစ်မိရတာလဲ။ လက်ထပ်ဖို့အထိ တောင်းဆိုမိသွားရတာလဲ။ ဟန်နီ့စိတ်တွေ အရမ်းပဲ ပြောင်းလဲသွားပြီ နန္ဒမိတ်ရယ်။ ဟန်နီ အမြဲတမ်း သတိရတမ်းတမိနေတာက ကိုကို မဟုတ်တော့ဘူး။





ငယ်စဉ်လေးကတည်းက ဟန်နီ့အပေါ် သံယောဇဉ်ကြီးပြီး အနွံအတာခံတဲ့ နန္ဒမိတ်ပဲ ဖြစ်နေရတာပေါ့နော်။ နန္ဒမိတ်ရဲ့ မျက်ဝန်းတွေက ဟန်နီ့အား သူငယ်ချင်းမိတ်ဆွေကဲ့သို့ ဖြူစင်နေသည်။

ရှင် ခင်ကြိုးကြာကို ချစ်သွားပြီလား။ လက်ထပ်ဖို့ စီစဉ်ကြတော့မှာလားဟင်။ ဟန်နီ မနှောင့်ယှက်ချင်ပါဘူး။ ဒါပေမဲ့ ဟန်နီ့ အနားမှာတော့ နန္ဒမိတ်ကို ရှိနေစေချင်သည်။

"ဟန်နီ အရမ်းနေမကောင်းဖြစ်နေသလိုပဲလေ၊ အားနည်းနေတယ်၊ ဆေးခန်းလည်း မသွားချင်ဘူး၊ အသက်ရှူရတာ ကြပ်နေတယ်၊ အန်တီလေးကိုလည်း စိတ်မကောင်းဖြစ်မှာစိုးလို့ မပြောဘဲ နေတာ"

"အဲဒါ မဟုတ်သေးဘူးလေ ဟန်နီ၊ ဆရာဝန်တော့ ပြရမှာပဲ၊ ခေါင်းမမာနဲ့နော် ဟန်နီ"

ဘာပဲဖြစ်ဖြစ် ဟန်နီ့ကို ဒီလိုပုံစံနှင့်တွေ့ရတော့လည်း သူ စိတ်မကောင်းဖြစ်ရသည်။ သူ ငယ်စဉ်လေးကတည်းက သံယောဇဉ်တွယ်တာပြီး ချစ်မြတ်နိုးခဲ့ရတဲ့ မိန်းကလေးဖြစ်နေ၏။ သူ့ကို ဟန်နီ့မျက်ဝန်းတွေက စူးစိုက်စွာကြည့်ပြီး သူ့လက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆတ်ခနဲ ဆုပ်ကိုင်လိုက်သဖြင့် သူ အထိတ်တလန့်ဖြစ်သွားရသည်။

"ဟန်နီလေ အိပ်လို့မရဘူး၊ မျက်လုံးတွေ အရမ်းကြောင်နေတယ်၊ ဟန်နီ အိပ်ပျော်သွားတဲ့အထိ အနားမှာနေပေးနိုင်မလား ဟင် နန္ဒမိတ်"

ဟန်နီ့လေသံလေးက ပျော့တော့နေသည်။ မာန်တွေကင်းမဲ့နေ၏။ အသနားခံတော့ မျက်ဝန်းလေးတွေက မျက်တောင်ကော့လေးတွေ ဖျပ်ဖျပ်ခတ်နေ၏။ သူ ရင်တွေဆို့နှင့် နာကျင်သွားရသည်။

"နန္ဒမိတ်ရယ် ဟန်နီအနား ရှင်နေပေးပါ၊ ဟန်နီ့စိတ်တွေ အရမ်းအားငယ်နေလို့ပါနော်"

"ဟန်နီ"

"ဟင်"

"ကိုယ်နေပေးမယ်လေ၊ မင်းအိပ်ပါ၊ ဒါပေမဲ့ အိပ်ရာကနိုးရင်တော့ ကိုယ်နဲ့အတူတူ ဆေးခန်းသွားပြရမယ်"

"အင်းပါ၊ အခုလေ နန္ဒမိတ်စကားတွေကို ဟန်နီနားထောင်မယ်နော်"

"ဟန်နီရယ်"





ဟန်နီ မျက်တောင်ကော့ကော့တွေက ညွှတ်ကွေးမိုတ်ကျသွားသည်။ မာမီက ကြိုးကြာလေးကို လက်ထပ်ပြီး သားစိတ်တွေက ဟန်နီလေးဆီ ယိုင်နေရင် ကြိုးကြာလေး စိတ်ထိခိုက်ကြေကွဲရလိမ့်မယ်တဲ့။

သူနှင့်ကြိုးကြာ ချစ်သူတွေဖြစ်သွားကြသည်။ သူ့နှလုံးသားတွေထဲက ချစ်မြတ်နိုးရတာလည်း ကြိုးကြာပဲဖြစ်နေသည်။ ဟန်နီ့ကို တွေ့လိုက်တော့လည်း သူ့နှလုံးသားတွေ စူးနင့်နာကျင်နေရ၏။ မဖြစ်သင့်ဘူးထင်တယ်။ ဟန်နီ့လက်လေးက သူ့လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားဆဲဖြစ်သည်။

ဝ ⌷ ဝ



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၉)

ကြိုးကြာရယ် မောင့်ကို နားလည်မှုပေးပါကွာ။ ဟန်နီက သနားစရာကောင်းလွန်းတဲ့ မိန်းကလေးတစ်ယောက် ဖြစ်နေတယ်။ မာန်မာနတွေကျပြီး သနားစရာကောင်းလောက်အောင် ကျန်းမာရေးချို့တဲ့နေတဲ့ မိန်းကလေးပါ။ သူ့လက်တွေကို ဟန်နီက တင်းကျပ်စွာ ဆုပ်ကိုင်ထားရင်း အိပ်ပျော်နေသည်။

"နန္ဒမိတ်"

"ဟင် အန်တီလေး"

"မင်းပြန်သင့်နေပြီကွယ်၊ ဒါပေမဲ့ ပြန်လို့လည်း အန်တီက ပြောပိုင်ခွင့်မရှိဘူးလေ"

"ညီ နားလည်ပါတယ် အန်တီလေး၊ ရပါတယ်၊ ဟန်နီ





နိုးမှ သွားမယ်"

အချိန်တွေ တဖြည်းဖြည်း ကုန်လွန်လာနေသည်။ ဟန်နီချိုက အိပ်ပျော်နေဆဲဖြစ်၏။ သူ့ဖုန်းကိုလည်း ပိတ်ထားရသည်။ အန်တီလေးက စားစရာတွေ လာချပေးပြီး ပြန်ထွက်သွား၏။ သူ နာရီကြည့်လိုက်တော့ ညဉ့်တောင်နက်နေပြီပဲ။

မာမီ ဘာပြောမလဲ။ ကြိုးကြာကရော။ ဟန်နီ့ကို ထားခဲ့ပြီး သူ ပြန်မသွားရက်ပေ။ ယခင်ကထက်ပင် ပိန်ချုံးညှိုးငယ်နေတဲ့ ဟန်နီ့မျက်နှာလေးအား သူ ကြင်နာစွာ ကြည့်မိနေသည်။

"နင်ပြန်တော့လေ နန္ဒမိတ်၊ နင် ဘာလုပ်နေတာလဲ၊ ငါ့အနားမှာ နင်ရှိနေတာကို ငါ အမုန်းဆုံးပဲ သိလား"

သူမအနားမှာ ရှိနေစေချင်တာက ကိုကိုပဲဖြစ်သည်။ နန္ဒမိတ်ကို ဟန်နီ ဘယ်တော့မှ ချိုချိုသာသာ မဆက်ဆံခဲ့ပေ။ ရန်လိုတတ်စွာ အော်ဟစ်မောင်းထုတ်နေတတ်ပေမယ့် သူ အမြဲတမ်း ဖေးမသည်းခံခဲ့သည်။

"သားငယ်ရယ် သေချာမှဆုံးဖြတ်ပါ၊ မင်း ဟန်နီ့အပေါ် ပြတ်ပြတ်သားသား ကင်းရှင်းအောင် နေနိုင်ပါ့မလား၊ မင်း ထပ်ပြီး အကြင်နာတွေနဲ့ ဆက်ဆံနေရင် ကြိုးကြာလေး စိတ်သောကတွေ



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရမယ်လေ”

နန္ဒမိတ် မပြတ်သားတာလား။ ကြိုးကြာအပေါ် ချစ်ပေမယ့် ဟန်နီ့ကိုလည်း ပစ်ပယ်မထားရက်ပေ။ သူ့ရင်ထဲမှ အချစ်တွေ ပျောက်ကွယ်သွားရပေမယ့် သံယောဇဉ်တွေကတော့ ရစ်ပတ်နှောင်ဖွဲ့နေဆဲပင်ဖြစ်သည်။

“ကြိုးကြာကို လက်ထပ်ပါ ညီ၊ အဲဒါ မင်းအတွက် ကံကောင်းခြင်းလက်ဆောင်ပဲ၊ ဟန်နီက မင်းကိုအမြဲတမ်း အနိုင်ကျင့်နေမှာကွ၊ ညီ စိတ်ဒဏ်ရာတွေ ရင်မှာ ပိုက်နေရမယ်၊ ဒီကောင်မလေးက ဘယ်တော့မှ နောင်တရမှာမဟုတ်ဘူးကွ”

ဟန်နီ အရင်ကနှင့်မတူအောင် ငြိမ်သက်အေးချမ်းနေသည်။ နားလည်မှုရှိနေသလိုပင်။ မျက်ဝန်းလေးတွေက ပိတ်ထားသဖြင့် မျက်တောင်လေးတွေက စင်းကော့နေသည်။ ဟန်နီက ချောမောနုဖပ်နေအောင် လှပ၏။ ကြမ်းတမ်းတဲ့စရိုက်တွေကြောင့် ကိုကိုက လက်မခံနိုင်တာပါပဲ။

အချိန်တွေက ညဉ့်နက်ပိုင်းသို့ ရောက်နေပေမယ့် ဟန်နီက မနိုးသေးပေ။ သူ့လက်တွေကို ဆုပ်ကိုင်ထားဆဲဖြစ်သည်။ ကြိုးကြာ အထင်လွဲနေပြီလား။ မာမီက စည်းစနစ်ကြီးပြီး သူများ





ကို ထိခိုက်နာကျင်အောင် လုပ်လျှင် ခွင့်မလွှတ်တတ်။ အထူးသဖြင့် မာမီ့သူငယ်ချင်းတွေရဲ့ သမီးလေးတွေကိုပဲ။

သူ ပြန့်သင့်နေသည်။ ဟန်နီ့လက်လေးကိုဖယ်ရှားပြီး ထွက်မသွားရက်ပေ။ ဟန်နီ အတော်လေး နေမကောင်းပုံပဲ။ မအိပ်စက်တာ ကြာပြီတဲ့။ ဘာပဲဖြစ်ဖြစ် ကြိုးကြာကတော့ နားလည်မှုတွေ ပေးမှာပါလေ။ ဟန်နီ့ဘေးမှာထိုင်နေရင်း သူ အိပ်ပျော်သွားသည်။

“အဲတော့”

ဟန်နီ မျက်ဝန်းလေးတွေ ဖျတ်ခနဲပွင့်လာပြီး ကြည့်မိတော့ မျက်ဝန်းလေးတွေ ပြူးကျယ်ဝိုင်းစက်သွားသည်။ နန္ဒမိတ်ပါလား။ မပြန်သေးဘူးပဲ။ နာရီကြည့်မိတော့ ပိုပြီး အံ့သြထိတ်လန့်သွားရသည်။ နန္ဒမိတ်လက်ကို သူမ ဆုပ်ကိုင်ထားပြီး မဖယ်ရက်၍ နန္ဒမိတ် ဒီအတိုင်းပဲ စောင့်အိပ်နေခြင်းဖြစ်သည်ထင်သည်။

ငယ်ငယ်ကလိုပဲ နင့်သံယောဇဉ်တွေက ကြီးမားဆဲပါလား နန္ဒမိတ်ရယ်။ ဟန်နီ့ အမှားတွေပါ။ နောင်တတွေရခဲ့ပေမယ့် နောက်ကျသွားပြီလေ။ နင်နဲ့ကြိုးကြာ ချစ်သူတွေတောင် ဖြစ်နေမှာပါ။ ကြိုးကြာက ဟန်နီ့ထက် အစစအရာရာ သာလွန်



www.burmeseclassic.com

www.burmeseclassic.com



တယ်လေ။ နန္ဒမိတ်အတွက် အသင့်တော်ဆုံး အိမ်ထောင်ဖက်ပါ ဟာ။

နန္ဒမိတ်ကိုကြည့်ပြီး ဟန်နီ မျက်ရည်တွေ ပြည့်ဝိုင်းလာရသည်။ အချိန်က မရှိတော့။ ညဦးနက်နေပြီ။ နန္ဒမိတ်ကို မန္တီးရက်။ နင့်ကို ဟန်နီ့အနားမှာ ရှိစေချင်တယ်။ ငါ့အပေါ် သည်းခံပြီး အားပေးနှစ်သိမ့်ပေးနေသူက နန္ဒမိတ်ပဲ ရှိတာလေ။ ကိုကိုလောက် ခန့်ညားချောမောမှု ရှိမနေပေမယ့် စိတ်ထားလည်း နူးညံ့ဖြူစင်တဲ့ ယောကျ်ားတစ်ယောက်ပါပဲ။ သူမလက်ကို လွှတ်လိုက်ပြီး နန္ဒမိတ်အား ငေးစိုက်ကြည့်မိနေသည်။

"ဟင် ဟန်နီ နိုးပြီလား၊ ကြည့်စမ်းကွာ၊ ကိုယ့်ကိုမန္တီးဘဲ ထိုင်ကြည့်နေရလား၊ ဘယ်အချိန်ရှိနေပြီလဲ၊ ဟင် ညဦးနက်နေပြီပဲ"

"နင့်ကို မန္တီးရက်လို့ ကြည့်နေတာလေ၊ နန္ဒမိတ်ရယ် ကျေးဇူးပဲဟာ၊ တကယ်တော့ ဟန်နီ့အပေါ် နားလည်မှုအရှိဆုံးက နင်ပဲလေ"

"တော်တော်မင်္ဂလာရှိတဲ့ အသံလေးပဲ၊ အရင်ကဆို နင်နိုးလာရင် အဆူအဟောက်ခံရတာလေ၊ နင်က ငါ့ကို အရမ်းမုန်း





နေတာမဟုတ်လား"

"အင်း ဒါပေမဲ့ အခု ဟန်နီ နောင်တရနေပါပြီ၊ အမှားတွေ အများကြီးပဲ ကျူးလွန်မိခဲ့တယ်လေ၊ အရမ်းနောက်ကျသွားပြီးနော် နန္ဒမိတ်"

"နောင်တဆိုတာ ဘယ်တော့မှ နောက်မကျပါဘူး ဟန်နီချိုရာ၊ ဟန်နီ့စိတ်တွေကို နားလည်ဆုံးက ကိုယ်ပဲထင်တယ်"

"အင်း"

"ကိုယ်ပြန်တော့မယ်"

"ဟင်"

"ကိုယ် ကားပါတာပဲ၊ ပြန်မယ်နော်၊ ညနေ ကိုယ်လာမယ်၊ ဟန်နီ့ကို ဆေးခန်းလိုက်ပြပေးမလို့"

"နန္ဒမိတ်"

"ဟင်"

"ကြိုးကြာနဲ့ရော ပြဿနာဖြစ်မလားဟင်"

"ကြိုးကြာက နားလည်ပါတယ်၊ ဟန်နီချို့ကို နန္ဒမိတ်အားပေးနှစ်သိမ့်ပေးပါတဲ့"

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ခင်ကြိုးကြာအား ဟန်နီ မုန်းတီးပြီး ပြဿနာတွေ ရှာခဲ့မိသည်။ ကိုကိုက ခင်ကြိုးကြာကို အထင်ကြီးနေခဲ့၏။ အမြင်ကတ်လိုက်တာ။ ဒါပေမဲ့ ဟန်နီ ဘယ်သူနှင့်မှ ပြဿနာမဖြစ်လိုပေ။ ကျန်းမာရေးလည်း မကောင်းတော့ ဟန်နီ ငြိမ်သက်စွာပဲ နေခဲ့သည်။ နန္ဒမိတ်ရဲ့ မျက်ဝန်းတွေက အရင်ကနှင့် မတူတော့ဘူးလေ။ သူမအပေါ် ရိုးသားဖြူစင်လွန်းနေသည်။

"ကိုယ်ပြန်ပြီနော်၊ ဆက်အိပ်လိုက်၊ အရမ်းအားနည်းနေသလိုပဲ ဟန်နီရယ်၊ နောက်ဆို ဟန်နီ တစ်ခုခုဖြစ်နေရင် ကိုယ့်ဆီဖုန်းဆက်နော်၊ အမြဲတမ်း တစ်ယောက်ကိုတစ်ယောက် ဖေးမကူညီရမယ့် မိတ်ဆွေသူငယ်ချင်းတွေပဲဟာ"

"မိတ်ဆွေသူငယ်ချင်း ဟုတ်လား နန္ဒမိတ်"

"အင်းလေ"

"အဟဲ့"

သူမ နှုတ်ခမ်းလေးတွေက ရယ်မောနေပေမယ့် မျက်ဝန်းတွေက ရီဝေကြေကွဲနေတဲ့ အရိပ်အယောင်တွေ လွှမ်းနေ၍ နန္ဒမိတ်ပင် အံ့ဩတုန်လှုပ်သွားရသည်။

သူ ဆက်ပြီးမနေချင်တော့။ ဟန်နီနှင့် မိတ်ဆွေသူငယ်





ချင်းအဖြစ်ပဲ ကူညီစောင့်ရှောက်ပေးဖို့ ဖြစ်နိုင်သည်။

ဟန်နီ့ကိုနှုတ်ဆက်ပြီး သူ ပြန်လာခဲ့သည်။ အိမ်ရောက်တော့ မာမီက စောင့်နေ၏။ သူအံ့ဩသွားရသည်။

"မာမီ မအိပ်သေးဘူးလား"

"အိပ်ပြီးပါပြီ၊ တစ်ရေးနိုးလာတာလေ၊ မင်း ပြန်မရောက်သေးလို့ စိတ်ပူပြီး ထိုင်စောင့်နေတာ နန္ဒမိတ်၊ မင်း ဟန်နီဆီကပြန်လာတာမဟုတ်လား၊ ဒီအချိန်ထိနေတာ မသင့်တော်ဘူးဆိုတာရော သိရဲ့လား"

"သိပါတယ် မာမီ၊ ဟန်နီ အရမ်းနေမကောင်းဖြစ်နေလို့ပါ၊ ငယ်ငယ်လေးကတည်းက သားကို သူ့အနားမှာထားပြီး အိပ်တတ်တာ ဟန်နီ့ အကျင့်ပဲလေ"

"နန္ဒမိတ်"

"ဗျာ မာမီ"

"မင်းဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ၊ မာမီ ပြောထားသားပဲ၊ မင်းစိတ်ကို ထိန်းချုပ်နိုင်မှ ကြိုးကြာကို လက်ထပ်ဖို့ ဆုံးဖြတ်ဆိုတာလေ"

"သားလက်ထပ်မှာက ကြိုးကြာပါ မာမီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ၊ မင်းက ကြိုးကြာကို မင်းအတွက် အသုံးဝင်လို့ လက်ထပ်ထားတာလား၊ အဲဒီလို မာမီ လက်မခံဘူး၊ အခု လူကြီးချင်းတွေ ပြောဆိုထားပြီး မင်္ဂလာခန်းမတောင် စီစဉ်နေတယ်၊ ကြိုးကြာမာမီလည်း မြန်မာပြည်ကို ရောက်လာတော့မယ်၊ မင်း ကြိုးကြာကို တစ်စုံတစ်ခု အကျိုးစီးပွားအတွက် လက်ထပ်တာမျိုး မာမီ လုံးဝလက်မခံနိုင်ဘူးနော်"

"မာမီ"

"ဟန်နီချိုကလည်း မာမီ့သမီးလေးပါပဲလေ၊ အခုချိန်မှာတော့ ကြိုးကြာလေးအတွက်ပဲ မင်းစဉ်းစားပါ"

"စိတ်ချပါ မာမီ၊ သားချစ်မြတ်နိုးတာက ကြိုးကြာပါ၊ ဘာအတွက်မှ မဟုတ်ပါဘူး၊ သားချစ်လို့ ကြိုးကြာကို လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့တာပါ"

"သားငယ်ကို မာမီပြောထားပြီးပြီပဲ၊ ကြိုးကြာလေး စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ပါနဲ့"

"ကြိုးကြာက သားကို နားလည်ပါတယ် မာမီ၊ ကြိုးကြာ ဆန္ဒပါ"

"မာမီက မိန်းမချင်းဆိုတော့ ခက်တယ်လေ၊ ကြိတ်မှိတ်





ခံစားနေရရှာမယ်၊ မင်းကို ကြိုးကြာက ချစ်တယ်"

ကြိုးကြာ သူ့ကိုချစ်တာ သိသည်။ မောင်လည်း ကြိုးကြာကိုချစ်တာပါပဲ။ ဟန်နီ့ကို တွေ့လိုက်တော့ မောင် တွေဝေသွားရတာတော့ အမှန်ပဲ။ မာမီက သားငယ် ဒီလိုမနေသင့်ဘူးလို့ပြောသည်။ မာမီပြန်ထွက်သွားတော့ ကြိုးကြာက ဖုန်းဆက်လာ၏။ သူ စိတ်မောသက်သာသွားရသည်။

"မောင်"

"ဟင်"

"ပြန်ရောက်လာပြီလားဟင်၊ ဟန်နီ တော်တော် နေမကောင်းဘူးထင်တယ်၊ မောင် စောင့်ပေးနေရတာလား"

"ဟုတ်တယ် ကြိုးကြာ၊ မောင် တောင်းပန်ပါတယ်၊ ဟန်နီ နေမကောင်းဘူး၊ နောက်နေ့ညနေတောင် ဟန်နီ့ကို မောင် ဆေးခန်းသွားပြပေးရမယ်၊ အရမ်းခေါင်းမာတာပဲ၊ ပေတေနေတယ်လေ"

"ဟန်နီ့အတွက် မောင်လုပ်ပေးလိုက်ပါ၊ ကြိုးကြာအတွက် နောက်ဆံမတင်းနဲ့နော်၊ မောင့်စိတ်တွေ အနှောင့်အယှက်ဖြစ်နေမှာ ကြိုးကြာ အရမ်းစိတ်ပူတာပဲ၊ မောင် သင့်လျော်မယ်ထင်သလို



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ပါ''

''မာမီက မောင့်ကို ဆူနေတယ်၊ ကြိုးကြာလေး စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ရဘူးတဲ့''

''ကြိုးကြာ ပြောလိုက်ပါ့မယ်လေ၊ မောင့်စိတ်တွေ အနှောင့်အယှက်ဖြစ်သွားမှာကိုပဲ ကြိုးကြာ မလိုလားတာပါ၊ အိပ်တော့နော် မောင်၊ ဘာမှထပ်မစဉ်းစားနဲ့တော့၊ လုပ်သင့်တဲ့ အလုပ်ကတော့ လုပ်ရမှာပဲလေ၊ ကြိုးကြာ သဘောထားကြီးပါတယ်''

''ကြိုးကြာရယ်''

သူ နှစ်သက်မြတ်နိုးစွာ ကြိုးကြာ နာမည်လေးအား ရေရွတ်မိသည်။ သူ့စိတ်တွေ အေးချမ်းသွားရ၏။ ကိုကိုက အေးချမ်းသာယာတဲ့ အိမ်ထောင်တစ်ခုကိုပဲ တည်ဆောက်သင့်တယ်တဲ့။ သူ့ရင်ကို အေးချမ်းသွားစေသည့် ချစ်သူရဲ့ နှစ်သိမ့်အားပေးစကားအတွက် ကျေးဇူးတွေ တင်မိနေသည်။

ဝ ◻ ဝ



# အခန်း (၂၀)

''နန္ဒမိတ်''

''ဟန်နီ''

''ဟန်နီ အရမ်းကြောက်တယ်၊ ဆေးစစ်ချက်တွေက ဘာတွေထွက်မလဲနော်၊ ဟန်နီ အရမ်းမောနေတယ်၊ ရောဂါကြီးကြီးမားမားကြီးတွေ ဖြစ်နေမလားပဲ''

ဟန်နီ့ကို ဆေးခန်းပြဖို့ခေါ်လာတော့ ကြောက်နေသည်။ ဆရာဝန်က ဘာပြောမလဲတဲ့။ ဟန်နီက ပေတေသူ။ ဆေးခန်းတွေ ဘာတွေကို ငယ်ငယ်လေးကတည်းက မပြပေ။ အန်တီလေး စိတ်သောကရောက်တာမြင်ချင်လို့ နေမကောင်းဖြစ်အောင် တမင်နေတာတဲ့။ ဟန်နီ့မျက်ဝန်းလေးတွေ ဖြူဖျော့နေသည်။ နန္ဒမိတ်



www.burmeseclassic.com

www.burmeseclassic.com



လက်တွေကို တင်းကျပ်စွာ ဆုပ်ကိုင်ထား၏။ ဆရာဝန်ပြပြီး သွေးစစ်တော့လည်း ဟန်နီ ကြောက်နေသည်။

"အရင်က ဟန်နီမှ ဟုတ်ရဲ့လားကွာ၊ အရမ်းကြောက်နေတယ်၊ ဘာဖြစ်လဲ၊ ရောဂါရှိရင်လည်း ဆေးကုမယ်လေ"

"ဟင့်အင်း၊ အခု ဟန်နီ့မှာ သတ္တိတွေမရှိတော့ဘူး၊ အရမ်းကြောက်နေတယ်၊ အရမ်းလည်း ကြေကွဲနေတယ်၊ ကိုကို ရှိစဉ်ကတည်းက ဟန်နီ ဒီလိုမိန်းကလေးမျိုး ဖြစ်နေရမှာပါ"

"ဟန်နီရယ်"

"နန္ဒမိတ်"

"ပြော"

"ရှင်ရော ကိုကို့လို မိန်းကလေးပီသပြီး အေးချမ်းတဲ့ မိန်းကလေးတစ်ယောက်ကို ချစ်တာပဲနော်"

"အင်း"

"ဟန်နီကတော့ မိန်းကလေးပီပီသသနေထိုင်ဖို့ အချိန်မရှိတော့ဘူး ထင်တယ်လေ၊ အဟဲ ဟန်နီ ဟင်းချက်သင်တာလေ အရမ်းမောလို့ ချက်ဖို့နေနေသာသာ စိတ်ကူးထဲတောင် မထည့်နိုင်တော့ဘူး"





သူမ ရယ်နေသည်။ သူ စိတ်ထိခိုက်ကြေကွဲနေရ၏။ ကိုကိုဖြစ်စေချင်တဲ့ ပုံစံ အခုဖြစ်နေရတာလဲ ဟန်နီရယ်။ မျက်ဝန်းလေးတွေက ရီဝေစိုစွတ်နေတာ နှုတ်ခမ်းလေးက ရန့်စကားတွေထက် အေးချမ်းချိုသာသော စကားလေးတွေပဲ ပြောဆိုနေခဲ့သည်။ သူ့ကိုမျှော်လင့်နေတဲ့ မျက်ဝန်းတွေနှင့် ကြည့်ကာ အားကိုးနေပုံပင်။ ဟန်နီလက်တွက သူ့လက်မောင်းကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။

"စိတ်လောမကြီးနဲ့လေ ဟန်နီ၊ ဖြည်းဖြည်းပေါ့၊ နဂိုကမှ ဟန်နီက ကျန်းမာရေးမကောင်းတာပဲ"

"အားလုံး ဟန်နီ့အမှားတွေပါပဲလေ၊ အန်တီလေးကို ရွဲ့ပြနေတာရော၊ ကိုကို့အပေါ် ဂျစ်တိုက်သောင်းကျန်းပြနေတာ ရော၊ ကြမ်းတမ်းတဲ့အမူအကျင့်တွေကလည်း ကိုကို့ကို သတ်ပစ်လိုက်သလို ဖြစ်ရတာပါ"

"တော်ပါတော့ ဟန်နီရာ၊ ဘာတွေပြောနေတာလဲ ကောင်မလေး၊ အတိတ်က ဖြစ်ခဲ့တာတွေ မေ့ပစ်လိုက်၊ ရှေ့ဆက်ပြီး အကောင်းဆုံးဖြစ်အောင်ပဲနေလေ"

ဟန်နီ အရမ်းကိုနောက်ကျသွားပါပြီ နန္ဒမိတ်ရယ်။ အခု



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် ဟန်နီ့ကို အရမ်းချစ်တဲ့ နန္ဒမိတ်ဂိုတောင် လက်လွှတ်ဆုံးရှုံးရတော့မယ်။ နင်တောင် အရင်လိုမဟုတ်တော့ဘူးပဲ။ ဟန်နီ့အပေါ် ဆက်ဆံတာ မိတ်ဆွေသူငယ်ချင်းအဆင့်လောက်ပဲလေ။ ဟန်နီ အိပ်စက်လို့ပင်မပျော်။ အစားလည်း သိပ်မစားတော့ အားအင်တွေ ချည့်နေသည်။ ဟန်နီ ကြောက်နေမိ၏။ သွေးစစ်ထားတဲ့အဖြေကို ဟန်နီ လာယူပြီး ဆရာဝန်ကို ပြန်ပြဖို့ပင် တုန်လှုပ်နေသည်။

"မဟန်နီချို"

"ရှိပါတယ်"

သူမနာမည်လေးကို ခေါ်လိုက်တော့ ဆတ်ခနဲတုန်သွားသဖြင့် နန္ဒမိတ်က သူမလက်လေးကို ဆုပ်ကိုင်ဖျစ်ညှစ် အားပေးနေခဲ့သည်။

"လာပါကွာ၊ ဘာကြောက်နေတာလဲ၊ ရင်ဆိုင်ရဲတဲ့ သတ္တိရှိစမ်းပါ ဟန်နီလေး"

နန္ဒမိတ်က သူမလက်လေးကိုဆွဲပြီး ဆေးခန်းထဲဝင်လာခဲ့သည်။ ဆေးစစ်ထားတဲ့ အဖြေစာရွက်လေးကို နန္ဒမိတ်က ဆရာဝန်ဆီ လှမ်းပေးတော့ ဟန်နီ့ရင်တွေ တဒိန်းဒိန်းခုန်လာရ





၏။ ကြောက်စရာကောင်းတဲ့ အဖြေတစ်ခုခုကို ကြားရမည်ဟု ထင်နေသည်။

"သွေးအားအရမ်းနည်းနေတယ်၊ သွေးဖြူဥတွေ နည်းနည်းတော့များနေတယ်၊ နှလုံးကလည်း သိပ်အားမကောင်းဘူး၊ ဇနီးလား"

"မဟုတ်ပါဘူး၊ ချစ်သူပါ"

'ဟင်' ဆိုတဲ့ အာမေဍိတ်လေး ရုတ်တရက် ခုန်ထွက်မသွားအောင် ဟန်နီ ထိန်းချုပ်ထားလိုက်ရသည်။

"ချစ်သူတွေလား၊ မဟန်နီချိုကို ဂရုစိုက်ပါ၊ စိတ်ပျော်ရွှင်အောင် ထားပေးပါ၊ အားက အရမ်းနည်းနေတယ်လေ၊ အအိပ်အစား မှန်မှ ဖြစ်မှာမို့ပါ"

"ဟုတ်ကဲ့ ကောင်းပါပြီ ဒေါက်တာ၊ ဟန်နီက အရမ်းအားငယ်တတ်တယ်၊ စိုးရိမ်ကြောင့်ကြစိတ်တွေလည်း များတယ်"

"ကျွန်တော် ဆေးတွေပေးလိုက်ပါ့မယ်၊ ဂရုစိုက်ပါ၊ သွေးသွင်းရလောက်အောင် ဖြစ်သွားရင် မကောင်းဘူးလေ၊ အချိန်မီသေးလို့ပါနော်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟန်နီ ဆေးခန်းလေးထဲက ပြန်ထွက်လာတဲ့အထိ စိတ် [illegible] တုန်လှုပ်ချောက်ချားနေသည်။ နန္ဒမိတ်က သူမလက်လေးကို ဆုပ်ကိုင်ထား၏။ ရင်ထဲမှာ ဆောက်တည်ရာမရအောင် တဒိန်းဒိန်းခုန်နေဆဲဖြစ်သည်။

"ဆရာဝန်ကမေးတော့ ကိုယ်ဘာဖြေရမှန်းမသိလို့ ဖြေလိုက်တာ၊ ဟန်နီ စဉ်းစားကြည့်လေ၊ လက်ချင်းတွဲပြီး ဝင်လာမိတော့ သူငယ်ချင်းလို့ ဖြေလို့မဖြစ်ဘူး မဟုတ်လား၊ ချစ်သူလို့ ဖြေလိုက်တာ၊ ကိစ္စမရှိပါဘူး၊ တကယ်မဟုတ်လည်း ဒီဆရာဝန်နဲ့ အမြဲတမ်း ပတ်သက်နေတာမှမဟုတ်တာပဲလေ"

နန္ဒမိတ်စကားကြောင့် ဟန်နီ့ရင်ထဲမှာ နာကျင်သွားရသည်။ အရင်ကတော့ နန္ဒမိတ်က ဟန်နီ့ကို အရမ်းပဲ ချစ်ခဲ့တာပါ။ ဟန်နီ ဆိုးပေသောင်းကျန်းသမျှ အခံရဆုံးက နန္ဒမိတ်ပါပဲ။ အခုလေ ဟန်နီ အတောင့်တဆုံးဆန္ဒက ဘာလဲ သိလား။ ဟန်နီအနားမှာ နန္ဒမိတ်ကို ရှိနေစေချင်တာပါ။ အန်တီညို့ဆီမှာ အသစ်တစ်ဖန် ပြန်ပြီး ဝတ်ောင်းဆိုပိုင်ခွင့်ရှိနေသေးတယ်ဆိုရင် နန္ဒမိတ်နဲ့ လက်ထပ်ပေးပါလို့ တောင်းဆိုချင်တယ်လေ။ ယခင်ကလို အတင်းအကြပ် လုပ်ဆောင်တာမျိုးတွေလည်း ဟန်နီ လုပ်ဆောင်





လိုခြင်းမရှိတော့။ ကိုကို့လို အဖြစ်ဆိုးမျိုးတွေနှင့် ကြုံရမှာ ဟန်နီ အကြောက်ဆုံးပင်ဖြစ်သည်။

"ဟန်နီ"

"ဟင်"

"တစ်ခါတည်း ကိုယ် ဆေးတိုက်ခဲ့မယ်နော်၊ ဆန်ပြုတ်သောက်ပြီးရင် ဆေးတိုက်မယ်၊ နောက်နေ့တွေ ကိုယ်မလာနိုင်ရင်တောင် ဆေးသောက်ချိန်ရောက်ရင် ဖုန်းဆက်မယ်"

နန္ဒမိတ် ပြန်တော့မှာလားဟင်။ ဟန်နီ့အနားမှာစောင့်မနေတော့ဘူးလား။ အရင်က ဟန်နီ့အနားမှာ စိုးရိမ်ကြောင့်ကြစွာနေပေးခဲ့တာလေ။ ဟန်နီ အော်ဟစ်မောင်းထုတ်ရင်တောင် နန္ဒမိတ်က ပေပြီးနေခဲ့သည်။

"နန္ဒမိတ်"

"ဟင်"

"ပြန်တော့မလို့လား"

"အင်း ပြန်ရမယ်လေ၊ ကြိုးကြာမာမီ ရောက်လာတော့မယ် ဟန်နီ၊ ကိုယ်တို့လက်ထပ်ပွဲအတွက် စီစဉ်စရာတွေ ရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ဟုတ်သားပဲ၊ ပြန်လေ၊ ထားခဲ့ပါနော်၊ ဟန်နီ ဆေးသောက်ပါမယ်၊ ကြိုးကြာကလည်း တစ်မျိုးထင်နေဦးမယ် မဟုတ်လား"

"ကြိုးကြာက နားလည်ပါတယ် ဟန်နီ၊ ကိုယ်တို့က သံယောဇဉ်ကြီးရတဲ့ သူငယ်ချင်းတွေလေ၊ ကြိုးကြာက မဖြတ်တောက်ခိုင်းပါဘူး"

"ရှင်ပြန်တော့လေ"

"ဆေးတိုက်သွားမယ်၊ ဆန်ပြုတ်လည်း တိုက်ရမယ်၊ မင်းကို စိတ်မချလို့"

"အန်တီလေးကို ပြောသွားလေ၊ အရမ်းကို ဂရုစိုက်ပြီး တိုက်မှာပါနော်"

"ဒါဆိုလည်းကိုယ်ပြန်မယ်လေ၊ အန်တီလေးကို ပြောပြထားခဲ့မယ်၊ ခေါင်းမမာနဲ့တော့ ဟန်နီ"

"အင်း"

"အိုကေ၊ သွားပြီနော်"

"နန္ဒမိတ်"

"ဟင်"





သူမအနားကနေ နန္ဒမိတ် ထွက်သွားမယ်ပြင်လိုက်တော့ သူမ အထိတ်တလန့်နဲ့ နန္ဒမိတ် လက်ကို ဆတ်ခနဲ ဆွဲကိုင်ထားမိသည်။

"နင် တကယ်ပဲ ဟန်နီ့အနားကနေ ထွက်သွားတော့မှာလား၊ အရင်ကလို ဟန်နီ့စိတ်တွေ ကယောက်ကယက်ဖြစ်ပြီး မအိပ်ဘဲနေမှာ စိတ်မပူတော့ဘူးလား"

"ဟန်နီက အရင်က ဟန်နီမှ မဟုတ်တော့တာပဲ၊ လိမ္မာနေပြီလေ၊ နောင်တတွေ ဘာတွေတောင် ရနေတာပဲ၊ လိမ္မာတော့မယ်ဆို၊ ဟန်နီဘာလုပ်သင့်တယ်၊ ဘယ်လိုနေထိုင်သင့်လဲဆိုတာ သိနေပြီဆို"

"အင်း"

"ဒါဆိုကိုယ်ပြန်မယ်၊ ဆေးသောက်နော်၊ ကျန်းမာလာမှ ကိုယ့်မင်္ဂလာပွဲမှာ သတို့သမီးအရံ လုပ်နိုင်မှာလေ၊ မင်္ဂလာပန်းကြဲပေးမလား၊ အရမ်းလှပချော‌မောတဲ့ ကောင်မလေးဖြစ်နေလို့ အရမ်းပဲ စိတ်ဝင်စားကြမှာ"

"တော်ပါ"

သူထွက်သွားသည်။ ဟန်နီ့ရင်ထဲမှာ ဟာပြီးကျန်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



နင် သိပ်ရက်စက်တာပဲ။ အခုအချိန်က နင်က ငါ့အတွက် အလို[illegible]ုံးပဲ နန္ဒမိတ်။ ငါ့အတွက်က လွတ်တဲ့ငါး ကြီးနေတာလားပဲ။ နင့်ကို ဟန်နီ ချစ်နေမိပြီထင်တယ်။

အရင်က အရာရာလိုက်လျှောနေတတ်လို့ ငါ တန်ဖိုးမထားမိခဲ့တာလား။ နင့်ကို ငါ့အနားမှာ ရှိနေစေချင်တယ်။ နန္ဒမိတ်ကားမောင်းထွက်သွားသံက သူမခန္ဓာကိုယ်လေး အင်အားနည်းသွားသလို အိပ်ရာပေါ် ယိုင်ခွေလဲကျသွားသည်။

"ဟန်နီ တူမလေး၊ သွေးအားတွေ အရမ်းနည်းနေတယ်ဆို၊ အန်တီလေးကို ဘာဖြစ်လို့မပြောရတာလဲကွယ်၊ မောင်နန္ဒမိတ်က သေသေချာချာ မှာသွားတယ်လေ၊ ကဲ ဆန်ပြုတ်လေး သောက်ရမယ်၊ ဆေးလည်း သောက်ရမယ်လေ"

"အင်း"

အန်တီလေးကိုလည်း စိတ်ချမ်းသာစေချင်၍ သူမအရင်ကလို ဆန့်ကျင်မနေတော့ဘဲ အန်တီလေးပြုစုသမျှ လက်ခံလိုက်သည်။ အစားတွေစားဖို့ ကြိုးစားပေမယ့် ဟန်နီ စိတ်ကစားချင်စိတ်တွေ ကင်းမဲ့နေသည်။

"စားလိုက်ပါကွယ်၊ တူမလေးသာ တစ်ခုခုဖြစ်သွားရင်





အန်တီလေး ရင်ကျိုးရမှာပဲ၊ အစားတွေ စားပါ"

"တော်ပြီ"

"နည်းနည်းလေးပဲ ထပ်စားပါ"

"ဟင့်အင်း၊ မျိုချလို့မရဘူး၊ ရင်ဝမှာ တစ်ဆို့နေတာပဲ"

"ဖြစ်မှဖြစ်ရလေကွယ်၊ အန်တီလေးတူမ လိမ္မာနေမှ၊ အရာအားလုံး အန်တီလေးအမှားတွေလည်း ပါပါတယ်"

"နန္ဒမိတ်က ပြောတယ်၊ အတိတ်က အဖြစ်အပျက်တွေကို မေ့ပစ်လိုက်တဲ့၊ ရှေ့ဆက် ဘယ်လိုကောင်းအောင်နေမလဲဆိုတာပဲ စဉ်းစားတဲ့"

"ဟုတ်သားပဲကွယ်၊ ဆေးလေးသောက်လိုက်နော် ဟန်နီလေး၊ အနားမှာ အန်တီလေး လာနေပေးရမလား"

"နေပါစေ၊ ဟန်နီ တစ်ယောက်တည်းပဲ နေချင်တယ်၊ စိတ်ချပါ အန်တီလေးရယ်၊ ဟန်နီ လိမ္မာတော့မှာပါ"

အန်တီလေး ထွက်သွားတော့မှ ဟန်နီ စိတ်တွေကို ထိန်းချုပ်လိုက်ရသည်။

နန္ဒမိတ်ကို တမ်းတနေတော့ရော ထူးမှာလား။ ကြိုးကြာက ဟန်နီထက် အများကြီးသာနေတဲ့ မိန်းကလေးတစ်ယောက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူမ မေ့ပစ်ဖို့ ကြိုးစားနေသည်။

"ကိုယ်က ရတ်တရက် ဘာဖြေရမှန်းမသိလို့ ချစ်သူလို့ ပြောလိုက်တာလေ ဟန်နီ၊ ကိုယ်တို့က လက်ချင်းတွဲပြီး ဝင်လာကြတာလေ"

နန္ဒမိတ် စကားတွေက ပေါ့ပေါ့ပါးပါးနှင့် သူ့စိတ်ထဲမှာ ရှိနေတဲ့အတိုင်း ဖြစ်သည်။ နန္ဒမိတ်ကိုယ်တိုင်က ဟန်နီအပေါ် မိတ်ဆွေသူငယ်ချင်းအဖြစ်ပဲ သတ်မှတ်ထားပြီ မဟုတ်လားဟင်။ အခုတော့ ဘယ်လိုလုပ်ရမလဲ နန္ဒမိတ်ရယ်။ ဟန်နီ အရမ်းပဲ အထီးကျန်နေရတယ်။ နန္ဒမိတ်ကို လက်လွှတ်မခံနိုင်သလိုပဲ။

ငယ်စဉ်လေးကတည်းက သူမ အားကိုးတွယ်တာရတာ နန္ဒမိတ်ပါပဲ။ ဘယ်လိုအကြောင်းပဲဖြစ်ဖြစ် ကြေကွဲဝမ်းနည်းစရာတွေနှင့် ကြုံတွေ့ရတိုင်း သူမ ဖုန်းဆက်ခေါ်ယူတတ်တာက နန္ဒမိတ်ပဲလေ။ အနိုင်ကျင့်လို့ရတိုင်း အနိုင်ကျင့်ခဲ့ပေမယ့် သူမ အားကိုးတကြီး ရင်ဖွင့်ပြောဆိုတတ်တာက နန္ဒမိတ်ပဲဖြစ်သည်။

"ကိုယ်နဲ့ကြိုးကြာ လက်ထပ်ကြတော့မယ်၊ လူကြီးတွေ စီစဉ်နေပြီလေ"

မဖြစ်ဘူး။ နန္ဒမိတ် တခြားသူနဲ့ လက်မထပ်သွားပါနဲ့





နော်။ ဟန်နီ အားငယ်ဝမ်းနည်းကြေကွဲရတဲ့ အချိန်တွေမှာ နန္ဒမိတ်ကို လှမ်းခေါ်လို့ မလာနိုင်ရင် ဘယ်လိုလုပ်ရမလဲဟင်။ မျက်လုံးတွေက ကြောင်စီနေပြီး အိပ်လို့မရဘဲ ဖြစ်နေသည်။

၁၀ ၁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

သူ ဟန်နီကို သတိရမိနေသည်။ ငယ်စဉ်လေးကတည်းက သံယောဇဉ်တွယ်တာခဲ့တဲ့ ဟန်နီနဲ့ သူ ဖူးစာရေစက်မပါကြ၍လား...မသိ။ ဟန်နီ လိမ္မာအေးချမ်းတဲ့အချိန်တွင် သူ့မှာက လက်ထပ်ရမယ့်ချစ်သူ ရှိနေသည်။ ဟန်နီရဲ့ မျှော်လင့်ချက်တွေ ပြည့်နေတဲ့ မျက်ဝန်းအရိပ်တွေကို သိနေ၏။ မဖြစ်နိုင်တာပဲ။

သူ့နှလုံးသားတွေက နက်ရှိုင်းစူးနှစ်စွာ ကြိုးကြာအပေါ် ချစ်မြတ်နိုးမိသွားရသည်။ ဟန်နီ ဆေးမှသောက်ရဲ့လား။ အစားရော စားရဲ့လား။ သူ ကြိုးကြာနှင့်လက်ထပ်ပွဲကိစ္စ ရှိနေ၍ ဟန်နီ့ဆီပင် ဖုန်းမဆက်ဖြစ်ပေ။ ပြီးတော့ ဟန်နီနှင့်ပတ်သက်ပြီး ကြိုးကြာ





ဆီမှာ သံသယတွေ မဝင်စေချင်ပါ။ သူ့အိမ်ထောင်ရေးမှာ မြူမှုန်လေးတစ်မှုန်တလေလောက်ပင် အမည်းစက် အစွန်းအထင်း မထင်နိုင်။ ပကတိပဲ ဖြူစင်နေစေချင်သည်။

"မောင်"

"ဟင် ကြိုးကြာ"

"မောင် ဘာတွေစဉ်းစားနေတာလဲဟင်၊ ကြိုးကြာ ရောက်နေတာ အရမ်းကြာနေပြီ၊ ပြောလေ၊ မောင့်ဆီမှာ ဘာအခက်အခဲတွေ ရှိနေလဲ၊ ကြိုးကြာကို အသိပေးတိုင်ပင်နိုင်ပါတယ်နော်"

မောင်က ဟန်နီချို့အပေါ် သံယောဇဉ်တွေ မပြတ်နိုင်သေးတာကို ကြိုးကြာ သိသည်။ ကြိုးကြာ မာမီလည်း ရောက်လာကာ လက်ထပ်ပွဲကိစ္စ လုံးပမ်းနေ၏။ မောင်လည်း မအားမလပ် ဖြစ်နေ၏။ ဟန်နီ့ဆီမသွားနိုင်လို့များလား။ ကြိုးကြာကတော့ မောင့်ဆုံးဖြတ်ချက်တွေပဲ အဓိက ဖြစ်စေချင်သည်။

"မောင်ရယ် လက်ထပ်ပွဲကိစ္စ ခဏလောက်ရွှေ့ဆိုင်းထားရင် ကောင်းမလားပဲ၊ မောင့်စိတ်တွေ ပင်ပန်းနေတယ်လေ"

"ကြိုးကြာ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မောင့်ကို ဘာဖြစ်လို့ ဒီလောက်အထိ နားလည်မှု တွေ ...ူတာလဲကွာ"

"ချစ်လို့လေ"

ကြိုးကြာ စကားကြောင့် သူ့စိတ်တွေ မချင့်မရဲ ဖြစ်သွားရပြီး ချစ်သူကိုယ်လေးအား သူ့လက်တွေနှင့် သိမ်းကျုံး ပွေ့ဖက်ထားလိုက်မိသည်။

"အို မောင် ဘယ်လိုလုပ်လိုက်တာလဲ၊ လွှတ်ပါ၊ ကြိုးကြာ အသက်ရှူကျပ်လာပြီနော်"

ကြိုးကြာက သူ့လက်တွေကို ဖယ်ရှားပစ်နေပေမယ့် သူက မလွှတ်ပေ။ နှုတ်ခမ်းဖူးဖူးစင်စင်လေးကို ငုံ၍ မြတ်နိုးစွာ နမ်းရှိုက်မိသည်။ ကြိုးကြာက သူ့ကို ယုံကြည်စေချင်မိ၏။ ဟန်နီ့ကို ချစ်နေသည်ဟု ထင်မှာ သူ အစိုးရိမ်ဆုံးပင်။

ဘဝတစ်သက်တာလုံး လက်တွဲနေထိုင်ရမည့် ချစ်သူရဲ့စိတ်ထဲမှာ သူနှင့်ပတ်သက်ပြီး သံသယတွေ ကင်းမဲ့နေစေချင်သည်။

"ကြိုးကြာကို မောင် အရမ်းချစ်တယ်၊ မြတ်နိုးတယ်၊ ကြိုးကြာမှာရှိတဲ့ အရည်အချင်းတွေ မောင့်အတွက် အကျိုးဖြစ်စေ





မှာမို့လို့ လက်ထပ်ဖို့ ကြိုးစားနေတယ်ဆိုတာလည်း မဟုတ်ဘူးနော်၊ မောင့်ရဲ့အချစ်ဦး မောင့်အသည်းနှလုံးတွေထဲအထိ ...ူးနေ ပြီး ချစ်ရတာပါ၊ ယုံပါ ကြိုးကြာရယ်နော်"

"ယုံပါတယ် မောင်၊ ကြိုးကြာ အကြွင်းမဲ့ယုံကြည်ပါတယ်လေ၊ မောင့်ရဲ့ တည်ကြည်ခန့်ညားတဲ့စိတ်ကို ကြိုးကြာ အသိဆုံးပါနော်"

သူ့ကို မာမီကိုယ်တိုင်က သံသယတွေ ဝင်နေသည်။ ကြိုးကြာအား လက်ထပ်သင့်တဲ့ မိန်းမမို့ လက်ထပ်ပြီး ဟန်နီ့ကိုတော့ သံယောဇဉ်တွေ တွယ်တာကာ ချစ်နေသည်ဟု ထင်နေခဲ့၏။ ချစ်သူကို အချစ်တွေနှင့် သက်သေထူနေခဲ့တာ ဟန်ဆောင်နေခြင်းမဟုတ်ပေ။

ကြိုးကြာနှင့် နီးကပ်စွာနေလာခဲ့သည်နှင့်အမျှ ချစ်ခင်မြတ်နိုးမှုတွေက ပို၍ကြီးမားလာရ၏။ ချစ်သူကိုလည်း ယုံကြည်စေချင်မိသည်။

"လွှတ်ပေးပါဦး မောင်ရာ၊ အရမ်းလွန်တယ်၊ ကြိုးကြာက မောင့်ကိုပဲ ယုံကြည်ပါတယ်၊ မောင့်ဘက်က ဟန်နီချို့ကို ရွေးချယ်မယ်ဆိုရင်တောင် မောင် လုပ်သင့်တာမို့ လုပ်တာလို့ပဲ



www.burmeseclassic.com

www.burmeseclassic.com



ကြိုးကြာ ယူဆထားမှာပါ၊ မာမီကလည်း ကြိုးကြာစကားတစ်ခွန်း ပ ... ည်ဖြစ်စေကာပါ၊ ကြိုးကြာက စဉ်းစားဆင်ခြင်တရား ပြည့်ဝပြီး အသိပညာကြွယ်ဝတဲ့ သမီးအလိမ္မာလေးလို့ပဲ သတ်မှတ်ထားတယ်''

''တော်ပါတော့ကွာ၊ မောင်က ဟန်နီ့ကို သူငယ်ချင်းတစ်ယောက်အဖြစ်ပဲ သဘောထားတာပါ။ ကြိုးကြာနဲ့လက်ထပ်ပွဲကို မောင် ဘယ်တော့မှ မဖျက်ဆီးပစ်ပါဘူး။ ကြိုးကြာက မောင့်အပေါ် အဲဒီလောက်အထိ နားလည်မပေးစမ်းနဲ့''

ချစ်သူမျက်နှာလေးက ဖြူစင်တောက်ပတဲ့ မျက်ဝန်းလက်လက်လေးများဖြင့် အိစက်ချောမောလွန်းသည်ဟု ထင်မိသည်။ ကြိုးကြာက လက်ထပ်ဖို့ သင့်တော်တဲ့ မိန်းကလေးမို့ သူ ရွေးချယ်ခဲ့တာမဟုတ်ပေ။ ချစ်၍ဆိုတာ ချစ်သူရဲ့စိတ်ထဲမှာ သံသယတွေ ကင်းရှင်းနေစေချင်သည်။ နန္ဒမိတ် ထိန်းချုပ်ရမှာပဲ။ ဟန်နီဆီပင် ဖုန်းမဆက်မိ။ သူ့ကို စိတ်နာသွားရင်လည်းကောင်းတာပဲဟု ယူဆထားမိသည်။

တစ်ခါတစ်ရံတော့ ဟန်နီဆေးမှသောက်ရဲ့လား၊ အစားမှစားရဲ့လားလို့ တွေးမိရင်း. သူ စိတ်တွေပူပင်လာရသည်။





''မောင်''

''ဟင်''

''ဟန်နီ့ကို သွားကြည့်ဦးလေ၊ ပစ်ပယ်ထားလို့ မဖြစ်ဘူးလေ၊ ကြိုးကြာရော သွားကြည့်ပေးရမလားဟင်၊ တော်ကြာ မောင့်ကိုစိတ်မချလို့ လိုက်လာတာလို့ ထင်မှာ ကြောက်တယ်၊ ကြိုးကြာလည်း မအားပါဘူးလေ၊ မောင်ပဲ သွားကြည့်နော်''

ကြိုးကြာက စိတ်ရင်းအမှန်နှင့်ပြောနေကြောင်း သူသိသည်။ သူ့စိတ်တွေ သက်သာစေ၏။ မာမိက ဟန်နီ့ကို သူပဲ သွားကြည့်မယ်လို့ ပြောနေတာကိုက သူနှင့်ကင်းကင်းရှင်းရှင်း ရှိနေစေရန်ဖြစ်သည်။

''ဟန်နီ့ဆီ မောင်သွားမှဖြစ်မယ်နော်၊ သွားပါ၊ ဆေးခန်းလည်း မောင်လိုက်သွားပြပေးပါ၊ မောင်ပဲ ရှိတယ်လေ''

''ကြိုးကြာရယ်''

ချစ်သူကိုယ်လုံးလေးအား တင်းကျပ်စွာ ပြန်၍ပွေ့ဖက်ထားမိသည်။ မောင် အရမ်းပဲ မြတ်နိုးရတဲ့ ကြိုးကြာလေးပါပဲ။ ဘယ်လိုအရာနဲ့မှ မလဲနိုင်တော့တာပါ။ ဟန်နီ့ဆီကိုသွားဖို့ တတွတ်တွတ် ပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သွားပါ မောင်၊ ကြိုးကြာ ယုံကြည်အောင် ဘာမှ လုပ်ပြ—ပါ မလိုပါဘူး၊ ဟန်နီ့ဆီသွားလို့ ကြိုးကြာရဲ့ နှလုံးသား ထဲက အချစ်တွေ ပျောက်ဆုံးသွားမှာ မဟုတ်ပါဘူးနော်"

ချစ်သူ ကြိုးကြာကြောင့် နန္ဒမိတ် စိတ်ချမ်းသာရသည်။

ဟန်နီ့ဆီက ဖုန်းဆက်ခေါ်သဖြင့် သူ ရောက်လာရ၏။ ဟန်နီ အတော်လေးချောင်ကျနေသည်။

"မင်း ဆေးမသောက်ဘူးလား ဟန်နီ၊ အစားတွေလည်း မစားဘူးလား"

"ဟင့်အင်း၊ စားလို့မှမရတာဘဲ၊ မျိုချလို့မရဘူး၊ ဟန်နီ့ ရင်ထဲမှာ ဆို့တစ်နေတယ်"

"အဲဒါ ဘာဖြစ်လို့မစားရတာလဲ၊ မင်းစိတ်တွေက မာကျောနေတာပဲလား"

"နန္ဒမိတ်"

"ပြော"

"ဟန်နီလည်း နန္ဒမိတ်နဲ့ မဆက်သွယ်မိဖို့ စိတ်ကိုတင်း ပြီး နေခဲ့တာပါနော်၊ ဒါပေမဲ့ နန္ဒမိတ်နဲ့ ဝေးရမှာ ကြောက်နေ တယ်၊ နန္ဒမိတ်ကို လက်လွှတ်ဆုံးရှုံးရမှာ လက်မခံနိုင်လောက်





အောင် ဖြစ်နေတယ်၊ ရင်ထဲမှာ ပိုပြီးနာကျင်ကြေကွဲနေရလို့ပါ"

ဟန်နီ့မျက်ဝန်းလေးတွေက ရီဝေကြေကွဲကာ... သားလေးတွေက ဖျော့တော့တုန်ရီနေသည်။ နန္ဒမိတ် မကြည့်ရက် ပေ။ ဟန်နီ စိတ်ထိခိုက်ကြေကွဲနေရတာတွေ၊ အလိုဆန္ဒ မပြည့်ဝ တိုင်း ဆူပူသောင်းကျန်းနေတာတွေကို သူ ဘယ်တော့မှ ကြည့် မနေရက်ပေ။ အတတ်နိုင်ဆုံး ဖြည့်စွမ်းပေးခဲ့သည်။ အခုတော့ ဟန်နီ မျက်ဝန်းတွေက ယခင်ကလို မာန်မာနတွေ ကင်းမဲ့နေကာ တောင်းပန်ခယနေသည်။

"နန္ဒမိတ်"

"ဟင်"

"ဟန်နီ့ကို မထားခဲ့ပါနဲ့နော်၊ ခင်ကြိုးကြာနဲ့ လက်မထပ် ပါနဲ့တော့၊ ဟန်နီ့ကို လက်ထပ်ဖို့ ဆန္ဒမရှိရင်တောင် မိတ်ဆွေ သူငယ်ချင်းတွေလို နေကြမယ်လေ၊ ဟန်နီ့ဘေးနားမှာ နန္ဒမိတ် မရှိလို့မဖြစ်ဘူးထင်တယ်"

ဟန်နီ မျက်နှာလေးကို သူ ဆက်ပြီး ရင်ဆိုင်ကြည့်ရှု နေဖို့ဆိုတာ မဖြစ်နိုင်တော့ပေ။ ဟန်နီရယ် မဖြစ်နိုင်ပါဘူး။ ကိုယ် နဲ့ ကြိုးကြာက လက်ထပ်ဖို့ကိစ္စ အတော်များများကို လုပ်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



ပြီးနေပြီ။ ကြိုးကြာကိုလည်း ကိုယ် ချစ်မိနေတယ်။ လက်ထပ်ဖို့ကစ္စတော့ လုံးဝမဖျက်ဆီးပစ်နိုင်ဘူး။ ဟန်နီ့မျက်ဝန်းတွေက မျက်ရည်တွေ ပြည့်နေသည်။

"နန္ဒမိတ် ဘာဖြစ်လို့ မဖြေတာလဲ၊ မနေ့က နန္ဒမိတ်မာမီ အန်တီညို လာကြည့်တယ်လေ၊ ဟန်နီက တောင်းဆိုတော့ နန္ဒမိတ် ဆန္ဒပဲတဲ့၊ ဖြေလေ၊ ဟန်နီ့ကို ပျော်ရွှင်ချမ်းမြေ့အောင် နန္ဒမိတ်က အမြဲတမ်း ဖြည့်ဆည်းပေးချင်တာဆို"

သူ ခေါင်းကိုခါယမ်းပြလိုက်မိလား မသိဘူး။ ဟန်နီ့မျက်တောင်ကော့လေးတွေက ဖျတ်ခနဲ ညွှတ်ကျသွားကာ ငြိမ်သက်နေသဖြင့် သူ အထိတ်တလန့် ဖြစ်သွားရသည်။ ပိတ်ထားတဲ့မျက်ဝန်းတွေဆီမှ မျက်ရည်တွေက သူ့မပါးပြင်ပေါ်သို့ လိမ့်ဆင်းကျလာ၏။ နန္ဒမိတ် နှလုံးသားတွေကို ဖျစ်ညှစ်ဆုပ်ကိုင်ခြင်း ခံလိုက်ရသလို မွန်းကြပ်နာကျင်သွားရသည်။

"ဟန်နီ"

"ထွက်သွားတော့၊ နင် အရမ်းရက်စက်တယ်၊ သွားတော့လေ၊ နင် အခုချက်ချင်း ငါ့အနားကနေ ထွက်သွား"

ဟန်နီ ဒေါသတကြီးနှင့် အော်ဟစ်မောင်းထုတ်နေသည်။





နူးညံ့သိမ်မွေ့တဲ့စိတ်တွေ ဝင်လာပြီးကာမှ အရင်လိုပဲ ဟန်နီဆိုးသွမ်းသောင်းကျန်းလာရသည်။ မျက်ဝန်းတွေကို မို[illegible]သားဆပင်ဖြစ်၏။ ဖြူဖျော့လွန်းနေသည့် နှုတ်ခမ်းတွေက တဆတ်ဆတ်တုန်ရီကာ လှိုက်လှိုက်ငိုကြွေးနေ၏။ ဟန်နီ့လက်လေးကို သူဆုပ်ကိုင်လိုက်တော့ ဆတ်ခနဲ ရုန်းဖယ်ပစ်သည်။

"နင်ထွက်သွားလေ၊ နင်ရှိနေတာ ငါ အရမ်းမုန်းတာပဲ၊ နင်တို့က ခင်ကြိုးကြာဆိုတဲ့ မိန်းမကိုပဲ ချစ်ကြတာ၊ အထင်ကြီးကြတာ၊ ထွက်သွားတော့"

နန္ဒမိတ် နင်ထွက်သွားပါတော့။ ဟန်နီကို နင်လည်းတကယ်တမ်း စူးစူးနစ်နစ် ချစ်မြတ်နိုးတာမှ မဟုတ်တာဘဲ။ နင်ခေါင်းခါပြလိုက်တာ ငါ့နှလုံးသားတွေကို မီးလောင်မြိုက်သွားသလိုပဲ။ ငါ မလိမ္မာချင်တော့ဘူး။ ဘာထူးမှာလဲလို့။ ငါ့ရင်ထဲမှာ အရမ်းမွန်းကြပ်နေတယ်။ ဆေးလည်းမသောက်ချင်ဘူး။ အစားတွေလည်း မစားချင်တော့ဘူး။ သေချင်တယ်။ ကိုကို့နောက်ကိုပဲ လိုက်သွားမယ်။

သူမ အော်ဟစ်ပစ်ချင်ပေမယ့် ခန္ဓာကိုယ်လေးက တစ်ခုံတစ်ယောက်က တုပ်နှောင်ထားသလို မလှုပ်ရှားနိုင်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



အင်အားတွေ မဲ့လွန်းနေတာပဲဖြစ်သည်။

"ကိုယ် ဟန်နီ့အနားမှာ နေဆိုနေပေးနိုင်ပါတယ်ကွာ၊ ကြိုးကြာကလည်း သဘောတူခွင့်ပြုပါတယ်၊ ဟန်နီ့အနားမှာ နေပေးလိုက်ပါတဲ့"

"မကြားချင်ဘူး၊ မကြားချင်ဘူး၊ နင် ဘာမှဆက်မပြောပါနဲ့တော့၊ သွားပါ၊ ထွက်ပဲထွက်သွားစမ်းပါ"

သူမ ဒေါသတကြီး အော်ဟစ်မောင်းထုတ်ပစ်ချင်ပေ မယ့် အသံက ကျယ်ကျယ်လောင်လောင် ထွက်မသွားတော့ပေ။ မျက်လုံးတွေက ပြာဝေချင်လာ၏။ နန္ဒမိတ်ကိုလည်း မကြည့်ချင်တော့ဘူး။ တစ်လောကလုံး မှောင်အတိကျသွားရင် ကောင်းမှာပဲနော်။ အန်တီလေး ဝင်လာသည်။

"မောင်နန္ဒမိတ် ပြန်တော့လေ၊ ညီကြ ပြောတယ်၊ သားရဲ့ အိမ်ထောင်ရေးမှာ သံသယတွေနဲ့တော့ ဆက်ပြီး ရှင်သန်ဖြတ်သန်းသွားတာမျိုး မဖြစ်စေချင်ဘူးတဲ့၊ မင်း ဟန်နီ့အနားကို မလာပါနဲ့တော့ကွယ်၊ မင်းလည်း ဟန်နီ့ဆန္ဒတွေကို ဖြည့်ဆည်းပေးနိုင်တော့မှာမှ မဟုတ်တာဘဲ"

အန်တီလေးက တိုးတိုးကပ်ပြီး ပြောလိုက်တာကိုပင် ဟန်နီ





သဲ့သဲ့ပဲ ကြားနေရသည်။ နန္ဒမိတ်က ဘာမှတုံ့ပြန်ပြောဆိုမနေဘဲ ထွက်သွား၏။ နင် ရက်စက်တယ်။ တကယ်မထင်ရဘူးဟာ။ တစ်ခဏအတွင်းမှာပင် နန္ဒမိတ်က သူမအား နာကြည်းသွားမှာ ဥပေက္ခာပြုလိုက်မှာကို စိုးရွံ့ထိတ်လန့်သွားရသည်။

"နန္ဒမိတ်"

"ဟင်"

"ဟန်နီ့ကို ပစ်မထားပါနဲ့နော်၊ အိပ်မပျော်တဲ့အခါတွေမှာလေ ဟန်နီ့အနားမှာလာပြီး နေပေးပါဦးနော်၊ မိတ်ဆွေသူငယ်ချင်းတွေလိုလေ"

"ဟန်နီရယ်"

သူ ထွက်သွားဖို့ပြင်ပြီးမှ သူ့ခြေလှမ်းတွေက ဟန်နီ့ဆီ ပြန်လှည့်လာသည်။ ဒေါသတွေ တည်ငြိမ်သွား၍ နည်းနည်းတော့ စိတ်အေးသွားရ၏။ ဟန်နီ့လက်လေးကို သူ ဆုပ်ကိုင်ထားသည်။

"အိပ်လိုက်တော့ ဟန်နီ၊ ကိုယ်စောင့်နေပေးမယ်၊ ညနေ ဆေးခန်းသွားပြကြမယ်၊ မဖြစ်ဘူး၊ ဟန်နီ့ကို ကိုယ်ပဲ အစာကျွေးမယ်၊ ဆေးတိုက်မှဖြစ်မှာပါ"

သူမ ငြိမ်သက်ကာ အိပ်ပျော်သွားသည်။ ဟန်နီ့



www.burmeseclassic.com

www.burmeseclassic.com



အန်တီလေးက အတင်းပြန်ခိုင်း၍ သူ ပြန်လာခဲ့ရ၏။ သူသည် [illegible] ဟန်နီ့အတွက်နှင့် ပူလောင်သောကတွေပဲ ခံစားနေရသည်။

ဝ ◻ ဝ

စိုးမိုး - တပေ

# အခန်း (၂၂)

"ဟန်နီက မာမီ့ဆီမှာ တောင်းဆိုတယ်၊ နှစ်မြှိတ်နဲ့ လက်ထပ်ခွင့်ပေးပါတဲ့၊ အရင်ကတော့ အရမ်းအဆင်ပြေလိမ့်မယ် သားငယ်ရယ်၊ အခုတော့ မာမီ ခွင့်ပြုလို့မဖြစ်နိုင်ဘူးလေ၊ ကြိုးကြာနဲ့က သားငယ် ချစ်သူတွေလည်း ဖြစ်နေကြပြီ၊ လက်ထပ်ဖို့လည်း စီစဉ်နေတာဆိုတော့ သားငယ်ဆန္ဒပါပဲလို့ ပြောလိုက်ရတယ်လေ"

ဟန်နီ့ကို မိဘမဲ့လေးဆိုပြီး မာမီ့ဆီလည်း အပ်ထားခဲ့တော့ သမီးအရင်းနှင့်မခြား ပြုစုစောင့်ရှောက်ထားခဲ့သည်။ ဟန်နီ့ဆန္ဒက မာမီ့ဆန္ဒပါပဲ။ မာမီ့မျက်ဝန်းတွေလည်း မျက်ရည်တွေဝဲနေ၏။ ဟန်နီ့အခြေနေ မကောင်းတော့ဘူးဆိုတာ မာပါလည်း သိနေသည်။

စိုးမိုး - တပေ

www.burmeseclassic.com

www.burmeseclassic.com



"သားငယ်ဆန္ဒပါပဲကွယ်၊ မာမီက သားငယ် အိမ်ထောင်ဦးမှာ ချစ်သူနဲ့သာ အတူလက်တွဲပြီး ပျော်ရွှင်ချမ်းမြေ့စွာ ဖြတ်သန်းစေချင်လို့ပါ"

"ကြိုးကြာ စိတ်ထဲမှာ သံသယတွေ ဝင်သွားမှာ သားအစိုးရိမ်ဆုံးပဲ မာမီ၊ ဟန်နီ့ကို သူငယ်ချင်းအဖြစ်ပဲ သံယောဇဉ်တွယ်တာနေတာပါ၊ သားစိတ်တွေက ပြောင်းလဲသွားတယ်၊ ကြိုးကြာကိုပဲ ချစ်တာပါ"

"ဟန်နီ့ကို သားငယ် ဥပက္ခာမပြုထားရက်ဘူးမဟုတ်လား"

"လောလောဆယ်တော့ ဟန်နီ့အနားမှာ သားရှိနေမှဖြစ်မယ်၊ ဆေးခန်းပြပေးရမယ်၊ ဆေးတိုက်ရမယ်၊ အစာလည်း ကျွေးပေးရမယ်"

"ကောင်းပါတယ်၊ ဟန်နီလေးကိုတော့ ဥပေက္ခာပြုထားလို့ မရဘူးလေ၊ ကြိုးကြာက နားလည်မှုရှိပါတယ်၊ စိတ်သဘောထား ပြည့်ဝသူပါကွယ်"

မာမီကတော့ သူဆုံးဖြတ်ချက်အတိုင်းပဲတဲ့။ မဖြစ်နိုင်တာပဲ။ သူ့အချစ်တွေက ကြိုးကြာဆီမှာပဲ ရှိနေသည်။ ဒါပေမဲ့လည်း ဟန်နီ့ကို ဥပက္ခာပြုမထားနိုင်ပေ။ ဟန်နီ့ကို ပစ်မထားဖို့တော့





ဆုံးဖြတ်ထားသည်။

သူ ဟန်နီ့ဆီသွားဖို့ ပြင်ဆင်နေစဉ် ကြိုးကြာ မေးလာ၏။ သူမ နှုတ်ခမ်းသားလေးက ချိုအီဝင်းလက်သော အပြုံးလေးက ရှိနေသည်။

"မောင်"

"ဟင်"

"ဟန်နီ့ဆီသွားဖို့လား"

"အင်း"

"ဟန်နီ အရမ်းနေမကောင်းဘူးကြားလို့ ကြိုးကြာ စိတ်ထိခိုက်နေရတယ်၊ သွားကြည့်ပြီး အားပေးချင်တာပါ"

"သွားကြည့်သင့်ပါတယ် ကြိုးကြာ၊ ဒါပေမဲ့ ဟန်နီ စိတ်ထဲမှာ တစ်မျိုးထင်သွားနိုင်တယ်လေ၊ ခဏလောက်တော့ ဒီအတိုင်းပဲ ထားပေးလိုက်တာ အကောင်းဆုံးပါပဲကွာ"

"ဟုတ်တယ် မောင်၊ ဟန်နီ့ဘဝက အထီးကျန်လွန်းပြီး အရမ်းသနားစရာ ကောင်းနေတယ်၊ ကြိုးကြာကို မငဲ့ကွက်ပါနဲ့ မောင် လွတ်လွတ်လပ်လပ်ပဲ ဆုံးဖြတ်ပါ"

"ကြိုးကြာ"

ချစ်သူ ကြိုးကြာအား သူ ဆွဲယူပွေ့ဖက်ထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြိုးကြာရဲ့ နားလည်ပေးမှုအတွက် သူ အရမ်းပဲကျေးဇူးတင်နေရ ...ကြိုးကြာလက်လေးကလည်း သူ့ခန္ဓာကိုယ်အား တဲ့ပြန် ရစ်သိုင်းပွေ့ဖက်ထားသည်။

"မောင် အရမ်းပဲ ချစ်မြတ်နိုးရတဲ့ ကြိုးကြာရယ်၊ မင်းစိတ်တွေ အနှောင့်အယှက်ဖြစ်နေရလားကွာ၊ တောင်းပန်ပါတယ်၊ ကိုယ် အနူးအညွတ်တောင်းပန်နေချင်တာပါ"

"မောင်ရယ် တစ်ယောက်နဲ့တစ်ယောက် ပေါင်းဖက်ဖို့ ဆိုတာ ဖူးစာရေစက်လည်း ပါဦးမှနော်၊ ဘယ်တတ်နိုင်မလဲလေ၊ ဟန်နီ့ကိုတော့ သနားတယ်၊ ကံလည်း မကောင်းရှာဘူးလေ၊ မောင် ဥပေက္ခာမပြုလိုက်ပါနဲ့၊ ဖေးမပါ၊ ဟန်နီ့ဆန္ဒတွေကို မောင် အမြဲတမ်း ဖြည့်စွမ်းပေးခဲ့တာပဲလေ"

"ကြိုးကြာရယ်"

သူ့အနမ်းတွေက ချစ်သူ့ရဲ့မျက်နှာလေးအနှံ့ ကြမ်းတမ်းစွာ ကျရောက်သွားသည်။ အငမ်းမရဘဲ ဖက်တွယ်ထားမိ၏။ သူ တစ်စုံတစ်ခုကို မှားယွင်းစွာ ဆုံးဖြတ်မိခဲ့ရင်တောင် နားလည်ခွင့်လွှတ်ပေးမည့် ချစ်သူ ကြိုးကြာလေးအား ဘယ်လိုနည်းနှင့်မှ လက်လွှတ်အဆုံးရှုံး မခံနိုင်ပါဘူး။

ကြိုးကြာက လွှတ်ပါမောင်ရယ်၊ ကြိုးကြာ ကုမ္ပဏီကို





သွားရဦးမယ်ဆိုပြီး နှုတ်ဆက်အနမ်းလေးပေးကာ ထွက်သွားသည်။ သူလည်း ဟန်နီ့ဆီ လာခဲ့၏။

ဟန်နီတို့အိမ်ရောက်တော့ အိမ်ဖော်ကောင်မလေးက ဆေးခန်းကို တင်လိုက်ပြီတဲ့။ သူ အမြန်ပဲ ဆေးခန်းကို လိုက်လာခဲ့သည်။ ဟန်နီက ပိုက်တွေသွယ်တန်းပြီး သွေးတွေသွင်းထားတာ တွေ့လိုက်ရ၏။ အန်တီလေးက မျက်ရည်တွေကျပြီး ယိုင်နဲ့စွာ ရပ်နေသည်။

"မောင်နန္ဒမိတ်ရယ် ကြည့်ပါဦး၊ သွေးအားတွေ အရမ်းကျပြီး သတိလစ်သွားလို့ ဆေးခန်းကို ပို့လိုက်ရတယ်လေ၊ ကယ်ပါဦး၊ အန်တီလေးတို့မကို အသက်ရှင်အောင် ကူညီပါဦးနော်"

ဟန်နီသည် မိန်းမောနေဆဲပင်ဖြစ်သည်။ မျက်နှာလေးက သွေးတစ်စက်မှ မရှိတော့သလို ဖြူရော်နေပြီး အသိမဲ့နေ၏။ ဖြစ်မှ ဖြစ်ရလေကွာ။ ကိုယ့်ကြောင့်လား။ အရင်ကလို မင်းအပေါ် ကိုယ် ဂရုမစိုက်နိုင်ဘဲ ဥပေက္ခာပြုထားမိလို့လား ဟန်နီ။

သူ တာဝန်ကျဆရာဝန်အား ဟန်နီ့ရောဂါအခြေအနေ သွားမေးကြည့်တော့ သွေးကင်ဆာတဲ့။ သွေးဖြူဥတွေများပြီး သွေးခုခံအား အရမ်းပဲကျဆင်းနေတယ်တဲ့။ ဟန်နီ့အတွက် လူ့လောကကြီးထဲမှာ နေထိုင် အသက်ရှင်ခွင့်က နည်းပါးနေပြီတဲ့။ စိတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြွဲကြွဲခံပြီး ဆေးဝါးကုသမှုခံယူမှ ဖြစ်မည်တဲ့။ ဟန်နီ့အခန်းထဲ ပြန်ဝင်လာခဲ့သည်။

"မောင်နန္ဒမိတ် ဆရာဝန်က ဘာပြောလဲဟင်"

"ကြိုးစားရမှာပဲ အန်တီ၊ ဟန်နီ့အတွက် ကျွန်တော်တို့ အတတ်နိုင်ဆုံး ကြိုးစားကြည့်ကြရမှာပဲ"

သွေးပုလင်း ခြောက်ပုလင်းသွင်းပြီးချိန်မှာတော့ ဟန်နီ သတိပြန်ရလာသည်။ သူ့ကို အနားမှာတွေ့လိုက်ရတော့ ဟန်နီ နှုတ်ခမ်းလေးတွေက ပြုံးသွား၏။ ဟန်နီ့လက်လေးအား ဆုပ်ကိုင်ထားမိသည်။

"နန္ဒမိတ် နင်ဘယ်တုန်းက ရောက်လာတာလဲဟင်၊ ဟန်နီ့အနားမှာ တစ်ချိန်လုံးရှိနေတာလား"

"အင်း"

"ဟန်နီ့အနားမှာ နေပေးပါဦးနော်၊ ဟန်နီ ကြောက်တယ်၊ တစ်ခါတစ်ခါ အသက်ရှူလို့တောင် မရဘူး၊ နန္ဒမိတ် ရှိနေရင် နည်းနည်းတော့ အားရှိသလိုပဲ"

"စိတ်ချပါ ဟန်နီ၊ ကိုယ်လေ ဟန်နီ့အနားမှာ ထာဝရ နေပေးတော့မှာပါ"

"ဟင်"





ဟန်နီ့စိတ်တွေကို ပြန်ပြီး ကြံ့ခိုင်လာစေချင်သည်။ ဟန်နီ့ အသက်ကို သူ ကယ်တင်ပေးရမယ်။ ဟန်နီ့မျက်ဝန်းလေးကို သူ စူးစိုက်ကြည့်နေမိ၏။ သူမ နှုတ်ခမ်းလေးတွေက ယဲ့ယဲ့လေး ပြုံးနေသည်။

"ဟန်နီ"

"ဟင်"

"စိတ်တွေကို လျှော့မပစ်လိုက်နဲ့နော်၊ ဆေးကုသမှုကို ခံယူရမယ်"

"အင်း"

"ဟန်နီ့အနားမှာ ကိုယ်နေပေးမယ်ဆိုရင် ဟန်နီ ပျော်တယ်မဟုတ်လား"

"ကြိုးကြာကရော"

"ကိုယ်တို့က မိတ်ဆွေသူငယ်ချင်းတွေပဲလေ၊ ကြိုးကြာ က နားလည်တယ်၊ ဟန်နီ့ကိုလည်း လာကြည့်ပြီး အားပေးချင် တယ်တဲ့"

"မတွေ့ချင်ပါဘူး"

"ဒါဆိုလည်း ဟန်နီလေး ဘာမှမတွေးနဲ့တော့နော်၊ ကိုယ် က ဟန်နီ့အနားမှာပဲ နေမယ်၊ ဆေးတိုက်မယ်၊ အစာတွေ ကျွေး



www.burmeseclassic.com

www.burmeseclassic.com



ရမယ်''

''နန္ဒမိတ်''

''ပြောလေ''

''ကြိုးကြာနဲ့ လက်မထပ်ပါနဲ့၊ ဟန်နီ့ကို ဥပက္ခာမပြု ထားပါနဲ့၊ နန္ဒမိတ် အနားမှာရှိနေရင် ဟန်နီ အားရှိလို့ပါနော်''

အရင်ကလို ခေါင်းခါမပြ၍ ဟန်နီ ကျေနပ်သွားရသည်။ ခင်ကြိုးကြာ ရှင့်ကို အနိုင်ယူတာတော့ မဟုတ်ပါဘူး။ ဟန်နီ့ အတွက် နန္ဒမိတ်က မရှိရင် မဖြစ်လို့ပါ။ ဟန်နီ့ဘဝမှာ မိတ်ဆွေ သူငယ်ချင်းအဖြစ်နဲ့ပဲ နန္ဒမိတ်ကို ပိုင်ဆိုင်ထားခွင့်ရရင်လည်း ကျေနပ်ပါတယ်လေ။ ဟန်နီ့ရင်တွေ တင်းကျပ်ပြီး အသက်ရှူမဝ ဖြစ်လာသည်။

''ဟန်နီ''

''မောလိုက်တာ၊ ဟန်နီ အသက်ရှူလို့မရတော့ဘူး နန္ဒမိတ်၊ ဟန်နီ အရမ်းကြောက်တာပဲ''

''မကြောက်နဲ့နော် ဟန်နီ၊ သတိမလစ်စေနဲ့ဦး၊ ကိုယ် ဆရာဝန်သွားခေါ်မယ်''

''ဟင့်အင်း နန္ဒမိတ် မသွားပါနဲ့၊ အန်တီလေးပဲ လွှတ် ပါ''





''အေးပါကွယ်၊ အန်တီလေး သွားပါ့မယ်''

ခဏကြာတော့ ဆရာဝန်ရောက်လာပြီး သွေးထပ်သွင်း ရသည်။ ဟန်နီ့ရဲ့ သွေးဖြူဥတွေက သွေးနီဥတွေကို အလွန်အမင်း တိုက်ဖျက်နေ၏။ သွေးသွင်းရတာ ပုလင်းပေါင်း မနည်းတော့။ ဆရာဝန်ကြီးကတော့ အခြေအနေမကောင်းဟု အသိပေးသည်။ မာမီလည်း ရောက်လာ၏။ ဟန်နီက လေသံသဲ့သဲ့လေးနှင့် နန္ဒမိတ် အား ခင်ကြိုးကြာနှင့် လက်ထပ်မပေးဖို့ တောင်းဆိုနေသည်။

''ဟန်နီလေးရယ် စိတ်ကိုတင်းထားနော်၊ သားငယ်က ဟန်နီလေးအနားမှာပဲ နေမှာပါကွယ်''

ဟန်နီ ပြုံးသည်။ အမြဲတမ်း ဆူပူသောင်းကျန်းနေတတ် တဲ့ ဟန်နီ့အသံ ဆူဆူ ကျယ်ကျယ်လောင်လောင်တွေက ပေပေါ့နိုင် စရာ တိုးတိတ်နွမ်းလျနေ၏။ အားယူ၍ဖွင့်ထားသော မျက်တောင် ကော့လေးတွေက ဖျတ်ခနဲ ညွတ်ကျထိကပ်သွားသည်။

''ဟန်နီ''

''သမီး ဟန်နီလေး''

''တူမလေး ဟန်နီ''

ဟန်နီသည် တုံ့ပြန်ပြောဆိုနိုင်ခြင်းမရှိတော့ပေ။ သူက အိပ်ပျော်သွားသည်ဟု ထင်မှတ်မိပေမယ့် အန်တီလေးတော့



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် တာဝန်ကျဆရာဝန်တွေ ပြေးဝင်လာကြသည်။

"ဒေါက်တာရယ် ကျွန်မတူမလေးကို ကြည့်ပေးပါဦး၊ အိပ်ပျော်သွားတာ မဟုတ်လားဟင်"

တာဝန်ကျဆရာဝန်တွေက စစ်ဆေးကြပြီး ဟန်နီချို ကွယ်လွန်သွားပြီဖြစ်ကြောင်း အတည်ပြုပြောသည်။ ဟန်နီအား ဆက်သွယ်ထားတဲ့ ပိုက်တွေကို ဖြုတ်လိုက်ကြတော့၏။ သူ ဟန်နီရဲ့ လက်လေးကို တင်းကျပ်စွာ ဆုပ်ကိုင်စမ်းသပ်ကြည့်တော့ ပူနွေးနွေးလေးရှိနေရာက တဖြည်းဖြည်း အေးစက်သွားသည်။

"ဟန်နီ ဟန်နီ ဖြစ်မှဖြစ်ရလေကွာ၊ မင်းအနားမှာ ရှိနေတဲ့ ကိုယ့်ကို မင်းက စတင်ထွက်ခွာသွားတာလားဟင်"

အန့်တီလေးရော မာမီရော ကြေကွဲစွာငိုနေကြသည်။ သူကတော့ ငေးကြောင်စွာ စူးစိုက်ကြည့်နေ၏။ နှုတ်မိတ် ငယ်စဉ်လေးကတည်းက သံယောဇဉ်ကြီးမားစွာ ချစ်ခဲ့ရသော ဟန်နီချိုက လူ့လောကထဲမှထွက်ခွာသွားပြီဖြစ်သည်။ ကိုကို့ကိုပဲ ရွေးချယ်ပြီး ကိုကို့နောက်ပဲ လိုက်သွားတာများလား။ မိတ်ဆွေသူငယ်ချင်း အဖြစ်နဲ့တောင် ဟန်နီ့အနားတွင် နှုတ်မိတ် နေထိုင်ခွင့်မရှိတော့ပြီ ဖြစ်သည်။

"မောင်"





"ဟင်"

"အလောင်းကို သူတို့ အအေးတိုက်ပို့ကြတော့မယ်၊ ခွင့်ပြုလိုက်နော်"

"ကြိုးကြာ"

"အန့်တီညို ဖုန်းဆက်ပြောလို့ ကြိုးကြာ ရောက်လာတာပါ၊ ကံကြမ္မာတွေက အရမ်းပဲ ကြောက်စရာကောင်းလွန်းတယ်နော် မောင်"

"အင်းလေ၊ ဘယ်တတ်နိုင်ပါ့မလဲ ကြိုးကြာ၊ ဟန်နီက ကိုကို့ကိုပဲ အမြဲတမ်း အထင်ကြီးပြီး ရွေးချယ်ခဲ့တာပါ၊ အခု ကိုကို့နောက် လိုက်သွားတာလည်း ဖြစ်နိုင်တယ်လေ"

သူ ဝမ်းနည်းကြေကွဲစွာ အသိမဲ့သလို ဖြစ်နေသည်။ ကြိုးကြာ ဆွဲခေါ်လာ၍ သူ့ကားဆီ ရောက်လာ၏။ အန့်တီလေးနဲ့ မာမီ အိမ်ပြန်သွားကြပြီဖြစ်သည်။ အန့်တီလေး၏ဆန္ဒအရ အသုဘသင်္ဂြိုလ်ခြင်းကို နေ့ချင်းပြီးပဲ စီစဉ်ခဲ့ကြ၏။ နှုတ်မိတ်ပင် မကြည့်ရက်၍ အကြည့်တွေကို လွှဲဖယ်ထားရသည်။ အသုဘကိစ္စပြီး၍ မာမီက သားငယ် ဘာဆက်လုပ်ချင်လဲ၊ သားငယ် ဆန္ဒအတိုင်းပဲ ဆုံးဖြတ်ပါဟု ပြောလာတော့ ကြိုးကြာစေခိုင်းတာဟု သိရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြိုးကြာလေးက သားကို စောင့်နေတယ်၊ စိတ်ကို တည်ငြိမ်အောင် ထားပါကွယ်၊ ပြီးတာတွေက ပြီးသွားပြီပဲ၊ အနာဂတ်ကိုပဲ ကြည့်သင့်တယ်လေ"

မာမီ ထွက်သွားတဲ့အချိန်တွင် သူ့ခြေလှမ်းတွေက ကြိုးကြာဆီ လှမ်းဖို့ အတော်လေး အားယူပြင်ဆင်နေစဉ်မှာပင် ကြိုးကြာကပဲ သူ့အနား ရောက်လာသည်။

"နန္ဒမိတ်ရယ်"

"ဟင်"

မောင်ဆိုသည့် အသုံးအနှုန်းကို မကြားရဘဲ နန္ဒမိတ်ဟု ခေါ်လိုက်သဖြင့် သူ အထိတ်တလန့် မော့ကြည့်မိသွားသည်။ ကြိုးကြာ နှုတ်ခမ်းလေးက ပြုံးနေ၏။ မျက်ဝန်းလေးတွေကလည်း ပကတိ ကြည်လင်ဝင်းတောက်နေ၏။ သူ စိတ်ထဲမှာ မကျေမနပ် ဖြစ်သွားရသည်။

"မောင်ဆိုတဲ့ အသုံးအနှုန်းကို ဘာဖြစ်လို့ မသုံးရတာလဲ ကြိုးကြာ၊ မောင့်အပေါ် ဘာဖြစ်လို့ ရက်စက်ရတာလဲ"

"နန္ဒမိတ်ရဲ့စိတ်တွေ ပေါ့ပါးအောင်ပါ၊ အချုပ်အနှောင် ဖြစ်မနေစေချင်လို့ပါ၊ ကြိုးကြာက သဘောထားကြီးပြတာပါနော်"

သူ့ချစ်သူ ကြိုးကြာအား စူးစိုက်ကြည့်လိုက်ပြီး သူ့မ





ခန္ဓာကိုယ်လေးအား ခပ်ကြမ်းကြမ်းဆွဲယူပွေ့ဖက်ထားလိုက်မိသည်။ နှုတ်ခမ်းသားလေးကို အငမ်းမရ နမ်းမိတော့ မောင် အရမ်းလွန် တာပဲ၊ စိတ်ကို ထိန်းစမ်းပါဟု ပြောပြီးရယ်မောနေ၏။ သူ အနမ်း တွေကို ရပ်ပစ်လိုက်ကာ သူမမျက်ဝန်းလေးတွေထဲ ထိုးဖောက်ဝင် ရောက်မတတ် ကြည့်ပစ်မိသည်။

"မောင့်အချစ်တွေကို သံသယမရှိ ယုံတယ်မဟုတ်လား ကြိုးကြာ၊ ဘာပဲဖြစ်ဖြစ် ဟန်နီ့အတွက် မောင်ခံစားနေရပေမယ့် မောင်ချစ်မြတ်နိုးတဲ့ မိန်းကလေးက ကြိုးကြာဆိုတာ အကြွင်းမဲ့ ယုံကြည်ပေးပါ အချစ်ရယ်"

"မောင်ရယ် ကြိုးကြာကလည်း ဒီစကားတွေကိုပဲ မောင့် ဆီက ကြားချင်ခဲ့တာပါ၊ ကြိုးကြာ ယုံကြည်ပါတယ်၊ တကယ့်ကို ယုံကြည်ပါတယ်၊ မောင့်စိတ်တွေကိုပဲ မွန်းကြပ်နှောင်ဖွဲ့မနေစေ ချင်လို့ပါနော်၊ ကြိုးကြာလည်း မောင့်ကို အရမ်းချစ်တယ်၊ မောင်က ကြိုးကြာကို အရမ်းချစ်မြတ်နိုးတယ်ဆိုတာလည်း အကြွင်းမဲ့ သံသယကင်းစွာ ယုံကြည်ပါတယ်နော်"

"ကြိုးကြာရယ်"

သူ့ရင်ခွင်ထဲမှာ ရှိနေတဲ့ ကြိုးကြာရဲ့ ကိုယ်လုံးလေးအား လွှတ်ထွက်သွားမှာ စိုးရိမ်သည့်အလား သူ့လက်တွေနှင့် တင်းကြပ်



www.burmeseclassic.com

www.burmeseclassic.com



စွာ ပွေ့ဖက်ထားမိသည်။ သူ ဆုံးဖြတ်ချက်ကို ခိုင်ခိုင်မာမာ ချပစ်လိုက်ခြင်းကား သူချစ်ရတဲ့ ကြိုးကြာနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ တည်ဆောက်သွားဖို့ပဲဖြစ်သည်။ ရည်ရွယ်ချက်တွေ ထပ်တူညီကြသော သူတို့ချစ်သူနှစ်ယောက်အတွက် ပြီးပြည့်စုံသောဘဝတွေကိုပဲ ပိုင်ဆိုင်ကြရမှာ သေချာနေ၏။ လှပသော အနာဂတ်လေးကို တည်ဆောက်ဖို့ တူညီတဲ့ဆန္ဒတွေနှင့် တစ်ယောက်ကို တစ်ယောက် တင်းကြပ်စွာ ပွေ့ဖက်ထားမိလေသည်။

သင်မြတ်နိုး



BURMESE CLASSIC .com


www.burmeseclassic.com

www.burmeseclassic.com

လုံးချင်းဝတ္ထုသစ်

# သင်မြတ်နိုး

အချစ်မိုးကောင်းကင်



www.burmeseclassic.com